The
# Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL . 17, NO . 4 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | January 23 , 2017



**မုံရွာမြို့အနီး ကျောက်ကာရွာမှ**

**, Gxnfvjef**

စာမျက်နှာ - ၁၂ ➤

**CMP အထည်ချုပ်သွင်းကုန် လိုင်စင်များအား Fully Online Licensing စနစ်ဖြင့် ဆောင်ရွက် ပေးမည်**

စာမျက်နှာ - ၁၂ ➤

# တရားမဝင်ကုန်သွယ်မှုများ အခြေအနေ



ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အနေဖြင့် စီးပွားရေး မူဝါဒများအား ပြုပြင်ပြောင်းလဲပြီး ဈေးကွက်စီးပွားရေးစနစ်အား အကောင်အထည်ဖော်ကာ ပြည်ပနိုင်ငံများနှင့် ကုန်သွယ်ဆက်ဆံမှုများ တိုးမြှင့်ခဲ့သည့်ပြင် နိုင်ငံပိုင် ကုန်သွယ်မှုလုပ်ငန်းများအား ပုဂ္ဂလိကကဏ္ဍသို့ လုပ်ကိုင်ခွင့်ပြုပေးခဲ့သည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာကာ ကုန်သွယ်မှုပမာဏများလည်း နှစ်စဉ်တိုးတက်လာခဲ့သည်။ ကုန်သွယ်မှုပြုရာတွင် နယ်စပ်ဖြတ်ကျော် ကုန်းကြောင်းကုန်သွယ်မှု ပင်လယ်ရေကြောင်းကုန်သွယ်မှုနှင့် လေကြောင်းမှ ကုန်သွယ်မှုတို့ကိုပါ ခွင့်ပြုဆောင်ရွက် စေလျက်ရှိပါသည်။


စာမျက်နှာ - ၁၈ ➤

Treasure Triangle Company Limited

အိမ်တစ်လုံး (၁၀)မိနစ်

မြေကွက် ရှိထားသူများအတွက် သတင်းကောင်း

မြန် . . . ကောင်း . . . သက်သာ . . 10 Minutes = 1 House


ချိတ်


ဆွဲ


ဆန့်


ဆောက်

အချိန်ဘယ်လောက်ကြာမလဲ ?

- Transport period within 7 days
  သယ်ယူပို့ဆောင်ရက် ၇ ရက်အတွင်း
- 1 day Build = 12 Folding House
  တရက်အတွင်း အိမ် ၁၂ လုံးတည်ဆောက်နိုင်သည်။
- Finishing Touch = 2 weeks
  ၂-ပတ်အတွင်း နောက်ဆုံးအချောသတ်အထိ ပြုလုပ်ပေးနိုင်သည်။




ဘယ်နေရာတွေမှာ သုံးလို့ရနိုင်မလဲ ?

- Beaches
  ပင်လယ်ကမ်းခြေ
- Mountain Region
  တောင်ပေါ်ဒေသ
- Land Areas
  မြေပြန့်ဒေသ
- Meditation - 1 Monk
  တရားအားထုတ်သည့် တစ်ပါးဆောင်
- 1 Unit Hotel (Bungalow)
  လုံးခြင်း Hotel (ဘန်ဂလို)များ
- အိမ်အငှား လုပ်ငန်းများ

၂-လ အတွင်း လုပ်ငန်းလည်ပတ်နိုင်ပြီး ဝင်ငွေအမြန်ဆုံးရရှိနိုင်သည်။

(အရောင်းပြခန်း) မြို့မ(၁၃)လမ်း(အရှေ့)၊ သာကေတ ရှုခင်းသာမြို့ပတ်လမ်း၊ ၄/မြောက်ရပ်ကွက်၊ သာကေတ။

(ရုံး) အမှတ်(၄၈၃)၊ မြေညီထပ်၊ အေးရိပ်သာကွန်ဒိုမီနီယံ၊ အေးရိပ်သာ (၂)လမ်း၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

www.facebook.com/TreasureTriangleCompanyLimited www.ttclmyanmar.com ဖုန်း – ၀၁ ၅၅၇ ၆၀၈ / ၀၉ ၄၂၃ ၆၆၀ ၂၅၅




**MAX ENERGY**

(ဆင်မလိုက်) ဆိုင်ခွဲသစ်

အမှတ် (၄) ရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီး၊ သဘော်ကျင်း ဂန်ထမ်းအိမ်ရာဘေး ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့

MAX ENERGY CO., LTD.
Office 01 255819 ~ 838 Ext : 710

## TOYO AIG ECL LOGISTICS (MYANMAR) CO., LTD.

**Your Satisfaction is our future.**




### BUSINESS SCOPE

1. FREIGHT FORWARDING
2. CUSTOMS CLEARNANCE SERVICE
3. TRANSPORTATION
4. WAREHOUSING
5. CROSS BORDER
6. LOGISTICS & PRDJECT CARGO HANDLING
7. DOOR TO DOOR SERVICE



**Toyo AIG ECL Logistics (Myanmar) Co., Ltd.**
MGW Center, Suite 410, No. 170/176, Bo Aung Kyaw Street, Botataung Township, Yangon, Myanmar 11161.
Tel : +95-1-256591, 256593, 256860, 256580 Fax: +95-1-256867
E-mail: contacts@toyoaigecl.com,toyoaigecl@gmail.com.

## Sule Kitchen




**Special Offer**
မင်္ဂလာဧည့်ခံပွဲ ၊ မွေးနေ့ပွဲ ၊ ညစာစားပွဲများနှင့် Meeting ပွဲများကို လုပ်ကျွေးပြင်ဆင်ပေးနိုင်သော နေရာထိုင်ခင်းများဖြင့်ဝန်ဆောင်မှုပေးနေပါပြီ။

**Promotion**
မြန်မာစည်ဘီယာ ၃ ခွက်ဝယ် ၁ ခွက်လက်ဆောင်

**Big Sale**
Super Sundy Buffet 50% Off

**Sepcial Breakfast**
Dim Sum (Coming Soon)

ဆိုင် (1) - No.142/146, Sule Pagoda Road, Kyauktada Tsp, Yangon. Ph: 09-778943122, 01-370232, 01-370757
www.sulekitchen2016@gmail.com

## Sule Kitchen(II)




Special Promotion 30% OFF

Special Breakfast
Dim Sum
(Coming Soon)

ဆိုင်(2)No.1254, Thudamar Road, 2 Block, North Okkalapa Tsp,Yangon.
Ph: 09-444434779, 09-444435115, 01656203, 656204, 656205 (Ext:3077)
www.sulekitchen2016@gmail.com

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာ့အထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏(၁/၂၀၁၇) အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



မြန်မာ့အထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့၏(၁/၂၀၁၇)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၆ ရက်၊ နံနက် ၁၀း ၀၀ နာရီအချိန်တွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေး ခန်းမ(၁) ၌ ကျင်းပရာ မြန်မာ့အထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာသန်းမြင့်တက်ရောက် အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ဗဟိုလုပ်ငန်းအဖွဲ့ဒုတိယဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ဗဟိုလုပ်ငန်းအဖွဲ့ဝင်များဖြစ်ကြသော ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်မျိုး၊ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်နှင့် အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ နှင့် သီလဝါအထူးစီးပွားရေးဇုန်ဥက္ကဋ္ဌ ဦးဆက်အောင်၊ ထားဝယ်အထူးစီးပွားရေးဇုန်ဥက္ကဋ္ဌ ဒေါက်တာထွန်းနိုင်၊ ကျောက်ဖြူအထူး စီးပွားရေးဇုန်ဥက္ကဋ္ဌ ဒေါက်တာစိုးဝင်း၊ ဒုတိယဥက္ကဋ္ဌ ရခိုင်ပြည်နယ် အစိုးရအဖွဲ့မှ ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်းနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

အစီအစဉ်အရ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာ၌ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်တွင် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၅၉ / ၂၀၁၆) အရ မြန်မာ့အထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါကြောင်း၊ ဆက်လက်၍ ဗဟိုအဖွဲ့က ကျောက်ဖြူ၊ ထားဝယ်၊ သီလဝါ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီများအား ထပ်မံဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပါကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးမှုတွင် အထူး

➲ စာမျက်နှာ - ၂၆ သို့

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများကြီးကြပ်ရေးကော်မတီ (၁/၂၀၁၇) အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ (၁/၂၀၁၇) အစည်းအဝေးကို ဇန်နဝါရီ ၂၀ ရက် နံနက် ၁၀ : ၀၀ နာရီအချိန်တွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပရာ မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့် တက်ရောက်အမှာစကား ပြောကြားခဲ့သည်။ အခမ်းအနား သို့ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် မော်တော်ယာဉ်များစတင် တင်သွင်းခွင့်ပြုချိန် မှ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်နေ့အထိ ယာဉ်အို/ယာဉ်ဟောင်းအစီအစဉ်ဖြင့် မော်တော်ယာဉ် တင်သွင်းခြင်းမှာ အရောင်းစင်တာမှဝယ်ယူခြင်း၊ ပို့ကုန်သွင်းကုန်ကုမ္ပဏီ၊ သဘော်သား၊ နိုင်ငံခြားရေးဝန်ထမ်းများ၊ လူပုဂ္ဂိုလ်တစ်ဦးချင်းစီတင်သွင်းမှု စုစုပေါင်း မော်တော်ယာဉ် ၃၅၀၈၅၂ စီး၊ စုစုပေါင်း မော်တော်ယာဉ် ပါမစ် ၅၇၉၄၂၂ စီးအား ခွင့်ပြုဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ မိမိဝန်ကြီးဌာန အနေဖြင့် ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင် မြန်မာနိုင်ငံအတွင်း ကားအရောင်းစင်တာနှင့် အရောင်းပြခန်းများ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည့်ကုမ္ပဏီများအား သတ်မှတ်စည်းမျဉ်းစည်းကမ်းနှင့် အညီ ဆောင်ရွက်ခြင်းရှိ/မရှိ စစ်ဆေးနိုင်ရန် မြေပြင်စစ်ဆေးရေး အဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးခဲ့ပြီး လုပ်ငန်းများဆောင်ရွက်မှု အပေါ်မူတည်၍ အဆင့်သတ်မှတ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ကော်မတီအနေဖြင့် ဆက်စပ်ဌာနအသီးသီးနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှုကြောင့် သွင်းကုန်ပါမစ်ခွင့်ပြုခြင်း၊ ဆိပ်ကမ်းတွင်မော်တော်ယာဉ် မှတ်ပုံတင်ခြင်းအပိုင်းများတွင် အဆင်ပြေအောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ မော်တော်ယာဉ်တင်သွင်းမှုတွင် တစ်ဦးချင်း၊ အရောင်းပြခန်းနှင့်အရောင်းစင်တာများ၏ တင်သွင်းခြင်းများကို မိမိတို့ကော်မတီအနေဖြင့် ပူးပေါင်းဆောင်ရွက်၍ စနစ်တကျ ထိန်းသိမ်းကြပ်မတ်ပေးရန် လိုအပ်ကြောင်း၊ Model Year ထုတ်ပြန်ချက်အရဖြစ်ပေါ်လာမည့်အခြေအနေများ အပေါ်ကြိုတင် ဝိုင်းဝန်းစဉ်းစားဆောင်ရွက်ကြရန် လိုအပ်ကြောင်းနှင့် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများမှလည်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးညှိနှိုင်းပေးကြစေလိုကြောင်း စသည်ဖြင့် ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသော ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များက မိမိတို့ သက်ဆိုင်ရာလုပ်ငန်းများအလိုက် ရှင်းလင်းတင်ပြဆွေးနွေးကြရာ ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။ MOC (IR)

Commerce
J O U R N A L

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်အေးအေးမော်

**စာတည်းအဖွဲ့**
ချိုသက်မူ
ဖြူဖြူဝင်း

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ကျိန်သျှံနွမ်း

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၇၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်၊ မြင့်ဆွေ

**ကွန်ပျူတာ**
ပြည့်ဟိန်းဇော်
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ရန်ကုန်ဆန်စျေးကွက်စျေးငြိမ်ပြီး မူဆယ်ဆန်စျေးကွက် စျေးအနည်းငယ်ကျ

ဆန်ချောနဲ့ဆန်ကြမ်းအသစ်ရော အဟောင်းပါစျေးငြိမ်နေတယ်လို့ ရန်ကုန်မြို့ဝါးတန်းကုန်စည်ဒိုင်ရဲ့စျေးနှုန်းထုတ်ပြန်ချက်များအရ သိရှိရပါတယ်။ ကုန်စည်ဒိုင်ရဲ့လက်ကားစျေးနှုန်းများအရ ဖျာပုံပေါ်ဆန်ထိပ်စတစ်အိတ် ကျပ် ၃၈၀၀၀၊ လတ်စတစ်အိတ် ကျပ် ၃၄၀၀၀၊ ပုသိမ်/ မြောင်းမြပေါ်ဆန်းဆန် ထိပ်စတစ်အိတ် ကျပ် ၄၀၀၀၀၊ လတ်စ တစ်အိတ် ကျပ် ၃၄၀၀၀၊ ကျိုက်လတ်ပေါ်ဆန်း ထိပ်စတစ်အိတ် ကျပ်၃၂၀၀၀၊ လတ်စ တစ်အိတ် ကျပ် ၂၉၀၀၀၊ ရွှေဘိုပေါ်ဆန်း ဆန်ထိပ်စတစ်အိပ်ကျပ် ၄၃၀၀၀ မှ ကျပ် ၄၄၅၀၀နဲ့ ပေါ်ဆန်းအသစ်(ရှယ်)တစ်အိတ်ကျပ်၂၅၀၀၀မှကျပ်၂၉၀၀၀နဲ့စျေးအတက်အကျမရှိဘဲ ငြိမ်နေပါတယ်။ ဆန်စျေးလည်းငြိမ်၊ အရောင်းအဝယ်လည်း ခပ်ပါးပါးသာရှိပြီး ဆန်အဝင်လည်း ပုံမှန်သာရှိတယ်လို့ ဝါးတန်းဆန်စျေးကွက်မှ သိရှိရပါတယ်။

ဧည့်မထ ဆန်ထိပ်စတစ်အိတ်ကျပ် ၁၉၅၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၁၈၅၀၀၊ နှွေသီးထပ်(ရှယ်) တစ်အိတ်ကျပ် ၁၉၀၀၀ မှ ကျပ် ၂၀၀၀၀၊ နှွေဆန်ရက် ၉၀ တစ်အိတ် ကျပ် ၁၉၅၀၀မှ ကျပ် ၂၁၀၀၀၊ မနောသုခတစ်အိတ်ကျပ်၂၄၀၀၀မှ ကျပ် ၂၅၀၀၀၊ အိတ်စ်ပို့ ၂၅ မှတ် တစ်အိတ်ကျပ် ၁၅၀၀၀မှ ကျပ် ၁၆၀၀၀၊ ဆန်ကြမ်းအသစ် (ရှယ်) တစ်အိတ် ၁၇၀၀၀မှ ကျပ် ၁၇၅၀၀နဲ့ ဆန်ကြမ်းလည်း စျေးငြိမ်နေကြောင်းသိရပါတယ်။ ဆန်စျေးငြိမ်သလို အရောင်းအဝယ်လည်း အေးပြီး အဝင်လည်းပါးကြောင်း သိရပါတယ်။

တရုတ်နှစ်သစ်ကူးရှိတဲ့အတွက် မူဆယ်ဆန်စျေးကွက်မှာကုန်သည်တွေ ဌာနေပြန်ကြလို့ အရောင်းအဝယ်လျော့သွားတဲ့အတွက် ဆန်စျေးလည်း အနည်းငယ် ကျသွားတယ်လို့ သိရပါတယ်။ ဧည့်မထစူပါနဲ့မော်ဘီများဖြစ်တဲ့ ၅မှတ် တစ်အိတ် ၁၂၅ မှ ၁၂၇ ယွမ်၊ ၁၀ မှတ် တစ်အိတ် ၁၂၁ ယွမ်မှ ၁၂၄ယွမ်၊ ၂၅မှတ်တစ်အိတ် ၁၁၄ ယွမ်မှ ၁၁၆ ယွမ်၊ ၃၅မှတ်တစ်အိတ် ၁၀၉ယွမ်မှ ယွမ်၁၁၀၊ ငစိန် ၅မှတ်တစ်အိတ် ၁၂၁ ယွမ်မှ၁၂၃ ယွမ်၊ ငစိန် ၁၅ မှတ်တစ်အိတ် ၁၁၇ ယွမ်မှ ယွမ် ၁၂၀၊ ငစိန်၂၅ မှတ်တစ်အိတ် ၁၁၅ ယွမ်မှ ၁၁၆ ယွမ်ရှိပြီး တစ်အိတ်ကို ၁ယွမ်ခန့်စီ စျေးကျသွားပါတယ်။ မြို့တွင်းနယ်စုံမှ မူဆယ်သို့ ဆန်အဝင်မှာ ဇန်နဝါရီ ၁၃ ရက်မှ ၁၈ ရက်အထိ ၁၇၄၃၁ တန်ရှိပါတယ်။ ငွေလဲနှုန်းကတော့ ဇန်နဝါရီ ၂၀ရက်ပေါက်စျေးအရ ၁ယွမ်ကို ၁၉၆ကျပ်ရှိကြောင်းသိရပါတယ်။

**ယဉ်ယဉ်အေး**



## နယ်ဝယ်လက်အဝယ်နည်းသဖြင့် ပြည်ဆန်၊ စပါးစျေးကျဆင်းလာ

ပြည်ဆန်၊ စပါးစျေးကွက်မှာ အရောင်းအဝယ်အေးနေတာကြောင့် တောင်သူတွေ စပါးစျေးသိပ်မရကြောင်းသိရပါတယ်။ ယခုနှစ်မှာ မိုးစပါးအသစ်များ အရောင်းအဝယ်ပါးနေတာကြောင့် စျေးကျဆင်းလာတာဖြစ်ပါတယ်။ပြည်ခရိုင်အတွင်း ဧည့်မထစပါးအုပ်စုတွေဖြစ်တဲ့ ဆင်းသွယ်လတ်၊ မော်ဘီနဲ့ အင်းလယ်မျိုးကောင်း(ပျော့) စပါးတင်း ၁၀၀ (၄၆ပေါင်)ကို ကျပ် ၄၆၀၀၀၀ရှိပြီး အမာစအုပ်စုတွေဖြစ်တဲ့ ရတနာတိုး၊ ကရင်မ စပါးစျေးကွက်ကတော့ တင်း-၁၀၀ (၄၆ပေါင်)ကို ကျပ် ၄၄၀၀၀၀ နဲ့ ကျော်ဇေယျကတော့ လေးသိန်းပတ်ချာလည်လောက်သာရှိတယ်လို့ သိရပါတယ်။ ဆန်တစ်အိတ်စျေးမှာ (အပျော့စ)ကျပ် ၂၁၀၀၀နှင့် (အမာစ) ကျပ်၁၆၅၀၀မှ ကျပ်၁၈၀၀၀တို့ဖြစ်ကြောင်း သိရပါတယ်။

တောင်ပုံမွှေး(အသစ်)စပါးစျေးမှာ ကျပ် ၆၄၄၀၀၀ သာဖြစ်ပြီး ဆန်တစ်အိတ်စျေးမှာ ကျပ် ၃၃၀၀၀ ဖြင့် ရောင်းဝယ်လျက်ရှိနေပါတယ်။ ရန်ကုန်၊ မန္တလေး၊ မူဆယ်တို့ဘက်မှ အဝယ်မရှိသေးတာကြောင့် စပါးစျေး၊ ဆန်စျေးငြိမ်နေကြောင်းလည်းသိရပါတယ်။

**နီနီဝင်း**

# စျေးကွက်သစ် ကင်မရွန်းနိုင်ငံသို့ ဆန်ကွဲတန် ၇၃၀၀တင်ပို့

ဇန်နဝါရီ ၇ ရက်မှ ၁၃ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၃၇၉ သန်းတန်ဖိုးရှိ ဆန်ဖြူ တန်ချိန် ၄၃၀၈၂ကျော်တင်ပို့ခဲ့ပါတယ်။ ဆန်အများဆုံး တင်ပို့ခဲ့တဲ့ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် ၂၃၄၇ တန်ကျော်၊ ဧည့်မထဆန် ၂၈၉၇၆တန်၊ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၂၈၁ တန်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၁၁၄၇၈ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၈၂၆၆ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၂၄၈၁၇ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ဆန်အပြင် ဆန်ကွဲတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ သုည ဒသမ ၈၃၅ သန်းတန်ဖိုးနဲ့၃၀၅၉ တန် တင်ပို့ခဲ့ရာ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ၂၁၈၇ တန်ကျော်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ၈၇၁တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ဆန်ကွဲ ၁၃၄၀ တန်ကျော် တင်ပို့ခဲ့တာကြောင့် ယခုတစ်ပတ်မှာ ၁၇၁၉ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ယခုတစ်ပတ် ကုန်သွယ်ရေးစခန်းများမှဆန်ရောဆန်ကွဲပါ ပိုမိုတင်ပို့နိုင်တာတွေ့ရပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဇန်နဝါရီ ၈ ရက်မှ ၁၄ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာသုည ဒသမ ၈၉၉သန်းတန်ဖိုးရှိ ဆန်ဖြူနဲ့ ပေါင်းဆန် ၂၆၇၅ တန် တင်ပို့ခဲ့ရာ တရုတ်နိုင်ငံသို့ ဧည့်မထဆန်တန် ၂၀၀၀၊ ရိုမေးနီးယားနိုင်ငံသို့ ဧည့်မထဆန်တန် ၅၀၀၊ ဘရာဇီးနိုင်ငံသို့ ပေါင်းဆန်တန် ၅၀ နဲ့ ဂရိနိုင်ငံသို့ ပေါင်းဆန် ၁၂၅ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တန် ၃၃၆၀ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၆၈၅တန် လျော့နည်းခဲ့ပါတယ်။ ဆန်တင်ပို့မှုမှာ လျော့နည်းသော်လည်း ဆန်ကွဲတင်ပို့မှုပိုမိုကြောင်း သိရှိရပါတယ်။ ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၈၂၇ သန်းတန်ဖိုးရှိ ဆန်ကွဲ ၁၄၃၂၅ တန်တင်ပို့ခဲ့ပြီး အီးယူနိုင်ငံများသို့ ၆၀၂၅တန်နဲ့စျေးကွက်သစ်အဖြစ် အာဖရိကနိုင်ငံဖြစ်တဲ့ ကင်မရွန်းနိုင်ငံသို့ ဆန်ကွဲတန် ၈၃၀၀ တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်တစ်ပတ်က ဆန်ကွဲတန် ၄၉၅၀ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၉၃၇၅ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

**ယဉ်ယဉ်အေး**

## အာရှနိုင်ငံတွေက FOB ဆန်စျေးနှုန်းများ

၂၀-၁-၂၀၁၇ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၃၉၁ | ၃၉၅ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၇၇ | ၃၈၀ | △ | ၃၅၀ | - | - | ၃၅၅ | - | △ | ၃၃၅ | - | ▽ |
| ဆန်ဖြူ ၁၀% | ၇၇၆ | ၇၇၄ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | ၃၄၅ | - | - | - | - | - | ၃၃၅ | - | - |
| ဆန်ဖြူ ၂၅% | ၃၆၈ | ၃၇၁ | △ | ၃၃၅ | - | - | ၃၄၀ | - | △ | ၃၂၅ | - | △ |
| ပေါင်းဆန် | ၃၉၁ | ၃၉၅ | △ | - | - | - | ၃၄၀ | - | ▽ | ၃၆၅ | - | - |

***Source: oryza.com***

## ပြည်တွင်းမြို့ကြီးများ၏ (၂၀-၁-၂၀၁၇)ရက်နေ့ ဆန်၊ စပါးစျေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၄၆၀၀ | ▽ | ၁၆၅၀၀ | ▽ | ၈၂၈၀ | □ | ၃၆၀၀၀ | □ |
| ပုသိမ် | ၄၂၃၀ | ▽ | ၂၁၅၀၀ | ▽ | ၆၈၃၀ | ▽ | ၂၈၀၀၀ | ▽ |
| ပဲခူး | ၄၁၀၀ | ▽ | ၁၈၀၀၀ | ▽ | ၆၀၀၀ | ▽ | ၂၇၀၀၀ | ▽ |
| ရွှေဘို | ၄၅၀၀ | □ | ၁၉၀၀၀ | □ | ၁၂၀၀၀ | □ | ၃၈၀၀၀ | □ |
| စစ်တွေ | ၄၀၀၀ | □ | ၁၈၀၀၀ | □ | ၈၀၀၀ | □ | ၃၆၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၄၅၀၀ | ▽ | ၁၈၀၀၀ | ▽ | - | - | ၃၂၀၀၀ | ▽ |
| ရန်ကုန်(ဝါးတန်း) | ၄၀၀၀ | ▽ | ၁၈၅၀၀ | □ | - | - | ၂၉၀၀၀ | □ |
| မန္တလေး | ၅၅၀၀ | ▽ | ၂၈၀၀၀ | ▽ | - | - | ၃၁၀၀၀ | ▽ |
| မကွေး | ၈၀၀၀ | ▽ | ၂၃၅၀၀ | ▽ | - | - | ၄၅၀၀၀ | □ |
| မော်လမြိုင် | ၄၆၀၀ | ▽ | ၁၆၅၀၀ | ▽ | ၆၁၀၀ | ▽ | ၂၄၀၀၀ | □ |
| လှိုင်ကော် | ၇၀၀၀ | ▽ | ၂၇၀၀၀ | □ | - | - | ၄၂၀၀၀ | ▽ |
| မြိတ် | ၄၀၀၀ | □ | ၂၁၀၀၀ | □ | - | - | ၃၆၀၀၀ | □ |
| ဘားအံ | ၄၇၀၀ | □ | ၁၉၅၀၀ | □ | - | - | ၃၇၀၀၀ | □ |
| တောင်ကြီး | - | - | ၂၂၅၀၀ | △ | - | - | ၄၀၀၀၀ | ▽ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်စျေးမှာ နတ္တလင်းဆန်စျေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နှွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးစျေးမှာ သန်လျင်မြို့နယ်၏ စပါးစျေးနှုန်းဖြစ်ပါသည်။

## ၁၆-၁-၂၀၁၇ မှ ၂၀-၁-၂၀၁၇ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 490 | 34,018,907.149 |
| 2 | Form D | 69 | 3,288,286.760 |
| 3 | Form E | 124 | 20,706,469.420 |
| 4 | Korea GSP | 7 | 234,058.250 |
| 5 | Form AK | 92 | 4,257,462.322 |
| 6 | Form AJ | 11 | 560,078.600 |
| 7 | Form AI | 44 | 3,080,592.074 |
| 8 | Form AANZ | 4 | 78,251.650 |
| 9 | Form DFTP | - | - |
| **Grand Total** | | **841** | **66,224,106.225** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၀-၁-၂၀၁၇ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၁၃/၁၁ | ၂၀/၁ | ပြောင်းလဲမှု | ၆/၁ | ၁၃/၁ | ပြောင်းလဲမှု | ၆/၁၁ | ၁၃/၁ | ပြောင်းလဲမှု | ၆/၁၁ | ၁၃/၁ | ပြောင်းလဲမှု |
| ၁ မတ်ပဲ | ၁၇၁၆ | ၁၇၄၇ | ▲ | ၁၀၃၃ | ၁၇၆၇ | ▼ | ၁၅၀၀ | ၁၅၅၀ | ▲ | ၁၆၅၀ | ၁၆၁၅ | ▼ |
| ၂ ပဲစင်းငုံ | ၁၂၄၁ | ၁၃၇၂ | ▲ | - | - | - | ၁၂၃၅ | ၁၃၆၀ | ▲ | ၁၂၃၀ | ၁၃၃၅ | ▲ |
| ၃ ပဲတီစိမ်း | ၁၂၆၅ | ၁၂၃၀ | ▼ | ၁၇၂၄ | ၁၇၂၄ | ■ | ၁၄၄၇ | ၁၄၂၁ | ▼ | ၁၂၄၀ | ၁၂၄၀ | ■ |
| ၄ ကုလားပဲရိုးရိုး | ၃၆၀၀ | ၃၂၅၀ | ▼ | - | - | - | ၂၄၇၄ | ၂၀၅၃ | ▼ | ၂၄၂၀ | ၂၂၆၅ | ▼ |
| ၅ ပဲလွန်းဖြူ | ၁၃၀၀ | ၁၃၃၀ | ▼ | ၁၄၅၀ | ၁၃၆၇ | ▼ | ၁၃၇၅ | - | - | ၁၃၇၀ | ၁၄၂၀ | ▲ |
| ၆ ထောပတ်ပဲ | ၆၉၅ | ၆၉၅ | ■ | - | - | - | ၈၄၂ | ၈၄၂ | ■ | ၇၆၅ | ၇၆၅ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၂၀-၁-၂၀၁၇ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | ၁၃/၁ | ၂၀/၁ | ပြောင်းလဲမှု | ၁၃/၁ | ၂၀/၁ | ပြောင်းလဲမှု | ၁၃/၁ | ၂၀/၁ | ပြောင်းလဲမှု |
| ၁ မတ်ပဲ | ၈၀၀ | ၈၁၀ | ▲ | ၈၈၂ | ၈၈၇ | ▲ | ၈၈၂ | ၈၉၅ | ▲ |
| ၂ ပဲစင်းငုံ | ၅၇၀ | ၆၄၀ | ▲ | ၆၄၇ | ၆၉၇ | ▲ | ၆၈၃ | ၇၃၃ | ▲ |
| ၃ ပဲတီစိမ်း | ၅၅၀ | ၅၈၀ | ▲ | ၆၃၂ | ၆၇၅ | ▲ | ၆၆၁ | ၆၈၉ | ▲ |
| ၄ ကုလားပဲဖြူလုံးကြီး | ၁၁၅၀ | ၁၁၅၀ | ■ | ၉၄၀ | ၉၉၀ | ▲ | ၉၄၀ | ၉၉၀ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၇.၁.၁၇)ထိ | ယခုတစ်ပတ် (၁၄.၁.၁၇)ထိ | (၁.၁.၁၇) မှ (၁၄.၁.၁၇) ထိ |
| မတ်ပဲ | ၁၃၃၅၇ | ၁၀၆၇ | ၁၄၄၂၄ |
| ပဲတီစိမ်း | ၁၃၉၀ | ၂၄၃၂ | ၃၈၂၂ |
| ပဲစင်းငုံ | ၁၂၄၉ | ၁၉၆ | ၁၄၄၅ |
| ကုလားပဲ | ၁၄၂ | - | ၁၄၂ |
| ပဲလွန်းဖြူ | - | - | - |
| မြေထောက်ပဲ | - | - | - |


## ဇန်နဝါရီ တတိယပတ်အတွင်း ပြည်ပဲဈေးကွက်သို့ ဆောင်းပဲသစ်မျိုးစုံ ဝင်ရောက်မှုများလာပြီး ပဲစင်းငုံသီးနှံ အရောင်းအဝယ်သွက်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ပဲမျိုးစုံဈေးကွက်သို့ ဆောင်းပဲသစ်မျိုးစုံ ဝင်ရောက်လာခဲ့တာကို တွေ့ရပါတယ်။ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ စသည်ဖြင့် ပြည်ပဝယ်လက်ပဲများ အများအပြား ဝင်ရောက်ခဲ့သလို ဘိုကိတ်၊ ပဲလွန်းဖြူ ပဲပုပ် စသည့် ပဲများလည်း ဝင်ရောက်ခဲ့ပါတယ်။ ကျန်ပဲများကတော့ ပဲသစ်ထွက်ရှိမှုမရှိသေးတာကြောင့် လက်ကျန် ပဲများနဲ့သာအရောင်းအဝယ်ဖြစ်တာကို တွေ့ရပါတယ်။ မတ်ပဲသီးနှံမှာ ပဲသစ်များ အဝင်ဆက်ရှိလာတဲ့အတွက် ဒီတစ်ပတ်မှာ အိတ် ၃၀၀၊ ၄၀၀ကျော်အထိ ပိုမိုဝင်ရောက်လာကာ ပေါင်းတလည်၊ပေါက်ခေါင်း၊ ပန်းတောင်းမြို့နယ်များမှ ဝင်ရောက်ခဲ့တာကို တွေ့ရပါတယ်။ ရန်ကုန်ဝယ်လက်ကလည်း ဝယ်ယူလျက်ရှိတဲ့အတွက် ဝင်ရောက်လာသမျှ အိတ်အရေအတွက်အကုန် ရောင်းချခဲ့ကြရပါတယ်။ ပဲဈေးနှုန်းကတော့ တဖြည်းဖြည်းလျော့သွားခဲ့လို့ တစ်တင်း ကျပ် ၃၃၀၀၀ ရရှိခဲ့ကာ ယခင်နှစ် ဇန်နဝါရီလက တစ်တင်းကျပ်၅၅၀၀၀ရရှိခဲ့ပြီး ယခင်နှစ်က ပဲအထွက်နောက်ကျခဲ့တဲ့အတွက် ပဲသစ်ဝင်ရောက်မှုမှာ အနည်းငယ်သာရှိခဲ့ပါတယ်။

ပဲစင်းငုံသီးနှံမှာ ယခုတစ်ပတ်အတွင်း အများအပြား ဝင်ရောက်လာတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ မင်းတုန်း၊ ကံမ၊ ပန်းတောင်း၊ ပေါက်ခေါင်းမြို့နယ်များမှ ပဲအထွက် လှိုင်လာလို့ ဈေးကွက်သို့ အိတ် ၇၀၀ ကျော် ၈၀၀အထိ ဝင်ရောက်ခဲ့ပြီး ရန်ကုန်ဝယ်လက်က အဝင်ရှိသလောက် ဝယ်ယူနေတာကြောင့် ဈေးကွက်အတွင်းမှာ အရောင်းအဝယ် အသွက်ဆုံးပဲဖြစ်နေခဲ့တာ တွေ့ရပါတယ်။ ပဲဈေးကလည်း အရောင်းအဝယ်သွက်ခဲ့သလို ဈေးလည်းမြင့်ခဲ့တဲ့အတွက် တစ်တင်းကျပ် ၂၅၅၀၀ဖြင့် ယခင်တစ်ပတ်ကထက် ဈေးပိုရရှိခဲ့ပါတယ်။

မတ်ပဲ၊ ပဲစင်းငုံသီးနှံများအဝင်များလို့ အရောင်းအဝယ်သွက်နေသော်လည်း ကုလားပဲ၊ ပဲကြီးသီးနှံများမှာ ပဲဟောင်းလက်ကျန်အနည်းငယ်ဖြင့် အရောင်းအဝယ်ပုံမှန်သာ ဖြစ်နေခဲ့ပါတယ်။ ပဲကြီးသီးနှံမှာ ပဲကြော်ဖိုသမားများ ဝယ်ယူကြတဲ့အတွက် တစ်ရက်အိတ် ၂၅၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ပြီး (ရွှေကျွန်း) တစ်တင်း ကျပ် ၂၈၅၀၀ ၊ (ကမ်းနား) တစ်တင်း ကျပ် ၂၆၅၀၀ ဖြင့် တစ်တင်းကျပ် ၅၀၀ ခန့်စီ လျော့နည်းနေတာကိုလည်း တွေ့ရပါတယ်။ ယခင်နှစ်က ပဲကြီးဈေးနှုန်းဟာ နှစ်ဆန်းပိုင်းမှာ တစ်တင်းကျပ် သုံးသောင်းကျော်ရရှိခဲ့လို့ ယခုနှစ်ကတော့ ပဲသစ်မပေါ်ခင်ကာလအတွင်းမှာ ဈေးအေးနဲ့အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။

ပဲလွန်းဖြူသစ်မှာ ပဲအဝင်သိပ်မရှိဘဲ လက်ကျန်ပဲ အချို့ဖြင့်လက်လီဝယ်ယူမှုများနဲ့သာ အရောင်းအဝယ်ဖြစ်ခဲ့ပြီး တစ်တင်း ကျပ် ၂၃၅၀၀ နှင့် ကျပ် ၂၇၅၀၀ အကြား အရည်အသွေးပေါ်မူတည်၍ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့လည်း သိရပါတယ်။ ထောပတ်ပဲ၊ ပဲနီပြားသီးနှံများမှာ လက်ကျန်ပဲများဖြင့်သာ လက်လီပုံမှန်အဝယ်ရှိလို့ အိတ်အနည်းငယ်သာ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ထောပတ်ပဲတစ်တင်း ကျပ်၁၄၅၀၀၊ ပဲနီပြားတစ်တင်း ကျပ် ၂၀၀၀၀ ဖြင့် ဈေးငြိမ်နေခဲ့တာကိုတွေ့ရပါတယ်။ ပဲပုပ်သီးနှံမှာ ပဲသစ်ဝင်ရောက်မှုရှိပေမယ့် အိတ် ၄၀၊ ၅၀ခန့်သာ ဝင်ရောက်ခဲ့လို့ တစ်ခါတစ်ရံမှာ လက်လီရော ရန်ကုန်ဝယ်လက်ကပါ ဝယ်ယူနေကြပြီး ပဲတစ်တင်း ကျပ်၁၉၅၀၀ဖြင့် ဈေးငြိမ်လျက်ရှိပါတယ်။ ဒါကြောင့် ယခင်နှစ်က ဈေးနှင့်ယခုနှစ်ဈေးမှာသိပ်ကွာခြားမှုမရှိဘဲ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။ **ခင်ဆွေဝင်း**



## ပြည်ဘိုကိတ်ပဲသစ်များ ပုံမှန်ဝင်ရောက်သော်လည်း ပဲဈေးအနည်းငယ်လျော့

ပြည်ပဲဈေးကွက်အတွင်း နိုဝင်ဘာလကုန်ပတ်မှစ၍ ဘိုကိတ်ပဲသစ်များ ဈေးကွက်သို့ ဝင်ရောက်ခဲ့ပြီး ဒီဇင်ဘာလအတွင်းမှာလည်း ပဲသစ်များဆက် လက်ဝင်ရောက်နေပေမယ့် ပဲတီစိမ်း၊ ပဲစင်းငုံသီးနှံများကဲ့သို့ အိတ်အရေအတွက်များများ ဝင်ရောက်မလာဘဲ အိတ်အနည်းငယ်သာ ဝင်ရောက်ခဲ့ပါတယ်။

ယခုနှစ်ဆန်းပိုင်းတွင်လည်း ပဲသစ်များပုံမှန်ဝင်ရောက်မှုရှိခဲ့လို့ တစ်ရက်အိတ် ၅၀ ကျော် ဝင်ရောက်နေသလို ရန်ကုန်ဝယ်လက်အချို့နှင့်ဒေသတွင်း လက်လီသမားများ ဝယ်ယူခဲ့တာကို တွေ့ရပါတယ်။ ပဲဈေးမှာ တစ်တင်း ၂၅၅၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်ကထက် တစ်တင်းကျပ် ၅၀၀ခန့် လျော့နည်းခဲ့ပေမယ့် ပဲသစ်အဖွင့်ဈေးနှုန်းထက်တော့ ဈေးပိုရခဲ့ပါတယ်။ ပဲသစ်ပေါ်စအချိန်က ပဲဈေးမှာ တစ်တင်း ၂၄၅၀၀ကျပ် ရရှိခဲ့တယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း**

## ဇန်နဝါရီ တတိယပတ် မုံရွာပဲမျိုးစုံဈေးကွက်တွင် မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်းသီးနှံသစ်များ အရောင်းအဝယ်သွက်

ဇန်နဝါရီ တတိယပတ်တွင် မုံရွာကုန်စည်ဒိုင်သို့ ပဲမျိုးစုံသစ်များ ဝင်ရောက်လျက်ရှိရာ ပြည်ပဝယ်လက်ပဲများဖြစ်သော မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်းသီးနှံများ အဝင်ရှိသလောက်အရောင်းအဝယ်သွက်နေကြောင်းသိရပါတယ်။ ယခုတစ်ပတ်မတ်ပဲသီးနှံတစ်တင်းပေါက်ဈေးမှာ(အထွက်တိုး) ကျပ် ၃၁၀၀၀၊ (ကုန်း) ကျပ် ၃၄၂၀၀ နှုန်းပေါက်ပြီး နေ့စဉ်အိတ် ၁၀၀၀ခန့်၊ ပဲစင်းငုံသီးနှံတစ်တင်း(သစ်) ကျပ် ၂၇၂၀၀၊(ဟောင်း) ကျပ် ၂၅၂၀၀ နှုန်းပေါက်လျက် နေ့စဉ်အသစ်ရောအဟောင်းပါ အိတ် ၁၃၀၀ ခန့်၊ ပဲတီစိမ်း တစ်တင်း ပေါက်ဈေးမှာ (ကြီး) ကျပ် ၂၈၀၀၀၊ (သေး) ကျပ် ၂၄၀၀၀ဖြစ်ပြီး နေ့စဉ်(ကြီး/သေး)အိတ်၁၁၀၀ခန့်အသီးသီးဖြစ်ပြီး အရောင်းအဝယ်အသွက်ဆုံးသီးနှံများဖြစ်ကြောင်းသိရပါတယ်။ဒေသတွင်းသုံးပဲဖြစ်သောပဲလွန်းဖြူပြာအသစ်များလည်း ဝင်ရောက်လျက်ရှိရာ နေ့စဉ်အိတ် ၃၀၀ ခန့် အဝင်ရှိပြီး ယခုတစ်ပတ်ပေါက်ဈေးမှာ ပဲလွန်းဖြူ ကျပ် ၂၇၀၀၀၊ ပဲလွန်းပြာ ကျပ်၂၂၀၀၀ နှုန်းပေါက်ပြီး ဒေသတွင်းသုံးအနေနဲ့ နေ့စဉ်အိတ် ၂၀၀ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ ဒေသတွင်းသုံးပဲဟောင်းလက်ကျန်ပဲများဖြစ်တဲ့ ပဲကြီး၊ ကုလားပဲမျိုးစုံ၊ စွန်တာနီ၊ မလွမ်းပို၊ ပဲယင်း၊ ထောပတ်ပဲများမှာလည်း ဒေသတွင်းသုံးအနေနဲ့ပုံမှန်ဝယ်ယူမှုရှိလို့ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ ယခုတစ်ပတ်ပဲကြီးတစ်တင်း ပေါက်ဈေးမှာကျပ် ၂၉၀၀၀ နှုန်းနှင့် အိတ် ၁၅၀ ခန့်၊ V2 တစ်တင်း ကျပ် ၃၉၀၀၀၊ 929 တစ်တင်း ကျပ် ၃၉၀၀၀ နှုန်းနှင့် အိတ်၅၀၀ ခန့်၊ စွန်တာနီ တစ်တင်း ကျပ် ၁၉၅၀၀ နှုန်းနှင့် အိတ်၁၀၀ ခန့်၊ မလွမ်းပိုပဲ တစ်တင်း ကျပ် ၂၅၀၀၀ နှုန်းနဲ့ အိတ်၅၀ခန့် ပဲယင်းတစ်တင်း ကျပ် ၁၇၆၀၀ နှုန်းနဲ့ အိတ် ၄၀၀ခန့်၊ ထောပတ်ပဲတစ်တင်း ကျပ်၁၆၀၀၀နှုန်းနှင့် အိတ် ၂၀၀ခန့် အသီးသီးအရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။

ဆီထွက်သီးနှံဈေးကွက်မှာ မြေပဲလုံးဆန်ဈေးကွက်ကတော့ ဝယ်လက်အဆွဲရှိလို့ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ နေ့စဉ် အိတ် ၇၀၀ ခန့်ဝင်ရောက်လျက်ရှိပြီး ယခုတစ်ပတ်မြေပဲလုံးဆန် တစ်ပိဿာဈေးနှုန်းမှာ လုံးဆန်ဖြူ ကျပ် ၂၅၀၀၊ ဆီဆန်ဖြူ ကျပ် ၁၈၅၀၊ လုံးဆန်နီ ကျပ် ၂၃၅၀ ဈေးနှုန်းအသီးသီး ဖြစ်ပေါ်လျက်ရှိပါတယ်။ နှမ်းမျိုးစုံဈေးကွက်မှာ နှမ်းဖြူတစ်ပိဿာ ကျပ် ၂၁၇၀နှင့် တစ်ရက်အိတ် ၂၀၀ ခန့်၊ နှမ်းနက်တစ်ပိဿာကျပ် ၂၈၀၀ နဲ့ အိတ် ၂၀၀ ခန့်၊ နှမ်းညိုတစ်ပိဿာ ကျပ် ၁၄၀၀ အသီးသီးအရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းကုန်စည်ဒိုင်သတင်းရပ်ကွက်မှ သိရှိရပါတယ်။

**ကြည်ကြည်နွယ်**

## ယခင်နှစ်ဈေးထက် ပြည်ပဲနီပြား သိသိသာသာလျော့နည်း

လက်လီပဲဈေးကွက်အတွင်း ပဲသစ်ဝင်ရောက်မှုမရှိသေးဘဲ ပဲဟောင်းလက်ကျန်အချို့ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့တဲ့ ပဲနီပြားသီးနှံဟာ လက်လီသမားများဖြင့် အိတ်အနည်းငယ် ရောင်းချမှုရှိခဲ့ပါတယ်။ ပဲတစ်တင်း ကျပ် ၂၀၀၀၀ ဖြင့် လဆန်းရက်ထက်ဈေးအနည်းငယ်ပိုရနေခဲ့ပါတယ်။ သို့သော်လည်း ယခင်နှစ်က ပဲနီပြားသီးနှံဈေးဟာ ဈေးကောင်းခဲ့လို့ နှစ်ဆန်းပိုင်းမှာ တစ်တင်း ကျပ် ၃၅၀၀၀ အထိ ရရှိခဲ့ပြီး ပဲသစ်ပေါ်ချိန်မှစ၍ ပဲဟောင်းဈေးကို မမီတော့ဘဲ ကျပ်သုံးသောင်းအောက်သို့ လျော့နည်းကျဆင်းခဲ့ပါတယ်။ နှစ်ကုန်အထိ ပဲဈေးနှုန်းမှာ ဈေးပြန်မြင့်တက်လာခြင်းမျိုးမရှိတော့တဲ့အတွက် တစ်တင်းကျပ် ၂၅၀၀၀ အောက်သာအရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။ ဒါကြောင့် ယခုနှစ်နှစ်ဆန်းပိုင်းဈေး က ယခင်နှစ်နှင့်နှိုင်းယှဉ်လျှင် တစ်တင်းကျပ် ၁၅၀၀၀ ကျော် လျော့နည်းနေခဲ့ကြောင်းတွေ့ရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်ပဲတီစိမ်း ဝင်ရောက်မှု လျော့လာပေမယ့် ဈေးငြိမ်လျက်ရှိ

ဇန်နဝါရီလလယ်မှာ ပြည်ပဲဈေးကွက်သို့ ပဲတီစိမ်းသစ် ဝင်ရောက်မှုအနေဖြင့် မတ်ပဲ၊ ပဲစင်းငုံသီးနှံများနှင့်ယှဉ်လျှင် လျော့နည်းသွားတာကို တွေ့ရပါတယ်။ ပဲတီစိမ်းသစ်များမှာ ယင်းပဲများထက် ပဲအဝင်စောခဲ့လို့ နိုဝင်ဘာ၊ ဒီဇင်ဘာလများအတွင်း ပဲထွက်ရှိမှုများတဲ့အချိန်ဖြစ်ကာ အများအပြားဝင်ရောက်ခဲ့ကြသလို အရောင်းအဝယ်လည်း သွက်ခဲ့ကြပါတယ်။ နှစ်ဆန်းပိုင်းမှစ၍ပဲအဝင်လျော့ကျလာကာ အိတ် ၂၀၀ နှင့် ၃၀၀ ကြားသာ ဝင်ရောက်ခဲ့ပါတယ်။ ပဲဈေးအနေဖြင့် ဈေးအတက်အကျ သိပ်မဖြစ်ခဲ့ဘဲ တစ်တင်း ကျပ် ၂၉၀၀၀ ဖြင့်သာ လဆန်းရက်မှစ၍ ဈေးငြိမ်လျက်ရှိခဲ့ပါတယ်။ ယခင်နှစ်နှစ်ဆန်းပိုင်းက တစ်တင်း ၃၇၅၀၀ ကျပ်ရရှိခဲ့လို့ ယခုနှစ်ဈေးကတော့ ပဲသစ်ပေါ်ချိန်မှစ၍ ဈေးအေးခဲ့တာကြောင့် ကျပ်သုံးသောင်းအောက်သာ ရရှိခဲ့ကြောင်းသိရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်ကုလားပဲဈေးလျော့ကျလာသော်လည်း ဈေးအကောင်းဆုံးဖြစ်နေ

နှစ်ဆန်းပိုင်းမှာ ပြည်ပဲဈေးကွက်သို့ ပဲသစ်အချို့ဝင်ရောက်မှုရှိသော်လည်း ကုလားပဲသီးနှံနှင့် ပဲကြီးသီးနှံများမှာ ဈေးကွက်သို့ ပဲသစ်ဝင်ရောက်ခြင်းမရှိသေးဘဲ ပဲလက်ကျန်များဖြင့်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြတာကို တွေ့ရပါတယ်။ ဒါကြောင့် တစ်ရက်အိတ် ၁၀၀ ကျော်သာ ပဲခွဲစက်သမားများ အဓိကဝယ်ယူကြတယ်လို့လည်း သိရပါတယ်။ ပြည်ပဝယ်လက်ပဲများထက် ပြည်တွင်းပဲဈေးကွက်မှာ ဈေးအမြင့်ဆုံးရနေခဲ့တဲ့ ကုလားပဲသီးနှံဟာ ယခုရက်ပိုင်းမှာတော့ ပဲဈေးတဖြည်း ဖြည်းပြန်လျော့ကျလာပေမယ့် ဈေးနှုန်းနှိုင်းယှဉ်မှုအရ ပဲအားလုံးထက် ဈေးပိုနေခဲ့ တဲ့အတွက် ပဲတစ်တင်း ကျပ် ၄၅၀၀၀ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း လေ့လာသိရှိရပါတယ်။

**ခင်ဆွေဝင်း**

## မုံရွာကုန်စည်ဒိုင်သို့ ပဲလွန်းဖြူ ပဲလွန်းပြာသီးနှံအသစ်များ ဝင်ရောက်

ဇန်နဝါရီတတိယပတ်မှာ မုံရွာကုန်စည်ဒိုင်သို့ ပဲလွန်းဖြူ ပဲလွန်းပြာသီးနှံသစ်များ ဝင်ရောက်လျက်ရှိကြောင်း သိရပါတယ်။ မုံရွာ၊ ချောင်းဦး၊ ဘုတလင်၊ ယင်းမာပင်မြို့နယ်များမှ နေ့စဉ်အိတ် ၃၀၀ ခန့် ဝင်ရောက်လျက်ရှိကာ ဒေသတွင်းသုံးအနေနဲ့ လက်လီဝယ်လက်သမားများ အဝယ်သွက်နေကြောင်း သိရပါတယ်။ ယခုတစ်ပတ်ပဲဈေးနှုန်းမှာ ပဲလွန်းဖြူတစ်တင်း ကျပ် ၂၇၀၀၀၊ ပဲလွန်းပြာ ကျပ် ၂၂၀၀၀ ဖြစ်ပြီး နေ့စဉ်အိတ် ၂၀၀ မှ ၁၅၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း မုံရွာကုန်စည်ဒိုင်သတင်းရပ်ကွက်မှ သိရပါတယ်။ ယခင်ကာလတူပေါက်ဈေးမှာ ပဲလွန်းဖြူ ကျပ် ၃၁၀၀၀၊ ပဲလွန်းပြာ ကျပ် ၂၉၀၀၀ နှုန်းပေါက်ပြီး ကာလတူဈေးနှင့်နှိုင်းယှဉ်ပါက ဈေးနိမ့်နေကြောင်း တွေ့ရပါတယ်။

**ကြည်ကြည်နွယ်(မုံရွာ)**

## ကောလင်း၊ ဝန်းသိုနှင့်တမူးမြို့နယ်တို့တွင် ဂျပန်မြက်(IGUSA)မျိုးကို စမ်းသပ်စိုက်ပျိုးလျက်ရှိ


ဂျပန်နိုင်ငံ၏ ယဉ်ကျေးမှုထုတ်ကုန်အဖြစ် ပြည်တွင်း ပြည်ပနိုင်ငံများတွင် ဈေးကွက်ဝင်နေသော ဂျပန်မြက်များကို တိုးချဲ့ထုတ်လုပ်နိုင်ရန် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကောလင်း၊ဝန်းသိုနှင့်တမူးမြို့နယ်တို့တွင် ဂျပန် မြက်(IGUSA) မျိုးကို စမ်းသပ်ထုတ်လုပ်နေကြောင်း ရှမ်းမောမြေကုမ္ပဏီလီမိတက်မှ ဈေးကွက်မန်နေဂျာ ဦးဝေဖြိုးအောင်ထံမှ သိရှိရပါတယ်။

ဂျပန်မြက်မျိုး (IGUSA) မှာ ၂၃½ ဒီဂရီ မြောက်လောင်ဂျီတွဒ် မျဉ်းအထက်မှာသာ စိုက်ပျိုးရရှိနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးတွင် တမူး၊ ကောလင်း၊ ဝန်းသိုမြို့နယ်တို့တွင် စမ်းသပ်စိုက်ပျိုးနေသည်မှာ နှစ်ရာသီခန့်ရှိ ပြီးဖြစ်ကြောင်း၊ ရေမြေရာသီဥတုနှင့်ကိုက်ညီသဖြင့် စမ်းသပ်ကွက်အဖြစ် အောင်မြင်နေပြီဖြစ်ကြောင်း Oshima Ya Co,Ltd မှ Mr.Shigenobu Handa က ပြောပါတယ်။

လာမည့်နှစ်များမှာ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုး၍ စက်ရုံတည်ထောင်ခြင်း၊ မြက်ဖျာများရက်လုပ်၍ ပြည်တွင်း ပြည်ပနိုင်ငံများသို့ တင်ပို့သွားနိုင်ရေးတို့ကို JICA နှင့် ပူးပေါင်းဆောင်ရွက် မည်ဖြစ်ကြောင်းနှင့် ဒေသခံတို့အတွက် သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ ပညာရေး၊ ကျန်းမာရေး၊ SMEs ဖွံ့ဖြိုးရေးကိစ္စရပ်များ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောပြပါတယ်။

**အောင်မင်း(တန့်ဆည်)**

## တရုတ်ဝယ်လက်ကြောင့် ဈေးမြင့်တက်လာတဲ့ မုံရွာကွမ်းရွက် (ကွမ်းစိမ်း) ဈေးကွက်



တရုတ်(တိုင်ပေ)မှဝယ်လက်များကြောင့် ယခုနှစ် ကွမ်းရွက်ဈေးမှာ ယခင်နှစ်ထက် မြင့်တက်ခဲ့ပြီး ကွမ်းစိုက်တောင်သူတို့ ဈေးကောင်းရနေကြောင်း မုံရွာမြို့ရှိ ကွမ်းပွဲရုံများထံမှ သိရှိရပါတယ်။ ကွမ်းရွက်ဈေးမှာ ကွမ်းစိမ်းတစ်ပိဿာ ကျပ် ၁၀၀၀၀၊ကွမ်းနုဝါ တစ်ပိဿာ ကျပ် ၈၀၀၀ ဈေးရှိပြီး ယခင်နှစ်ထက် ယခုနှစ်မှာ တစ်ပိဿာ ကျပ် ၂၀၀၀ ကျော် ဈေးမြင့်လာကြောင်းသိရပါတယ်။

ကွမ်းနုဝါသည် အပူအပုပ်နိုင်နင်းသဖြင့် ကွမ်းရွက်ဖြင့် ထုပ်ပိုးထားသော ပုစွန်များမှာ အရောင်အဆင်း၊ အနံ့အရသာ မပျက်ဆီးဘဲ မူလအတိုင်း ပုစွန်များကို ရရှိစေတဲ့အတွက် ကွမ်းရွက်ကို ထုပ်ပိုးပစ္စည်းအဖြစ် တရုတ်(တိုင်ပေ)တွင် သုံးစွဲခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါတယ်။ **အောင်မင်း(တန့်ဆည်)**

## ပြည်ဈေးကွက်တွင် လုံးဆန်ဈေးပုံမှန်ဖြစ်

ယခုတစ်ပတ်ပြည်ဈေးကွက်တွင် မြေပဲဆီဆန်ဈေးကျပြီး လုံးဆန်ဈေးပုံမှန် ဖြစ်လျက်ရှိပါတယ်။ ကံမ- တောင်ကုတ်၊ ဝက်ထီးကန်နှင့် ပေါက်ခေါင်းဘက်မှ မြေပဲဆန်အိတ် ၈၀၀ ခန့် ဝင်ရောက်လျက်ရှိပါတယ်။ ဆီဆန်ကို ဆီစက်သမားများ အဝယ်ရှိနေသော်လည်း ဈေးအနည်းငယ်ကျလာတာ တွေ့ရပါတယ်။ ဈေးကျ တယ် ဆိုပေမယ့် တစ်ပိဿာလျှင် ၅၀ကျပ်သာ ကျလာတာဖြစ်ပါတယ်။ လုံးဆန်ကို ရန်ကုန်ဘက်မှ ပုံမှန်အဝယ်ရှိသလို ဈေးမှာလည်း ပုံမှန်ဖြစ်လျက်ရှိပါတယ်။ ယခု တစ်ပတ်ပြည်ဈေးကွက်တွင် မြေပဲဆီဆန်ဈေးမှာ တစ်ပိဿာလျှင် ၁၆၅၀ ကျပ်၊ လုံးဆန်အဖြူ တစ်ပိဿာလျှင် ၂၃၅၀ ကျပ်နှင့် လုံးဆန်အနီ တစ်ပိဿာလျှင် ၂၂၀၀ ကျပ်ဖြင့် တစ်နေ့လျှင် အိတ် ၈၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

**ဝေဝေမင်း**

## သနပ္ပင်မြို့နယ်အတွင်းရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)များ၌ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများ ကျင်းပ



ပဲခူးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး၏ ကြီးကြပ်မှုဖြင့် သနပ္ပင်မြို့နယ်ရှိ ကျေးရွာများနှင့် အခြေခံပညာအလယ်တန်းကျောင်းများတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများ ကျင်းပခဲ့ပါသည်။

ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယဦးစီးမှူး ဦးသိန်းဆွေနှင့် ဝန်ထမ်းများသည် သနပ္ပင်မြို့နယ်တာဝန်ခံ ဦးစိုးလှိုင်နှင့် ပူးပေါင်း၍ ၂၀၁၇ခုနှစ်၊ ဇန်နဝါရီလ ၁၈ရက်တွင် သနပ္ပင်မြို့နယ်၊ ခလပ်ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲ ခန်းမ၌ ကျောင်းအုပ်ဆရာကြီး၊ ဆရာမများနှင့် ကျောင်းသား/ ကျောင်းသူများ၊ ကျေးရွာသူ/ကျေးရွာသားများအားလည်းကောင်း၊ သနပ္ပင်မြို့နယ်၊ ကသဲကုန်းကျေးရွာရှိ အခြေခံပညာအလယ်တန်း ကျောင်း(ခွဲ) ရှိ ကျောင်းအုပ်ဆရာမကြီး၊ ဆရာမများနှင့် ကျောင်းသား/ကျောင်းသူများအား ကျေးရွာဘုန်းတော်ကြီးကျောင်းတွင်လည်းကောင်း၊ ကသဲကုန်းကျေးရွာဘုန်းတော်ကြီးကျောင်းတွင် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများနှင့် ကျေးရွာသူ/ကျေးရွာသားများအား စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲများ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ ဟောပြောပွဲတွင် ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယဦးစီးမှူး ဦးသိန်းဆွေက စားသုံးသူများ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချရမှုရှိစွာ အစားအသောက်များ/ အသုံးအဆောင်များအား ရွေးချယ်ဝယ်ယူစားသောက်နိုင်ပြီး စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာဥပဒေအကြောင်း၊ စားသုံးရန်မသင့်သော တားမြစ်ဓါတုဆိုးဆေးများ၏ အန္တရာယ်နှင့်အစားအသောက်များတွင်တွေ့ ရလေ့ရှိသော မှိုဆိပ်အကြောင်း ကိုအသိပညာပေးဟောပြောခဲ့ပါသည်။ ဆက်လက်၍ မြို့နယ်တာဝန်ခံ ဦးစိုးလှိုင်က ကလေးများ စားသုံးနေသော ပီကေအကြောင်းနှင့် ပိုးသတ်ဆေးသုံးစွဲပုံအကြောင်းများကို အသိပညာပေးဟောပြောခဲ့ပြီး စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပါသည်။ ဆွေးနွေးဟောပြောပွဲများသို့ ကျေးရွာအုပ်ချုပ်အရေးမှူး၊ ကျောင်းအုပ်ဆရာ/ဆရာမများ၊ကျောင်းသား/ကျောင်းသူများ၊ ကျေးရွာသူ/ကျေးရွာသားများ စုစုပေါင်း ၈၅၄ ဦး တက်ရောက်ခဲ့ပါတယ်။

**မေဇူလှိုင်(ပဲခူး)**

## ကြက်သွန်နီ

### ပြည်ကြက်သွန်နီအဝင်များပေမယ့် အရောင်းအဝယ်အေး

ယခုဇန်နဝါရီ (တတိယပတ်အတွင်း) ပြည်ပွဲရုံများသို့ မိုးကြက်သွန်နီအစများ အောင်လံ၊ မကွေး၊ ရေနံချောင်း၊ ပခုက္ကူ ဆိပ်ဖြူ တောင်တွင်း စတဲ့နယ်စုံမှ ပိဿာ ၃၀ ဝင်အိတ် ၂၅၀၀ ခန့် ဝင်ရောက်နေကြောင်း သိရပါတယ်။ အဝင်များပေမယ့် အရောင်းအဝယ်အေးနေပြီး ဈေးနှုန်းမှာ တစ်ပတ် ထက်တစ်ပတ် မြင့်တက်နေတာ တွေ့ရပါတယ်။ ဈေးနှုန်း အဆမတန်မြင့်တက်လာ ရခြင်းမှာ မကွေးတိုင်းအတွင်းရှိ ကြက်သွန်နီဒိုင်များသို့ တာချီလိတ်နဲ့ ထိုင်းဝယ် လက်များက တိုက်ရိုက်အဆွဲရှိနေပြီး နယ်စပ်ထွက်ပေါက်မှတစ်ဆင့် အထွက်များနေတာကြောင့် ဈေးတက်ရခြင်းဖြစ်ကြောင်း ပြည်ပွဲရုံပိုင်ရှင်များရဲ့ ပြောကြားချက်အရ သိရပါတယ်။

ပြည်ပွဲရုံများမှာ ကြက်သွန်နီတစ်ပိဿာလျှင် လက်ကား(ကြီး) ကျပ် ၁၅၀၀-၁၆၀၀၊ (လတ်) ကျပ် ၁၃၀၀-၁၃၅၀-၁၄၀၀၊ (သေး) ကျပ် ၁၁၀၀-၁၂၀၀တို့ရှိပြီး ဒေသတွင်း လက်လီဈေးနှုန်းများမှာတော့ (ကြီး) ကျပ် ၁၇၀၀-၁၈၀၀၊(လတ်)ကျပ် ၁၅၀၀-၁၆၀၀၊ (သေး)ကျပ်၁၂၀၀-၁၃၀၀တို့နှင့်ရောင်းဝယ်လျက်ရှိကြောင်း သိရပါတယ်။ ဈေးနှုန်းအားဖြင့် ယခင်နှစ်ကာလတူဈေးနှုန်းနှင့် နှိုင်းယှဉ်လျှင် ယခင်နှစ် ဇန်နဝါရီ(တတိယပတ်)ဈေးမှာကြက်သွန်နီ(အလတ်စ) တစ်ပိဿာကို လက်ကား/လက်လီ ၇၅၀-၉၅၀ ကျပ်ဖြစ်ခဲ့ပြီး ယခုဈေးမှာတော့ ၁၃၀၀-၁၅၀၀ ကျပ်ဖြစ်နေတဲ့အတွက် စားသုံးသူများမှာဝယ်လိုအားကို ချင့်ချိန်နေရပါတယ်။ ဒါကြောင့် အဝယ်မှာလက်ရှိကာလအနေနဲ့သိသိသာသာ အေးနေကြောင်းသိရပါတယ်။

**ဝင်းလှဲ့ဝါ(ပြည်)**

### မုံရွာကြက်သွန်နီဈေးကွက်သို့ ကြက်သွန်နီအသစ်များ ဝင်ရောက်၊ ဈေးအနည်းငယ်မြင့် အရောင်းအဝယ်အေး

ဇန်နဝါရီတတိယပတ်ရဲ့ မုံရွာပွဲရုံစားဖိုဆောင်သီးနှံရောင်းဝယ်ရေးတွင် ကြက်သွန်နီသစ်များ ဈေးကွက်အတွင်းသို့ ဝင်ရောက်လျက်ရှိရာ ဈေးအနည်းငယ် မြင့်တက်နေကြောင်းသိရပါတယ်။ မုံရွာပွဲရုံသို့ ကြက်သွန်နီသစ်များ နေ့စဉ်ပိဿာ ၁၅၀၀၀ခန့် ဝင်ရောက်လျက်ရှိပါတယ်။ ယခုတစ်ပတ် ကြက်သွန်နီတစ်ပိဿာ ပွဲရုံပေါက်ဈေးနှုန်းမှာ(ကြီး)ကျပ်၁၃၀၀၊ (လတ်)ကျပ် ၁၂၀၀၊ (သေး) ကျပ် ၁၁၀၀ရှိပြီး လက်လီပေါက်ဈေးနှုန်းမှာ (ကြီး) ကျပ် ၁၄၀၀၊ (လတ်) ကျပ် ၁၃၀၀၊ (သေး) ကျပ် ၁၂၀၀နှုန်းပေါက်လျက်ရှိကြောင်း သိရပါတယ်။ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက ဈေးအနည်းငယ်တက်နေပါတယ်။ ကြက်သွန်နီအသစ်များ အရောင်းအဝယ်အေးရခြင်းမှာ ပြည်ပတင်ပို့ရန် ကုန်သည်လှောင်လက်မှ ဝယ်လိုအားနည်းခြင်း၊ ဈေးမငြိမ်ခြင်းကြောင့်စားသုံးသူများ၏ဝယ်လိုအားနည်းခြင်း စသည်တို့ကြောင့် ပွဲရုံအရောင်းဈေးကွက်အနည်းငယ်အေးနေကြောင်း မုံရွာ ကြက်သွန်နီပွဲရုံမှ သိရှိရပါတယ်။

ယခုတစ်ပတ် ကြက်သွန်ဖြူတစ်ပိဿာ ဈေးနှုန်းမှာပွဲရုံဈေး(ဗမာ) ကျပ်၅၅၀၀၊ (ရှမ်း) ကျပ်၄၈၀၀ လက်လီကတော့ တစ်ပိဿာ (ဗမာ) ကျပ် ၆၀၀၀၊ (ရှမ်း) ကျပ် ၅၀၀၀ ဖြစ်ပြီး အတက်အကျမရှိဘဲ ယခင်တစ် ပတ်ဈေးနှုန်းအတိုင်း ဈေးငြိမ်လျက်ရှိပြီး လက်လီအနေနဲ့ နေ့စဉ်အိတ် ၅၀ မှ ၆၀ခန့် အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိကြောင်း မုံရွာကြက်သွန်နီပွဲရုံမှသိရပါတယ်။ **ကြည်ကြည်နွယ်(မုံရွာ)**



### ထိုင်းနယ်စပ်မှ ကြက်သွန်နီ ပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်နဲ့ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ဇန်နဝါရီ ၇ ရက်မှ ၁၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅၂၈၃၈ တန်ဖိုးရှိ ကြက်သွန်နီ တန် ၁၄၀ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုမှာ မြဝတီမှ ၁၁၄ တန်၊ တာချီလိတ်မှ ၂၆ တန်ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တာချီလိတ် ကုန်သွယ်ရေးစခန်းတစ်ခုတည်းမှသာ တန် ၁၀၀ တင်ပို့ခဲ့တာမို့ ယခုတစ်ပတ်မှာ ထိုင်းနိုင်ငံသို့ ကြက်သွန်နီ ပိုမိုတင်ပို့ခဲ့ပါတယ်။

**မော်မော်အောင်**

## နနွင်း

### တရုတ်နယ်စပ်ရော၊ ထိုင်းနယ်စပ်မှပါ နနွင်းတက်ပိုမိုတင်ပို့

ဇန်နဝါရီ ၇ ရက်မှ ၁၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ ၄၉၇၄၂ တန်ဖိုးရှိ နနွင်းတက် ၇၄ တန်ကျော်ကို မူဆယ်နဲ့ မြဝတီ ကုန်သွယ်ရေးဇုန်များမှ တစ်ဖက်နိုင်ငံများသို့ တင်ပို့ခဲ့ပါတယ်။ ဇုန်အလိုက် တင်ပို့မှုကတော့ မူဆယ်မှ တရုတ်နိုင်ငံသို့ နနွင်းတက် (ရှမ်းစ) တန် ၅၀ ခွဲနဲ့ မြဝတီမှ ထိုင်းနိုင်ငံသို့ ၂၄တန်ကျော် တင်ပို့ခဲ့ပါတယ်။

ယခင်သီတင်းပတ်က မူဆယ်မှ ၁၇ တန်ကျော်နဲ့ မြဝတီမှ ၈တန် နီးပါးသာ တင်ပို့ခဲ့လို့ ယခုတစ်ပတ် တရုတ်နယ်စပ်ရော၊ ထိုင်းနယ်စပ်မှပါ နနွင်း ပိုမိုတင်ပို့နိုင်ခဲ့တာတွေ့ရပါတယ်။

ဇန်နဝါရီလဆန်းပိုင်းက မူဆယ်ကုန်စည်ဒိုင်မှာ (ငွေလဲနှုန်းအရ) နနွင်းတက်တစ်တန်ကို ၈၉၉၇၄၅ ကျပ် ခန့်ရှိရာမှ ယခုသီတင်းပတ်မှာတော့ ၉၀၀၄၁၀ ကျပ်ဈေးအထိ ဈေးအနည်းငယ်မြင့်တက်လာခဲ့တယ်လို့သိရပါတယ်။ **မော်မော်အောင်**



## မန်ကျည်း

### ပြည်ဈေးကွက်သို့ မန်ကျည်းမှည့်အသစ်များ ဝင်ရောက်လျက်ရှိပြီး အရောင်းအဝယ်ဖြစ်

မန်ကျည်းမှည့်အဟောင်းရှားပါးပြီး ဈေးနှုန်းမြင့်တက်နေချိန်မှာ ပြည်ဈေးကွက်သို့ မန်ကျည်းမှည့်အသစ်ဝင်ရောက်တာကြောင့် ဈေးကွက်အပြောင်းအလဲဖြစ်မှုချိန်ကိုက်ဖြစ်ခဲ့ကြောင်းတွေ့ရပါတယ်။ ကြံခင်း၊ မြန်အောင်၊ ဟင်္သာတတို့ဘက်မှ မန်ကျည်းမှည့်အသစ်များ အဝင်ရှိခဲ့ပြီး ဒေသတွင်းအဆွဲများတာကြောင့် ဈေးကွက်မှာ အရောင်းအဝယ်ဖြစ်ကြောင်းလည်းသိရပါတယ်။ အသစ်တစ်ပိဿာ ဈေးမှာ (ပွဲရုံ) ကျပ် ၂၅၀၀ ဈေးဖြစ်ပြီး လက်လီရောင်းဈေးကတော့ ကျပ် ၃၀၀၀ ရှိပါတယ်။ နယ်စုံမှ ဝင်ရောက်ပြီး ဒေသထွက်ပါ ဝင်ရောက်မှုရှိလာပါက ဈေးနှုန်းကျနိုင်ကြောင်း သိရပါတယ်။ ယခင်နှစ်ထက်စာလျှင် ယခုနှစ်မှာမန်ကျည်းမှည့် ဝင်ရောက်စချိန်တွင် ဈေးကောင်းရကြောင်း သိရပါတယ်။ ယခင်နှစ်က မန်ကျည်းမှည့်အသစ်ဈေး တစ်ပိဿာ ကျပ် ၁၈၀၀ သာရှိကြောင်း သိရပါတယ်။ **နီနီဝင်း**

## ကြက်သွန်ဖြူ

### ပြည်ပွဲရုံအတွင်း ကြက်သွန်ဖြူအိတ်များဝင်ရောက် ကြူကုတ်စဈေးအနည်းငယ်ကျ

ဇန်နဝါရီ (တတိယပတ်အတွင်း) ပြည်ပွဲရုံသို့ ကြက်သွန်ဖြူအိတ်တွေ ဆက်တိုက် ဝင်ရောက်နေပါတယ်။ ရှမ်းစရောကြူကုတ်စပါ အဝင်ရှိနေခြင်းဖြစ်ပါတယ်။ ရှမ်းစအနေနှင့် ဈေးအမြင့်ဘက်မှာရှိပြီး ကြူကုတ်စကတော့ ဈေးအနည်းငယ်ကျလာပါတယ်။ ယခုတစ်ပတ် ပွဲရုံပေါက်ဈေးမှာ ကြက်သွန်ဖြူ တစ်ပိဿာလျှင် (ရှမ်းစ)ကျပ် ၅၅၀၀-၅၈၀၀ နှင့် (ကြူကုတ်စ) ကျပ် ၄၆၀၀ တို့ဖြစ်ပြီး ဒေသတွင်း လက်လီဈေးအရောင်းအဝယ်များမှာတော့ (ရှမ်းစ) တစ်ပိဿာလျှင် ကျပ် ၆၀၀၀ နှင့် (ကြူကုတ်စ)ကတော့ ကျပ် ၅၁၀၀ အထိ ဈေးကျလာတာတွေ့ရပါတယ်။

ပုံမှန်ထက်ပိုဆွဲလာတာကြောင့် အရောင်းအဝယ်ဖြစ်နေကြောင်းလည်း သိရပါတယ်။ ရှမ်းစအရောင်းအေးပေမယ့် ကြူကုတ်စဈေးကျလာတာနှင့်အမျှ အိတ်ဆွဲသွက်လာတာကြောင့်ယခုတစ်ပတ်အတွင်း အိတ် ၂၈၀ နီးပါး အရောင်းအဝယ်ဖြစ်ကြောင်းလည်းသိရပါတယ်။ **နီနီဝင်း**

## ချင်း

### ရှမ်းချင်းဒေသသုံး လက်လီဈေးကွက်သာရှိ

ဟိုပုံးဈေးကွက်မှာလည်းချင်းအသစ်တွေဝင်နေပါပြီ။ တောင်သူတွေက ရိတ်သိမ်းရမယ့် ပြောင်း၊စပါး၊ ပန်းနှမ်းတို့ကို အရင်ရိတ်သိမ်းလျက်ရှိပါတယ်။ ပြီးမှသာ ချင်းကိုဖော်တာကြောင့် ဈေးကွက်ကို အဝင်နောက်ကျတာလို့ သိရပါတယ်။ ဖော်ကာစဖြစ်တာကြောင့် အဝင်ကတော့ နည်းနေပါသေးတယ်။ အရောင်းအဝယ်ကလည်း သိပ်ပြီး မကောင်းလှသေးဘူးလို့ သိရပါတယ်။ တစ်ပတ်အတွင်းမှာ ပိဿာချိန် ၁၀၀မှ ၂၀၀ခန့် သာအဝင်ရှိတယ်လို့ သိရပါတယ်။ ဝယ်လက်ကတော့ မရှိသေးပါဘူး။ ဒေသတွင်းသုံးအတွက်သာ အဝယ်ရှိနေပြီး လက်လီဈေးကွက်သာ ရှိနေပါသေးတယ်။ ဈေးကတော့တစ်ပိဿာကို၃၅၀ ကျပ်ရှိတယ်လို့ သိရပါတယ်။ ချင်းခြောက်ကတော့ လက်ကျန်အနည်းငယ်မျှသာ ကျန်ရှိနေပြီး ချင်း(စို)လိုပဲ အရောင်းအေးနေတယ်လို့ သိရပါတယ်။ ချင်း (စို)ရဲ့ အရောင်းအဝယ်ပေါ်မူတည်ပြီး ချင်းခြောက်ပြုလုပ်ရမှာဖြစ်လို့အခုအချိန်မှာတော့ ချင်းခြောက် မပြုလုပ်ကြသေးဘူးလို့ သိရပါတယ်။ ချင်းခြောက်ကတော့ တစ်ပိဿာကို ၁၈၀၀ ကျပ် ဈေးရှိပါတယ်။

အောင်ပန်းဈေးကွက်မှာတော့ ချင်း(စို)နဲ့ချင်းခြောက်က ပုံမှန်အရောင်းအဝယ်ဖြစ်နေပါတယ်။ ပုံမှန်ဝယ်ယူနေကျတပ်ကုန်း၊ ရန်ကုန်၊ ပြည်၊ မုံရွာ စတဲ့မြို့တွေကအဝယ်ရှိနေပြီး တစ်ပတ်အတွင်းမှာ ချင်း(စို) ပိဿာချိန်ပေါင်း ၁ဒသမ ၈ သိန်းနှင့် ချင်းခြောက်ပိဿာချိန်ခုနစ်သောင်း အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။ အောင်ပန်းဈေးကွက်မှာ ချင်းတစ်ပိဿာပေါက်ဈေးတွေက ချင်း(စို)ကျပ် ၃၀၀ မှ ၄၃၀ကျပ်၊ ချင်းခြောက်ကကျပ်၁၅၀၀မှကျပ် ၁၆၀၀ ဈေးရှိပါတယ်။ **ဧခိုင်-တောင်ကြီး**

### စစ်တွေမှ ချင်းစို ပိုမိုတင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေ ကုန်သွယ်ရေးစခန်းမှ ဇန်နဝါရီ ၇ ရက်မှ ၁၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၅၂၀၀ တန်ဖိုးရှိ ချင်းစိုတန် ၂၀ တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်တစ်ပတ်က ခုနစ်တန်သာ တင်ပို့ခဲ့လို့ယခုတစ်ပတ်မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ချင်းပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ဇန်နဝါရီလဆန်းပိုင်းက စစ်တွေမှာ ချင်းစိုတစ်တန်ကို (မိမိဘက်ပေါက်ဈေး)၁၀၄၄၂၄၀ကျပ်ရှိရာမှယခုသီတင်းပတ်တွင် ၁၀၃၉၃၀၀ ကျပ်သို့ ဈေးအနည်းငယ်ကျဆင်းခဲ့တာ တွေ့ရပါတယ်။ **မော်မော်အောင်**

# w½kwf t ar&duef

# ukefoG,f&;ppfyGJjzpfEdkif t½dk



အမေရိကန်ပြည်ထောင်စု၏ အရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရမ့်၏ မကြာမီက ပြောကြားခဲ့သော ထင်မြင်ချက်များက အမေရိကန်-တရုတ် ကုန်သွယ်ရေးစစ်ပွဲ (Trade war) ကို ဖြစ်စေနိုင်သည်။ ဒေါ်နယ်ထရမ့် သည် ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် တရုတ်နှင့် ပတ်သက်သော ယင်း၏ ကုန်သွယ်ရေးနှင့် ငွေကြေးဆိုင်ရာ ထင်မြင်ချက်များကို ပြောကြားခဲ့သည်။ ကျွမ်းကျင်သူ အများစုကလည်း အမေရိကန်-တရုတ်ဆက်ဆံရေး အခြေအနေများအရ ကုန်သွယ်ရေးစစ်ပွဲဖြစ်နိုင်ကြောင်း သုံးသပ်ကြသည်။ ကုန်သွယ်ရေးစစ်ပွဲသည် မည်သည့် အတိုင်းအတာထိ ဖြစ်နိုင်ပါသနည်းဟူသော မေးခွန်းများလည်း ထွက်ပေါ်နေသည်။

## အကောက်ခွန်ကိစ္စနှင့် စောင့်ကြည့်သည့် နည်းလမ်း

ထရမ့်သည် တရုတ်ကုန်ပစ္စည်းများအပေါ် သွင်းကုန်ခွန် ၃၅ ရာခိုင်နှုန်းမှ ၄၅ ရာခိုင်နှုန်းအထိ ကောက်ခံမည်ဖြစ်ကြောင်း သူ၏ မဲဆွယ်စည်းရုံးစဉ်ကာလက ပြောကြားခဲ့သည်။ ဤကဲ့သို့ တရုတ်အပေါ် အခွန်များ တိုးမြှင့်ကောက်ခံခြင်းက ကြီးမားသော ဒဏ်ရာဒဏ်ချက်ကို မြန်မြန်ဖြစ်ပေါ်စေနိုင်သည်။ တရုတ်နှင့် အမေရိကန် နှစ်နိုင်ငံစလုံး၏ ကုမ္ပဏီအမျိုးမျိုးနှင့် လုပ်ငန်းရှင်များစွာကို ထိခိုက်နာကျင်စေမည်ဖြစ်သည်။ လက်ရှိအချိန်ကာလတွင် နှစ်ဖက်စလုံးက အရေးပါသည်ဟု ယူဆထားသော နယ်ပယ်အချို့တွင် လွတ်လပ်သော ကုန်သွယ်ရေး (Open trade) ကို ကျင့်သုံးနေကြဆဲဖြစ်သည်။ အကောက်ခွန်ကိစ္စကြောင့် ဖြစ်ပေါ်လာသည့် ဒဏ်ရာဒဏ်ချက်သည် တရုတ်ကုမ္ပဏီများနှင့် အမေရိကန်ကုမ္ပဏီများကို နာကျင်စေမည်ဖြစ်ပါသည်။ သို့သော်လည်း အမေရိကန်ကုမ္ပဏီများက ပို၍အထိနာဖွယ်ရှိပြီး ပိုမို နစ်နာဆုံးရှုံးသူများ (Bigger Losers) ဖြစ်လာနိုင်သည်။

လတ်တလောတွင် တရုတ်နိုင်ငံသည် စောင့်ကြည့်သည့်နည်းလမ်း (Wait and see approach) ကို ကျင့်သုံးနေသည်။ ထရမ့်သည် (ယခု ဆောင်းပါးရေးနေသည့်အချိန်ထိ) တရားဝင် အမေရိကန်သမ္မတ မဖြစ်သေးပေ။ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်မှသာ သမ္မတဖြစ်လာပါမည်။ မဲဆွယ်စည်းရုံးစဉ်ကာလနှင့် ရွေးကောက်ပွဲ အနိုင်ရရှိထားသည့်ကာလ (သမ္မတမဖြစ်မီ) ပြောကြားခဲ့သော မိန့်ခွန်းစကားများသည် တရားဝင် သမ္မတဖြစ်လာသောအချိန်တွင် လုံးဝပြောင်းလဲသွားနိုင်သည်။ ထို့ကြောင့် တရုတ်က စောင့်ကြည့်နေခြင်းဖြစ်သည်။ ထရမ့်သည် ပြည်သူလူထုနှင့် တွေ့ဆုံရာတွင် သူကိုယ်တိုင် ဒွိဟဖြစ်နေလေ့ရှိသည်။ ထို့ကြောင့် သူ၏ တကယ့်အကြံအစည် သို့မဟုတ် ရည်ရွယ်ချက် (Real intentions) ကို ရှင်း ရှင်းလင်းလင်း ရုပ်လုံးဖော်ရန် အခက်တွေ့နေ သည်။ တရုတ်နှင့် ဆက်ဆံရေးကို မီဒီယာများသို့ အလွတ်သဘောမှတ်ချက်ပေးမှုများသည်လည်း တိကျသေချာမှု မရှိပေ။ ထို့ကြောင့်ပင် ထရမ့် တကယ်တမ်း ဖောင်းပေးသော နယ်ပယ်/နေရာကို ဆုံးဖြတ်ရခက်ပါသည်။ ဆိုလိုသည်မှာ အမေရိကန်နိုင်ငံ၊ ဝါရှင်တန်မြို့တွင် ပြုလုပ်သော ဆုံးဖြတ်ချက် ချမှတ်သည့် ဖြစ်စဉ် (Decision-making process) ကို တရုတ်နိုင်ငံအစိုးရက မှန်းဆ၍မရခြင်း ဖြစ်သည်။

## နိုင်ငံရေးသည် ပထမ၊ ကုန်သွယ်ရေးသည် ဒုတိယ

သို့သော်လည်း ထရမ့်သည် ရေကြောင်းလမ်းပြမရှိဘဲ ရေကြောင်းခရီးကို မောင်းနှင်လျှောက်လှမ်းလျက်ရှိသည်။ ဆိုလိုသည်မှာ အကောင်အထည်ဖော်မည့် အစီအစဉ်ကို သေသေချာချာ ရေးဆွဲမထားဘဲ သဘောထား ထင်မြင်ချက်များကို ပြောကြားနေသည်ဟု ဆိုလိုသည်။ တရုတ်နိုင်ငံနှင့် ပတ်သက်၍ ပြောဆိုနေမှုများသည် အမေရိကန်အတွက် ရလဒ်ကောင်းများ (Positive results) ထွက်ရှိလာမည်ဟု တွေးထင်နေခြင်းသည် အန္တရာယ်ရှိပါသည်။ အဘယ်ကြောင့်ဆိုသော် အမေရိကန်အတွက် ရလဒ်ကောင်းများ ထွက်ရှိမလာနိုင်သောကြောင့် ဖြစ်သည်။ တစ်နည်းအားဖြင့် တရုတ်နိုင်ငံသည် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေး (International trade) ကို ဒုတိယဦးစားပေးအဖြစ်ထားရှိပြီး နိုင်ငံရေး (Internal politics) ကို ပထမဦးစားပေးအဖြစ် ထားရှိသောကြောင့် ဖြစ်ပါသည်။ တရုတ် နိုင်ငံ၏ ထိပ်တန်းဦးစားပေးသည် နိုင်ငံရေးတည် ငြိမ်မှု ဖြစ်သည်။ ထို့ကြောင့် တရုတ်သည် တက်လာတော့မည့် အမေရိကန်အစိုးရသစ်နှင့် ဆက်ဆံရေးပျက်ပြားစရာ အကြောင်းမရှိဟု ယုံကြည်သည်။ သို့သော်လည်း သံတမန်ကျင့်ဝတ်အရ တရုတ်နိုင်ငံကို အထိုက်အလျောက် လေးစားသမှုမပြုသော အမေရိကန်သမ္မတကို တရုတ်နိုင်ငံက တလေးတစား ဆက်ဆံနေမည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် တရုတ်နိုင်ငံသည်လည်း ကမ္ဘာ့စီးပွားရေး အတောင့်တင်းဆုံးနိုင်ငံဖြစ်လာသောကြောင့် ဖြစ်ပါသည်။

”

w½kwfEdkifiHonf tar&duefap;,uGufukd

vdktyfonfvnf; tar&duefonf

w½kwfap;,uGufukd ydkrdkvdktyfonfaMumifh

jzpfonf

## ယခင်နှင့် ယခု

ကုန်သွယ်ရေးစစ်ပွဲက ပြဿနာများစွာကို ဖြစ်စေနိုင်သည်။ သို့သော် တရုတ်နိုင်ငံအတွက် ဘေးအန္တရာယ် မရှိနိုင်ပေ။ တရုတ်နိုင်ငံသည် အမေရိကန်ဈေးကွက်ကို လိုအပ်သော်လည်း အမေရိကန်သည် တရုတ်ဈေးကွက်ကို ပိုမိုလိုအပ်သောကြောင့် ဖြစ်ပါသည်။ လက်ရှိတရုတ်နိုင်ငံ၏ အခြေအနေသည် လွန်ခဲ့သော အနှစ် ၂၀ က အခြေအနေနှင့် မတူတော့ပေ။ လွန်ခဲ့သော နှစ်ပေါင်း ၂၀ က တရုတ်သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အလွန် နိမ့်ကျသော နိုင်ငံဖြစ်ခဲ့သည်။ ထိုစဉ်က တရုတ်သည် အနောက်နိုင်ငံများ၏ နည်းပညာနှင့် ကုန်ထုတ်လုပ်မှု နည်းလမ်းများ (Western technology and manufacturing techniques) ကို ရယူလိုခဲ့သည်။ ယခုအခါ တရုတ်နိုင်ငံသည် လိုအပ်သော နည်းပညာနှင့် နည်းလမ်းများကို အမေရိကန်နိုင်ငံပြင်ပရှိ ကုမ္ပဏီများ (Vendors) ထံမှ အလွယ်တကူ ရရှိနေပြီဖြစ်သည်။ ယခင်က အမေရိကန်သည် တရုတ်နိုင်ငံအတွက် ဆွဲဆောင်မှုရှိသော ဈေးကွက်ကြီးတစ်ခုဖြစ်ခဲ့သည်။ ယခု မဟုတ်တော့ပေ။ လက်ရှိအချိန်ကာလတွင် ထွန်းသစ်စဈေးကွက်များ (Newer emerging markets) သည်သာ တရုတ်အစိုးရအတွက် အလွန်ဆွဲဆောင်မှုရှိသော ဈေးကွက်များ ဖြစ်ပါသည်။

## ဈေးကွက်အပြောင်းအလဲနှင့် အနိုင်အရှုံး

အမေရိကန်အဆင့်မြင့် အသုံးအဆောင်ပစ္စည်းများကို တရုတ်နိုင်ငံတွင် ထုတ်လုပ်သော်လည်း တရုတ်၏ အမြတ်ဝေစုများ (Share of Porfits) သည် အမေရိကန်ကုမ္ပဏီများထံသို့ ရောက်ရှိသွားကြပါသည်။ အကယ်၍ အဆိုပါလုပ်ငန်းများကို ရပ်တန့်လိုက်မည်ဆိုပါက တရုတ်လုပ်ငန်းရှင်များထက် အမေရိကန်ကုမ္ပဏီများက ပိုမို အထိနာမည်ဖြစ်သည်။

တရုတ်နိုင်ငံသည် လက်ပ်တော့ကွန်ပျူတာနှင့် ဆဲလ်ဖုန်း (Laptop computer and cell phones) ကဲ့သို့သော အကောင်းဆုံးကုန်ပစ္စည်းများကို ထုတ်လုပ်နေပြီဖြစ်သည်။ အဆိုပါ ကုန်စည်များကို ဖွံ့ဖြိုးတိုးတက်မှု အမြန်ဆုံး ဖြစ်သော အိန္ဒိယ၊ လက်တင်အမေရိကနှင့် အာဖရိကကဲ့သို့သော ဈေးကွက်များက အများဆုံးဝယ်ယူနေပါသည်။ တရုတ်ဈေးကွက်ကို အမေရိကန်အနေဖြင့် အလွယ်တကူ လက်လွှတ်၍မဖြစ်ပေ။ ၂၀၁၅ ခုနှစ်နှစ်ကုန်တွင် တရုတ် စားသုံးသူများက အမေရိကန်ထုတ် iPhone များကို အမေရိကန်ဒေါ်လာ ၁၃၁ သန်းဖိုး ဝယ်ယူခဲ့သည်။ အလားတူ ကာလတွင် အမေရိကန်စားသုံးသူများက အဆိုပါ iPhone များကို အမေရိကန်ဒေါ်လာ ၁၁၀ သန်းဖိုးသာ ဝယ်ယူသုံးစွဲခဲ့ကြသည်။ iPhone တင်ပို့မှုသည် အမေရိကန်နိုင်ငံ စုစုပေါင်းပို့ကုန်၏ သေးငယ်သော အစိတ်အပိုင်းတစ်ခုသာဖြစ်သည်။ အမေရိကန်နိုင်ငံရှိ လေယာဉ်ထုတ်လုပ်သည့် ဘိုရင်း ကုမ္ပဏီသည် လာမည့် အနှစ် ၂၀ ကာလအတွင်း တရုတ်နိုင်ငံက ယင်းတို့၏ လေယာဉ်အစီးပေါင်း ၆၈၁၀ ကိုဝယ်ယူနိုင်ကြောင်း ခန့်မှန်းထားသည်။ လေယာဉ်ဈေးကွက်တစ်ခုတည်းကပင် တရုတ်နိုင်ငံထံမှ ဒေါ်လာတစ်ထရီလီယံကျော် ရရှိမည်ဖြစ်သည်။ ဘိုရင်းသည် အမေရိကန်နိုင်ငံတွင် ဝန်ထမ်း ၁၅၀၀၀၀ ဖြင့် လေယာဉ်ထုတ်လုပ်နေသော အမေရိကန်ကုမ္ပဏီဖြစ်သည်။

ထရမ့်ကုန်သွယ်ရေးစစ်ပွဲကို စတင်မည်ဆိုပါက ဝေါလ်မတ်ကဲ့သို့သော အမေရိကန်ကုမ္ပဏီများ ချက်ခြင်းလက်ငင်း အထိနာမည်ဖြစ်သည်။ ဝေါလ်မတ်သည် ဈေးနှုန်းသက်သာသော ကုန်ပစ္စည်းများကို ဒေါ်လာ ဘီလီယံချီ၍ ဝယ်ယူတင်သွင်းနေသော ကုမ္ပဏီကြီးဖြစ်သည်။ တရုတ်နိုင်ငံတွင် ဖွင့်လှစ်ရောင်းချနေသော ဝေါလ်မတ် ကုန်တိုက်ကြီးများရှိ ပစ္စည်းအမျိုးအမယ်အားလုံးနီးပါး၏ ဈေးနှုန်းများ အဆမတန်မြင့်တက်လာပါသည်။ ထိုကဲ့သို့ ဈေးနှုန်းမြင့်တက်ခြင်းသည် ထုတ်လုပ်မှုစရိတ် (Manufacturing Costs) မြင့်တက်ခြင်းကြောင့်မဟုတ်ဘဲ အမေရိကန်က တိုးမြှင့်ကောက်ခံမည့် အကောက်ခွန်များ မြင့်တက်သွားသောကြောင့် ဖြစ်သည်။ အကျိုးဆက်မှာ စီးပွားရေးစစ်ပွဲ (Economic war) တစ်စတစ်စ အားလျော့ဆုတ်ယုတ်လာခြင်းဖြစ်သည်။ နောက်ဆုံးတွင် တရုတ်နိုင်ငံက အနိုင်ရရန် သေချာသည့် အဖြစ်မျိုးကို ရောက်ရှိသွားနိုင်သည်။

ယခုအခါ တရုတ်နိုင်ငံ၏ နိုင်ငံခြားအရန်ငွေကြေး (Foreign currency reserves) သည် အမေရိကန် ဒေါ်လာ ၃ ထရီလီယံကျော်ရှိသည်။ အမေရိကန်၏ နိုင်ငံခြားအရန်ငွေသည် ဒေါ်လာ ၁၂၀ ဘီလီယံဝန်းကျင်သာရှိသည်။ ထရမ့်၏ အကောက်ခွန်နှုန်းတိုးမြှင့်ခြင်းသည် ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ (WTO)၏ မူများနှင့် မကိုက်ညီပေ။ ထို့ပြင် ထိုကဲ့သို့ အကောက်ခွန်တိုးမြှင့်ခြင်းက အမေရိကန်ပို့ကုန်

*စာမျက်နှာ (၂၄)သို့*

# ခာတ်ဆီ/ဒီဇယ်

## ယခင်တစ်ပတ်ထက် ဒီဇယ်ရော ခာတ်ဆီပါ အဝင်လျော့

ဇန်နဝါရီ ၈ ရက်မှ ၁၄ ရက်သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၁၈၇၅၅၁၆၅ တန်ဖိုးရှိ ဒီဇယ် ၃၉၉၃၃ ဒသမ ၁၁၅တန်နဲ့ ကန်ဒေါ်လာ ၁၉၈၆၅၇၁၅ တန်ဖိုးရှိ ခာတ်ဆီ ၁၁၅၆၁ဒသမ ၆၀၈တန်၊ စုစုပေါင်း ၅၁၄၉၄ဒသမ ၇၂၃တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ဒီဇယ်၊ အဆင့်မြင့် ဒီဇယ်၊ အောက်တိန်း(92)နဲ့ အောက်တိန်း(95) တို့ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၉၁၆၀၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာဒီဇယ်တန်ချိန် ၅၁၇၀၀ကျော် အဝင်လျော့ခဲ့သလို ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ခာတ်ဆီတန်ချိန် ၃၅၂၀၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ခာတ်ဆီ တန်ချိန် ၂၃၆၀၀ ကျော် အဝင်လျော့ခဲ့ပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဒီဇယ်ရော ခာတ်ဆီပါ အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ ခာတ်ဆီ၊ ဒီဇယ် ဈေးများက တောင်ကြီး၊ မော်လမြိုင်နဲ့ ရန်ကုန်မှာဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပြင်ပမှာ လက်လီရောင်းချနေတဲ့ ဒီဇယ်၊ ခာတ်ဆီ ပီပါဈေးများမှာလည်း ယခင်တစ်ပတ်ဈေးနှင့်နှိုင်းယှဉ်ရင် ရန်ကုန်မှာ ဒီဇယ် ရောခာတ်ဆီဈေး ပါ ဈေးငြိမ်နေခဲ့တယ်လို့သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ခာတ်ဆီ၊ ဒီဇယ်မှာ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ အောက်တိန်း (92)နဲ့ (95)မှာ ဈေးအနည်းငယ်ကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ ဒီဇယ် ကျပ်၇၀၀၊ အောက်တိန်း (92) ကျပ် ၇၀၀ ၊ အောက်တိန်း (95) ကျပ် ၇၅၀ ၊ အဆင့်မြင့်ဒီဇယ် ၇၂၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဇန်နဝါရီ ၁၆ ရက်မှာ ဒီဇယ်ဝယ်ဈေး ကျပ်၁၄၀၀၀၀၊ ရောင်းဈေး ကျပ်၁၄၃၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ပြီး ဇန်နဝါရီ ၁၈ ရက်တွင် ဝယ်ဈေး၊ ရောင်းဈေး ကျပ် ၂၀၀၀ ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ ဇန်နဝါရီ ၁၆ ရက်မှာ ခာတ်ဆီဝယ်ဈေး ကျပ်၁၃၃၀၀၀ ၊ ရောင်းဈေး ကျပ် ၁၃၆၀၀၀ နဲ့အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ နှိုင်းယှဉ်ရင် ဒီဇယ်ရောခာတ်ဆီပါ ဈေးအပြောင်း အလဲသိပ်မရှိဘူးလို့ သိရပါတယ်။ပြင်ပလက်လီတစ်ဂါလံဈေးများမှာ ဒီဇယ် တစ်ဂါလံ ကျပ်၃၀၀၀၊ ခာတ်ဆီတစ်ဂါလံ ကျပ် ၂၈၀၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ခာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် ခာတ်ဆီ၊ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးငြိမ်ခဲ့တယ်လို့သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ ခာတ်ဆီ တစ်လီတာ ၆၄၅ကျပ် ၊ ဒီဇယ် ကျပ် ၇၁၀ ၊အဆင့်မြင့်ဒီဇယ် ၇၅၅ကျပ်၊ အောက်တိန်း (92) ၇၅၅ကျပ် နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ပီပါ ဈေးများမှာ ဇန်နဝါရီ ၁၆ရက် မှာ ဒီဇယ် ဝယ်ဈေး ကျပ် ၁၄၈၀၀၀၊ ရောင်းဈေး ကျပ် ၁၅၀၀၀၀နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ခာတ်ဆီဈေးမှာ ဇန်နဝါရီ ၁၆ ရက်တွင် ဝယ်ဈေး ကျပ် ၁၃၀၀၀၀၊ ရောင်းဈေးကျပ် ၁၃၅၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ၁၇ ရက်တွင် ဝယ်ဈေး ကျပ်၁၂၇၀၀၀၊ ရောင်းဈေး ကျပ် ၁၃၁၀၀၀နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေး နဲ့နှိုင်းယှဉ်ရင် ဒီဇယ်ရောခာတ်ဆီပါ ဈေးကျလာတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များတွင် တစ်ဂါလံဈေးမှာ ဒီဇယ် ကျပ် ၃၁၀၀၊ ခာတ်ဆီ ကျပ် ၂၈၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ခာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ် ခာတ်ဆီ ၊ ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်ဂါလံဈေးများမှာ ခာတ်ဆီ ကျပ် ၃၂၀၀၊ ဒီဇယ်ကျပ် ၃၃၃၀၊ အောက်တိန်း ၃၃၇၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပ လက်လီဆိုင်များမှာ ခာတ်ဆီတစ်ဂါလံ ကျပ် ၃၂၀၀၊ ဒီဇယ်တစ်ဂါလံ ကျပ် ၃၄၀၀၊ အောက်တိန်း တစ်ဂါလံ ၃၄၀၀ ကျပ်နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ သိရပါတယ်။

**MIRT-DOT**

## တစ်ပတ်အတွင်းငွေလဲနှုန်း ၁၀ ကျပ်ကျော်မြင့်တက်ခဲ့ပြီးမှ ပြန်လည်ကျဆင်း

ယခုတစ်ပတ်အတွင်း ငွေလဲနှုန်းများသည် ၁၀ ကျပ်ကျော်မြင့်တက်ခဲ့ပြီးမှ ပြန်လည်ကျဆင်းခဲ့ကြောင်းဈေးကွက်အတွင်းမှ သိရှိရသည်။ ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းကလည်း ငွေလဲနှုန်းများသည် တစ်ပတ်အတွင်း အတက်အကျများဖြစ်ပေါ်ခဲ့သဖြင့် ဈေးကွက်အတွင်း အရောင်းအဝယ်များ အေးသွားခဲ့သလို ယခုတစ်ပတ်တွင်လည်း ငွေလဲနှုန်းများသည် အတက်အတက်များဖြစ်ပေါ်ခဲ့သဖြင့် ဈေးမြင့်တက်သည့်နေ့များတွင် ပုဂ္ဂလိကဘဏ်များ၌ အကန့်အသတ်ဖြင့်သာ လဲလှယ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီတစ်ပတ်ထဲမှာလည်း အရင်တစ်ပတ်ကလိုပဲ ငွေလဲနှုန်းက အတက်အကျတွေ ဖြစ်ခဲ့တယ်။ အဲဒီလို အတက်အကျတွေဖြစ်လာတဲ့အတွက် ဈေးကွက်ထဲမှာ အရောင်းအဝယ်က အေးသွားတယ်။ ဒီလိုအတက်အကျဖြစ်နေတာကို ထိန်းပေးဖို့လိုပါတယ်။ ဈေးတက်လာတဲ့နေ့တွေဆိုရင် ဘဏ်တွေက အကန့်အသတ်နဲ့ လဲပေးတော့ တကယ်တမ်းငွေလဲချင်တဲ့သူတွေအတွက် ဒုက္ခရောက်ကြတယ်။ ဒါကြောင့် ငွေဈေးကိုအနည်းဆုံးတော့ ငြိမ်အောင်လုပ်ပေးစေချင်တယ်"ဟု ငွေလဲစင်တာတစ်ခုတွင် လာရောက်ငွေလဲလှယ်သူတစ်ဦးက ပြောကြားခဲ့သည်။

ဇန်နဝါရီလ ၁၆ ရက်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ရောင်းဈေး ၁၃၅၂ ကျပ်၊ ဝယ်ဈေး ၁၃၄၇ ကျပ်ရှိခဲ့သော်လည်း ဇန်နဝါရီ ၁၈ ရက် ညနေပိုင်းဈေးပိတ်ချိန်တွင် ရောင်းဈေး ၁၃၆၁ ကျပ်၊ ဝယ်ဈေး ၁၃၅၆ ကျပ်ရှိ ခဲ့သည်။ ဇန်နဝါရီ ၂၀ ရက် ဈေးပိတ်ချိန်တွင်မူ ရောင်းဈေး ၁၃၅၉ ကျပ် ဝယ်ဈေး ၁၃၅၄ ကျပ်ရှိခဲ့သည်။

**မယ်သီတာ**

## ကမ္ဘာ့ရွှေဈေးနှင့် ငွေလဲနှုန်း မြင့်တက်လာမှုကြောင့် ပြည်တွင်းရွှေဈေး လိုက်ပါမြင့်တက်

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက မြင့်တက်ခဲ့သည့် ပြည်တွင်းရွှေဈေးများသည် ယခုတစ်ပတ်တွင် ဆက်လက်မြင့်တက်လာခဲ့ကြောင်း ပြည်တွင်းရွှေ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ကမ္ဘာ့ရွှေဈေးသည်လည်း ပြီးခဲ့သည့်ရက်သတ္တပတ်ကတည်းကပင် မြင့်တက်ခဲ့ခြင်းဖြစ်ပြီး ယခုတစ်ပတ်တွင် ဆက်လက်မြင့်တက်လာခဲ့ကာ ပြည်တွင်းငွေလဲနှုန်းများ ပြန်လည်မြင့်တက်မှုနှင့်အတူ ပြည်တွင်းရွှေဈေးများပါ ပြန်လည်မြင့်တက်ခဲ့ခြင်းဖြစ်သည်။

"ကမ္ဘာ့ရွှေဈေးရော၊ ပြည်တွင်းက ငွေလဲနှုန်းပါ မြင့်တက်လာတဲ့အတွက် ပြည်တွင်းရွှေဈေးတွေ မြင့်တက်လာရတာဖြစ်ပါတယ်။ ရွှေဈေး မြင့်တက်လာမယ်ဆိုတာ ပြီးခဲ့တဲ့တစ်ပတ်ကတည်းက ရွှေကုန်သည်တွေက ခန့်မှန်းထားပြီးသား။ ခန့်မှန်းထားသလို တက်လာတဲ့အတွက် ဝယ်ရောင်းသမားတွေရော၊ ဒိုးသမားတွေရော အဆင်ပြေကုန်တာပေါ့။ အထည်ပိုင်းကတော့ သာမန် အဆင့်ပါပဲ။ ပုံမှန်အရောင်းအဝယ်ကတော့ ဖြစ်နေတာပဲ"ဟု ရွှေကုန်သည်ဦးစံမြင့်ကဆိုသည်။

ပြည်တွင်းရွှေဈေးကွက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ဇန်နဝါရီ ၁၆ ရက်က ကျပ် ၈၆၅၀၀၀ ရှိခဲ့ပြီး ဇန်နဝါရီ ၁၈ရက်တွင် ကျပ် ၈၇၀၀၀၀ သို့မြင့်တက်ခဲ့သည်။ ဇန်နဝါရီ ၂၀ ရက်တွင် ကျပ် ၈၇၂၀၀၀ သို့ ဆက်လက်မြင့်တက်ခဲ့သည်။ ကမ္ဘာ့ရွှေဈေးကွက်တွင် တစ်အောင်စလျှင် ဇန်နဝါရီ ၁၆ ရက်က ၁၂၀၃ ဒေါ်လာရှိခဲ့ပြီး ဇန်နဝါရီ ၁၈ ရက်တွင် ၁၂၁၄ ဒေါ်လာသို့မြင့်တက်ခဲ့သည်။

**မယ်သီတာ**

## ယခုတစ်ပတ်တွင် ရှယ်ယာဈေးကွက်များ အတက်အကျအနည်းငယ်သာရှိ

ယခုတစ်ပတ်အတွင်း YSX ဈေးကွက်တွင် အစုရှယ်ယာဈေးနှုန်းများသည် အတက်အကျ အနည်းငယ်ဖြင့်သာ အရောင်းအဝယ်များ ဖြစ်လျက်ရှိကြောင်း သိရသည်။

ယခုတစ်ပတ်တွင်လည်း MCB ၏ရှယ်ယာများသည် အရောင်းအဝယ် မဖြစ်သည့် နေ့များပင်ရှိခဲ့ကြောင်း YSX ၏ သတင်းထုတ်ပြန်ချက်များအရ သိရ သည်။

MTSH နှင့် FMI တို့၏ရှယ်ယာများအနက် MTSH ၏ ရှယ်ယာဈေးမှာ အတက်အကျ ကျပ် ၁၀၀သာရှိခဲ့သော်လည်း FMI ၏ရှယ်ယာဈေးမှာ ရက်သတ္တတစ်ပတ်၏နောက်ဆုံးနေ့ဖြစ်သည့် ဇန်နဝါရီ ၂၀ ရက် ဈေးပိတ်ချိန်တွင် ကျပ် ၅၀၀ ကျဆင်းသွားခဲ့ကာ ကျပ် ၁၃၅၀၀ ရှိခဲ့သည်။

ရှယ်ယာဈေးများ ကျဆင်းနေသည့်အတွက် FMI ရှယ်ယာကို ဝယ်ယူထားသည့်အစုရှယ်ယာရှင်အချို့မှာ ၎င်းတို့၏ အစုရှယ်ယာများ အရှုံးပေါ်မည်ကို စိုးရိမ်နေကြကြောင်း ဈေးကွက်အတွင်းမှ သိရှိရသည်။

YSX တွင် နောက်ထပ်အစုရှယ်ယာရှင်တစ်ခုအဖြစ် FPB ဝင်လာပြီဖြစ်ရာ လာမည့်ရက်သတ္တပတ်တွင် YSX ၌ အစုရှယ်ယာ ရောင်းချမည့် ကုမ္ပဏီပေါင်း ငါးခုအထိ ရှိလာပြီဖြစ်သည်။

**မယ်သီတာ**

## Currency Exchange Rate

January 20, 2017

Base Currency is United States Dollar - USD

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.32 |
| BDT Bangladesh Taka | 79.15 |
| CAD Canada Dollars | 1.33 |
| CNY China Yuan Renminbi | 6.87 |
| EUR Euro | 0.94 |
| H KD Hong Kong Dollars | 7.76 |
| I NR India Rupees | 68.11 |
| I DR Indonesia Rupiahs | 13744.50 |
| JPY Japan Yen | 114.63 |
| MYR Malaysia | 4.45 |
| PKR Pakistan Rupees | 104.80 |
| PHP Philippines Pesos | 49.87 |
| RUB Russia Rubles | 59.64 |
| SGD Singapore Dollars | 1.42 |
| KRW South Korea Won | 1169.59 |
| LKR Sri Lanka Rupe | 150.22 |
| THB Thailand Baht | 35.32 |
| GBP United Kingdom Pounds | 0.81 |
| VND VietnamDon | 22573.61 |

*Source:xe.com*

## World Gold Price

January, 2017 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 16 | 1204 | 1206 | 1206 |
| 17 | 1209 | 1211 | 1211 |
| 18 | 1210 | 1211 | 1211 |
| 19 | 1199 | 1202 | 1202 |
| 20 | 1205 | 1207 | 1207 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 16-1- 2017 | 865.50 | 865.90 |
| 17-1-2017 | 867.50 | 867.50 |
| 18-1- 2017 | 872.50 | 871.50 |
| 19-1 -2017 | 872.00 | 871.50 |
| 20-1-2017 | 871.00 | 870.90 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဇန်နဝါရီလ ၂၀၁၇ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 16 | 6 .90 | 35.42 | 78.90 | 68.16 |
| 17 | 6. 89 | 35.35 | 78.88 | 68.02 |
| 18 | 6 85 | 35.27 | 79.20 | 67.95 |
| 19 | 6 .86 | 35.38 | 78.25 | 68.22 |
| 20 | 6.87 | 35.32 | 79.15 | 68.11 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 16- January | 16.87 | 2802.24 | 1835.90 | 5956.83 | 983.00 |
| 17- January | 16.92 | 2727.87 | 1805.22 | 5845.28 | 988.00 |
| 18- January | 17.09 | 2778.05 | 1826.27 | 5842.82 | 973.00 |
| 19- January | 16.95 | 2776.26 | 1845.76 | 5837.66 | 959.00 |
| 20- January | 17.01 | 2747.14 | 1846.66 | 5764.86 | 960.00 |

Source:kitco.com

## Energy NYMEX 13-1-2017

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 53.05 | 0.04 | 0.08 |
| Brent Crude Futr (USD/bbl) | 56.01 | 0.00 | 0.00 |
| Gasoline Rbob Fut (Cent/gal) | 161.46 | 0.38 | 0.24 |
| Natural Gas Futr (USD/MMBtu) | 3.42 | 0.03 | 0.89 |
| Heating Oil Futr (Cent/gal) | 167.53 | -0.03 | -0.02 |

# ဘိလပ်မြေ

## ဘိလပ်မြေတန်ချိန် ၈၀၀၀ ကျော်သာဝင်

ဇန်နဝါရီ ၈ ရက်မှ ၁၄ရက်အထိ သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၄၄၆၇၅၈ တန်ဖိုးရှိ ဘိလပ်မြေ ၈၂၂၄ဒသမ ၄၀တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် တရုတ်နိုင်ငံမှ ၁၆၈ တန်နဲ့ မလေးရှားနိုင်ငံမှ ၈၀၅၆ ဒသမ ၄၀ တန် တင်သွင်းခဲ့ပါတယ်။ယခင်သီတင်းပတ်တင်သွင်း တန်ချိန် ၂၂၃၀၀ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန်၁၄၁၀၀ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

## ဘိလပ်မြေဈေးကွက်အရောင်းသွက်

ဇန်နဝါရီ ၈ ရက်မှ ၁၄ ရက် အထိ သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေ တန်ချိန် ၈၂၂၀ ကျော် ဝင်ရောက်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်က ဝင်ရောက်ခဲ့တဲ့ တန်ချိန် ၂၂၃၇၀ကျော် နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၁၄၁၀၀ ကျော် အဝင်လျော့ခဲ့ပါတယ်။ ဒီတစ်ပတ်နယ်စပ်လမ်းမှ ဘိလပ်မြေ အဝင်မှာ တန်ချိန် ၁၈၄၀၀ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၉၄၀၀ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၉၀၀၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှအဝင်လျော့ခဲ့ပြီး နယ်စပ် လမ်းမှ ဘိလပ်မြေအဝင်ပိုခဲ့ပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပွင့်လင်းရာသီကြောင့် ဘိလပ်မြေ အရောင်းအဝယ်သွက်ပြီးဈေးလည်း အနည်းငယ်မြင့်လာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ ဆင်(ထိုင်း) ကပစ္စည်း ပြတ်နေသဖြင့် စိန်နဲ့မော်လမြိုင်ဆင်က ဈေးအနည်းငယ်မြင့်လာပြီး ကြံ့နှစ်ကောင်ဘိလပ်မြေကဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ အထိုင်ဈေးမှာ ဆင်(ထိုင်း)ကျပ် ၅၇၀၀၊ စိန်(ထိုင်း) ကျပ်၅၈၀၀၊ မော်လမြိုင်ဆင် ကျပ် ၅၃၀၀၊ ကြံ့နှစ်ကောင်(နီ) ကျပ် ၅၃၀၀၊ ကြံ့နှစ်ကောင်(စိမ်း) ကျပ် ၅၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘုရင့်နောင် ပွဲရုံတန်း အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ** နယ်ဘက်အဆွဲရှိတာကြောင့် ရောင်းအားတက်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ဆင်နဲ့ကြံ့(မြိုင်ကလေး) ဘိလပ်မြေက ဈေးငြိမ်နေပြီး စိန်ဘိလပ်မြေကကျပ် ၅၀ဈေးမြင့်လာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်(ထိုင်း) ကျပ် ၅၃၀၀၊ စိန်(ထိုင်း) ကျပ် ၅၃၀၀၊ ကြံ့(မြိုင်ကလေး) ကျပ် ၄၆၅၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**တောင်ကြီးဘိလပ်မြေဈေးကွက်မှာ** ပွင့်လင်းရာသီဥတုကြောင့် အရောင်းအဝယ်သွက်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် စိန်တံဆိပ်ဘိလပ်မြေက ကျပ် ၄၀၀နဲ့ ကမ္ဘောဇတံဆိပ် ဘိလပ်မြေက ကျပ်၃၀၀ဈေးမြင့်ခဲ့ပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ စိန်(ထိုင်း) ကျပ်၆၈၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၂၀၀၊ ကမ္ဘောဇ ကျပ်၄၅၀၀၊ နဂါး ကျပ်၄၅၀၀၊ ဆင်(ထိုင်း)ကျပ်၆၃၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**သီတာဝင်း (DOT) စုစည်းသည်**

# ဓာတ်မြေသြဇာ

## ဒီတစ်ပတ်မြေသြဇာအဝင်ပို

ဇန်နဝါရီ ၈ ရက်မှ ၁၄ ရက်အထိ သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၂၆၀၀၈၇၈ တန်ဖိုးရှိမြေသြဇာ ၉၉၂၄ ဒသမ ၈၇၆တန်ကိုပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်ဘီလာရုစ်နိုင်ငံမှ ၁၀၄၅ တန်၊ တာခ်မေးနစ္စတန်နိုင်ငံမှ ၁၀၅၀ ဒသမ ၅၅၄ တန်၊ တရုတ်နိုင်ငံမှ ၃၈၈၆တန်၊ အိန္ဒိယနိုင်ငံမှ ၂ တန် ၊ ဂျပန်နိုင်ငံမှ တန်ချိန် ၃၀၀၊ မလေးရှားနိုင်ငံမှ ၁၂ ဒသမ ၅၂ တန်၊ ရုရှားနိုင်ငံမှ ၂၀၆၈ ဒသမ ၈၀၂ တန်၊ ထိုင်းနိုင်ငံမှ ၁၅၆၀ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းတင်သွင်းခဲ့တဲ့အမျိုးအစားများမှာ ယူရီးယား၊ ကွန်ပေါင်း၊ ရွှေမြေသီး၊ မြင်းကျား၊ ပိုတက်ဆီယမ်ဖော့စဖိတ်၊ ရွှေနဂါး တော့(ပ်)ဝမ်း၊ နိုက်တြိုဂျင်၊ ဩဂဲနစ်တို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ် တင်သွင်းတန်ချိန် ၃၆၅၀ကျော်နဲ့နှိုင်းယှဉ်ရင်တန်ချိန် ၆၂၆၀ ကျော် ပိုမို တင်သွင်းခဲ့တယ်လို့သိရပါတယ်။

## ဓာတ်မြေသြဇာဈေးကွက်အရောင်းပုံမှန်ရှိ

ဇန်နဝါရီ ၈ ရက်မှ ၁၄ရက်အထိ သီတင်းပတ်အတွင်း ပြည်တွင်းသို့ ရေလမ်းမှ မြေသြဇာ တန်ချိန် ၉၉၂၀ကျော် အဝင်ရှိခဲ့ပြီး ယခင် သီတင်းပတ်က တန်ချိန် ၃၆၅၀ကျော်ဝင်ခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၆၂၆၀ ကျော် တင်သွင်းမှုပိုခဲ့တယ်လို့သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ် မြေသြဇာအဝင်မှာ တန်ချိန် ၁၇၆၄၀ ကျော်ရှိခဲ့ပြီး ယခင် တစ်ပတ်အဝင်မှာ တန်ချိန် ၁၃၈၄၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၃၇၉၀ကျော် အဝင်လျော့ကျခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေကြောင်းရော နယ်စပ်လမ်းမှပါ မြေသြဇာအဝင်လျော့ခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်**မှာ ဒီတစ်ပတ် အရောင်းလည်းအေးသလို ဈေးလည်း နည်းနည်း ကျလာတယ်လို့ သိရပါတယ်။ ပုလဲ-အသေးနဲ့ကွန်ပေါင်း ၁၅ပတ်လည်က ကျပ် ၂၀၀မှကျပ်၃၀၀အတွင်း ဈေးကျခဲ့ပြီး ကွန်ပေါင်း ၁၆း၁၆း၈က ကျပ် ၅၀၀ ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ပုလဲ-အသေး ၄၆%(ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်-တရုတ်) ကျပ် ၂၁၅၀၀၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ကျပ်၃၅၀၀၀၊ ကွန်ပေါင်း (ပန်းရောင်) ကျပ်၃၀၀၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ် ၂၁၅၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၀၀၀၀နဲ့ အရောင်း အဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**ရန်ကုန်ဈေးကွက်**မှာ အရောင်းအဝယ်ပုံမှန်ရှိနေပါတယ်။ ဒီတစ်ပတ်မှာ ယူရီးယားနဲ့ ပိုတက်က ဈေးငြိမ်နေပြီး တီစူပါက ကျပ် ၄၀၀ဈေးကျခဲ့သလို ကွန်ပေါင်း ၁၅ပတ်လည်က ကျပ်၃၀၀ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ် ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား (နေရွက်လှေ-တရုတ်)ကျပ် ၂၂၀၀၀၊ ယူရီးယား ( ရွှေတောင်-တရုတ်) ကျပ် ၂၂၀၀၀၊ တီစူပါ (သံကွင်း-တရုတ်) ကျပ် ၁၉၄၀၀၊ ပိုတက်(အိန္ဒိယ) ကျပ် ၂၂၅၀၀၊ ကွန်ပေါင်း ၁၅း၁၅း၁၅ ကျပ် ၃၇၈၀၀ ဈေးရှိတယ်လို့ မြေသြဇာ အရောင်းဆိုင်မှစုံစမ်းသိရှိ ရပါတယ်။

**တောင်ကြီးဈေးကွက်**မှာ ဒီတစ်ပတ်အရောင်းပုံမှန်ရှိပြီး ဈေးအနည်းငယ်မြင့်လာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲမှာ ပုလဲမြေသြဇာက အဝယ်လိုက်တယ်လို့ ဆိုပါတယ်။ ပုလဲနဲ့တီစူပါက ကျပ်၅၀၀ ဈေးမြင့်ပြီး ယူရီးယားကကျပ်၅၀၀၊ ပိုတက်က ကျပ် ၃၀၀ ဈေးကျခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၂၂၇၀၀ ၊ ယူရီးယား(ရွှေတောင်-တရုတ်) ကျပ် ၂၂၇၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၄၀၀၀၊ တီစူပါ ၂၀% (တရုတ်) ကျပ် ၁၃၀၀၀ ၊ ပိုးသတ်ဆေး ကျပ်၁၉၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၃၇၅၀၀ ၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ်၁၆၀၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၄၀၀၀၊ ပိုတက်(တရုတ်) ကျပ် ၂၁၅၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၁၉၀၀၀ ၊ မြွားကမ္ဘာကျပ် ၁၅၈၀၀ ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက် အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်**မှာ ဒီအချိန်ရာသီသီးနှံလည်း စိုက်ပျိုးမှု မရှိသေးတာကြောင့် အရောင်းအဝယ်က အေးတယ်လို့ သိရပါတယ်။ အရောင်းအေးပေမယ့် ဒီတစ်ပတ် မြေသြဇာဈေးတွေ နည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ မြွားကမ္ဘာ-တရုတ် ကျပ်၅၀၀၊ အာမို ကျပ် ၂၂၀၀၊ ယူရီးယား ကျပ် ၁၆၀၀၊ အောင်ကမ္ဘာ၁၀း၁၀း၅ ကျပ် ၂၀၀၊တောင်သူမ ကျပ်၆၀၀ ဈေးမြင့်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြွားကမ္ဘာ-တရုတ် ၁၂း၁၃ ကျပ် ၁၆၅၀၀၊ ဆင် ၁၀း၁၀း၅ ကျပ် ၁၅၇၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၇၅၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၅၅၀၀၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်) ကျပ် ၂၄၀၀၀၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ကျပ် ၂၃၀၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၈၂၀၀၊ တီစူပါ ကျပ် ၁၅၇၀၀၊ တောင်သူမ ကျပ် ၁၅၇၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

# နို့ဆီ /နို့မှုန့်

## ဒီတစ်ပတ် နို့ဆီ/နို့မှုန့် အဝင်လျော့

ဇန်နဝါရီလ ၈ ရက်မှ ၁၄ ရက် အထိ သီတင်းပတ်အတွင်းကန်ဒေါ်လာ ၃၆၆၃၄၂တန်ဖိုးရှိ နို့ဆီ ၂၆၃ ဒသမ ၃၈၆တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်အိုကေနို့ဆီ ၄၄ ဒသမ ၅၀၆တန်နဲ့ ဒွန်းနို့ဆီ ၂၁၈ဒသမ ၈၈ တန်တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ် တင်သွင်းတန်ချိန် ၄၅၀ ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန်၁၉၀ကျော် တင်သွင်းမှုလျော့ခဲ့တယ်လို့သိရပါတယ်။

ဒီတစ်ပတ် မလေးရှား နိုင်ငံမှ နို့မှုန့် ၂၃ ဒသမ ၆၇၆တန်၊ ဗီယက်နမ်နိုင်ငံမှ ၇ ဒသမ ၄၇၇တန်၊ နယူးဇီလန်နိုင်ငံမှ ၂ ဒသမ ၆၀၆တန်နဲ့ စင်ကာပူနိုင်ငံမှ သုည ဒသမ ၀၆၁တန်၊ စုစုပေါင်း ၃၃ ဒသမ ၈၂တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် မလေးရှားနိုင်ငံမှ အများဆုံးဝင်လာတယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် တင်သွင်းတန်ချိန်၃၇၀ကျော်နဲ့ နှိုင်းယှဉ်ရင်တန်ချိန် ၃၃၀ကျော် အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ် နို့ဆီရောနို့မှုန့်ပါ အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

**ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ**

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၇/၁ မှ ၁၃/၁ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၃၁/၁၂ မှ ၆/၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၂၇၂·၈၀ | ၃၅၃·၉၀ | (-) | ၈၁·၁၀ |
| ၂။ | လွယ်ဂျယ် | ၆၉၀·၀၀ | ၅၉၅·၀၀ | (+) | ၉၅·၀၀ |
| ၃။ | ချင်းရွှေဟော် | ၁၈၀·၀၀ | ၅၆·၀၀ | (+) | ၁၂၄·၀၀ |
| ၄။ | ကန်ပိုက်တီး | ၅၂၆၆·၀၀ | ၃၃၁၀·၅၀ | (+) | ၁၉၅၅·၅၀ |
| ၅။ | တာချီလိတ် | ၁၀၀၀·၀၀ | ၂၆၀၀·၀၀ | (-) | ၁၆၀၀·၀၀ |
| ၆။ | မြဝတီ | ၉၆၅·၄၈ | ၄၁၂·၆၀ | (+) | ၅၅၂·၈၈ |
| ၇။ | ကော့သောင်း | ၁၀၁၁၆·၅၀ | ၂၁၂၇·၀၀ | (+) | ၇၉၈၉·၅၀ |
| ၈။ | မြိတ် | - | - | | - |
| | စုစုပေါင်း | ၁၈၄၉၀·၇၈ | ၉၄၅၅·၀၀ | (+) | ၉၀၃၅·၇၈ |

မော်မော်အောင်

**ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ**

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၇/၁ မှ ၁၃/၁ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၃၁/၁၂ မှ ၆/၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၃၅၆၁·၀၀၀ | ၉၂၄၆·၇၅၀ | (+) | ၄၃၄၄·၂၅ |
| ၂။ | လွယ်ဂျယ် | ၁၄၆·၃၀၀ | ၁၈၇·၅၀၀ | (-) | ၄၁·၂၀၀ |
| ၃။ | ချင်းရွှေဟော် | ၁၁၄၁·၂၅၀ | ၂၈၀·၇၅၀ | (+) | ၈၆၀·၅၀၀ |
| ၄။ | ကန်ပိုက်တီး | - | - | | - |
| ၅။ | မြဝတီ | ၁၇၉၃·၀၀၀ | ၁၇၆၀·၄၇၂ | (+) | ၃၂·၅၂၈ |
| ၆။ | ကော့သောင်း | ၁၀၀·၀၀၀ | - | (+) | ၁၀၀·၀၀၀ |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | ၉၀၀·၀၀၀ | ၂၄၀၀·၀၀၀ | (-) | ၁၅၀၀·၀၀၀ |
| | စုစုပေါင်း | ၁၇၆၄၁·၅၅ | ၁၃၈၄၅·၄၇၂ | (+) | ၃၇၉၆·၀၇၈ |

ခင်မိုးသူ

## နှမ်း

# တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ နှမ်းလျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဇန်နဝါရီ ၇ ရက်မှ ၁၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၀၃ သန်းတန်ဖိုးရှိ နှမ်းရောင်စုံ ၂၀၄၂ တန်ကျော် တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ နှမ်းဖြူ (အခွံချွတ်) ၁၇ တန် နဲ့ ချင်းရွှေဟော်မှ နှမ်းနက် ၁၅၁၉ တန်ကျော်၊ နှမ်းဖြူ ၅၀၅ တန်ကျော် ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က မူဆယ်မှ နှမ်းဖြူ(အခွံချွတ်) ၁၇တန်ခွဲနဲ့ ချင်းရွှေဟော်မှ နှမ်းဖြူ၊ နှမ်းညို၊ နှမ်းနက် ၂၄၂၁ တန်ကျော် စုစုပေါင်းတန်ချိန် ၂၄၃၈ တန်ကျော် တင်ပို့ခဲ့လို့ ယခုတစ်ပတ် တရုတ်နယ်စပ်မှ နှမ်းတန်ချိန် ၃၉၆ တန် လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။

မူဆယ်ကုန်စည်ဒိုင်ရဲ့ နှမ်းဈေးကတော့ ဇန်နဝါရီလဆန်းက နှမ်းဖြူတစ်တန် ၁၃၁၅၄၈၈ ကျပ်၊ နှမ်းနက်တစ်တန် ၂၄၆၂၇၁၅ ကျပ်ရှိရာမှ ယခုသီတင်းပတ်မှာ နှမ်းဖြူဈေး ၁၃၂၆၉၀၅ ကျပ်နဲ့ နှမ်းနက်ဈေး ၂၄၈၄၀၈၉ ကျပ်သို့ ဈေးအနည်းငယ် မြင့်တက်ခဲ့ပါတယ်။ တရုတ်ကုန်သည်များ ဝယ်ယူမှုပြန်လည် များပြားလာမယ်ဆို လျှင် နှမ်းဈေးတွေ ဆက်လက်မြင့်တက်လာမယ်လို့ နှမ်းကုန်သည်အချို့က ပြောပါတယ်။

**မော်မော်အောင်**

# အဝယ်လိုက်လာလို့ ပြည်စမုံနက်နှမ်း ဈေးပြန်မြင့်

ယခုတစ်ပတ်ပြည်ဈေးကွက်တွင် ယခင်တစ်ပတ်ကအတိုင်း နှမ်းနီနဲ့ နှမ်းနက်ဈေးငြိမ်နေပြီး စမုံနက်နှမ်းဈေးမြင့်လာတာတွေ့ရပါတယ်။ ပေါက်ခေါင်းနှင့် ပေါင်းတလည်ဘက်မှ ဆောင်းနှမ်းအသစ်များ တစ်နေ့လျှင် အိတ် ၅၀၀ ခန့် ဝင်ရောက်လာတာတွေ့ရပါတယ်။ ဆီစက်များက နှမ်းနီကို ပုံမှန်အဝယ်ရှိလို့ ဈေးငြိမ်နေပြီး အောင်လံဘက်မှ စမုံနက်နှမ်းကို အဝယ်လိုက်လာသဖြင့် ဈေးမြင့်လာတာ တွေ့ရပါတယ်။ ယခုတစ်ပတ် နှမ်းနီဈေးမှာ တစ်တင်းလျှင် ကျပ် ၂၅၀၀၀နှင့် နှမ်းနက်တစ်တင်းလျှင် ကျပ် ၂၉၀၀၀ ဖြင့် ဈေးငြိမ်နေပြီး စမုံနက်နှမ်းမှာ တစ်တင်းလျှင် ၄၆၆၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက တစ်တင်း ကျပ် ၁၀၀၀၀ ဈေး မြင့်လာတာတွေ့ရပါတယ်။ နှမ်းဆီဈေးမှာ တစ်ပိဿာလျှင် ကျပ် ၄၄၀၀ ဖြင့် ပြည်ဈေးကွက်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

**ဝေဝေမင်း**

## စားအုန်းဆီ

# ထုတ်လုပ်မှုမြင့်တက်မည့်အလားအလာကြောင့်မလေးရှားစားအုန်းဆီဈေးနှုန်းကျဆင်း

မလေးရှားရင်းဂစ် ငွေကြေးတန်ဖိုးမြင့်တက်မှုနှင့် စားအုန်းဆီထုတ်လုပ်မှုမြင့်တက်မည့်အလားအလာများကြောင့် မလေးရှားစားအုန်းဆီ ကြိုရောင်းဈေးက ဇန်နဝါရီ ၁၈ ရက်တွင် ကျဆင်းခဲ့ကြောင်း ဘီရီကော်ဒါသတင်းတွင် ဖော်ပြထားသည်။

စားအုန်းဆီဈေးနှုန်းကို သတ်မှတ်ပေးသော ငွေကြေးဖြစ်သည့် ရင်းဂစ်ငွေကြေးတန်ဖိုးသည် ဒေါ်လာနှင့် ဖလှယ်ရာတွင် သုညဒသမ ၄ ရာခိုင်နှုန်း မြင့်တက်ပြီး အမေရိကန်တစ်ဒေါ်လာကို၄ ဒသမ ၄၄၃၀ ရင်းဂစ်နှုန်းရှိခဲ့ရာ တစ်လကျော်အတွင်း တန်ဖိုးအမြင့်ဆုံးဖြစ်ခဲ့သည်။ရင်းဂစ်တန်ဖိုးမြင့်တက်ပါက အခြားငွေကြေးဖြင့် ဖလှယ်၍ ဝယ်ယူရမည့်သူများအတွက် စားအုန်းဆီဈေးနှုန်းကြီး မြင့်လေ့ရှိသည်။

ဘာဆာမလေးရှားကုန်စည်ဒိုင် (Bursa Malaysia Derivatives Exchange) တွင် စားအုန်းဆီအခြေခံစံထားဈေးနှုန်း သည် ဇန်နဝါရီ ၁၈ ရက်ဈေးပိတ်ချိန်က သုညဒသမ ၃ ရာခိုင်နှုန်း ကျဆင်းပြီး တစ်တန်ကို ၃၁၅၀ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၇၀၉) နှုန်းရှိခဲ့သည်။ ဇန်နဝါရီ ၁၈ ရက်ညနေပိုင်းဈေးပိတ်ချိန်တွင်ရှိသော စုစုပေါင်း ရောင်းဝယ်မှုပမာဏမှာ ၂၅ တန်ရှိအတွဲ ၄၄၀၁၂ တွဲရှိခဲ့သည်။

"ဖေဖော်ဝါရီ-မတ် ကာလကစပြီး ထုတ်လုပ်မှုတွေ စတင်မြင့်တက်လာနိုင်ပါတယ်။ တရုတ်နှစ်သစ်ကူးကာလပြီးနောက်ပိုင်း ဈေးနှုန်းပြန်လည်မြင့်တက်ပြီး နောက်ပိုင်းမှာ ဈေးနှုန်းတွေ ပြန်ကျမယ်လို့ ခန့်မှန်းထားပါတယ်"ဟု ကွာလာလမ်ပူမှ ကုန်သည်တစ်ဦးက ပြောသည်။

တရုတ်နိုင်ငံတွင် တရုတ်နှစ်သစ်ကူးပွဲတော်ကို ဇန်နဝါရီ ၂၈ရက်တွင် စတင်ကျင်းပသည်။ မကြာသေးမီလများအတွင်းက အယ်လ်နီညိုရာသီဥတု သွင်ပြင်လက္ခဏာများကြောင့် စားအုန်းဆီရောင်းလိုအားများ ကျဆင်းခဲ့သည်။ ကမ္ဘာတွင် စားအုန်းဆီဒုတိယအများဆုံး ထုတ်လုပ်သော မလေးရှားနိုင်ငံ၏ ဒီဇင်ဘာစားအုန်းဆီထုတ်လုပ်မှုမှာ ယခင်လနှင့် နှိုင်းယှဉ်ပါက ၆ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းသည်။ သို့သော်လည်း ၂၀၁၇ ခုနှစ် ဒုတိယသုံးလပတ်နှင့် တတိယသုံးလပတ်တို့တွင်



အယ်လ်နီညိုအသွင်သဏ္ဌာန် ပျောက်ကွယ်ပြီး သီးနှံအထွက်ပြန်လည်နာလန်ထူလာမည်ဖြစ်သဖြင့် ထုတ်လုပ်မှုပြန်လည်မြင့်တက်လာမည်ဟု ခန့်မှန်းထားသည်။

စားအုန်းဆီထုတ်လုပ်မှုသည် ၂၀၁၆ ခုနှစ်က တန်ချိန် ၁၇ ဒသမ ၄ သန်းထုတ်လုပ်ခဲ့ရာမှ ယခုနှစ်တွင် တန်ချိန် ၁၉ ဒသမ ၄ သန်းထွက်ရှိမည်ဟု ခန့်မှန်းထားသည့်အတွက် ၁၂ ရာခိုင်နှုန်းမြင့်တက်မည်ဟု ဇန်နဝါရီ ၁၇ ရက်က ကွာလာလမ်ပူတွင် ကျင်းပသော ကွန်ဖရင့်တစ်ခုတွင် မလေးရှားစားအုန်းဆီဘုတ်အဖွဲ့ (MPOB) က ပြောသည်။ ကိန်းဂဏန်းအချက်အလက်များအရ စားအုန်းဆီအမြင့်ဆုံးဈေးနှုန်းမှာ တစ်တန်ကို ၃၁၆၉ ရင်းဂစ်ထိ ရောက်ရှိမည်ဟု ရိုက်တာသတင်းဌာနမှ လေ့လာဆန်းစစ်ရေးမှူး ဝမ်တောင်ကပြောသည်။

ပဲပုပ်ဆီဈေးနှုန်းအခြေအနေကိုကြည့်ပါက အမေရိကန်ပြည်ထောင်စု ချီကာဂိုကုန်သွယ်မှုဘုတ်အဖွဲ့ (CBOT) တွင် မတ်လအတွက် ကြိုရောင်းဈေးမှာ သုညဒသမ ၄ ရာခိုင်နှုန်းမြင့်တက်ပြီး တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင်တွင် မေအတွက် ပဲပုပ်ဆီ ကြိုရောင်းဈေးမှာ သုည ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

**ညဏ်တင်**

## ပြည်တွင်းဆီဈေးနှုန်းများ (၂၀-၁-၂၀၁၇) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၀၅၀ | ၂၁၀၀ | △ |
| ရန်ကုန် | ၄၆၀၀ | ၄၆၀၀ | □ | ၃၂၀၀ | ၃၂၀၀ | □ | ၁၉၁၀ | ၁၉၃၅ | △ |
| မန္တလေး | ၃၀၀၀ | ၃၀၀၀ | □ | ၃၁၀၀ | ၃၂၀၀ | △ | ၂၀၁၀ | ၂၀၃၀ | △ |
| ပဲခူး | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၈၀၀ | △ | ၁၉၈၀ | ၂၀၀၀ | △ |
| မကွေး | ၄၆၀၀ | ၃၇၀၀ | ▽ | ၃၄၀၀ | ၃၅၀၀ | △ | ၂၁၀၀ | ၂၁၅၀ | △ |
| မုံရွာ | ၃၆၀၀ | ၃၆၀၀ | □ | ၃၂၀၀ | ၃၂၀၀ | □ | ၂၀၄၀ | ၂၀၅၀ | △ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |





## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၀-၁-၂၀၁၇ US$/Ton

| အမျိုးအစား | ဇန်နဝါရီပထမပတ် | ဇန်နဝါရီဒုတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၇၃၈.၀၀ | ၇၅၀.၀၀ | △ |
| RBD P.Olein | ၇၅၀.၀၀ | ၇၅၀.၅၀ | △ |
| RBD P.Stearin | ၇၄၄.၀၀ | ၇၄၇.၀၀ | △ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၀- ၁ -၂၀၁၇ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၇၉၇.၇၉ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၄.၄၉ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၈.၉၉ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၉.၆၈ |
| ဆီကန်သို့လှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%)/612 | ၈၇.၁၃ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၄၆.၆၁ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၆၂ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၉၆၇.၁၁၉ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၂၀-၁-၂၀၁၇နေ့ (CIF ဈေး Cloud Point 8˚C Max ၈၁၅ ဒေါ်လာနှင့် USD ဈေး ၁၃၅၀ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၂၀-၁-၂၀၁၇နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၅၀ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

Vol: 17, No.4 Monday January 23 2017

# မုံရွာမြို့အနီးကျောက္ကာရွာမှ

# , e;xnfvkyfief

|vifo|



မြန်မာ့လက်မှုပညာ ပန်းဆယ်မျိုး အပါအဝင်ဖြစ်သည့် ပန်းယွန်း လုပ်ငန်းလုပ်ကိုင်သော ကျောက္ကာကျေးရွာသို့ ရောက်ဖြစ်ခဲ့သည်။ ရွာလုံးကျွတ်ယွန်း ထည်လုပ်သည့် အခြေအနေမျိုး မဟုတ်သော်လည်း ကျောက္ကာရွာသည် လူသိများထင်ရှားသည့် ရွာဖြစ်သည်။ ယွန်းထည်နှင့် ပတ်သက်လျှင် ပုဂံသည် အထင်ကရဖြစ်သည်။ ပုဂံတွင် ယွန်းကောလိပ်ရှိသည်။ ပြည်ပမှ ဧည့်သည်များ မြန်မာပြည်အလည်ရောက်လျှင် မသွားမဖြစ်ခရီးဆက်သည်မှာ ပုဂံဖြစ်သည်။ ထို့အတွက် ပုဂံယွန်းလုပ်ငန်းက ခရီးသွားလုပ်ငန်းနှင့်အတူ လိုက်ပါဖွံ့ဖြိုး မှုရှိသည်။ ယွန်းပညာအမွေအနှစ်သည် ပုဂံတွင်အစဉ်အဆက် ထိန်းသိမ်းနိုင်မှုရှိသည်။ ကျောက္ကာယွန်းကမူ သီးသန့်ကွဲထွက်နေသည်။ အိမ်သုံး၊ လုပ်ငန်းသုံးကို အဓိကထား ဦးစားပေးလုပ်ကိုင်သည့်အတွက်အလှအပ နူးညံ့သိမ်မွေ့မှုမှာ ပုဂံယွန်းကို လိုက်မမီပေ။ ပုဂံယွန်းထည်သည် ဝါးစိမ်းကို ရေစိမ်ပြီးနောက် ချောမွတ်သွားစေရန် ပေါင်းသည်။ ထိုမှယွန်းထည်ကို လုပ်ကိုင်ခြင်းဖြစ်သည်။ ကျောက္ကာယွန်းက ဝါးကိုအစိမ်းအတိုင်း ခွဲစိတ်နှီးဖြာ ပြုလုပ်သည်။ ကျွန်းလွှစာမှုန့်ကို ကျော က္ကာယွန်းက ထည့်သွင်းအသုံးပြု သော်လည်း ပုဂံကအသုံး မပြုပေ။ အနုစိတ်လက်ရာများမှာ ပုဂံက ကျောက္ကာထက် သာလွန်ကောင်းမွန်သည်။ သို့သော်ကျောက္ကာယွန်း၏ ခိုင်ခံ့သေသပ်မှုက ပုဂံယွန်းထက်သာသည်။ အကြမ်းပတမ်းခံသည်။ နှစ်ကာလ ရှည်ကြာစွာ အသုံးပြုနိုင်သည်။ လူသုံး ကုန်ပစ္စည်း အဖြစ် အသုံးပြုနိုင်ကြသည်။ အားနည်းချက်မှာမျိုးဆက်ပြတ်လာသည့် အခြေအနေ ဖြစ်သည်။ လွန်ခဲ့သည့် ငါးနှစ်ကာလက ရွာတွင်ရှိနေသော ယွန်းလုပ်ငန်းများထဲမှ ထက်ဝက်နီးပါး အခြားအလုပ်သို့ ပြောင်းလဲလုပ် ကိုင်သွားခဲ့သည်။ အကြောင်းမှာ လုပ်သားရှားပါးမှု၊ ဆက်လက် ထိန်းသိမ်းလုပ်ကိုင်မည့် မျိုးဆက်ပြတ်မှုကြောင့်ဟု သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၏အရှေ့ဘက်ကိုးမိုင်အကွာတွင် ကျောက္ကာရွာ တည်ရှိသည်။ သမိုင်းဝင် ရွှေဂူနီမြတ်စွာဘုရားကြီးကို အလယ်တွင်ထားကာ ရွာနှစ်ရွာတည်ထားခြင်းဖြစ်သည်။ ဘုရားကြီး တောင်ဘက်မှရွာကို ကျောက္ကာတောင်ရွာ၊ မြောက် ဘက်တွင်ရှိသောရွာကို ကျောက္ကာမြောက်ရွာဟု ခေါ်ကြသည်။ ကျောက္ကာမှ ယွန်းထည်အမျိုးပေါင်း တစ်ရာကျော် ထွက်သော်လည်း လူကြိုက်များသည့် ဒေါင်းလန်း၊ ဆန်ကော၊ ဆွမ်းအုပ်၊ လက်ဖက်အုပ်တို့ကို အဓိကထားထုတ်လုပ်ရောင်းချကြသည်။ တောင်ရွာမှာ မြောက်ရွာထက်စောစွာတည်ရှိသည့် ရွာဖြစ်သည်။ ၁၂ နှစ်သား အရွယ်ကတည်းက မွေးဌာနီသီချင်းများဖြင့် နိုင်ငံကျော်အဆိုတော်ဖြစ်လာသည့် သန်းထွန်းလေးသည် ကျောက္ကာတောင်ရွာသား ဖြစ်သည်။ (ဦး) သန်းထွန်းလေး အိမ်မှာ ရွာတောင်ဘက်ပိုင်းတွင် ယခု တိုင်ရှိနေသေးသည်။ ကျောက္ကာရွာသည် တောင်နှင့်မြောက် နှစ်ရွာဖြစ်သော်လည်း တစ်ရွာတည်းပုံစံမျိုး နေထိုင်ကြသည်။ စည်းလုံး ညီညွတ်ကြသည်။ ယွန်းထည်လုပ်ငန်းနှင့် စိုက်ပျိုး မွေးမြူရေးကို အားထားလုပ်ကိုင်ကြသည်။ ရာသီဥတုသမမျှတသောကြောင့် စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းမှုရှိသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှု၊ စီးပွားရေးမြို့တော်မုံရွာမြို့နှင့် အနီးတွင်တည်ရှိမှုတို့ကြောင့် ခေတ်နောက်တွင် ကျန်ရစ်မနေဘဲ သင့်တင့်သည့် တိုးတက်မှုများ ရှိနေသည်။ နှစ်ရွာပေါင်းမှ ယွန်းထည် ကုန်ပစ္စည်းတစ်ခုထုတ်လုပ်နိုင်သည်မှာလည်း ထူးခြားမှုတစ်ခုဖြစ်သည်။ ကျောက္ကာရွာသို့ ရောက်ဖြစ်ခိုက်တွင် ဒေသထွက်ယွန်းလုပ်ငန်းအကြောင်းကို စိတ်ဝင်စားစွာ လေ့လာဖြစ်ခဲ့ပါသည်။

ကျောက္ကာယွန်းသည် လှပခန့်ငြား မှုသာမက အသုံးခံ အကြမ်းခံသည့် အိမ်သုံးပစ္စည်းများအဖြစ်ပါ တွင်ကျယ်မှုရှိသည်။ ပြုလုပ်ရာတွင် အတွင်းခံအဖြူထည်ကို နှီးတစ်မျိုးတည်းဖြင့် ပုံစံထုတ် ပြုလုပ်ခြင်းက အခြားယွန်းထည်များထက် တမူထူးခြားမှုဖြစ်စေသည်။ ခိုင်ခံ့၊ ချောမွတ်၊ တောင့်တင်း၊ လှပသည့် ပုံစံများအားလုံး ကျောက္ကာယွန်းတွင် ပေါင်းစပ်ပါဝင်လျက်ရှိသည်။ ယွန်းထည်ပြုလုပ်သည့် အဆင့်များစွာရှိ သော်လည်း အဓိက ပြုလုပ်ရသည်မှာ နှစ်မျိုးသာရှိသည်ဟု အကြမ်းအားဖြင့် ပြောနိုင်သည်။ ပထမ အဖြူထည်အဆင့်ဖြစ်ပြီး ဒုတိယမှာ အနက်ထည် (အချောကိုင်) အဆင့်ဖြစ်သည်။အဖြူထည် အဆင့်တွင် နှီးကိုခွေပြီးပုံစံထုတ် ပြုလုပ်ရခြင်းဖြစ်၍ အနက်ထည်ဆိုသည်မှာ ကုန်ကြမ်းကို ယွန်းထည်ဖြစ်စေရန် အချောကိုင်ရသည့် အဆင့်ဖြစ်သည်။အချောကိုင်ရသည့်အပိုင်းက အဆင့်များစွာပြုလုပ်ရပြီး ယွန်းပညာ၏ အနှစ်သာရပိုင်းဟု ခေါ်ဆိုရမည်။ ပညာရပ်နိုင်နင်းသလောက် ထွက်လာမည့်ကုန်ချောသည် လှပသေသပ်ကာ ခိုင်ခံ့မှုရှိမည်ဖြစ်သည်။ ပထမအဆင့် အဖြူထည်ပြုလုပ်ရသည့် ကုန်ကြမ်းမှာဝါးဖြစ်သည်။ ဝါးတွင်တွေ့သမျှဝါးကို လုပ်၍မရဘဲ တင်းဝါးနှင့် မဲတင်းခါး ဝါးနှစ်မျိုးနှင့်သာပြုလုပ်ကြရသည်။ တင်းဝါးမှပြုလုပ်သောနှီးသည် ပျော့ပြောင်း နူးညံ့သည့်အတွက်ကုန်ကြမ်းလုပ်သည့်အခါ ပိုမိုသေသပ်လှပသည်။ မဲတင်းခါးဝါးအနေဖြင့် နူးညံ့မှုတွင် တင်းဝါးကို လိုက်မမီသော်လည်းအလုံးကြီးခြင်း၊ အသားထူခြင်းကြောင့် ကုန်ထွက်ပိုများသည့်အတွက် လုပ်ငန်းသမားအကြိုက် တွေ့စေသည်။ ချင်းတွင်းအထက်ပိုင်း ဒေသများမှ မဲတင်းခါးဝါးအထွက်များသည်။ အဖြူထည်လုပ်သူများက ဝါးကုန်သည်ထံတွင်အလုံးရာစီး အလိုက် မှာယူထားကြရသည်။ ဝါးအရှည်များကို လိုအပ်မည့်အရွယ်အစား အလိုက် အပိုင်းပိုင်း ဖြတ်တောက်ကာ နှီးထိုးနှီးဖြာ အဆင်သင့်ပြုလုပ်ထားရပြီး အဖြူထည်ပစ္စည်းရရန် အဆင့်ဆင့် ပြုလုပ်ရသည်။ ပစ္စည်းတစ်ခုကို တစ်ဦး တည်းက အစအဆုံးပြုလုပ် လေ့မရှိဘဲ တစ်ခုချင်းအလိုက်ဝိုင်းဝန်းလုပ်ဆောင်ကြသည်။ တစ်ယောက် တစ်မျိုး ကဏ္ဍတစ်ခုစီကို တစ်ယောက်ချင်းစီ ဝိုင်း၍ ပြုလုပ်ခြင်းက အရေအတွက်ပိုရပြီး လက်ရာလည်း တစ်ညီတည်းထွက်လေ့ရှိသည်။ ၁၂ လက်မအရွယ် မင်္ဂလာအုပ်တစ်ခု ပြုလုပ်မည်ဆိုပါက အုပ်တွင်ပါဝင်သော အုပ်အမ၊ အုပ်ခွာ၊ အုပ်အဖုံးဟူ၍ သုံးပိုင်းရှိသည်ကို လူသုံးယောက်က တစ်ယောက်တစ်မျိုးစီ တာဝန်ယူကြခြင်းဖြစ်သည်။ တစ်ဦးတည်း အုပ်တစ်ခုလုံးကို ပြုလုပ်သည်ဆိုပါက ငါးလုံး ပြီးစီးနိုင်သည်။ ဝိုင်းလုပ်မည်ဆိုပါက ခြောက်လုံးပြီးသည်ဟုဆိုသည်။ သစ်သား၊ ပလတ်စတစ်အမာသားများကို အစားထိုးခြင်းမရှိဘဲနှီး တစ်မျိုးတည်းကိုသာ ခွေပြီးပြုလုပ်ရသဖြင့် ဝါးကိုင်ကျွမ်းကျင်ရန် လိုအပ်သည်။ အကိုင်အတွယ်မကျွမ်းကျင်ပါက လက်ကို ဓားပြတ်တတ်သလို နှီးရှသည်ကိုလည်း ကြုံကြရသည်။ ပထမပိုင်း အဖြူထည် ပြုလုပ်ပြီးပါက ဒုတိယပိုင်း အနက်ထည် ပြုလုပ်ရမည်ဖြစ်သည်။ အနက်ထည်ကို တောင်ရွာတွင်လုပ်ကိုင်မည့် လုပ်ငန်းရှင်တစ်ဦးမှ မရှိသောကြောင့် မြောက်ရွာသို့ပေးပို့ရသည်။အကြမ်းထည်အတွက်



ငွေချေသည့်ပုံစံမှာ ကြိုတင်ပေးထား ရသည့်စနစ်ဖြစ်သည်။ ယခုပေါက်ဈေးမှာ ၁၂ လက်မ မင်္ဂလာအုပ် အလုံးတစ်ရာကို ငွေကျပ်ငါးသိန်းဟု သိရသည်။ အလုပ်စတင်အပ်နှံစဉ်ကတည်းက အလုံးရေနှင့်ကိုက်ညီသည့် ကျသင့်ငွေကိုပေးထားရသည်။ ထိုသို့ပေးမှသာ အကြမ်းထည်သမားက ဝါးဖိုးရှင်းနိုင်မည်ဖြစ်ပြီး မိမိထံတွင် နေ့စားလုပ်မည့်သူကို အသုံးငွေ ထုတ်ပေးနိုင်မည်ဖြစ်သည်။ အသုံးငွေဆိုသည်မှာ လုပ်အားခအတွက်ကြို၍ အသုံးစရိတ်ထုတ်ပေးထားခြင်းဖြစ်သည်။ အကြမ်းထည်ကို ပစ္စည်းအပ်နှံမှငွေပေးသည့်စနစ် ယခင်ကရှိခဲ့သော်လည်း လုပ်ကိုင်သူနည်းပါးလာခြင်းနှင့် ကျွမ်းကျင်လုပ်သား ရှားပါးလာမှုတို့ကြောင့် ကြိုတင်ငွေ အကြေပေးရသည့် စနစ်ဖြစ်လာရခြင်း ဖြစ်သည်။

တောင်ရွာမှအပ်နှံလာသောအကြမ်းထည်များကို မြောက်ရွာလုပ်ငန်းရှင်က အချောထည်ဖြစ်ရန် လုပ်ကိုင်ရသည်။အချောထည်ဟုဆိုသော်လည်း ယင်းတွင် လုပ်ငန်းငယ်ပေါင်းများစွာ ပါဝင်လျက်ရှိပြီး ခုနစ်ဆင့်ခန့်ရှိသည်။ တောင်ရွာမှ မြောက်ရွာသို့ အကြမ်းထည်ပေးလိုက်ရာတွင် ပြုလုပ်ထားသည့် ကုန်ပစ္စည်းကိုပြုတ်ထွက်ပြေထွက်ခြင်းမရှိရန်မြဲမြံသွားစေရန် ကော်သုတ်လိမ်းပေးလိုက်ရသည်။ ယခင်က ကော်မသုံးဘဲ သစ်စေးသုတ် လိမ်းထားခြင်းဖြစ်သည်။ သစ်စေးဈေးနှုန်းကြီးမြင့်သဖြင့် ကော်ဆွတ်သည့် ပုံစံသို့ပြောင်းလဲသွားပြီဖြစ်သည်။ ကော်သုတ်လိမ်းထားသည့်ကုန်ကြမ်းကို ဓားကောက်ဖြင့် ခြစ်စားခြင်းသည် အနက်ထည်ပြုလုပ်ခြင်း၏ ပထမအဆင့်ဖြစ်သည်။ ကော်နှင့်အတူ နှီးစ များ ကြမ်းတမ်းနေသည်များကို ဓားကောက်ဖြင့် ခြစ်ပေးရသည်။ ကုန်ပစ္စည်း အရွယ်အစားပေါ်လိုက်ကာ ဓားကိုလည်း အရွယ်အမျိုးမျိုး ပြုလုပ်ထားရသည်။ သားရိုးကိုင်ခြင်းသည် ဒုတိယ ပြုလုပ်ရမည့်အဆင့်ဖြစ်သည်။ ကျွန်းသားလွှစာမှုန့်ကို သစ်စေးရေဖျော်ဖြင့် ရောပြီးဆုံထဲထည့်ထောင်းကာရလာ သည်ကို ကုန်ကြမ်းထည်ပေါ်တွင် အနှံ့ လိမ်းကျံခြင်းအားသားရိုးကိုင်ခြင်းဟု ခေါ်သည်။ သားရိုးကိုင်ပြီးသည့်အထည်ကို ခြောက်သွေ့စေရန် မြေတိုက်အတွင်း သုံးရက်ခန့်ထားရသည်။ မြေတိုက်သွင်းခြင်းမှာ မိုးရွာချိန်တွင် ရေငွေ့ပြန်တတ်သဖြင့် မိုးလွတ်ချိန်ကိုသာပြုလုပ်ရသည်။ မြေတိုက်မှခြောက်၍ ပြန်ဖော်လာသည့် အထည်ကို တတိယအဆင့်အနေဖြင့် နွံချောပေးရ သည်။ နွံမှုန့်ရောထားသည့် သစ်စေးရည်ဖြင့် လိမ်းကျံရခြင်းကို နွံချောသည် ဟုခေါ်သည်။ သားရိုးကိုင်ထားသည့် အပေါ်မှ ပိတ်သွားအောင် နွံချောပြီးသည့်အခါ ချောမွတ်မှု ရှိစေရန် စတုတ္ထအဆင့်ဖြစ်သည့် ခဲစားပေးရပြန်သည်။ ကျောက်ခဲကိုအသုံးပြုပွတ်တိုက်စားခြင်းကို ခဲစားရခြင်းဟု ခေါ်သည်။

➡ ဆက်လက်ဖော်ပြပါမည်

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# လက်ရှိဈေးကွက်ရာသီအတွင်း အိန္ဒိယနိုင်ငံ၏ သကြားထုတ်လုပ်နိုင်မှုမှာ တန်ချိန် ၆ ဒသမ ၆ သန်းသာရှိ

အိန္ဒိယနိုင်ငံတွင် ၂၀၁၆ - ၁၇ ခု ဈေးကွက်ရာသီအတွင်း သကြားထုတ်လုပ်နိုင်မှု ပမာဏမှာ လာမည့် စက်တင်ဘာလအထိ တန်ချိန် ၂၂ ဒသမ ၅ သန်းခန့်သို့ ကျဆင်းနိုင်သည်ဟု ခန့်မှန်းထားရာ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်အထိ တန်ချိန် ၆ ဒသမ ၆ သန်းသာ ရှိသေးကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် ဒုတိယအများဆုံး သကြားထုတ်လုပ်သည့် နိုင်ငံဖြစ်သည့်အပြင် သကြားအများဆုံး သုံးစွဲသည့် နိုင်ငံလည်းဖြစ်ကြောင်း၊ ၂၀၁၅ - ၁၆ ခု ဈေးကွက်ရာသီ(အောက်တိုဘာလမှ စက်တင်ဘာလ) အတွင်း အိန္ဒိယနိုင်ငံမှ သကြားတန်ချိန် ၂၅ ဒသမ ၁ သန်း ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ ယခုနှစ်ဈေးကွက်ရာသီအတွက် တန်ချိန် ၂၂ ဒသမ ၅ သန်းသာ ထုတ်လုပ်နိုင်မည်ဟု ခန့်မှန်းထားကြောင်း၊ အိန္ဒိယနိုင်ငံ၏ ပြည်တွင်းသုံးစွဲမှုအတွက် သကြားတန် ချိန်စုစုပေါင်း ၂၅ သန်းခန့် လိုအပ်မည်ဟု ခန့်မှန်းထားရာ ယခင်သကြားလက် ကျန်တန်ချိန် ၇ ဒသမ ၇ သန်းရှိသည့်အတွက် ယခုနှစ်ထုတ်လုပ်နိုင်မည့် တန်ချိန်ပမာဏ ၂၂ ဒသမ ၅ သန်းနှင့် ထည့်ပေါင်းတွက်ချက်ပါက ပြည်တွင်းလိုအပ်ချက်ကို ပြည့်မီ လုံလောက်ကြောင်း သိရှိရပါသည်။

အလားတူပင် ၂၀၁၆ - ၁၇ ခု ဈေးကွက်ရာသီမှ ပိုလျှံမည့် ခန့်မှန်းတန်ချိန် ၅ ဒသမ ၂၁ သန်းကိုလည်း ၂၀၁၇ -၁၈ ဈေးကွက်ရာသီအတွက် ဆက်လက်သယ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် အဆိုပါ ရာသီ၌လည်း သကြားထုတ်လုပ်နိုင်မှု အခြေအနေမှာ ကောင်းမွန်မည်ဟု ခန့်မှန်းထားရာ အိန္ဒိယနိုင်ငံအနေဖြင့် ပြည်တွင်းသကြား ထုတ်လုပ်နိုင်မှု ပမာဏအနေဖြင့် ပြည့်မီလုံလောက်မှုရှိပြီး ပြတ်လပ်မှုမရှိနိုင်ကြောင်း အစိုးရအနေဖြင့် ပြည်တွင်းသုံးစွဲမှုမြင့်မားသော ကုန်ပစ္စည်းအမယ်ဖြစ်သည့် သကြားပြတ်လပ်မှုမရှိစေရေး လိုအပ်သည့် အစီအမံများ ပြုလုပ်လျက်ရှိကာ ဈေးနှုန်းများ တည်ငြိမ်စေရေးကိုလည်း အစဉ်စောင့်ကြည့် ထိန်းညှိကွပ်ကဲဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# အိန္ဒိယနိုင်ငံ၊ ဘင်ဂါလူရူမြို့တွင် iPhone များ စတင်ထုတ်လုပ်ရန် Apple ကုမ္ပဏီက စီစဉ်

အိန္ဒိယဈေးကွက်၌ ရောင်းချမည့် iPhone များအား အိန္ဒိယနိုင်ငံ ဘင်ဂါလူရူမြို့တွင် စတင်ထုတ်လုပ်ရန် Apple ကုမ္ပဏီက စီစဉ်လျက်ရှိကြောင်း၊ အဆိုပါပြည်နယ်အတွင်းရှိစက်မှုလုပ်ငန်းများတည်ရှိရာ အချက်အချာနေရာဖြစ်သည့် Peenya တွင် iPhone များ ထုတ်လုပ်ရန်အတွက် စက်ရုံများ တည်ဆောက် လျက်ရှိကြောင်း၊ လာမည့် ဧပြီလတွင် ၎င်းစက်ရုံမှ iPhone စတင်ထုတ်လုပ်မည်ဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံတွင် ပြည်ပမှတင်သွင်းသည့် ဖုန်းများအတွက် ထပ်ပေါင်းခွန် (additional duty) ၁၂ ဒသမ ၅ ရာခိုင်နှုန်း ကောက်ခံကြောင်း၊ Apple ထုတ်ကုန်များ အား အိန္ဒိယနိုင်ငံအတွင်း ထုတ်လုပ်ခြင်းအားဖြင့် ထပ်ပေါင်းခွန် သက်သာလာသည့်အတွက် ၎င်းထုတ်ကုန်များ၏ ဈေးနှုန်းများမှာ အခြားသောဖုန်းများနှင့် ပိုမိုယှဉ်ပြိုင်လာနိုင်မည်ဖြစ်ကြောင်း၊ တရုတ် (တိုင်ပေ) နိုင်ငံအခြေစိုက် Apple ထုတ်ကုန်များအတွက် အစိတ်အပိုင်းပစ္စည်းများ ထုတ်လုပ်သူ (Original Equipment Manufacturer - OEM) Wistron ကုမ္ပဏီက ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ထိုမျှသာမက Apple ထုတ်ကုန်များအတွက် အစိတ်အပိုင်း ပစ္စည်းများထုတ်လုပ်သော အကြီးဆုံး ကုမ္ပဏီဖြစ်သည့် တရုတ်(တိုင်ပေ)နိုင်ငံ အခြေစိုက် Foxconn ကုမ္ပဏီကလည်း မဟာရသျှတ္တရပြည်နယ်တွင် Apple ကုန်ပစ္စည်း အစိတ်အပိုင်းများ ထုတ်လုပ်သည့် စက်ရုံတစ်ရုံကို တည်ထောင်ရန် အစောပိုင်းက သဘောတူညီခဲ့ကြောင်း၊ သို့ရာတွင် Foxconn ကုမ္ပဏီသည် အိန္ဒိယနိုင်ငံအတွင်း၌ ထုတ်လုပ်ရန် Xiaomi နှင့် One Plus ကဲ့သို့ အခြားသော စမတ်ဖုန်း ထုတ်လုပ်သူများနှင့်လည်း သဘောတူစာချုပ်များ ချုပ်ဆိုထားခဲ့ကြောင်း၊ သို့ဖြစ်၍ Foxconn ကုမ္ပဏီအနေဖြင့် ၎င်း၏ အဆိုပါ စက်ရုံတွင် Apple ထုတ်ကုန်များသာမက အခြားသော ထုတ်ကုန်များကိုပါ ထုတ်လုပ်နိုင်ဖွယ်ရှိကြောင်း သိရှိရပါသည်။

၂၀၁၆ ခုနှစ်၊ နှစ်ဦးပိုင်းက Apple ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ တင်မ်ကွတ်သည် အိန္ဒိယနိုင်ငံရှိမြို့အများအပြားသို့ လာရောက်လည်ပတ်လေ့လာခဲ့ကြောင်း၊ အဆိုပါခရီးစဉ်သည် တိုးတက်များပြားလာနေသော အလယ်အလတ်တန်းလွှာများမှ Apple ထုတ်ကုန်ဝယ်လိုအား မြင့်တက်လာနေသော အိန္ဒိယနိုင်ငံ၏ ပိုမိုအရေးပါလာသည့် အနေအထားကို ပြသခဲ့ကြောင်း၊ ဟောင်ကောင်အခြေစိုက် Counterpoint Technology Market Research မှ ထုတ်ပြန်သည့် အချက်အလက်များအရ Apple ကုမ္ပဏီသည် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလအတွင်း အိန္ဒိယနိုင်ငံတွင် iPhone အလုံးရေပေါင်း ၂ ဒသမ ၅ သန်းခန့် ရောင်းချခဲ့ရပြီး၊ ပြီးခဲ့သည့်နှစ် ရောင်းချရသည့် ပမာဏထက် ၅၀ ရာခိုင်နှုန်းကျော် တိုးတက်လာခဲ့သည်ဟု ထုတ်ပြန်ထားကြောင်း သိရှိရပါသည်။

ဝင်ငွေအားဖြင့်လည်း Apple India မှ ရောင်းချရသည့် ပမာဏမှာ ၂၀၁၆ ခုနှစ် ဘဏ္ဍာနှစ်တွင် ရူပီး ၉၉၉၇ ကုဋေဖိုးဖြစ်ပြီး၊ ပြီးခဲ့သည့်နှစ် အလားတူကာလတွင် ရောင်းချခဲ့သည့် တန်ဖိုးငွေ ရူပီး ၆၄၇၂ ကုဋေထက် ၅၆ ရာခိုင်နှုန်းပိုမိုခဲ့ကြောင်း၊ အဆိုပါကာလအတွင်း Apple India ကုမ္ပဏီ၏ အသားတင်အမြတ်မှာလည်း ရူပီး ၂၉၄ ကုဋေသို့မြင့်တက်လာခဲ့ပြီး ပြီးခဲ့သည့်နှစ်ထက် ၂၀ ရာခိုင်နှုန်းတိုးတက်လာခဲ့ကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# ၂၀၁၇ ခုနှစ်တွင် ထိုင်းနိုင်ငံ၏ လောင်စာဆီဝယ်လိုအား မြင့်တက်နိုင်သော်လည်း ဈေးနှုန်းသည် ပုံမှန်အခြေအနေတွင်ရှိမည်

ရေနံတင်ပို့ရောင်းချသည့်နိုင်ငံများအဖွဲ့ (OPEC) သည် ၂၀၁၇ ခုနှစ်တွင် ၎င်းတို့၏ရေနံထုတ်လုပ်မှုကို သိသိသာသာလျှော့ချမည်ဖြစ်သော်လည်း ရေနံစိမ်းတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၄၂ မှ ၅၅ ဒေါ်လာ အကြားရှိမည်ဟု ထိုင်းနိုင်ငံရှိ စွမ်းအင်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက ခန့်မှန်းထားကြောင်း တွေ့ရှိရပါသည်။

၂၀၁၇ ခုနှစ်အတွင်း လောင်စာဆီ ဈေးနှုန်းသည် ထူးထူးခြားခြား မြင့်တက်မှုမရှိနိုင်သကဲ့သို့ ရေနံဓာတ်ငွေ့ရည် LPG ဈေးနှုန်းသည်လည်း တစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၄၀၀ သို့မြင့်တက်၍ ၂၀၁၆ ခုနှစ် ဈေးနှုန်းထက်အနည်းငယ်သာ မြင့်တက်နိုင်ပါသည်။ လောင်စာဆီဝယ်လိုအားမှာ မြင့်တက်လာမည်ဖြစ်သော်လည်း ဓာတ်ဆီနှင့် ဒီဇယ်ဆီများ၏ ဝယ်လိုအားမှာ ပုံမှန်အခြေအနေတွင် ရှိပါမည်။

ပြည်တွင်း၌ လောင်စာဆီဝယ်လိုအား မြင့်တက်လာမည့် ထိုင်းနိုင်ငံတွင်လည်း စွမ်းအင်ကဏ္ဍ၏ ရင်းနှီးမြှုပ်နှံမှုကို တိုးမြှင့်မည်ဖြစ်ရာ LPG Terminal နှင့် ငါးခုမြောက်သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ တည်ဆောက်ရန်အတွက် ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ခုနှစ်အတွင်း စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ဘတ်သန်းတစ်ရာကို သုံးစွဲမည်ဖြစ်သည်။ ထို့အပြင် နိုင်ငံမြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းဒေသတွင် ရေနံပိုက်လိုင်းများ တည်ဆောက်ရန်အတွက် ဘတ်သန်း ၂၀ ကိုလည်း ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ခုနှစ်အတွင်း ရင်းနှီးမြှုပ်နှံမည် ဖြစ်ပါသည်။

ထို့နောက်နိုင်ငံပိုင် PTT စွမ်းအင်ကုမ္ပဏီအနေဖြင့်လည်း ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ စုစုပေါင်းဘတ် ၃၂၇ ဘီလီယံကို ရင်းနှီးမြှုပ်နှံခဲ့ပြီးဖြစ်ပါသည်။ ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ စုစုပေါင်းဘတ် ၃၃၉ ဘီလီယံကို ရင်းနှီးမြှုပ်နှံမည်ဖြစ်ရာ ၅၅ ရာခိုင်နှုန်းကို LPG Terminal နှင့် ဓာတ်ငွေ့ပိုက်လိုင်းများ တိုးချဲ့တည်ဆောက်ရန်အတွက် သုံးစွဲ၍ကျန် ၄၅ ရာခိုင်နှုန်းကို ပလပ်စတစ်၊ ဇီဝဓာတုပစ္စည်းများ၊ ချောဆီနှင့် ရေနံစီးပွားရေး လုပ်ငန်းအသစ်များအတွက် သုံးစွဲရန် လျာထားပါသည်။ ရှေ့လာမည့် ဆယ်စုနှစ်အတွင်း ထိုင်းနိုင်ငံ၏ ဓာတ်ငွေ့ ဝယ်လိုအားသည် အလွန်မြင့်တက်လာမည်ဖြစ်ရာ နိုင်ငံပိုင်စွမ်းအင်ကုမ္ပဏီများဖြစ်သော PTT နှင့် PTTEP စွမ်းအင်ကုမ္ပဏီတို့သည် သဘာဝဓာတ်ငွေ့အရင်းအမြစ် ရှာဖွေရေး လုပ်ငန်း၊ LPG Terminal များတည်ဆောက်ရေးအတွက် လေ့လာမှုနှင့် အကောင်အထည်ဖော်မှု လုပ်ငန်းစဉ်များကို ၂၀၁၈ ခုနှစ်တွင် စတင်မည်ဖြစ်ပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ၂၀၁၇ ခုနှစ်အတွက် ထိုင်းခရီးသွားလုပ်ငန်းကဏ္ဍ ရည်မှန်းချက်များကို ခရီးသွားနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်

ထိုင်းခရီးသွားကဏ္ဍ၏ ၂၀၁၇ ခုနှစ်အတွက် ရည်မှန်းချက်ကို ယခင်က ဝင်ငွေဘတ် ၂ ဒသမ ၆ ထရီလီယံ သတ်မှတ်ခဲ့ရာမှ ၂ ဒသမ ၈ ရာခိုင်နှုန်း တိုးမြှင့်၍ ဘတ် ၂ ဒသမ ၇၁ ထရီလီယံ ရရှိရန် ထိုင်းနိုင်ငံ ခရီးသွားနှင့် အားကစားဝန်ကြီးဌာနက မျှော်မှန်းထားပါသည်။

ခရီးသွားကဏ္ဍ၏ ဝင်ငွေခန့်မှန်းချက် ဘတ် ၂ ဒသမ ၇၁ ထရီလီယံ အနက်ဘတ် ၁ ဒသမ ၇၈ ထရီလီယံသည် အပြည်ပြည်ဆိုင်ရာ ခရီးသွားများထံမှရရှိ၍ ၂၀၁၆ ခုနှစ်ထက် ၈ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်ရန်နှင့် ဘတ်သန်း ၉၃၀ သည် ပြည်တွင်းခရီးသွားများထံမှ ရရှိမည်ဖြစ်ရာ ၂၀၁၆ ခုနှစ်ထက် ၇ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ရန် မျှော်မှန်းခြင်းဖြစ်ပါသည်။ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်စသည့် CLMV နိုင်ငံများမှ ခရီးသွားဝင်ရောက်မှု တိုးတက်လာမည်ဖြစ်၍ ယခင်မျှော်မှန်းချက်ကို တိုးမြှင့်ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

၂၀၁၆ ခုနှစ်တွင် CLMV မှ ခရီးသွားစုစုပေါင်း ၃ ဒသမ ၂၅ သန်းသည် ထိုင်းနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့၍ ၂၀၁၅ ခုနှစ်ထက် ၁၇ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်ရန်နှင့် ဝင်ငွေသည် ဘတ် ၉၆ ဒသမ ၇ ဘီလီယံရရှိ၍ ၂၀ ရာခိုင်နှုန်းတိုးတက်ရန် မျှော်မှန်းထားသည်။ ၂၀၁၇ ခုနှစ်တွင် ထိုင်းနိုင်ငံသို့ လာရောက်လည်ပတ်မည့် တရုတ်ခရီးသွားသည် ကျဆင်းမည်ဖြစ်သော်လည်း ဥရောပနှင့်အာဆီယံနိုင်ငံများမှ ခရီးသွားများ ပိုမိုဝင်ရောက်ရန် မျှော်မှန်းထားကြောင်း၊ နိုင်ငံတကာခရီးသွားဝင်ရောက်မှုများသည့် ဒွန်မောင်း၊ ဖူးခက်နှင့်အတာပေါင်လေဆိပ်များ၌ လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း ခရီးသွားနှင့်အားကစားဝန်ကြီးဌာန ဝန်ကြီး Ms.Kobkam Wattanavrangkul ကပြောကြားခဲ့ပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၂၃–၁–၂၀၁၇)

ဇော်ဝင်း

## ဟသ်ာတဈေးကွက်မှာ မတ်ပဲနှင့်ပဲတီစိမ်းဈေးတက်

ယခုတစ်ပတ် ဟသ်ာတဈေးကွက်မှာ မတ်ပဲဈေးက ယခင်တစ်ပတ်ထက် ဈေးတက်ခဲ့ပြီး ပဲတီစိမ်းကလည်း ဈေးဆက်လက်တက်ခဲ့ပါတယ်။ ရန်ကုန်ဝယ်လက်က မတ်ပဲအသစ် တစ်ပိဿာကို ၁၇၅၀ ကျပ်(တစ်တန်ကို ၁၀၇၁၆၈၂ ကျပ်)၊ မတ်ပဲအဟောင်း တစ်ပိဿာ ၁၆၉၀ ကျပ်(တစ်တန်ကို ၁၀၃၄၉၃၉ ကျပ်) နဲ့ ပုံမှန်ဝယ်လိုအားရှိနေကြောင်း သိရပါတယ်။ တစ်နေ့ကိုအိတ် ၂၀၀၀ ကျော်ခန့် အရောင်းအဝယ်ဖြစ်ကြောင်းလည်း သိရပါတယ်။ ပဲတီစိမ်းကလည်း ယခင်တစ်ပတ်ထက် ဈေးမြင့်ခဲ့ပြီး တစ်ပိဿာ ၁၄၅၀ ကျပ်(တစ်တန်ကို ၈၈၇၉၆၅ ကျပ်)နဲ့ တစ်နေ့ကို အိတ် ၁၀၀၀ ခန့် ရန်ကုန်ဝယ်လက်များက ဝယ်ယူခဲ့ကြောင်း သိရပါတယ်။ ပဲလွန်းဖြူကတော့ ဈေးငြိမ်နေပြီး ယခင်တစ်ပတ်အတိုင်း တစ်ပိဿာ ၁၃၇၅ ကျပ်(တစ်တန်ကို ၈၄၂၀၃၆ ကျပ်) နဲ့ တစ်နေ့ကို အိတ် ၆၀၀ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲလွန်းနီကိုတော့ ရန်ကုန်ဝယ်လက်များက အဝယ်နည်းခဲ့တာကြောင့် ယခင်တစ်ပတ်အောက် ဈေးနိမ့်ခဲ့ပြီး တစ်ပိဿာ ၁၈၇၅ ကျပ်(တစ်တန်ကို ၁၁၄၈၂၃၁ ကျပ်)နဲ့ တစ်နေ့အိတ် ၆၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲပုပ်(ဆီတိုး) ကို ဝယ်ယူအားများပြီး ဈေးမြင့်ဝယ်ယူခဲ့တာကြောင့် ယခင်တစ်ပတ်ထက် ဈေးမြင့်ခဲ့ပြီး တစ်ပိဿာကို ၁၁၂၅ ကျပ်(တစ်တန်ကို ၆၈၈၉၃၈ ကျပ်) နဲ့ တစ်နေ့အိတ် ၁၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

×××××××××××××××××

## လားရှိုးဈေးကွက်မှာ ပြောင်းဈေးငြိမ်နေသော်လည်း အရောင်းအဝယ်အေး

ယခုတစ်ပတ် လားရှိုးဈေးကွက်မှာ ယခင်တစ်ပတ်အတိုင်း ဆက်လက်ဈေးငြိမ်နေပြီး တစ်ပိဿာ ၂၈၀ ကျပ်(တစ်တန်ကို ၁၇၁၄၆၉ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပြောင်းဈေးငြိမ်ပေမယ့် အရောင်းအဝယ်အေးခဲ့ပြီး ယခင်တစ်ပတ်ထက် အရောင်းအဝယ်နည်းခဲ့ပါတယ်။ တစ်ပတ်အတွင်းမှာ ပိဿာချိန် ၂၁၇၀၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## တောင်ကြီးဈေးကွက်မှာ ပြောင်းဈေးကျသော်လည်း အရောင်းအဝယ်ကောင်း

ယခုတစ်ပတ် တောင်ကြီးဈေးကွက်မှာ ပြောင်းအရည်အသွေးပေါ်မူတည်ပြီး တစ်ပိဿာ ၂၇၀ကျပ် မှ ၂၈၀ ကျပ် (တစ်တန်ကို ၁၆၅၃၄၅ ကျပ်မှ ၁၇၁၄၆၉ ကျပ်)နဲ့သာ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပြောင်းဈေးကျပေမယ့် အရောင်းအဝယ်ကောင်းနေပြီး ယခင်တစ်ပတ်ထက် ပိဿာချိန် ၅၆၀၀၀ ကျော်ပိုမိုခဲ့ပြီး ပိဿာချိန် ၄၄၀၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## မူဆယ်ဈေးကွက်မှာ ပြောင်းဈေးငြိမ်သော်လည်း အရောင်းအဝယ်အေး

ယခုတစ်ပတ်မူဆယ်ဈေးကွက်မှာ ပြောင်းဈေးငြိမ်နေပေမယ့် တရုတ်နှစ်သစ်ကူးနီးလာတာကြောင့် အရောင်းအဝယ်အေးခဲ့သလို တစ်ဖက်နိုင်ငံသို့ တင်ပို့မှုလည်း ကျခဲ့ပါတယ်။ ယခင်တစ်ပတ်က ၅၀ ကီလိုပြောင်းတစ်အိတ်ကို ၆၇ ယွမ်မှ ၇၀ ယွမ်(တစ်တန်ကို ၁၃၄၀ ယွမ်မှ ၁၄၀၀ ယွမ်) ရှိပြီး ယခုတစ်ပတ်မှာ ၆၇ ယွမ်မှ ၇၁ ယွမ်(တစ်တန် ၁၃၄၀ ယွမ်မှ ၁၄၂၀ ယွမ်)ဖြစ်ခဲ့တာမို့ ဈေးနှုန်းအပြောင်းအလဲ သိပ်မရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ ယခင်တစ်ပတ်က တစ်ဖက်နိုင်ငံသို့ တင်ပို့မှုတန်ချိန် ၃၅၈၉၅ တန် ရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာ တန်ချိန် ၂၇၄၀၀ တန်သာတင်ပို့နိုင်ခဲ့တာကြောင့် ယခင်တစ်ပတ်ထက် တင်ပို့နိုင်မှု ပမာဏလျော့နည်းခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီဈေးတက်

ယခုတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီဈေး တက်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ FAQ (RC) တစ်တန်ကို ၁၀၆၈၀၀၀ ကျပ်မှ ယခုတစ်ပတ်မှာ ၁၀၈၄၀၀၀ ကျပ်နဲ့ မတ်ပဲ SQ(RC) ယခင်တစ်ပတ်က တစ်တန် ၁၁၅၅၀၀၀ ကျပ်မှ ယခုတစ်ပတ်မှာ ကျပ် ၁၂၀၀၀၀၀နဲ့ ဈေးမြင့်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲစင်းငုံနီကလည်း ယခင်တစ်ပတ်က တစ်တန် ၇၉၃၀၀၀ ကျပ်ရှိခဲ့ရာက ယခု တစ်ပတ်မှာ ကျပ် ၈၅၀၀၀၀ အထိ ဈေးမြင့်ကာ ပြည်ပတင်ပို့မည့် ကုမ္ပဏီများနှင့် ဝယ်ရောင်းကုန်သည်များက ဝယ်ယူခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## ပြည်ဈေးကွက်မှာ ပဲစင်းငုံနီဈေးတက်သော်လည်း မတ်ပဲနဲ့ ပဲတီစိမ်းဈေးကျ

ယခုတစ်ပတ် ပြည်ဈေးကွက်မှာ ပဲစင်းငုံနီ၊ မတ်ပဲ၊ ပဲတီစိမ်းတို့ ဈေးကွက်အတွင်း ပိုမိုဝင်ရောက်လာခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီအသစ်ကို ရန်ကုန်ဝယ်လက်က ဈေးမြင့်ဝယ်ယူခဲ့တာကြောင့် အရောင်းအဝယ်ကောင်းခဲ့ပါတယ်။ ဈေးနှုန်းအနေနဲ့ ယခင်တစ်ပတ်ထက်ဈေးမြင့်ပြီး တစ်ပိဿာကို ၁၂၇၅ ကျပ်(တစ်တန် ၇၈၀၇၉၂ ကျပ်) နဲ့ တစ်နေ့ကိုအိတ် ၆၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ မတ်ပဲကတော့ ရန်ကုန်ဝယ်လက်က ပုံမှန်အရောင်းအဝယ်ရှိပေမယ့် ယခင်တစ်ပတ်ထက် ဈေးကျပြီး မတ်ပဲအသစ်တစ်ပိဿာ ၁၆၅၀ ကျပ် (တစ်တန် ၁၀၁၀၄၄၃ ကျပ်)၊ မတ်ပဲအဟောင်းတစ်ပိဿာ ၁၆၇၅ ကျပ်(တစ်တန် ၁၀၂၅၇၅၃ ကျပ်) နဲ့ တစ်နေ့အိတ် ၅၀၀ ကျော်ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲတီစိမ်းကလည်း ယခင်တစ်ပတ်ထက်ဈေးကျခဲ့ပြီး မန္တလေးဝယ်လက်က ပဲတီစိမ်း ထိပ်စ အသစ်တစ်ပိဿာကို ၁၄၅၀ ကျပ်(တစ်တန် ၈၈၇၉၆၅ ကျပ်) နဲ့ အရောင်းအဝယ်ပုံမှန်ဖြစ်နေကြောင်း သိရပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ တစ်နေ့အိတ် ၃၀၀ ခန့်ရှိကြောင်းလည်း သိရပါတယ်။

×××××××××××××××××

## ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီ ဈေးတက်

ယခုတစ်ပတ် ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီဈေးတက်ခဲ့ပြီး ပဲတီစိမ်းဈေးကျခဲ့ပါတယ်။ ရန်ကုန်ဝယ်လက်က ဝယ်လိုအားများခဲ့သလို ရောင်းသူများဘက်မှလည်း ရောင်းချမှုများပြားခဲ့ပြီး ယခင်တစ်ပတ်ထက် ဈေးမြင့်ခဲ့ကာ ပဲစင်းငုံနီ(အသစ်) တစ်ပိဿာကို ၁၃၅၀ ကျပ်(တစ်တန် ၈၂၆၇၂၆ ကျပ်) နဲ့ တစ်နေ့အိတ် ၄၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲတီစိမ်းလုံးသေးအသစ်ကတော့ ယခင်တစ်ပတ်ထက် ဈေးကျခဲ့ပြီး ရန်ကုန်ဝယ်လက်က တစ်ပိဿာ ၁၂၇၄ ကျပ်(တစ်တန် ၇၈၀၁၈၄ ကျပ်) နဲ့ ဝယ်ယူပြီး တစ်နေ့အိတ် ၅၀၀ မှ ၆၀၀ ကြား အရောင်း အဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးကိုတော့ မြို့ခံပဲခွဲစက်များက တစ်ပိဿာ ၂၂၆၃ ကျပ်(တစ်တန် ၁၃၈၅၈၃၈ ကျပ်) နဲ့ ဝယ်ယူခဲ့ကြပါတယ်။ နှမ်းနက်(အဟောင်း) ကလည်း ယခင်တစ်ပတ်ထက် ဈေးကျခဲ့ပြီး တစ်ပိဿာ ၂၁၀၀ ကျပ်နဲ့ မန္တလေးဝယ်လက်က ဝယ်ယူခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## မန္တလေးဈေးကွက်မှာ မတ်ပဲဈေးကျသော်လည်း ပဲစင်းငုံနီနဲ့ ပဲတီစိမ်းဈေးမြင့်လာ

ဒီတစ်ပတ် မန္တလေးဈေးကွက်မှာ ရန်ကုန်ဝယ်လက်နဲ့ မြို့ခံပဲခွဲစက်တွေက ဝယ်လိုအားကောင်းပေမယ့် မတ်ပဲဈေးကတော့ ဆက်လက်ကျခဲ့ပြီး ယခင်တစ်ပတ်ထက် ဈေးနိမ့်ခဲ့ပါတယ်။ မတ်ပဲ(အသစ်) တစ်ပိဿာ ၁၆၅၀ ကျပ်(တစ်တန် ၁၀၁၀၄၄၃ ကျပ်)၊ မတ်ပဲ(အဟောင်း) တစ်ပိဿာ ၁၇၆၇ ကျပ်(တစ်တန် ၁၀၈၂၀၉၃ ကျပ်)နဲ့ တစ်နေ့အိတ် ၆၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရပါတယ်။ ပဲစင်းငုံနီကိုတော့ ရန်ကုန်ဝယ်လက်က ဝယ်လိုအားများခဲ့သလို ရောင်းသူများဘက်မှလည်း ရောင်းအားကောင်းခဲ့တာမို့ ယခင်တစ်ပတ်ထက် ဈေးမြင့်ခဲ့ပြီး ပဲစင်းငုံနီ(အသစ်) တစ်ပိဿာ ၁၂၆၇ ကျပ်(တစ်တန် ၇၇၅၈၉၈ ကျပ်)၊ ပဲစင်းငုံနီ(အဟောင်း) တစ်ပိဿာ ၁၂၁၇ ကျပ်(တစ်တန် ၇၄၅၂၇၈ ကျပ်)နဲ့ အရောင်းအဝယ်သွက်ခဲ့ပါတယ်။ ပဲတီစိမ်းကို တရုတ်ဝယ်လက်က ပုံမှန်ဝယ်ယူခဲ့တာကြောင့် ယခင်တစ်ပတ်ထက် ဈေးမြင့်ခဲ့ကာ ပဲတီစိမ်းအကြီးထိပ်စ တစ်ပိဿာ ၁၇၂၄ ကျပ်(တစ်တန် ၁၀၅၅၇၆၀ ကျပ်)နဲ့ ပဲတီစိမ်းအကြီး ပုံမှန်စ တစ်ပိဿာ ၁၄၂၂ ကျပ်(တစ်တန် ၈၇၀၈၁၈ ကျပ်)နဲ့ တစ်နေ့အိတ် ၁၅၀၀ မှ ၂၀၀၀ ကြား အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ကုလားပဲဖြူလုံးကြီးကို မြို့ခံပဲခွဲစက်တွေက အသစ်ရောအဟောင်းပါ တစ်ပိဿာ ၂၃၅၈ ကျပ်(တစ်တန် ၁၄၄၄၀၁၅ ကျပ်)နဲ့ ပုံမှန်ဝယ်ယူခဲ့ကြပါတယ်။ ပဲလွန်းဖြူ(ထိပ်စ) တစ်ပိဿာ ၁၃၈၃ ကျပ်(တစ်တန် ၈၄၆၉၃၅ ကျပ်)နဲ့ ပဲလွန်း(အပြာ) ထိပ်စ တစ်ပိဿာ ၁၁၈၀ ကျပ်(တစ်တန် ၇၂၂၆၂၀ ကျပ်)နဲ့ ယခင်တစ်ပတ်ထက် ဈေးနိမ့်ခဲ့ပြီး တရုတ်ဝယ်လက်နဲ့ မြို့ပေါ်လက်လီရောင်းချသူများက ဝယ်ယူခဲ့ကြောင်း သိရပါတယ်။ နှမ်းနက်(သိပ္ပံနှမ်း) ကတော့ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေခဲ့ပြီး နှမ်းနက် (ထိပ်စ) တစ်ပိဿာ ၂၆၆၇ ကျပ်(တစ်တန် ၁၆၃၃၂၄၁ ကျပ်)၊ နှမ်းနက်(ပုံမှန်စ) တစ်ပိဿာ ၂၄၄၄ ကျပ်(တစ်တန် ၁၄၉၆၆၇၈ ကျပ်)၊ သိပ္ပံနှမ်းနက် တစ်ပိဿာ ၃၀၆၇ကျပ် (တစ်တန် ၁၈၇၈၂၀၀ ကျပ်) တို့နဲ့ တရုတ်ဝယ်လက်က ဝယ်ယူပြီး နှမ်းမျိုးစုံတစ်နေ့အိတ် ၁၆၀၀ မှ ၁၉၀၀ ကြား အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းလည်း သိရပါတယ်။

×××××××××××××××××

## အောင်လံဈေးကွက်မှာ ပဲစင်းငုံနီဈေးတက်

ယခုတစ်ပတ်အောင်လံဈေးကွက်မှာ ပဲစင်းငုံနီဈေးတက်ခဲ့ပြီး ပဲတီစိမ်းနဲ့ နှမ်းမျိုးစုံတို့က ယခင်တစ်ပတ်ဈေးအတိုင်း ဈေးငြိမ်နေခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကို ရန်ကုန်ဝယ်လက်များက ယခင်တစ်ပတ်ထက် တစ်ပိဿာကို ၁၀၅ ကျပ် ဈေးမြင့်ပြီး ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၃၄၀ ကျပ်(တစ်တန် ၈၂၀၆၀၂ ကျပ်)နဲ့ အဝယ်ဖွင့်ခဲ့ပါတယ်။ တစ်နေ့ကို ပဲစင်းငုံအိတ် ၁၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းလည်း သိရပါတယ်။ ပဲတီစိမ်းကတော့ ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း တစ်ပိဿာ ကျပ် ၁၅၀၀(တစ်တန် ၉၁၈၅၈၅ ကျပ်)နဲ့ မန္တလေးဝယ်လက်များက တစ်နေ့ကိုအိတ် ၅၀၀ ခန့် ဝယ်ယူခဲ့ကြောင်း သိရပါတယ်။ နှမ်းမျိုးစုံကလည်း အပြောင်းအလဲမရှိ ဈေးငြိမ်ခဲ့ပြီး ယခင်တစ်ပတ်ဈေးအတိုင်း နှမ်းနက်ရိုးရိုး တစ်ပိဿာ ၂၄၄၅ ကျပ်(တစ်တန် ၁၄၉၇၂၉၃ ကျပ်)၊ နှမ်းနီတစ်ပိဿာ ၁၇၈၀ ကျပ် (တစ်တန် ၁၀၉၀၀၅၄ ကျပ်)၊ သိပ္ပံနှမ်းနက် တစ်ပိဿာ ၂၈၉၀ ကျပ်(တစ်တန် ၁၇၆၉၈၀၇ ကျပ်)နဲ့ နှမ်းမျိုးစုံ တစ်နေ့အိတ် ၃၀၀ မှ ၃၅၀ ကြား အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## မကွေးဈေးကွက်မှာ နှမ်းနက်စမုံနဲ့ ပဲတီစိမ်းဈေးတက်

ယခုတစ်ပတ် မကွေးဈေးကွက်မှာ နှမ်းနက်စမုံဈေးတက်ခဲ့ပြီး ယခင်တစ်ပတ်က တစ်ပိဿာ ၂၆၇၀ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၂၈၄၅ ကျပ် (တစ်တန် ၁၇၄၂၂၄၉ ကျပ်) နဲ့ ဈေးမြင့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ၁၂၀၀ ကျပ်သာရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၂၄၀ ကျပ်(တစ်တန် ၇၅၉၃၆၃ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲစင်းငုံနီကတော့ တစ်ပိဿာ ၁၃၃၅ ကျပ်(တစ်တန် ၈၁၇၅၄၀ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်နေပြီး ကုလားပဲအဝါအကြီးက တစ်ပိဿာ ၂၂၆၅ ကျပ်(တစ်တန် ၁၃၈၇၀၆၃ ကျပ်) နဲ့ အသီးသီး အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းလည်း သိရပါတယ်။

# လှိုင်သာယာစက်မှုမြို့ အပိုင်း (၁၊ ၂၊ ၃၊ ၄၊ ၆၊ ၇)တွင် စီးပွားရေးလုပ်ငန်းရှင်များ သိရှိလိုက်နာဆောင်ရွက်ရမည့် အချက်များအား အသိပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ရန်ကုန် မြို့တော် စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်း၍ ဇန်နဝါရီလ ၁၉ ရက်က လှိုင်သာယာမြို့နယ် စက်မှုဇုန် စီမံခန့်ခွဲရေး ကော်မတီရုံး၊ ကနောင်ခန်းမ၌ လှိုင်သာယာစက်မှုမြို့အပိုင်း (၁၊ ၂၊ ၃၊ ၄၊ ၆၊ ၇)ရှိ စီးပွားရေးလုပ်ငန်းရှင်များအား သိရှိလိုက်နာဆောင်ရွက်ရမည့်အချက်များ အသိပညာပေးဟောပြော ဆွေးနွေးပွဲကို ကျင်းပခဲ့ပါတယ်။

အသိပညာပေး ဟောပြောဆွေးနွေးပွဲတွင် လှိုင်သာယာစက်မှုမြို့အပိုင်း (၁၊ ၂၊ ၃၊ ၄၊ ၆၊ ၇) စီမံခန့်ခွဲရေး ကော်မတီ ဥက္ကဋ္ဌ ဦးအုန်းဆိုင်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းက ရန်ကုန်တိုင်းဒေသကြီးစားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်း ကော်မတီ (၂)ရပ်တို့၏ (၁/၂၀၁၇) ကြိမ် မြောက်အစည်းအဝေးဆုံးဖြတ်ချက်အရ စီးပွားရေး လုပ်ငန်းရှင်များသိရှိလိုက်နာ ဆောင်ရွက်နိုင်ရန် ယခုလို အသိပညာပေး ဟောပြောပွဲကို ဆောင်ရွက်ရခြင်း ဖြစ်ကြောင်း၊ စားသုံးသူ အကာအကွယ် ပေးရေး ဥပဒေတွင် ပြဋ္ဌာန်းထားသည့် စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့် တာဝန်၊ တားမြစ်ချက်များ၊ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းကို စနစ်တကျဆောင်ရွက်နိုင်ရန် စားသုံးသူ အကာအကွယ်ပေးရေး ဗဟိုကော်မတီ၊ စားသုံးသူများ၏ အငြင်းပွားမှုကို ဖြေရှင်းပေးနိုင်ရန် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၊ စားသုံးသူများ၏ တိုင်ကြားမှုကို လက်ခံဖြေရှင်းဆောင်ရွက်ပေးရန် စားသုံးသူတိုင်ကြားမှုလက်ခံဆောင်ရွက်ရေး လုပ်ငန်းကော်မတီ၊ ဈေးကွက်အတွင်းရှိ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရန် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ပေးသည့် ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီတို့ ဖွဲ့စည်းထားရှိမှု၊ ထုတ်လုပ်သူများဘက်ကလည်း ဥပဒေပါ ပြဋ္ဌာန်းချက်များကို သိရှိလိုက်နာပြီး ဆောင်ရွက်ပေးရန်လိုအပ်မည့် အခြေအနေများ ကိုလည်းကောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (ဈေးများဌာန)မှ ဒုတိယဌာနမှူး ဦးစည်သူလွင်က စားသုံးသူကာကွယ်ပေးရေး လုပ်ငန်းအတွက် အသိပညာပေးကြော်ငြာများ စိုက်ထူမှု အခြေအနေ၊ စားသုံးရန် မသင့်သည့် မြေပဲဆီ အပါအဝင် စားသောက်ကုန်နှင့် ဟင်းသီးဟင်းရွက်များကို သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဖျက်ဆီး ဆောင်ရွက်ခဲ့မှုအခြေအနေများကိုလည်းကောင်း၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာန(ရန်ကုန်တိုင်း)မှ ဒုတိယ ညွှန်ကြားရေးမှူး ဦးအောင်အောင်လေးက စက်ရုံ၊ အလုပ်ရုံများတွင် Water Treatment စနစ်ကောင်းစေရန် လိုအပ်ချက်နှင့် စီမံခန့်ခွဲမှု အခြေအနေများကိုလည်းကောင်း အသေးစိတ် ဆွေးနွေးခဲ့ပါတယ်။

ဆက်လက်၍ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန (ရန်ကုန်တိုင်း) မှ ဌာနခွဲမှူး ဒေါ်မြတ်သီရိထွန်းက စက်ရုံ၊ အလုပ်ရုံများ၌ ကျန်းမာရေးကောင်းမွန်စွာဖြင့် လုပ်ငန်းဆောင်ရွက်နိုင်ရန် Hazards Characteristics / Effects တို့၏ အခြေအနေများကိုလည်းကောင်း၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်တိုင်း)မှ ဦးစီးအရာရှိ ဒေါက်တာဖြိုးမာန်သက်ဦးက အစားအသောက်၊ ဆေးဝါး၊ အလှကုန်ပစ္စည်းများ ဘေးအန္တရာယ်ကင်းစေရန် ဌာနမှ ဈေးကွက်မတင်မီစိစစ်ခြင်း၊ ဈေးကွက်နမူနာကောက်ယူခြင်း၊ ထောက်ခံချက် လက်မှတ်များ ထုတ်ပေးလျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ(စီမံရေးရာဌာန)မှ ဌာနစုမှူး ဦးစိုးမင်းနိုင်က လုပ်ငန်းအမျိုးအစားအလိုက် လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း၊ လိုင်စင်လျှောက်ထားရာတွင် လိုအပ်ချက်များ၊ လိုက်နာရမည့်စည်းကမ်းများ၊ လိုက်နာမှုမရှိလျှင် အပြစ်ပေးအရေးယူခံရမည့် အခြေအနေများ၊ ပြစ်မှု၊ ပြစ်ဒဏ်များကိုလည်းကောင်း အကျယ်တဝင့် ဆွေးနွေးခဲ့ပါတယ်။

အသိပညာပေး ဟောပြောဆွေးနွေးပွဲသို့ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးနှင့် မြောက်ပိုင်းခရိုင် ဦးစီးမှူးရုံးတို့မှ အရာထမ်း/အမှုထမ်းများ၊ မိတ်ဖက်ဌာနများမှ တာဝန်ရှိသူများ လှိုင်သာယာစက်မှုမြို့ အပိုင်း(၁၊ ၂၊ ၃၊ ၄၊ ၆၊ ၇၊) စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူး၊ ဇုန်(၅)၊ ဒဂုံအရှေ့စက်မှုဇုန်တို့မှ အတွင်းရေးမှူးများ၊ သာကေတစက်မှုဇုန်၊ အပိုင်း(၁၊ ၂၊ ၃၊ ၄၊ ၆၊ ၇)တို့တွင်ရှိသည့် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းထုတ်လုပ်သည့် စက်ရုံတို့မှ တာဝန်ရှိသူများ စုစုပေါင်း ၁၀၆ ဦး တက်ရောက် ခဲ့ပါတယ်။

အလားတူ ဇန်နဝါရီလ တတိယပတ်အတွင်း ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၏ ကြီးကြပ်မှုအောက်ရှိ အရှေ့ပိုင်းခရိုင်တွင်လေးနေရာ၊ အနောက်ပိုင်းခရိုင်တွင်ရှစ်နေရာ၊ တောင်ပိုင်းခရိုင်တွင် ၁၂ နေရာ၊ မြောက်ပိုင်းခရိုင်တွင် ၁၁ နေရာတို့တွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာ ဟောပြောဆွေးနွေးပွဲများနှင့် ကွင်းဆင်းအသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**ခင်သီ (စားသုံးသူ) ရန်ကုန်**

## ဘီးလင်းမြို့နယ်တွင် အစာအဆိပ်သင့် မှုဖြစ်ပွား

ဘီးလင်းမြို့နယ်၊ အ. ထ. က (ဘီးလင်း) ကျောင်းတွင် မြတ်ဆရာပူဇော်ပွဲ၌ တည်ခင်းဧည့်ခံသည့် အစားအသောက်များအား စားသောက်ပြီးနောက် အစာအဆိပ်သင့်မှုများ ဖြစ်ပွားခဲ့ကြောင်းသိရသည်။ ဘီးလင်းမြို့နယ်၊ အ. ထ. က (ဘီးလင်း)ကျောင်းတွင် မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၅ ရက်က ကျင်းပခဲ့ရာ အခမ်းအနားသို့ မြို့ပေါ်ရပ်ကွက်များဖြစ်သော ဆရာစံ၊ ဘိုးရာဇာ၊ ဘိုးလှကြီး၊ ကန်သာယာ၊ ဗိုလ်တေဇရပ်ကွက်များမှ တက်ရောက်ကြပြီး အလှူရှင်များက ခေါက်ဆွဲကြော်၊ ကြာဆန်ကြော်၊ ပဲဟင်းပလာတာ၊ ကောက်ညှင်းပေါင်း စသည့်မုန့်များဖြင့် ဧည့်ခံကျွေးမွေးခဲ့သည်။ အလှူရှင်များ ကျွေးမွေးသည့် အစားအသောက်များအား စားသုံးခဲ့ရာ ဇန်နဝါရီ ၁၆ ရက် ၁၈၀၀ နာရီ အချိန်ခန့်မှစ၍ တစ်ဦး၊ နှစ်ဦးခန့် ဘီးလင်းဆေးရုံသို့ တက်ရောက်ရာမှ ဇန်နဝါရီ ၁၈ ရက်နေ့အထိ လူနာဦးရေ ကျား ၂၃ ဦး၊ မ ၃၁ဦး၊ စုစုပေါင်း ၅၄ ဦး တက်ရောက်ကုသမှုခံယူခဲ့ရကြောင်း သိရှိရပါသည်။

ဆေးရုံတက်ရောက်ကုသမှုခံယူသူများ၏ ရောဂါလက္ခဏာဖြစ်ပွားမှုမှာ မူးဝေခြင်း၊ အော့အန်ခြင်း၊ ဝမ်းပျက်ခြင်း၊ ဝမ်းလျှောခြင်းစသည့် ရောဂါများ ခံစားရကြောင်း သိရှိရပါသည်။ ဇန်နဝါရီ ၁၇ ရက်နေ့တွင် အဆိုပါ အစာအဆိပ်သင့်မှုကြောင့် ဘီးလင်းဆေးရုံသို့ တက်ရောက်ကုသမှုခံယူနေသော လူနာများအား အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာန၊ သထုံခရိုင်နှင့် ဘီးလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သထုံခရိုင်နှင့် ဘီးလင်းမြို့နယ် စားသုံးသူရေးရာ ဦးစီးဌာနတို့မှ တာဝန်ရှိသူများ သွားရောက်ကြည့်ရှုပြီး အားပေးကူညီမှုများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိပါသည်။

**နေဇင်(မွန်)**

# ပုသိမ်မြို့တွင် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းသော မွေးမြူရေး ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ



မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်(ဧရာဝတီ တိုင်းဒေသကြီး) အသင်းမှ ကြီးမှူးကျင်းပသော မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းသော မွေးမြူရေးထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး အလုပ်ရုံ ဆွေးနွေးပွဲကို ဇန်နဝါရီ ၁၅ ရက်က ပုသိမ်မြို့ရှိ ပုသိမ်ဟိုတယ် တွင် ကျင်းပပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီးဦးဘဟိန်း၊ လွှတ်တော်ကိုယ် စားလှယ်များ၊ စားသုံးသူရေးရာဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိုင်းအဆင့် အကြီးအကဲများ၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် (ဧရာဝတီတိုင်းဒေသကြီး) အသင်းဥက္ကဋ္ဌ ဦးမြင့်အောင်နှင့် အမှုဆောင်များ၊ အလုပ်အမှုဆောင်များ၊ မြို့နယ်များမှ မွေးမြူရေးလုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်(ရန်ကုန်) မှ ဒေါက်တာဒေါ်လှလှသိန်း၊ ဒေါက်တာဒေါ်မာမာကြည်နှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ပါတယ်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနဝန်ကြီး ဦးဘဟိန်းက အဖွင့်အမှာစကားပြော ကြားပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ဒေါက်တာသန်းနိုင်က တိရစ္ဆာန်မွေးမြူရေးနည်းစနစ်များ မှန်ကန်စေရေး၊ စနစ်တကျမွေးမြူနိုင်ရေး စံနှုန်းသတ်မှတ်ခြင်း၊ ကြီးကြပ်ခြင်း၊ ကျန်းမာရေးကောင်းမွန်မှုရှိစေရန်နှင့် မျိုးရိုးဗီဇ ထိန်းသိမ်းခြင်း၊ ကာကွယ်ဆေးထိုးပေးခြင်းနှင့် သုတေသန ပြုလုပ်ခြင်းများကို မွေးမြူရေးဌာနမှ ပြုလုပ်ပေးလျက်ရှိကြောင်း ဆွေးနွေးပြောကြားပါတယ်။

ဆက်လက်၍ မြန်မာနိုင်ငံမွေးမြူရေးအဖွဲ့ချုပ်၊ ရန်ကုန်မြို့မှ ဒေါက်တာလှလှသိန်းက မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်စေရန်အတွက် ဘေးအန္တရာယ်ကင်းရှင်းသော ထုတ်ကုန်များ ထုတ်လုပ်ခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ ဒေါက်တာမာမာကြည်က မွေးမြူရေးလုပ်ငန်းနှင့် ပတ်သက် ၍ နိုင်ငံတကာ မွေးမြူရေးလုပ်ငန်းများအကြောင်း၊ ဆေးကြွင်း အန္တရာယ်ဓာတ်မတည့်ခြင်း၊ ဆေးယဉ်ပါးခြင်း၊ ဆေးဝါးများ စနစ်တကျ သုံးစွဲနိုင်ရေး၊ ပြောင်းလဲလာသောခေတ်နှင့်အညီ မွေးမြူရေးလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေး၊ စားသုံးသူများ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းစေရေး၊ ဈေးကွက်ဝင် အရည်အသွေးပြည့်မီသော ထုတ်ကုန်များရရှိရေး၊ မွေးမြူရေး စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိစေရေး၊ မွေးမြူရေးနည်းပညာများ မြှင့်တင်ရေး၊ အာဆီယံ အဆင့်မီ ဈေးကွက်ထူထောင်နိုင်ရေး၊ ဈေးကွက် လေ့လာဖို့လိုအပ်ခြင်း၊ တရားမဝင် ဝင်ရောက်လာသော အစားအစာများ တားဆီးနိုင်ရေး အစာစရိတ်ကြီးမြင့်မှုများကို နည်းပညာအကူအညီများ ရယူ၍ ထုတ်လုပ်မှုစရိတ် လျှော့ကျနိုင်ရန် ဆောင်ရွက်နိုင်ရေး ဒေသအာဏာပိုင် သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် မွေးမြူရေးအသင်းအဖွဲ့များ ပူးပေါင်း ဆောင်ရွက်နိုင်ရေး စသည်တို့ကို အသေးစိတ် ဆွေးနွေးဟောပြောခဲ့ကြောင်း သတင်းရရှိပါတယ်။

**မင်းမင်းဦး(ပုသိမ်)**

## မူဆယ်မှရေထွက်ကုန် တန်ချိန်ရောတန်ဖိုးပါ ပိုမိုတင်ပို့

မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဇန်နဝါရီ ၇ ရက်မှ ၁၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၂၇ သန်းတန်ဖိုးရှိ ရေထွက်ကုန်တန်ချိန် ၂၁၃၇ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၉၁ သန်း တန်ဖိုးရှိ ရေထွက်ကုန် တန် ၁၅၀၀ ကျော် တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ သုညဒသမ ၄၃၆ သန်း၊ တန်ချိန်အားဖြင့် ၆၃၇ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ယခုသီတင်းပတ်မှာ ငါးခြောက်၊ ငါးစီဖောင်း၊ ပုစွန်ခြောက် တင်ပို့မှု လျော့နည်းခဲ့ပေမယ့် ယခင်တစ်ပတ်က တင်ပို့မှုမရှိသော အေးခဲပုစွန် တင်ပို့ခဲ့ပြီး ငါးဆားနယ်၊ ငါးလေးခြောက်၊ ကင်းမွန်ခြောက်၊ ပုစွန်ဖွဲ့နဲ့ ငါးမျိုးစုံ တင်ပို့မှု ပိုမိုခဲ့လို့ တန်ချိန်ရောတန်ဖိုးပါ ယခုတစ်ပတ်မှာ ပိုမိုခဲ့ရတာ ဖြစ်ပါတယ်။

တစ်ဖက်ယွမ်ဈေး အနေဖြင့် ငါးရှဥ့်တစ်တန်ဈေးက ယွမ် ၃၁၀၀၀ နဲ့ ပြောင်းလဲမှုမရှိဘဲ ကဏန်းတစ်တန်လျှင် ယခင်တစ်ပတ်က ၅၄၄၉၈ ယွမ်ရှိရာမှ ၅၃၉၃၄ ယွမ်သို့ ဈေးအနည်းငယ်ကျဆင်းခဲ့တယ်လို့ မူဆယ်ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

## တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးဇုန်နဲ့စခန်းများမှ သကြား လျော့နည်းတင်ပို့ပြီး ထိုင်းနယ်စပ်မှ သကြားပိုမိုတင်သွင်း

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ဇန်နဝါရီ ၇ ရက်မှ ၁၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၆၂၄ သန်း တန်ဖိုးရှိသကြား ၄၅၃၉၆ တန်ကျော် တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုမှာ မူဆယ်မှ Re-export သကြား ၄၅၀၅၈ တန်ကျော်၊ ချင်းရွှေဟော်မှ သကြားဖြူ ၂၆၉ တန်နဲ့ Re-export သကြား ၆၉ တန် ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က အဆိုပါ စခန်းနှစ်ခုမှ ၄၆၃၉၀ တန်ကျော် တင်ပို့ခဲ့လို့ ယခုတစ်ပတ်တရုတ်နိုင်ငံသို့ သကြား ၉၉၃ တန်ခန့် လျော့နည်းတင်ပို့ခဲ့ပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ဇန်နဝါရီလဆန်းပိုင်းက သကြား တစ်တန်လျှင် ၁၀၀၀၈၄၀ ကျပ်ဈေးရှိခဲ့ရာမှ ယခုသီတင်းပတ်မှာ ၉၉၅၈၈၀ ကျပ်အထိ ဈေး ကျဆင်းသွားခဲ့တာတွေ့ရပြီး တစ်ဖက်နိုင်ငံတွင် ၅၀ ကီလိုတစ်အိတ်လျှင် ၂၅၇-၂၅၈ ယွမ်ဈေးရရှိတယ်လို့ သိရပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်တွင် ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၆၇၃ သန်းတန်ဖိုးရှိ Re-export သကြား ၈၄၉၆ တန်ခွဲတင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၁၅၅ တန်သာ တင်သွင်းခဲ့ တာကြောင့် ယခုတစ်ပတ်မှာ တန်ချိန် ခုနစ်ထောင်ကျော် ပိုမိုတင်သွင်းနိုင်ခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## ထိုင်းနယ်စပ်မှ ရေထွက်ကုန်များ တင်ပို့မှုကျဆင်း



မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများနဲ့ ကုန်သွယ်ရေးဇုန်များမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၈၅၅ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၄၄၄၄ တန်ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ရေထွက်ကုန် ၆၁၀၄ တန် တင်ပို့ခဲ့တာမို့ ယခုတစ်ပတ်မှာ တန်ချိန် ၁၆၆၀ တင်ပို့မှု ကျဆင်းတာ တွေ့ရပါတယ်။ မြဝတီကုန်သွယ်ရေးဇုန်နဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းများမှ ရေထွက်ကုန်များ ပိုမိုတင်ပို့နိုင်သော်လည်း မြိတ်ကုန်သွယ်ရေးစခန်းမှ တင်ပို့မှုကျဆင်းခဲ့ခြင်းကြောင့် ဖြစ်တယ်လို့ သိရပါတယ်။

ကုန်သွယ်ရေးစခန်းအလိုက် တင်ပို့မှုကို ကြည့်ပါက မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုညဒသမ ၁၅၃ သန်း တန်ဖိုးရှိ ငါးမျိုးစုံ၊ ဂဏန်း၊ ပုစွန်တို့ကို ၁၀၇ တန်၊ ကော့သောင်းကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၂၃ သန်း တန်ဖိုးရှိ ငါးမျိုးစုံ၊ အခြားရေထွက်၊ ကင်းမွန်နဲ့ ဂဏန်း၊ ပုစွန်၊ ရေဘဝဲတို့ကို ၂၆၄၉ တန်၊ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၇၉ သန်း တန်ဖိုးရှိ ငါးမှုန့်၊ သဲကဏန်း၊ ကဏန်း အသေးအသေ၊ ငါးမျိုးစုံ၊ ပုစွန်၊ ကင်းမွန်တို့ကို ၁၆၁၈ တန် တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**မော်မော်အောင်**

# တာချီလိတ်ကုန်သွယ်ရေးစခန်းက အနီးစပ်ဆုံးကာလထက်ရော ယမန်နှစ်ကာလတူထက်ပါ ကုန်သွယ်မှုပိုမို

တာချီလိတ် ကုန်သွယ်ရေးစခန်း၏ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ပို့ကုန်လုပ်ငန်းဆောင်ရွက်နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၉၉ သန်း၊ သွင်းကုန်လုပ်ငန်းဆောင်ရွက် နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၆ ဒသမ ၁၈၄ သန်းဖြစ်ရာ ကုန်သွယ်မှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၇ ဒသမ ၉၈၃ သန်း ဆောင်ရွက်နိုင်တဲ့အတွက် ကုန်သွယ်မှု လျာထားချက်အပေါ် ၇၉ ဒသမ ၈၃ ရာခိုင်နှုန်းဆောင်ရွက်နိုင်ခဲ့ပါတယ်။

တာချီလိတ်ကုန်သွယ်ရေးစခန်းရဲ့ ဒီဇင်ဘာလကုန် သွယ်မှုကို အနီးစပ်ဆုံးကာလဖြစ်တဲ့ နိုဝင်ဘာလ ကုန်သွယ်မှုနဲ့ နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၇၁ သန် ပိုမိုခဲ့သလို ယမန်နှစ် ကာလတူထက်ပါ အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၅၄ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ပါတယ်။ အနီးစပ်ဆုံးကာလရော ကာလတူပါ ကုန်သွယ်မှု ပိုမိုရခြင်းမှာ ပို့ကုန်ပိုင်းတွင် လယ်ယာထွက်ကုန်ပစ္စည်းများ၊ သစ် တောထွက်ပစ္စည်းများ၊ သတ္တုတွင်းထွက်ပစ္စည်းများ ဖြစ်တဲ့ ဆန်၊ ကြက်သွန်နီ၊ ရော်ဘာစိမ်း၊ လက်ဖက်ခြောက်၊ ရာဘာစေး၊ လိမ္မော်သီး၊ တစ်သျှူးငှက်ပျော သစ်ခေါက်၊ သတ္တုနှင့် သတ္တုရိုင်းများ၊ ကတ္တူစက္ကူ ပုလင်းခွံဟောင်း၊ ပလတ်စတစ်ဗူးခွံဟောင်းတို့ ပိုမိုတင်ပို့နိုင်သလို အနီးစပ်ဆုံးကာလတွင် ယခင်လများက တင်ပို့နိုင်ခြင်းမရှိတဲ့ဆန်၊ လက်ဖက်ခြောက်၊ လိမ္မော်သီး၊ ရော်ဘာစိမ်း၊ တစ်သျှူးငှက်ပျောတို့အား ယခုလအတွင်းတွင် တစ်ဖက်နိုင်ငံ၏ ဝယ်လိုအားများခြင်းကြောင့် ပိုမိုတင်ပို့နိုင်ခြင်းဖြစ်ကြောင်း သိရပါတယ်။ သွင်းကုန်ပိုင်းတွင်လည်း ယခုလတွင်ဘိလပ်မြေ၊ စက်နှင့် စက်ပစ္စည်းများ၊ သတ္တုကုန်ချော၊ ဆောက်လုပ်ရေးပစ္စည်းများ၊ တွင်းထွက် (သတ္တုမှအပ) ဆောက်လုပ်ရေးပစ္စည်းများ၊ ဂျုံမှုန့်၊ ဂျုံစေ့၊ ရေနံထွက်ပစ္စည်းများ၊ သုတ်ဆေးပေါလစ်များ၊ အခြားစက္ကူများ တာယာနှင့် ကျွတ်များ၊ စားအုန်းဆီ၊ ဆေးဝါးပစ္စည်းများ၊ ဆပ်ပြာတို့ ပိုမိုတင်သွင်းနိုင်ခြင်းကြောင့်ဖြစ်ပါတယ်။

တာချီလိတ်ကုန်သွယ်ရေးစခန်းတွင် ၂၀၁၆ ခုနှစ် ဩဂုတ်လမှစပြီး ပြည်နယ်အစိုးရအစီအစဉ်ဖြင့် ဌာနစုံကြီးကြပ်ရေးအဖွဲ့ ဖွဲ့ကာ မိုင်းယုတံတားမှနေ၍ တရားမဝင် ကုန်ပစ္စည်းများအား တားဆီး ဆောင်ရွက်လျက်ရှိသဖြင့် တရားမဝင် သွားလာမှုလျော့နည်းသွားကြောင်း သိရသည်။ ယခုအခါ တစ်သျှူးငှက်ပျောနဲ့ ရော်ဘာတို့ကို မိုင်းယုရှိကုန်သည်များက ပို့ကုန်လိုင်စင်လျှောက်ထားပြီး တရားဝင်တင်ပို့လျက်ရှိတဲ့အပြင် တရုတ်နိုင်ငံမှ ဓာတ်မြေဩဇာများကိုလည်း သွင်းကုန်လိုင်စင်များဖြင့် ပြန်လည်တင်သွင်းလျက်ရှိတဲ့အတွက် ကုန်သွယ်မှု ပိုမိုရခြင်းဖြစ်တယ်လို့ သိရပါတယ်။

တာချီလိတ်ကုန်သွယ်ရေးစခန်းရဲ့ ဒီဇင်ဘာအတွင်း အများဆုံးတင်ပို့နိုင်ခဲ့တဲ့ကုန်ပစ္စည်းများကတော့ ကြက်သွန်နီ၊ ငစိန်ဆန် ၂၅ မှတ်၊ ရော်ဘာစေး၊ လက်ဖက်ခြောက်၊ လိမ္မော်သီး၊ ပြောင်းဖူးစေ့၊ ရော်ဘာစိမ်း၊ တစ်သျှူးငှက်ပျော၊ သစ်ခေါက်တို့ဖြစ်ပြီး အများဆုံးတင်သွင်းခဲ့တဲ့ သွင်းကုန်ပစ္စည်းများကတော့ ဘိလပ်မြေ၊ ဒီဇယ်၊ ဓာတ်ဆီ၊ ပြောင်းဖူးစေ့၊ ပီဗွီစီပိုက်၊ ပဲပုပ်ဆီ၊ ဂက်စ်၊ အဝတ်လျှော်ဆပ်ပြာ၊ အင်ဂျင်ဝိုင်တို့ ဖြစ်ပါတယ်။

**ခင်မိုးသူ**

## အိန္ဒိယနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ကွမ်းသီးပိုမိုတင်ပို့

ဇန်နဝါရီ ၇ ရက်မှ ၁၃ ရက်အထိ သီတင်းပတ်အတွင်း အိန္ဒိယနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အမေရိကန် ဒေါ်လာ သုည ဒသမ ၄၁၀ သန်းတန်ဖိုးရှိ ကွမ်းသီး ၅၀၆ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်ကထက် ကွမ်းသီး တန် ၂၀ ခန့် ပိုမိုတင်ပို့ခဲ့ပါတယ်။ ယခုကဲ့သို့ ပိုမိုတင်ပို့ခဲ့ခြင်းမှာ အိန္ဒိယဘက်မှ ကွမ်းသီး တင်ပို့ပါက အကောက်ခွန်နှုန်းထားကို သုည ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းသို့ တိုးမြှင့်ကောက်ခံခြင်းကြောင့် တမူးနယ်စပ်မှ ကွမ်းသီးတင်ပို့မှု ကျဆင်းသွားသော်လည်း တမူးနယ်စပ်မှ ကွမ်းသီးတင်ပို့သော ကုန်သည်များသည် ရိဒ်ကုန်သွယ်ရေးစခန်းမှ တစ်ဆင့် ပြန်လည်တင်ပို့ကြခြင်းကြောင့်ဖြစ်ပြီး မကြာမီ ကွမ်းသီးအသစ်များပေါ်ချိန်ရောက်လာပြီဖြစ်၍ ကုန်သည်များ ဆုံးရှုံးမှုများမဖြစ်ပေါ်ရန် ထုတ်ရောင်းကြခြင်းကြောင့် ဖြစ်တယ်လို့ သိရပါတယ်။

တင်ပို့မှုကိုကြည့်ပါက တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၂၆ သန်းတန်ဖိုးရှိ ကွမ်းသီး ၂၉ တန်နဲ့ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ သုည ဒသမ ၃၈၄ သန်းတန်ဖိုးရှိ ကွမ်းသီး ၄၇၇ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှလည်း ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၄ သန်း တန်ဖိုးရှိ ကွမ်းသီး ၂၀ ဒသမ ၅ တန်ကို တင်ပို့နိုင်တယ်လို့ သတင်းရရှိပါတယ်။ **ခင်မိုးသူ**

## ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ငါးနီတူခြောက်နဲ့ ငါးစုံလေးခြောက်များ တင်ပို့

ဇန်နဝါရီ ၇ ရက်မှ ၁၃ ရက်အထိ သီတင်းပတ်အတွင်း ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃၉ သန်းတန်ဖိုးရှိ ငါးနီတူခြောက် ၂၃ တန်နဲ့ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၅၅ သန်းတန်ဖိုးရှိ ငါးစုံလေးခြောက် ၂၄၈ တန်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်ကထက် ငါးနီတူခြောက် ၁၄ တန်နဲ့ ငါးစုံလေးခြောက် ၂၃၈ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။ ယင်းသို့ပိုမိုတင်ပို့ခဲ့ခြင်းမှာ ယခုတစ်ပတ်မှာ မောင်တောကုန်သွယ်ရေးစခန်းမှ ငါးနီတူခြောက်နဲ့ ငါးစုံလေးခြောက်များ ပြန်လည် တင်ပို့လာခဲ့ခြင်းကြောင့် ဖြစ်တယ်လို့သိရပါတယ်။

တင်ပို့မှုကို ကြည့်ပါက စစ်တွေကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၅ သန်းတန်ဖိုးရှိ ငါးနီတူခြောက် ၃ တန်၊ မောင်တောကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃၄ သန်းတန်ဖိုးရှိ ငါးနီတူခြောက် တန် ၂၀ နဲ့ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၅၅ သန်းတန်ဖိုးရှိ ငါးစုံလေးခြောက် ၂၄၈ တန် တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## ကုန်သွယ်ရေးစခန်းများမှ ဆိုင်ကယ်များ ပိုမိုတင်သွင်း

ဇန်နဝါရီ ၇ ရက်မှ ၁၃ ရက်အထိ သီတင်းပတ်အတွင်း ကုန်သွယ်ရေးစခန်းများနဲ့ ကုန်သွယ်ရေးဇုန်များမှ အမေရိကန်ဒေါ်လာ ၇ ဒသမ ၀၅၉ သန်းတန်ဖိုးရှိ ဆိုင်ကယ် မျိုးစုံ ၂၁၃၄၉ စီးကို တင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၀၄၄၅ စီး တင်သွင်းခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၀၉၀၄ စီး ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခုကဲ့သို့ ပိုမိုတင်သွင်းခဲ့ခြင်းမှာ မူဆယ်ကုန်သွယ်ရေးဇုန်နဲ့ မြဝတီကုန်သွယ်ရေးဇုန်များမှ ဆိုင်ကယ်များ ပိုမိုတင်သွင်းသောကြောင့်ဖြစ်တယ်လို့ သိရပါတယ်။

တင်သွင်းမှုကိုကြည့်ပါက မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၇၇၂ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၁၉၈၈၅ စီး၊ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၆၈ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၁၄၄၅ စီး၊ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၁၉ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၁၉ စီး တင်သွင်းခဲ့ပါတယ်။

မူဆယ်ကုန်သွယ်ရေးဇုန်မှ ဆိုင်ကယ်အပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၂၉၉ သန်းတန်ဖိုးရှိ သုံးဘီးဆိုင်ကယ် ၂၁၇ စီးကို တင်သွင်းခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# [illegible]
# pDelufsm;csrSvf

တရုတ်နိုင်ငံသည် ၂၀၁၇ ခုနှစ်တွင် ပြည်ပပို့ကုန်တိုးတက်နိုင်ရေးအတွက် တရုတ်နိုင်ငံတကာစီးပွားရေးလုပ်ငန်းများ (Multinational Chinese Companies, MCC) ပိုမိုတည်ထောင်မှုကို အားပေးခြင်းနှင့် ကုန်သွယ်မှုဆိုင်ရာ သဘောထားကွဲလွဲမှုပဋိပက္ခများကို ထိထိရောက်ရောက်ဆောင်ရွက်ခြင်း အစရှိသည့် စီမံချက်သစ်များ ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့ကြောင်း သိရှိရသည်။

တရုတ်နိုင်ငံ၏ စီးပွားရေးလုပ်ငန်းများ ပိုမိုတိုးတက်လာမှုသည် ကမ္ဘာ့ကုန်သွယ်ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများတွင် တရုတ်ကုမ္ပဏီများ ပါဝင်ဆောင်ရွက်ရန်နှင့် ကုန်သွယ်မှုတိုးတက်ရေးအတွက် တွန်းအားပေး ဆောင်ရွက်မှု၏ တစ်စိတ်တစ်ဒေသဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် ယခုနှစ်တွင် ပြည်ပကုန်သွယ်မှုများ အများအပြားတိုးတက်လာရန် မျှော်မှန်းမထားကြောင်း အဆိုပါဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ကမ္ဘာ့ကုန်ပစ္စည်းများ၏ ဝယ်လိုအား ကျဆင်းလျက်ရှိရာ နိုင်ငံများအနေဖြင့် ကုန်သွယ်မှုအကာအကွယ်ပေးခြင်းဆိုင်ရာ ရပ်တည်ချက်များ ဆက်လက်ဖြစ်ပေါ်နေသဖြင့် ယခုနှစ်တွင် တရုတ်နိုင်ငံ၏ ပြည်ပကုန်သွယ်မှု အလားအလာမှာ မသေချာမှုများနှင့် အကျဘက်သို့သာရှိနေမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် လုပ်သား၊ မြေယာနှင့် ရင်းမြစ်များ၏ စရိတ်စကများပိုမိုမြင့်တက်လာမည့် အချက်ကိုလည်း အလေးပေးထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာကုမ္ပဏီများနှင့် ယှဉ်ပြိုင်နိုင်ရန် အတွက် Huawei Technoligies Co.,Ltd. China Railway Rolling Stock Corp နှင့် Gree Electric Appliances Inc ကဲ့သို့ နိုင်ငံတကာစီးပွားရေးကုမ္ပဏီများတည်ထောင်ရန်နှင့် ကုန်သွယ်မှုနှင့်စက်မှုဆိုင်ရာမူဝါဒများ ပေါင်းစပ်မှုကို အားဖြည့်ပေးရန်အတွက် အစီအစဉ်များ ရေးဆွဲထားပြီးဖြစ်ကြောင်း တရုတ်နိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ Sun Jiwen က ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ၏ အကောက်ခွန်ဌာနမှ ထုတ်ပြန်သည့် စာရင်းအရ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီမှ နိုဝင်ဘာအတွင်း ကုန်သွယ်မှုပမာဏသည် ယခင်နှစ်ထက် ၁ ဒသမ ၂ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း သိရှိရသည်။ တရုတ်ကုမ္ပဏီများအနေဖြင့် နိုင်ငံတကာ ဈေးကွက်များတွင် ပါဝင်ဆောင်ရွက်နေပြီဖြစ်၍ အပြန်အလှန် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ (Two-way investment) ပိုမိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ခြင်းက ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုဆောင်ရွက်ရန်လှုံ့ဆော်ပေးပြီး နိုင်ငံတကာကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စည်းမျဉ်းများချမှတ်နိုင်ရေးအတွက် အကူအညီ ဖြစ်စေမည်ဖြစ်ကြောင်း၊ ထို့အပြင် Two-way investment က ၂၀၁၇ ခုနှစ်တွင် မိတ်ဖက်နိုင်ငံများနှင့် လွတ်လပ်သော ကုန်သွယ်မှုဆိုင်ရာသဘောတူညီချက်များ အကောင်အထည်ဖော်ရေးအတွက် ပိုမို ဆောင်ရွက်လာကြမည်ဖြစ်ကြောင်း Sun Jiwen က ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံ၏ ကုန်သွယ်မှု မူဝါဒအသစ်များကလည်း ယခုနှစ်ပထမနှစ်ဝက်အတွင်း တရုတ်နိုင်ငံ၏ ပို့ကုန်လုပ်ငန်းများအပေါ် များစွာသက်ရောက်စေမည်ဖြစ်ကြောင်း၊ သို့ရာတွင် ကုန်သွယ်မှုလုပ်ငန်းသည် အခြား လုပ်ငန်းများနှင့် တွဲဖက်နေသည့် လုပ်ငန်းဖြစ်ခြင်းကြောင့် မည်သည့်မူဝါဒအပြောင်းအလဲကမှ အမေရိကန်နှင့် တရုတ်နှစ်နိုင်ငံစလုံးကို ရေရှည် စီးပွားရေးလုပ်ငန်းများဆုံးရှုံးမှုကို ဖြစ်ပေါ်စေလိမ့်မည်မဟုတ်ကြောင်း ပေကျင်းအခြေစိုက် WTO ဆိုင်ရာ လေ့လာမှုအဖွဲ့အစည်း၏ ဒုတိယညွှန်ကြားရေးမှူးဖြစ်သူ Xue Rongjiu က ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် တတိယအကြိမ်အဖြစ် စီချွမ်ပြည်နယ်နှင့် ဟန်နန်းပြည်နယ်အပါအဝင် နောက်ထပ် လွတ်လပ်သော ကုန်သွယ်မှုဇုန်ခုနစ်ခုအား မကြာမီဖွင့်လှစ်သွားမည်ဖြစ်ပြီး အဆိုပါ လွတ်လပ်သော ကုန်သွယ်မှုဇုန်များက ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် တိုးတက်မှုများကို ဖန်တီးပေးမည်ဟု မျှော်လင့်ထားကြောင်း သိရှိရသည်။

**Source: Chinadaily**

**စန္ဒာထွန်း (TTI)**

# SMEs လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန်အတွက် ထိုင်းနိုင်ငံအစိုးရက ဘတ် ၂၀ ဘီလီယံသုံးစွဲရန်လျာထား

အသေးစားနှင့် အလတ်စားလုပ်ငန်းများ လုပ်ကိုင်နေသူများ၏ ဘဝ တိုးတက်ကောင်းမွန်ရေးနှင့် တန်ဖိုးမြင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး ရည်ရွယ်ချက်ဖြင့် ထိုင်းနိုင်ငံအစိုးရသည် လယ်ယာစိုက်ပျိုးရေးနှင့် ခရီးသွား လုပ်ငန်းကဏ္ဍရှိအသေးစားနှင့် အလတ်စားလုပ်ငန်းများအတွက် ထိုင်းဘတ် ဘီလီယံ ၂၀ သုံးစွဲရန် လျာထားကြောင်း ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် ဆွမ်ကစ်ဂျာတူရှရီပီတက်က ပြောကြားခဲ့သည်။

အဆိုပါစီမံချက်သည် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍအတူတကွ ပူးပေါင်းဆောင်ရွက်ကြမည့် ပဏာမခြေလှမ်း၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ အဆိုပါစီမံချက်သည် ပြည်နယ်တစ်ခုချင်းစီ၌ SME လုပ်ငန်းအသစ်များပေါ်ထွန်းရေးနှင့် ပြည်တွင်းစီးပွားရေးခိုင်မာတိုးတက်ရေးတို့ကို အထောက်အပံ့ဖြစ်စေနိုင်ကြောင်း ဒုတိယဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

အဆိုပါဘတ်ဂျက်ငွေဖြင့် ပြည်တွင်း SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်ဆောင်ရွက်မည့် စီမံချက်သည် ခရီးသွားလုပ်ငန်းနှင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍများအတွက် ရည်ရွယ်ထားကြောင်း ရည်မှန်းချက် အောင်မြင်ရေးအတွက် စီမံချက်မူကြမ်းနှစ်ခု ရေးဆွဲရန် အစိုးရက အထူးကော်မတီတစ်ရပ်ကို ဖွဲ့စည်းထားရှိပြီးဖြစ်ကြောင်း၊ စီမံချက်များအတွက် ဆောင်ရွက်မည့် အစီအစဉ်ကို အစိုးရအဖွဲ့ထံမှ ခွင့်ပြုချက်ရရှိရေးအတွက် လာမည့် ရက်သတ္တပတ်များအတွင်း ခွင့်ပြုချက်တင်ပြတောင်းခံရန် မျှော်မှန်းထားကြောင်း ထိုင်းနိုင်ငံ စက်မှုဝန်ကြီးဌာနဝန်ကြီး ဥတာမာဆာဗာနာယာနက ပြောကြားခဲ့သည်။

တောင်သူ လယ်သမားများကို ကူညီပေးရန်အတွက် e-commerce စနစ်ဖြင့် ကမ္ဘာတစ်ဝန်းရှိ ဝယ်ယူ သုံးစွဲသူများထံ ကုန်ပစ္စည်းများ ဖြန့်ဖြူးရေးနှင့် ရောင်းဝယ်ခြင်းပြုလုပ်ရာတွင် အဆင်ပြေလွယ်ကူအောင် ကူညီဆောင်ရွက်ပေးမည့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာန၊ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အထူးကော်မတီအနေဖြင့် တောင်သူများအား ထောက်ပံ့မှုဆိုင်ရာစီမံချက်မူကြမ်းရေးဆွဲသွားမည်ဖြစ်ကြောင်း သိရှိရသည်။

စီမံချက်မူကြမ်း နှစ်ခုအနက်တစ်ခုမှာ လယ်ယာစိုက်ပျိုးရေးဆိုင်ရာ အသေးစားနှင့် အလတ်စား လုပ်ငန်းများစီမံချက် Agri-SMEs ဖြစ်ပြီး၊ အဆိုပါ စီမံချက်သည် သီးနှံတစ်မျိုးတည်းကိုသာ သတ်သတ်မှတ်မှတ် စိုက်ပျိုးခြင်းကို ရပ်စဲပြီး၊ တန်ဖိုးမြှင့် အခြားထုတ်ကုန်များအဖြစ် ပြုပြင်ပြောင်းလဲထုတ်လုပ်နိုင်သည့် အကျိုးအမြတ် ပိုမိုရရှိမည့် သီးနှံများကို ပြောင်းလဲစိုက်ပျိုးရန်အတွက် တောင်သူများကို အားပေးတိုက်တွန်းရန် ရည်ရွယ်ထားပါကြောင်း သိရသည်။

နောက်ထပ်စီမံချက်မူကြမ်းမှာ ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်မှုပြုလုပ်ရန်အတွက် ပြည်တွင်း စီးပွားရေးလုပ်ငန်းများ၊ လယ်ယာစိုက်ပျိုးရေးထုတ်ကုန်များနှင့်ပြည်တွင်းထုတ် အမှတ်တရပစ္စည်းများအပေါ် ရည်ရွယ်ထားသည့် ဆန်းသစ်တီထွင်ဖန်တီးမှု ပြုလုပ်ရာ စက်မှုရွာ (Creative Industry Village) များ ပေါ်ထွန်းရေး စီမံချက်ဖြစ်သည်။ အဆိုပါစီမံချက်သည် အုပ်စုလိုက် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်မှုများတွင် ကမ္ဘာလှည့်ခရီးသွားများ ပါဝင်ဆောင်ရွက်မှုနှင့် ကျေးလက်များ၌ နေထိုင်ကာ အတွေ့အကြုံများရယူမှုကို ခွင့်ပြုထားပါသည်။

အဆိုပါစီမံချက်များသည်ပြည်သူများဝင်ငွေတိုးတက်စေရေးနှင့်ပြည်တွင်းစီးပွားရေးတိုးတက်စေရေးအတွက် အကူအညီဖြစ်စေပြီး တစ်နိုင်ငံလုံးစီးပွားရေး တိုးတက်လာမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံစက်မှုဝန်ကြီးဌာန ဝန်ကြီးက ပြောကြားခဲ့သည်။

စီမံကိန်းစတင်ရန် ရှေ့ပြေးအစီအစဉ်များအတွက် ပြည်နယ်များစွာကို ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**Source: Bangkok Post**

**စန္ဒာထွန်း (TTI)**

# မြို့ပြရည်မှန်းချက်များ ဖော်ဆောင်မည့်လုပ်ငန်းများအတွက် သုံးနှစ်စာရန်ပုံငွေကို အိန္ဒိယ အစိုးရက တစ်လုံးတည်းခွင့်ပြု

အိန္ဒိယနိုင်ငံတွင် အကောင်အထည်ဖော်လျက်ရှိသည့် AMRUT ဟုလူသိများသော Atal Mission for Rejuvenation and Urban Transformation ငါးနှစ် စီမံကိန်းအရ ကျန်သုံးနှစ်အတွင်း ဆက်လက် အကောင်အထည်ဖော်မည့်လုပ်ငန်းများအတွက် ဘဏ္ဍာငွေများအား ပုံမှန်အလေ့အထဖြစ်သည့် တစ်နှစ်ချင်းစီ လျာထားခွင့်ပြုခြင်းထက် သုံးနှစ်အတွက် တစ်လုံးတည်း ခွင့်ပြုပေးရန် အိန္ဒိယအစိုးရက ဆုံးဖြတ်ခဲ့ကြောင်း သိရှိရပါသည်။

AMRUT စီမံကိန်းသည် မြို့ပြများတွင် ရေပေးဝေရေး၊ ရေဆိုးစွန့်ပစ်စနစ်နှင့် ကွန်ရက်များ တိုးတက်ကောင်းမွန်လာစေရေးနှင့် ရေစီးရေလာကောင်းမွန် စေရေးတို့ကို အဓိကအားဖြင့် ဆောင်ရွက်ကြောင်း ပြည်နယ်များအား ယခုကဲ့သို့ သုံးနှစ်စာတစ်လုံးတည်း ခွင့်ပြုပေးရခြင်းမှာ စီမံကိန်းများအား လက်တွေ့မြေပြင်တွင် စဉ်ဆက်မပြတ် အကောင်အထည်ဖော်နိုင်စေရန် ဖြစ်ကြောင်း မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး Rajiv Gauba က ပြောကြားခဲ့ ကြောင်း သိရှိရပါသည်။

ယခုခွင့်ပြုခဲ့သည့် စီမံကိန်းများ၌ မဒ္ဒရာပရာ ဒေ့ရှ်၊ ဂူဂျာရတ်၊ ရာဂျက်စသန်နှင့် ပန်ဂျပ်ပြည်နယ်တို့ အပါအဝင် ပြည်နယ်ပေါင်း ၁၄ ခုပါဝင်ကြောင်း ယခု ခွင့်ပြုခဲ့သည့် ပမာဏအပါအဝင် မြို့ပြရည်မှန်းချက် စီမံကိန်းများအတွက် ဘဏ္ဍာငွေ ၈၅ ရာခိုင်နှုန်းခန့် အား မြို့ပြ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနက ခွင့်ပြုပေးခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါ စီမံချက်အရ အိန္ဒိယနိုင်ငံအတွင်းရှိ လူဦးရေ တစ်သိန်းနှင့်အထက်ရှိသော မြို့ ပေါင်း ၅၀၀ တွက် အစိုးရအနေဖြင့် ၂၀၁၉-၂၀ ဘဏ္ဍာ နှစ်အထိ ရူပီးကုဋေ တစ်သိန်းခန့် ရင်းနှီးမြှုပ်နှံမှုပြုရန် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများ အချိန်မီပြီးစီးရေးကိုလည်း စီစဉ်ဆောင်ရွက်နေကြောင်း၊ AMRUT အစီအစဉ်အောက်ရှိ ရူပီးငွေ ကုဋေ ၁၆၀၀၀ တန်ဖိုးရှိ ကျန်ရှိနေသော စီမံကိန်းများအတွက် ဘဏ္ဍာငွေကိုလည်း ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလကုန်ပိုင်း၌ ခွင့်ပြုပေးနိုင်လိမ့်မည်ဖြစ်ကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**

**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# w&m;r0ifukbkGfrsm; taj ctae

|ကျော်ဆန်းထွန်း|







ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေဖြင့် စီးပွားရေးမူဝါဒများအား ပြုပြင်ပြောင်းလဲပြီး ဈေးကွက်စီးပွားရေးစနစ်အား အကောင်အထည်ဖော်ကာ ပြည်ပနိုင်ငံများနှင့် ကုန်သွယ်ဆက်ဆံမှုများအား တိုးမြှင့်ခဲ့သည့်အပြင် နိုင်ငံပိုင် ကုန်သွယ်မှုလုပ်ငန်းများအား ပုဂ္ဂလိကကဏ္ဍသို့ လုပ်ကိုင်ခွင့်ပြုပေးခဲ့သည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာကာ ကုန်သွယ်မှုပမာဏများလည်း နှစ်စဉ်တိုးတက်လာခဲ့သည်။ ကုန်သွယ်မှုပြုရာတွင် နယ်စပ်ဖြတ်ကျော် ကုန်းကြောင်းကုန်သွယ်မှု၊ ပင်လယ်ရေကြောင်းကုန်သွယ်မှုနှင့် လေကြောင်းမှ ကုန်သွယ်မှုတို့ကိုပါ ခွင့်ပြုဆောင်ရွက်စေလျက် ရှိပါသည်။

**တရားမဝင်ကုန်သွယ်မှုများ ပူးတွဲဆောင်ရွက်လာမှုအခြေအနေ**

ပုဂ္ဂလိက ကုန်သွယ်မှုကဏ္ဍများ ဖွံ့ဖြိုးလာမှုနှင့်တစ်ပြိုင်တည်းတွင် တရားမဝင် ကုန်သွယ်မှုများ လည်း ဆောင်ရွက်လာကြသည်ကို တွေ့ရှိလာရပါသည်။ တရားမဝင်ကုန်သွယ်မှုဆိုရာတွင် တရားမဝင်လမ်းကြောင်းပေါ်မှ တရားမဝင်ဆောင်ရွက်မှုနှင့် တရားဝင်လမ်းကြောင်းပေါ်မှ တရားမဝင်ဆောင်ရွက်မှုများပါ ပါဝင်ပါသည်။ နိုင်ငံတော်အနေဖြင့် တင်ပို့/တင်သွင်းရန် ကန့်သတ်တားမြစ်ထားသော ကုန်သွယ်ခွင့်ပြုမထားသည့် ပစ္စည်းအမယ်များအား တရားမဝင် တင်ပို့/တင်သွင်းခြင်းနှင့် တရားဝင်တင်သွင်း ခွင့်ပြုပေးထားသော်လည်း တရားဝင်လမ်းကြောင်းပေါ်မှ လိုအပ်သော ခွင့်ပြုချက်များရယူကာ နိုင်ငံတော်သို့ ကျသင့်အခွန်အကောက်များပေးဆောင်ခြင်းမပြုဘဲ တရားမဝင် တင်ပို့/တင်သွင်းခြင်း လုပ်ငန်းများဖြစ်ပါသည်။

တရားဝင်လမ်းကြောင်းပေါ်မှ တရားမဝင် ကုန်သွယ်မှုပြုကြရာတွင် အကောက်ခွန်ဌာန၌ အမှန်ကြေညာထားသော သွင်းကုန်ပစ္စည်းအရေအတွက်ထက် ပိုမိုတင်ပို့/တင်သွင်းခြင်း၊ ကြေငြာထားသော သွင်းကုန်ပစ္စည်းအမျိုးအစားမဟုတ်ဘဲ အခြားပစ္စည်းများကို မမှန်မကန်တင်ပို့/တင်သွင်းခြင်း၊ အမှန် ရောင်းချ/ဝယ်ယူရသော ဈေးနှုန်းများအတိုင်း ကြေညာ၍ အခွန်အခပေးဆောင်ခြင်းမပြုဘဲ အကောက်ခွန်ပေးဆောင်ရမှု လျှော့ချရန် အလို့ငှာ ပစ္စည်းတန်ဖိုး လျှော့ချကြေငြာခြင်း၊ တင်သွင်းသော ပစ္စည်း၏ Brand /Model/ Type /Size စသည်တို့အား အမှန်ဖော်ပြခြင်းမရှိဘဲ ကွဲလွဲစွာကြေညာ တင်သွင်းခြင်းစသည့်နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

**တရားမဝင်ကုန်သွယ်မှု၏ ဆိုးကျိုးများ**

တရားမဝင် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ကြခြင်းကြောင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်အကောက်များ အပြည့်အဝမရရှိဘဲ လျော့ကျစေခြင်း၊ နိုင်ငံတော်၏ ကုန်သွယ်မှုပမာဏ လျော့ကျစေခြင်း၊ စားသုံးသူပြည်သူများအတွက် အကာအကွယ်မဲ့စေခြင်း(စားသုံးရန်သင့်/မသင့်၊ ကျန်းမာ ရေးနှင့် ညီညွတ်မှုရှိ/မရှိ အဆင့်အတန်းမီ/မမီ စသည်ဖြင့် စစ်ဆေးခွင့်ပြုချက်မရှိခြင်း)၊ ဈေး ကွက်ယှဉ်ပြိုင်နိုင်မှုအားနည်းခြင်း (တရားမဝင် ဆောင်ရွက်သူများက တရားဝင်လုပ်ငန်းတူဆောင်ရွက်သော အခြားစီးပွားရေးလုပ်ငန်းများထက် ဈေးနှုန်းလျှော့ချရောင်းချခြင်းကြောင့် တရားဝင်ဆောင်ရွက်သူများ အနေဖြင့် ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်မှု အားနည်းလာခြင်း)၊ နိုင်ငံတော်အတွက် ကုန်သွယ်မှုကိန်းဂဏန်းများ မှန်ကန်မှုမရှိခြင်း၊ ကုန်သွယ်မှုလုပ်ငန်းများနှင့် ဆက်စပ်နေသော လုပ်ငန်းဌာနများ၊ ဝန်ထမ်းများ၊ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ တာဝန်ရှိသူများနှင့် လာဘ်ပေး၊ လာဘ်ယူဆောင်ရွက်မှုများ ဖြစ်လာကာ အကျင့်ပျက်ခြစားမှုများဖြစ်ပေါ်စေခြင်း စသည့်ဆိုးကျိုးများ ဖြစ်ပေါ်စေနိုင်ပါသည်။

**တရားမဝင်ကုန်သွယ်မှုဆောင်ရွက်နေသည့်နေရာများ**

နိုင်ငံတော်အတွင်း ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရန်ခွင့်ပြုပေးထားသော ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်းအားလုံးတွင် တရားမဝင်ကုန်သွယ်မှုများ ဆောင်ရွက်လျက်ရှိနေကြောင်း တွေ့ရှိရပါသည်။ ကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည့်အတွက် စစ်ဆေးရေးလုပ်ငန်းများကြောင့် နှောင့်နှေးကြန့်ကြာမှုများ မရှိစေရေး ကုန်သွယ်မှု ဖြေလျော့မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။ အကောက်ခွန်စစ်ဆေးရေးလုပ်ငန်းများတွင် Risk Management စနစ်အရ စီမံခန့်ခွဲ ဆောင်ရွက်လျက်ရှိသော်လည်း တင်ပို့/တင်သွင်းမှုအားလုံးအား အသေးစိတ် စစ်ဆေးနိုင်ခြင်းမရှိသည်ကို အခွင့် ကောင်း ရယူကာ နေရာတိုင်းတွင် မမှန်မကန်ဆောင်ရွက်မှုများ ရှိလာခဲ့ပါသည်။

ယခင်က နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုလုပ်ငန်းများအတွက် အဓိက ဝင်/ထွက် လမ်းကြောင်း နေရာများဖြစ်သော မန္တလေး-မူဆယ်လမ်းကြောင်းတွင် သိန်းနီမြို့အနီး ရေပူစစ်ဆေးရေးဂိတ်နှင့် မြဝတီ- ရန်ကုန်လမ်းကြောင်းတွင် မရမ်းချောင်စစ်ဆေးရေးဂိတ်တို့ကို ဖွင့်လှစ်ပြီး အဖွဲ့စုံဖြင့် စစ်ဆေးဆောင်ရွက်ခဲ့ ပါသည်။ နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းများတွင် စစ်ဆေးရေးဂိတ်များကြောင့် ကုန်စည်စီးဆင်းမှု ကြန့်ကြာမှုများရှိလာသဖြင့် ကုန်စည်စီးဆင်းမှုလျင်မြန်စေရေးအတွက် ၎င်းစစ်ဆေးရေးဂိတ်များအား ဖျက်သိမ်းပေးခဲ့ပါသည်။ လမ်းခရီးရှိကုန်ပစ္စည်းစစ်ဆေးရေးဂိတ်များအား ရုပ်သိမ်းပေးခဲ့ပြီးနောက် နယ်စပ်ဖြတ်ကျော် တရားမဝင် ကုန်သွယ်မှုများလည်း များပြားလာခဲ့ပါသည်။

**တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးဆောင်ရွက်မှုများ**

တရားမဝင် ကုန်သွယ်မှုများ တားဆီးထိန်းချုပ်ရေးအတွက် နယ်စပ်ကုန်သွယ်ရေးဂိတ်များတွင် တာဝန်ထမ်းဆောင်နေသော One Stop Services အဖွဲ့ဝင်များက အဖွဲ့ဖြင့် ရှောင်တခင် တားဆီးစစ်ဆေး ဖမ်းဆီးခြင်းများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၏ ရှောင်တခင်စစ်ဆေး ဖမ်းဆီးမှုများအနေဖြင့် ၂၀၀၄-၂၀၀၅ ဘဏ္ဍာနှစ်မှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အထိ အကောက်ခွန်အမှုတွဲ ၁၁၄၅၇ မှု၊ (ခန့်မှန်းတန်ဖိုး ကျပ်သန်းပေါင်း ၄၇၀၀၀ ကျော်) အား သိမ်းဆည်းအရေးယူနိုင်ခဲ့ပြီး ကုန်စည်စီးဆင်းမှု လျင်မြန်ချောမွေ့စေရေးအတွက် မရမ်းချောင်နှင့် ရေပူစစ်ဆေးရေးဂိတ်များအား ရုပ်သိမ်းခဲ့သည်။ ထို့ပြင် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့ (One Stop Services) အား ကုန်သွယ်ရေးဦးစီးဌာန (ယခင်နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန)မှ ခေါင်းဆောင်အဖြစ် ဆောင်ရွက်ခြင်းမပြုတော့ဘဲ သက်ဆိုင်ရာဌာနအလိုက် သတ်မှတ်ထားသည့်လုပ်ထုံးလုပ်နည်း ဥပဒေများအတိုင်း ဆက်လက်ဆောင်ရွက်ခဲ့သည်။ သို့သော် တရားမဝင် ကုန်သွယ်မှုများကြောင့် ကုန်သွယ်မှုပမာဏ များကျဆင်းလာပြီး တရားဝင်လမ်းကြောင်းပေါ်မှ ဆောင်ရွက်လျက်ရှိသော ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုလျော့ နည်းလာမှုအပေါ် တိုင်ကြားမှုများ၊ နိုင်ငံတော်မှ တရားဝင်တင်သွင်းခွင့်ပြုမထားသော နိုင်ငံခြားဖြစ် အရက်၊ ဘီယာ၊ စီးကရက်ကဲ့သို့သော ကန့်သတ်ကုန်ပစ္စည်းများ နိုင်ငံအနှံ့အပြားရှိ မြို့ကြီးများရှိ စတိုးဆိုင်များ၊ ကုန်တိုက်များတွင် ပေါ်များစွာဝယ်ယူရရှိနေခြင်းစသော တစ်စတစ်စ ကြီးထွားလာသည့် တရားမဝင် ကုန်သွယ်မှုများကြောင့် ထိရောက်စွာ တားဆီးရန်လိုအပ်လာသည့် အခြေအနေများ၊ ကုန်သွယ်မှုပမာဏကျဆင်းလာမှုများ၊ နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်အခများ အပြည့်အဝ မရရှိ မှုများ၊ ကျန်းမာရေးနှင့်မကိုက်ညီသော စားသုံးရန်မသင့်သည့် တိရစ္ဆာန်ထွက်ပစ္စည်းများ တင်သွင်းမှုများပြားလာမှု အခြေအနေများကို တင်ပြခဲ့ရာ ဒုတိယသမ္မတက "သက်ဆိုင်သော ဝန်ကြီးဌာန များ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများနှင့် အစည်းအဝေးတစ်ရပ်ပြုလုပ်၍ ညှိနှိုင်းဆွေးနွေးအဖြေရှာ ဆောင်ရွက်ရန်" လမ်းညွှန်ခဲ့ပါသည်။

၎င်း၏ညွှန်ကြားချက်အရ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အကြိမ်ကြိမ်ညှိနှိုင်းဆွေးနွေးခြင်း၊ သက်ဆိုင်ရာ ဒေသများတွင် တရားမဝင် ကုန်သွယ်မှုများလျော့နည်း ပပျောက်ရေး အလုပ်ရုံဆွေးနွေးပွဲများကျင်းပပြီး သက်ဆိုင်ရာ လုပ်ငန်းရှင်များ၊ ဒေသခံပြည်သူလူထုများ၊ ဌာနဆိုင်ရာများ၏ အကြံပြုဆွေးနွေးချက်များအရ တရားမဝင်ကုန်သွယ်မှု တားဆီးရေးလုပ်ငန်းဆောင်ရွက်မည့် အခြေအနေအား ကုန်သွယ်မှုတွင် အဓိက ကျသည့် ရန်ကုန်၊ မန္တလေး၊ မူဆယ်၊ လားရှိုး၊ ဘားအံ၊ မော်လမြိုင်နှင့် မြဝတီတို့တွင် ကုန်သည် လုပ်ငန်းရှင်များ မီဒီယာများ၊ စိတ်ပါဝင်စားသူ ပြည်သူများနှင့် ကြိုတင်အသိပေးဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၂ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်တွင် ကျင်းပပြုလုပ်သည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး၌ လှိုင်မြို့နယ်၊ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့်က "တရားမဝင် ကုန်စည်များဝင်ရောက်နေမှုနှင့်တရားမဝင်ခိုးထုတ်နေမှုများအား ပြည်ထောင်စုအဆင့် ကော်မတီတစ်ရပ် ဖွဲ့စည်း၍ ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူဆောင်ရွက်ပေးပါရန်" အဆိုအား ပြည်သူ့ လွှတ်တော်က အတည်ပြုပေးခဲ့ပါသည်။ ၎င်းကိစ္စအား ပြည်သူ့လွှတ်တော် ဥက္ကဌက ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၂၃ရက်နေ့တွင် နိုင်ငံတော်သမ္မတထံသို့ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ပါရန် သဝဏ်လွှာပေးပို့ခဲ့ပါသည်။


ကုန်သွယ်မှုပြုလုပ်သည့် ပင်လယ်ရေကြောင်း ၊ လေကြောင်း၊ နယ်စပ်ကုန်သွယ်မှုစခန်းများနှင့် နေရာအသီးသီး၌ တရားမဝင် ကုန်သွယ်မှုများ ဆောင်ရွက်နေခြင်းကို စစ်ဆေးဖော်ထုတ်၍ ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရန်အတွက် တရားမဝင် ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးဗဟိုကော်မတီကို နိုင်ငံတော်သမ္မတရုံးက ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်တွင် အမိန့် ကြော်ငြာစာထုတ်ပြန်၍ ဖွဲ့စည်းပေးခဲ့သဖြင့် တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး လုပ်ငန်းများအား Mobile Team အဖွဲ့များဖြင့် စတင်ဆောင်ရွက်ခဲ့ပါသည်။

➲ စာမျက်နှာ - ၂၆ သို့


ေအာင္ျမန္မာ
AUNG MYANMAR
Authorized Distributor
KTOR
PURE
Since-1994
WATER PROFESSIONAL
SHOW ROOM
No. 205/B, Bo Soon Pat Street, Pabedan Tsp, Yangon, Myanmar.
Tel : 01 371499, 09 258402266, 09 73362266, 09 975762266
Email : aungmyanmar201@gmail.com


Lucky
Fiber Glass
JAPAN U.P.V.C
TRUNKING WAY
အဆင့်မြင့်ကုန်ကြမ်း ပစ္စည်းများအသုံးပြုခြင်း
PVC ကုန်ကြမ်းကုန်ချောများကို မိတ်ဆွေများ
စိတ်တိုင်းကျ ဆောင်ရွက်ပေးနိုင်ခြင်း
စက်ရုံမှ တိုက်ရိုက် ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း
ဖြန့်ချိရေး - Four Diamond CO.,LTD.
အမှတ် (၄၆၅)၊ ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့
Hotline 09 8616696, 01 - 548194


Golden Fish Rope
PAN YOMA CO., LTD.
Manufacturing of Golden Fish Plastic Rope:
HDPE Rope - ရောင်စုံကြိုး
HDPE Twine Bobbin
HDPE Rope - ဝဲကြိုး
HDPE Rope - ကြိုးဖြူ
P.P Rope - ဝါးကြိုး
HDPE Twine - ချည်မ၊ ချည်စိမ်း
လိပ်စာ - အမှတ်(၂၆၆/၂၆၉)၊ ပန်းပဲခေါင်းမောင်ခက်လမ်း၊ ရွှေလင်ပန်းစက်မှုဇုန်၊ လှိုင်သာယာစက်မှုမြို့နယ်။
ဖုန်း - ၀၁ ၆၁၇၁၉၀၊ ၀၁ ၆၁၃၆၈၉၊ ၀၁ ၆၁၃၈၇၆၊ ၀၁ ၆၁၃၅၅၉
ဖက်(စ်) - ၀၁ ၆၁၇၀၂၈
Email : chitsein@panyoma.com.mm
Website : www.panyoma.com


KO KO MYINT
INTERNATIONAL CO.,LTD
Building (B),Room (401),9th Floor,Mindama Condo,Manyangone Tsp.
Ph :09 770000223,09 770000224 ~ 8.
Fax : 01-9669797


G.M.S.L
Global Mars
Shipping & Logistics Services Co., Ltd.
CHARTERING
AGENCY SERVICES
CONSULTING
FREIGHT FORWARDING SERVICES
HUSBANDRY
No. 63, 1st Floor, Bokalay Zay Street (Lower Block), Botahtaung Township,
Yangon, Myanmar.
Mobile: (959) 423727261 Ph: (959) 73237376 Fax: (959) 73237376
Email: admin@globalmarsshipping.com Website: www.globalmarsshipping.com

## ပြောင်း

### တရုတ်နယ်စပ်မှ ပြောင်းလျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်နဲ့ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းများမှ ဇန်နဝါရီ ၇ ရက်မှ ၁၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၇ ဒသမ ၉၃၀ သန်းတန်ဖိုးရှိ ပြောင်းဖူးစေ့ ၄၅၄၆၈ တန်ကျော် တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုမှာ မူဆယ်မှ ၃၆၈၇၀ တန်၊ လွယ်ဂျယ်မှ ၃၈၈၄ တန်ကျော်နဲ့ ချင်းရွှေဟော်မှ ၄၇၁၄ တန်ခွဲ ဖြစ်ပါတယ်။ ယခင်တစ်ပတ်က အဆိုပါစခန်းသုံးခုမှ ပြောင်းတန်ချိန် ၄၆၀၈၉ တန်ကျော် တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ ပြောင်းတန်ချိန် ၆၀၀ ကျော် လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ဇန်နဝါရီလဆန်းပိုင်းက ပြောင်းတစ်တန်ကို ၂၃၃၂၇၀ ကျပ်ရှိရာမှ ယခုသီတင်းပတ်မှာတော့ ၂၃၅၂၉၄ ကျပ်သို့ ဈေးအနည်းငယ် တက်လာကြောင်း၊ သယ်ယူစရိတ်မှာ တစ်ပိဿာ ၉၅-၁၀၀ ကျပ်ရှိ၍ ပြောင်း ၁၅၃၈ စီး ဝင်ရောက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**မော်မော်အောင်**

## လဲမှို

### ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ လဲမှို တင်ပို့ပြီး တရုတ်နိုင်ငံသို့ ပိုးအိမ်တင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ရှိ မောင်တောကုန်သွယ်ရေးစခန်းမှ ဇန်နဝါရီ ၇ ရက်မှ ၁၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၈၅၀၀ တန်ဖိုးရှိ လဲမှို ၁၀ တန် တင်ပို့ခဲ့သလို မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုညဒသမ ဝ၇၂ သန်းတန်ဖိုးရှိ ပိုးအိမ် ၁၆ တန် တင်ပို့ခဲ့ပါတယ်။

မောင်တောမှ လဲမှို ၁၂ တန်ကို အောက်တိုဘာလ အတွင်းက တင်ပို့ခဲ့ပြီး လိုင်စင်ဈေးမှာ တစ်တန်ကို အမေရိကန်ဒေါ်လာ ၈၅၀ ရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## တစ်သျှူးငှက်ပျော

### တရုတ်နယ်စပ်မှ တစ်သျှူးငှက်ပျောပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ကန်ပိုက်တီးနဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းနှစ်ခုမှ ဇန်နဝါရီ ၇ ရက်မှ ၁၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၇၂ သန်းတန်ဖိုးရှိ တစ်သျှူးငှက်ပျော ၉၁၂၆ တန် တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ ကန်ပိုက်တီးမှ ၉၀၂၅ တန်၊ လွယ်ဂျယ်မှ ၁၀၁ တန်ဖြစ်ပါတယ်။ ယခင်ရက်သတ္တပတ်က ကန်ပိုက်တီးမှ ၃၀၇၅ တန်နဲ့ လွယ်ဂျယ်မှ ၄၆ တန်ကျော် တင်ပို့ခဲ့လို့ ယခုတစ်ပတ် တရုတ်နိုင်ငံသို့ တစ်သျှူးငှက်ပျော တင်ပို့မှု ပိုမိုခဲ့ပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းကတော့ ယခင်တစ်ပတ်က တန် ၂၀၀ တင်ပို့ခဲ့ပြီး ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ ၁၆၁၆၀ တန်ဖိုးရှိ တစ်သျှူးငှက်ပျော တန် ၅၀ သာ တင်ပို့ခဲ့တဲ့အတွက် ထိုင်းနိုင်ငံသို့ တစ်သျှူးငှက်ပျော လျော့နည်းတင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**



### တရုတ်နိုင်ငံသို့ ပျားရည်ပုံမှန်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဇန်နဝါရီ ၇ ရက်မှ ၁၃ ရက်သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅၀၇၅၀ တန်ဖိုးရှိ ပျားရည် ၇၂ တန်ခွဲ တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ၈၄ တန် တင်ပို့ခဲ့တဲ့အတွက် တရုတ်နိုင်ငံသို့ ပျားရည်ပုံမှန်တင်ပို့နေတယ်လို့ သိရပါတယ်။

၂၀၁၃ ခုနှစ် မတိုင်မီအထိ မြန်မာ့ပျားရည်ကို ဂျပန်၊ ထိုင်းနဲ့ တရုတ်နိုင်ငံတွေကို အဓိက တင်ပို့ခဲ့ရာမှ စီးပွားရေးအခွင့်အလမ်း ပွင့်လင်းလာခဲ့မှုကြောင့် အမေရိကန်နဲ့ ကနေဒါနိုင်ငံတွေကိုပါ တင်ပို့ခဲ့ရပြီး နှစ်အလိုက်ပျားရည်တင်ပို့မှု တိုးတက်ခဲ့တယ်လို့ မွေးမြူရေး နှင့်ကုသရေးဦးစီးဌာန (ပျားလုပ်ငန်းဌာန) မှ သိပါတယ်။

**မော်မော်အောင်**

## ရော်ဘာ

### နိုင်ငံတကာရော်ဘာဈေးတစ်တန်ကို ဒေါ်လာ ၂၅၀ ကျော် ဈေးတက်

၂၀၁၇ ခုနှစ် ဇန်နဝါရီ ၇ ရက်မှ ၁၃ရက်တာကာလအတွင်း မြန်မာ-တရုတ်နဲ့ မြန်မာ -ထိုင်း နယ်စပ်ရှိကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၂၃၆ သန်းတန်ဖိုးရှိ ရော်ဘာအဆင့်စုံ ၃၁၈၄ တန်ကျော် တင်ပို့နိုင်ခဲ့ပြီး မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ RSS 1 တန် ၈၀၊ RSS 3 ၆၃၈ တန်ကျော်၊ RSS 5 ၄၅ တန်၊ MSR 20 ၃၇၇ တန်ခန့်၊ MSR 50 ၇၅၈ တန်နဲ့ MSR 10 တန် ၁၀၀၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ RSS 3 ၈၂၅ တန်ခန့်နဲ့ MSR 20 ၉၉ တန်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ရော်ဘာ ၁၇ တန်ကျော်၊ မြန်မာ-ထိုင်းနယ်စပ်ရှိမြိတ်ကုန်သွယ်ရေးစခန်းမှ RSS 3 တန် ၁၄၀ နဲ့ MSR 20 ၁၀၅ တန် တင်ပို့ခဲ့တာဖြစ်ပါတယ်။ ယခင်တစ်ပတ်က ၂၄၈၉ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၆၉၅ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ယခုတစ်ပတ် ရော်ဘာပိုမိုတင်ပို့နိုင်သလို မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာဈေး မြင့်တက်လာတာတွေ့ရပါတယ်။ RSS 3 တစ်တန်ကို ၂၁ ဒသမ ၂၃ ကျပ်သိန်းရှိပြီး RSS 5 တစ်တန်ကို ၂၀ ဒသမ ၂၆ ကျပ်သိန်းရှိပါတယ်။ ယခင်တစ်ပတ်ဈေးထက်တစ်တန်ကို ကျပ် ၂၂၀၀၀ စီ ဈေးတက်လာကြောင်း သိရပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဇန်နဝါရီ ၈ ရက်မှ ၁၄ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၀၉ သန်းတန်ဖိုးရှိ ရော်ဘာ ၉၃၆ တန်ကျော် တင်ပို့ပြီး ဂျပန်နိုင်ငံသို့ MSR 20 ၃၄၇ တန်ကျော်နဲ့ မလေးရှားနိုင်ငံသို့ RSS 3 ၅၈၉ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၃၈၆ တန်ကျော်သာ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တန် ၅၅၀ ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ယခုတစ်ပတ်နိုင်ငံတကာ ရော်ဘာဈေးတစ်တန်ကို အမေရိကန်ဒေါ်လာ ၂၅၀ ကျော်ဈေးတက်လာပါတယ်။ ဒါကြောင့် ပြည်ပပို့မယ့် မြန်မာ့ရော်ဘာဈေးလည်း တစ်တန်ကို အမေရိကန်ဒေါ်လာ ၂၅၀ တိုးမြင့်ခဲ့ပြီး မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ အသင်းက ဈေးနှုန်းထုတ်ပြန်ခဲ့ပါတယ်။

| | | | |
|---|---|---|---|
| RSS 1 | တစ်တန်လျှင် | ဒေါ်လာ | ၂၂၅၀-၂၃၅၀ |
| RSS 2 | တစ်တန်လျှင် | ဒေါ်လာ | ၂၂၀၀-၂၃၀၀ |
| RSS 3 | တစ်တန်လျှင် | ဒေါ်လာ | ၂၁၅၀-၂၂၅၀ |
| RSS 4 | တစ်တန်လျှင် | ဒေါ်လာ | ၂၁၀၀-၂၂၀၀ |
| RSS 5 | တစ်တန်လျှင် | ဒေါ်လာ | ၂၀၅၀-၂၁၅၀ |
| MSR (3)L | တစ်တန်လျှင် | ဒေါ်လာ | ၂၄၀၀-၂၅၀၀ |
| MSR 10 | တစ်တန်လျှင် | ဒေါ်လာ | ၂၁၅၀-၂၂၅၀ |
| MSR 20 | တစ်တန်လျှင် | ဒေါ်လာ | ၂၁၀၀-၂၂၀၀ |
| MSR 50 | တစ်တန်လျှင် | ဒေါ်လာ | ၂၀၀၀-၂၁၀၀ |
| Crepe Rubber | တစ်တန်လျှင် | ဒေါ်လာ | ၁၉၅၀-၂၀၅၀ |

**ယဉ်ယဉ်အေး**

### ထိုင်းသကြားအထွက်နှုန်း ကောင်းမွန်မှုက အီသနောလောင်စာဆီ ပြတ်လပ်မှုအတွက် စိုးရိမ်စိတ်ကို ဖြေဖျောက်ပေး

သကြားအထွက်နှုန်းကောင်းမွန်မှုကြောင့် အီသနော ထုတ်လုပ်ရာတွင် လိုအပ်သည့် သကာရည် (molasses) အများအပြား ထုတ်လုပ်ပေးနိုင်တော့မည်ဖြစ်သဖြင့် ထိုင်းနိုင်ငံတွင် အီသနော ပြတ်လပ်မှုများ ဖြစ်ပေါ်လာနိုင်မည့် စိုးရိမ်မှုကို လျော့ကျစေကြောင်း သိရှိရသည်။

လက်ရှိ၂၀၁၆-၂၀၁၇ကြိတ်ရာသီသည် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့တွင် စတင်ခဲ့ပြီး ယမန်နှစ် ရာသီထက် သကြားပိုမိုထွက်ရှိမည်ဟု လေ့လာသိရှိရကြောင်း၊ အီသနော ထုတ်လုပ်ရာတွင် အသုံးပြုသည့် ဘေးထွက် ပစ္စည်းတစ်မျိုးဖြစ်သည့် သကာရည် ပမာဏလုံလောက်လောက်ကို ယခုနှစ်တွင် ထုတ်လုပ်ပေးနိုင်ပြီး အဆိုပါ သကာရည်နှင့် ဓာတ်ဆီ ရောစပ်ကာ လောင်စာဆီ၊ စက်သုံးဆီအဖြစ် ယာဉ်မောင်းသူများကို ရောင်းချပေးလျက် ရှိသဖြင့် လက်ရှိတွင် လောင်စာဆီ လုပ်ငန်း၌ အီသနောပြတ်လပ်မှု ဖြစ် ပေါ်နိုင်သည့်အတွက် စိုးရိမ်မှု လျော့ကျစေကြောင်း သကြားစက် ၅၂ လုံး ပါဝင်သည့် ထိုင်းနိုင်ငံ သကြားစက် လုပ်ငန်းရှင်များအသင်း (Thai Sugar Millers Corporation Ltd, TSMC) ဥက္ကဋ္ဌက ပြောကြားခဲ့သည်။

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလအတွင်း အီသနောစက်ရုံများ အကြား မှားယွင်းသည့် စီမံခန့်ခွဲမှုနှင့် သကာရည် ထွက် ရှိမှု နှောင့်နှေးခြင်းကြောင့် အီသနော ဝယ်လိုအားမြင့်မားလျက်ရှိရာ ယခုနှစ်ကုန်ပိုင်းအတွင်း အီသနောပြတ်လပ်မှု ဖြစ်ပေါ်နိုင်သည့်အတွက် စိုးရိမ်မှုများ မြင့်တက်ခဲ့သည်။ အီသနော ပြတ်လပ်မှုကို ကာကွယ်ရန်အတွက် စွမ်းအင်ဆိုင်ရာ စီးပွားရေး လုပ်ငန်းဌာန (Energy Business Department) သည် ပုဂ္ဂလိကဆိုင်ရာ အီသနော ထုတ်လုပ်သူများ၏ လုပ်ငန်းများ ပြုပြင်ထိန်းသိမ်းဆောင်ရွက်မှုအပေါ် လိုအပ်သည့် စီမံဆောင်ရွက်မှုများ စတင်ပြုလုပ်နေပြီဖြစ်ကြောင်း သိရှိရသည်။

ထိုင်းနိုင်ငံသည် တစ်နှစ်လျှင် ပုံမှန်အားဖြင့် သကာရည် တန်ချိန် လေးသန်းခန့်ထွက်ရှိပြီး တန်ချိန် ၁ ဒသမ ၂ သန်းခန့်အား အရက်ချက် စက်ရုံများအတွက်လည်းကောင်း၊ တန်ချိန် ငါးသိန်းခန့်အား ပြည်ပပို့ကုန်အတွက် လည်းကောင်း၊ ကျန်ရှိသည့် တန်ချိန် ၂ ဒသမ ၅ သန်းမှ ၂ ဒသမ ၇ သန်းအား အီသနော စက်ရုံများအတွက် လည်းကောင်း အသုံးပြုလျက်ရှိသည်။ ထိုင်းနိုင်ငံတွင်တစ်နေ့လျှင် အီသနော လီတာသန်းပေါင်း ၅ ဒသမ ၀၅ သန်း ထုတ်လုပ်ပေးလျက်ရှိသော်လည်း သကာရည်နှင့် အီသနော ထုတ်လုပ်ပေးနိုင်သည့် အခြားရင်းမြစ်တစ်ခု ဖြစ်သည့် ပီလောပီနံထွက်ရှိမှုမှာ ရာသီ အကန့်အသတ်များကြောင့် တစ်နေ့ လျှင် အီသနောလီတာပေါင်း ၄ ဒသမ ၂ သန်းသာ ထုတ်လုပ်ပေးနိုင်ကြောင်း သိရှိရသည်။

အီသနောလောင်စာဆီ ကုန်ကြမ်းများသည် လာမည့်နှစ်များအတွင်း အများအပြားရရှိနိုင်မည်ဟု မျှော်မှန်းထားပြီး အစိုးရအနေဖြင့်လည်း လယ်သမားများအား စပါးအစား Value added ပြုလုပ်နိုင်သည့် ကြံကိုပြောင်းလဲ စိုက်ပျိုးရန် အားပေးလျက်ရှိသည်။ ကြံကြိတ်ရာသီအစဖြစ်သည့် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလအစောပိုင်း၌ ယခုနှစ်တွင် သကြားတန်ချိန် ၉ ဒသမ ၁ သန်း မှ ၉ ဒသမ ၂ သန်းကျော် ထွက်ရှိမည်ဟု ခန့်မှန်းထားရာ ခန့်မှန်းထားသည်ထက် ပိုမိုထွက်ရှိမည်ဟု မျှော်လင့်ထားသည်။

၂၀၁၆-၂၀၁၇ ရာသီတွင် ကြံ တစ်တန်လျှင် သကြား ၈၆ ဒသမ ၈ ကီလိုဂရမ်ထွက်ရှိပြီး၊ အဆိုပါ ပမာဏသည် ယခင်နှစ်ရာသီတွင် ကြံတစ်တန် လျှင် သကြား ၈၁ ဒသမ ၅ ကီလိုဂရမ် ထွက်ရှိမှု နှုန်းထက်ပိုကြောင်း သိရှိရ သည်။

၂၀၁၇ ခုနှစ်၊ ဧပြီလဆန်းပိုင်းတွင် သကြားအထွက်နှုန်းအား ပြန်လည် စိစစ်သုံးသပ်မည်ဖြစ်ပြီး ဧပြီလကုန် တွင် ကြံကြိတ်ရာသီပြီးဆုံးတော့မည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ သကြားစက် လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌက ပြောကြားခဲ့သည်။

**Source: Bangkok Post**

**စန္ဒာထွန်း (TTI)**

# ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေးလုပ်ငန်းကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ ဇန်နဝါရီလ ၁၉ ရက်နေ့ ၁၄ : ၀၀ နာရီအချိန်က ကျင်းပသည့် ကုန်သွယ် မှုနှင့်ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့် တင်ရေး လုပ်ငန်းကော်မတီ၏ ပထမအကြိမ် လုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်နှင့် လုပ်ငန်း ကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။

ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး မူဘောင်ပါ ကိစ္စရပ်များအား ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်အတွက် ဒုတိယသမ္မတ (၁)က ဥက္ကဋ္ဌ အဖြစ် တာဝန်ယူ၍ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလတွင် နိုင်ငံတော် သမ္မတရုံးက ဖွဲ့စည်းပေးခဲ့ကြောင်း၊ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးရေး အတွက် အဓိက မဏ္ဍိုင်ငါးရပ်ကို အခြေတည်ပြီး လုပ်ငန်းကော်မတီငါးခုအား ထပ်မံဖွဲ့စည်းခဲ့ကြောင်း၊ ယခုအစည်းအဝေးတွင် ယင်းကော်မတီ ငါးရပ်မှ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင် ရေး မဏ္ဍိုင်ကို အကောင်အထည်ဖော်ရန် ဖွဲ့စည်း ထားသည့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အား ပေးမြှင့်တင်ရေး လုပ်ငန်းကော်မတီ၏ ပထမ အကြိမ်အစည်းအဝေးဖြစ်ကြောင်း၊ လုပ်ငန်းကော်မတီ အနေဖြင့် ပုဂ္ဂလိက ကုန်သည်လုပ်ငန်းရှင်များနှင့် တွေ့ဆုံညှိနှိုင်းသည့် အစည်းအဝေးကိုတစ်လလျှင် အနည်း ဆုံး တစ်ကြိမ်ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ကော်မတီ၏ ဥက္ကဋ္ဌ ဒုတိယသမ္မတ (၁) က မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး လုပ်ငန်းရှင်များ၏ တင်ပြချက်များကို အကောင် အထည်ဖော် ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများသို့ ဖြန့်ဝေပေးပြီး ဖြစ်ကြောင်း၊ ကော်မတီ၏ ဒုတိယဥက္ကဋ္ဌဖြစ်သော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဆောင်၍ ကုန်သွယ်မှုပြုလုပ်ရာတွင် အခက်အခဲများဖြစ်သည့် ရေထွက်ပစ္စည်း တင်ပို့မှုများအား လည်းကောင်း၊ နှမ်းတင်ပို့သူများ၊ ပဲပင်ပေါက် (Bean sprout) တင်ပို့ရာတွင် မသုံးသင့်သည့် ပိုးသတ်ဆေး အကြွင်းအကျန်များ ထွက်ပေါ်နေခြင်းကြောင့် ပြည်ပမှ ပိုးသတ်ဆေးတင်သွင်းသည့် လုပ်ငန်းရှင်များ အသင်းအဖွဲ့အစည်းများနှင့် တွေ့ဆုံ၍ တောင်သူများ၏ အခက်အခဲများကို ပေါင်းစပ် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း၊ ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမူဘောင်နှင့် လုပ်ငန်းစီမံချက်ပါ ကာလတို / ကာလရှည် လုပ်ငန်း များအား ကြိုးကြပ်အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် သက်ဆိုင်ရာ ဝန်ကြီးဌာန များ၊ UMFCCI နှင့် ညီနောင်အသင်းအဖွဲ့များနှင့် လုပ်ငန်း ကော်မတီဝင်များက မိမိတို့သက်ဆိုင်သည့် ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား အတည်ပြုဆုံးဖြတ်ခဲ့ကြောင်း သတင်းရရှိသည်။

**MOC (IR)**

## Cost of Doing Business in Myanmar (Survey Report 2017) ကို ထုတ်ပြန်ကြေညာ

မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုများအား ဆောင်ရွက်ရာတွင် ပိုမိုချောမွေ့အဆင်ပြေစေရန်နှင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းစဉ်နှင့်ပတ်သက်သည့်ကုန်ကျစရိတ်များအပေါ် ကြိုတင်ခန့်မှန်းတွက် ချက်နိုင်ရန် ရည်ရွယ်၍ Cost of Doing Business in Myanmar (Survey Report 2017) ကို ဇန်နဝါရီ လ ၁၉ ရက်က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။ အဆိုပါ Survey Report 2017 ကို မြန်မာနိုင်ငံ၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီ များညွှန်ကြားမှုဦးစီးဌာနနှင့် ဂျပန် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) တို့ ပူးပေါင်း၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ယင်း Survey Report 2017 ကို ထုတ်ပြန်နိုင်ရန်အတွက် ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၁၁ ရက်မှ နိုဝင်ဘာ လ ၂၃ ရက်အထိ သက်ဆိုင်ရာဌာနများနှင့် ပုဂ္ဂလိကအသင်းအဖွဲ့များသို့ အဆိုပါ Survey အတွက် တာဝန်ပေးအပ်ထားသော Myanmar Survey Research(MSR)၏ သက်ဆိုင်ရာ အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များအား တွေ့ဆုံမေးမြန်းခဲ့ပြီး Survey Report ကို အပြီးသတ်ရေးသားခဲ့ကြောင်း သိရသည်။

အဆိုပါအစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ မြေနှင့်အဆောက်အအုံ၊ ကွန်ဒို မီနီယံဆိုင်ရာငှားရမ်းခများ၊ ဆောက် လုပ်ရေးလုပ်ငန်းကုန်ကျစရိတ်များ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးနှင့် အလုပ်သမားများ၏အခြေအနေ၊ လုပ်အားခ၊ အစိုးရဌာနဆိုင်ရာများ၏ လုပ်ထုံးလုပ်နည်းများ၊ ကုမ္ပဏီမှတ်ပုံတင်ခြင်းလုပ်ငန်းများ၊ MIC မှ ပါမစ်လျှောက်ထားမှုများ၊ ပို့ကုန်သွင်းကုန်လုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာကုန်ကျ စရိတ်များနှင့် နိုင်ငံအတွင်းမီးရရှိမှုအခြေအနေ၊ ဘဏ်လုပ်ငန်းဆိုင်ရာ အချက်အလက်များ စသည်တို့ကို ဖော်ပြထားကြောင်း သိရသည်။ **မယ်သီတာ**

## အူရီဒူး၏ရွှေအိပ်မက်အစီအစဉ်မှ ကျပ်သိန်း ၂၅၀ ကံထူးရှင်နှင့် အူရီဒူးတစ်သက်တာသုံးစွဲခွင့်ရ ကံထူးရှင်များအား ထုတ်ပြန်ကြေညာ

မြန်မာနိုင်တွင် ပထမဦးဆုံး 4G ကွန်ရက်ကို မိတ်ဆက်ပေးနိုင်ခဲ့သည့် အူရီဒူးမြန်မာက ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၉ရက်မှ ၂၀၁၇ခုနှစ် ဇန်နဝါရီလ ၁၃ ရက်အထိ ကျင်းပခဲ့သည့် နေ့စဉ်၊ အပတ်စဉ်နှင့်အထူးဆုကြီးများ စုစု ပေါင်း ကျပ်သိန်း ၂၀၀၀ ကျော်တန်ဖိုးရှိသည့် ရွှေအိပ်မက်ကံစမ်းမဲအစီအစဉ် အတွက်အထူးဆုကြီးနှင့်အူရီဒူးတစ်သက်တာသုံးစွဲခွင့် ဆုကံထူးရှင်များအား ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်သည်။

အဆိုပါကံစမ်းမဲအတွက် ဆုပေါင်း ၆၀၀ ကျော် ချီးမြှင့်ခဲ့ကြောင်း သိရသည်။ အူရီဒူးရွှေအိပ်မက်အစီအစဉ်၏ အထူးဆုဖြစ်သည့် ဆုငွေကျပ်သိန်း ၂၅၀ ကို တောင်ဥက္ကလာပမြို့နယ်မှ ကိုမောင်ဝင်းက ရရှိခဲ့ပြီး အူရီဒူးတစ်သက်တာသုံးစွဲခွင့်ကို မင်္ဂလာဒုံမြို့နယ်မှ ဦးစိုးဝင်းတို့က ဆွတ်ခူးရရှိသွားကြောင်း သိရသည်။

အူရီဒူးမြန်မာသည် ရက်သတ္တတစ်ပတ်စီတွင်လည်း ဆုမဲများ ရွေးချယ်ချီးမြှင့်ခဲ့ရာ တစ်ပတ်စီအတွက် ကံထူးရှင် ငါးဦးရှိခဲ့ကြောင်း၊ ဆုမဲများမှာ 4G ဟန်း ဆက်များဖြစ်သည့် Huawei P9, Huawei GR5, Samsung Galaxy J2, Samsung J7 Prime, Samsung J5 Prime, OPPO A37 နှင့် Vivo Y55 တို့ဖြစ်ကြောင်း သိရသည်။

အူရီဒူး၏ရွှေအိပ်မက်အစီအစဉ် ကံစမ်းသည့် တစ်လျှောက်လုံးတွင် စုစုပေါင်း အပတ်စဉ်ကံထူးရှင်ပေါင်းမှာ ၇၅ ဦးရှိခဲ့သည်။ ရက်တစ်ရက်စီတိုင်းအတွက် နေ့စဉ် ကံထူးရှင် ငါးဦးစီရှိခဲ့ပြီး ဆုများမှာ ငွေသား ကျပ် ၂၅၀၀၀၀၊ ကျပ် ၁၅၀၀၀၀တန်ငွေဖြည့်လက်ဆောင်၊ 1.35 GB အင်တာနက်အစီအစဉ်၊ 2.5 GB အင်တာနက်အစီအစဉ်နှင့် 5.5 GB အင်တာနက်အစီအစဉ်များဖြစ်ပြီး နေ့ စဉ်ကံထူးရှင်ပေါင်း ၂၆၇၅ ဦးအားဆု များအသီးသီးချီးမြှင့်ခဲ့သည်။

## Microsoft က Office 365 ကို မြန်မာနိုင်ငံတွင် စတင်မိတ်ဆက်

ဆော့ဖ်ဝဲနည်းပညာများတွင် ဦးဆောင်လျက်ရှိသည့် Microsoft က Microsoft Office 365 ကို မြန်မာနိုင်ငံတွင် ပထမဦးဆုံး မိတ်ဆက်လိုက်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ Office 365 တွင် Cloud နည်းစနစ်ကို အသုံးပြုနိုင်ပြီး ရုံးလုပ်ငန်းများတွင် အသင့်တော်ဆုံးသော၊ အသုံး အဝင်ဆုံးသော ဆော့ဖ်ဝဲများဖြစ်သည့် Microsoft Word, Excel, Powerpoint တို့ ပါဝင်ကြောင်း သိရသည်။ အဆိုပါဆော့ဖ်ဝဲတွင် Microsoft Flow နှင့် PowerApp တို့၏အလိုအလျောက်စီးပွားရေး ဆောင်ရွက်ချက်များ၊ Sharepoint တွင်ရှိသည့် People Cards, One Drive အစရှိသည့် စွမ်းဆောင်ရည်မြင့်မားသည့် ဆော့ဖ်ဝဲများ၊ လူအင်အားအစား စက်အင်အားကို အသုံးပြုသည့် စီးပွားရေးလုပ်ငန်းစဉ်များအတွက် Microsoft Flow နှင့် PowerApps စသည်တို့ပါဝင်ပြီး လုပ်ငန်းစွမ်းဆောင်ရည်ကို အကျယ်ပြန့်ဆုံးနှင့်အနက်နဲဆုံး မြှင့်တင်ပေးနိုင်သည့် ဆော့ဖ်ဝဲတစ်ခုဖြစ်ကြောင်း သိရသည်။

စီးပွားရေးလုပ်ငန်းများအနေဖြင့် Microsoft ၏ OneDrive တွင် ပေးအပ်ထားသည့် သိုလှောင်မှုပမာဏ ၁ Terabyte ကို ရရှိမည်ဖြစ်ပြီး အမျိုးအမည်မသိသောအွန်လိုင်းမှခြိမ်းခြောက် မှုအန္တရာယ် အမျိုးမျိုးတို့ကို ရှာဖွေထောက်လှမ်းပေးခြင်း၊ ၎င်းတို့၏ရန်မှကာကွယ်ပေးခြင်းနှင့် တုံ့ပြန်ပေးခြင်းတို့ကို စွမ်းဆောင်ပေးသည့် အဆင့်မြင့် Threat Protection လုပ်ဆောင်ချက်များလည်း ပါဝင်ကြောင်း သိရသည်။

Microsoft Office 365 ကို အသုံးပြုလိုပါက တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၆၀ နှုန်း သို့မဟုတ် တစ်လလျှင် အမေရိကန် ငါးဒေါ်လာနှုန်း ကျသင့်မည်ဖြစ်သည်။ အဆိုပါနှုန်းထားဖြင့် ဝယ်ယူသုံးစွဲသူသည် ကွန်ပျူတာ ငါးလုံး သို့မဟုတ် တက်ဘလက်ငါးလုံး သို့မဟုတ် Android ဖုန်း ငါးလုံးအထိ သုံးစွဲကာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် အဆိုပါ Microsoft Office 365 သည် Window 7 နှင့် အထက်တွင်သာ သုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် အဆိုပါ Microsoft Office 365 ကို အသုံးပြု လျက်ရှိသည့် ကုမ္ပဏီခုနစ်ခုနှင့်အထက် ရှိနေပြီဖြစ်ကြောင်း သိရသည်။ **MTD**

## CMP အထည်ချုပ်သွင်းကုန်လိုင်စင်များအား Fully Online Licensing စနစ်ဖြင့် ဆောင်ရွက်ပေးမည်

CMP စနစ်ဖြင့်ဆောင်ရွက်လျက်ရှိသည့် အထည်ချုပ်လုပ်ငန်းရှင်များအား အထည်ချုပ်နှင့်ပတ်သက်သည့် ကုန်ပစ္စည်းများအား ပြည်ပနိုင်ငံများမှ တင်သွင်းရာတွင် လွယ်ကူလျင်မြန်မှု ရှိစေရန်အတွက် သွင်းကုန်လိုင်စင်များ ထုတ်ပေးရာတွင် Fully Online Licensing စနစ်ကို ကျင့်သုံး၍ ထုတ်ပေးမည်ဖြစ်ကြောင်း ကုန်သွယ်ရေးဦးစီးဌာနမှ သိရသည်။ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင် ရွက်လျက်ရှိသည့် Fully Online Licensing စနစ်နှင့် မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် MGMA စနစ်တို့ ချိတ်ဆက်၍ CMP စနစ်ဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ပြည်တွင်းမှ အထည်ချုပ်လုပ်ငန်းရှင်များအား အွန်လိုင်းစနစ်ဖြင့် သွင်းကုန်လိုင်စင်များ ထုတ်ပေးနိုင်ရန် ညှိနှိုင်းခဲ့ခြင်းဖြစ်သည်။

အဆိုပါစနစ်ဖြင့် ချိတ်ဆက်၍ သွင်းကုန်လိုင်စင်ထုတ်ပေးခြင်းကို စမ်းသပ်သည့်အနေဖြင့် ပြည်တွင်းမှ အထည်ချုပ်စက်ရုံ ၁၀ ရုံအားအွန်လိုင်းစနစ်ဖြင့် သွင်းကုန်လိုင်စင်များ ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းကဲ့သို့စမ်းသပ်ဆောင်ရွက်ခြင်းမှ လုပ်ငန်းအောင်မြင်မှုအပေါ် မူတည်၍ ကျန်ရှိသည့်အထည်ချုပ်စက်ရုံများကိုလည်း အွန်လိုင်းစနစ်ဖြင့် သွင်းကုန်လိုင်စင်များ ထုတ်ပေးနိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

# NISSAN ကုမ္ပဏီက Sunny ဆီဒင်ကားသစ်ကို ကျပ်သိန်း ၂၀၀ ကျော်ဖြင့် ရောင်းချပေးမည်

မြန်မာနိုင်ငံတွင် မော်တော်ယာဉ်များကို တပ်ဆင်ထုတ်လုပ်ရောင်းချလျက်ရှိသည့် NISSAN ကုမ္ပဏီက ၎င်း၏ နောက်ဆုံးထုတ်လုပ်သည့် Sunny ကား အမျိုးအစားသစ်ကို ကျပ် ၂၀၆ သိန်းဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း NISSAN ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

NISSAN သည် ၎င်းထုတ်လုပ်ခဲ့သည့် ကားသစ်နှင့်ပတ်သက်၍ မိတ်ဆက်ပွဲအခမ်းအနားကို နိုဗိုတယ်ဟိုတယ်မက်စ်တွင် ဇန်နဝါရီ ၁၈ ရက်က ကျင်းပခဲ့သည်။

Nissan မှ မြန်မာနိုင်ငံတွင် တပ်ဆင်ထုတ်လုပ်မည့် မော်တော်ကားများအတွက် ပဲခူး၌ စက်ရုံတည်ဆောက်ထားပြီးဖြစ်သော်လည်း Sunny ကားသစ်အတွက် ယင်းစက်ရုံသို့ မပြောင်းရွှေ့မီ လှိုင်သာယာ၌ တပ်ဆင်ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။ ယင်းကားသစ်ကို အခြေခံ MT ဂရိတ် (ကျပ် ၂၀၆ သိန်း ++)၊ အလယ်အလတ် SV ဂရိတ် (ကျပ် ၂၁၉ သိန်း ++)နှင့်အမြင့်တန်း SL ဂရိတ်(ကျပ် ၂၄၄သိန်း++)ဟူ၍ ဂရိတ်သုံးမျိုး၊ အဖြူ၊ အမည်း၊ ငွေရောင်နှင့် ကြေးညိုရောင်ဟူ၍ အရောင်လေးမျိုး ခွဲခြားထုတ်လုပ်ပေးထားသည်။ အင်ဂျင်ပါဝါ 1.5L ရှိပြီး လောင်စာဆီ တစ်လီတာလျှင် ၁၆ ဒသမ ၆ ကီလိုမီတာအထိ ခရီးနှင်နိုင်စွမ်းရှိသည်။ အပြင်ပိုင်း ရုပ်ထွက်အား ခေတ်နှင့်လျော်ညီစေရန် ဒီဇိုင်းဖန်တီးပေးထားသကဲ့သို့ အတွင်းခန်း ကျယ်ဝန်းစေရန်လည်း စီမံပေးထားသည်။ ထို့အပြင် ABS ဘရိတ်စနစ်၊ ခလုတ်နှိပ်ကာ ကားစက်နှိုးနိုင်သော Push Start စနစ်ကဲ့သို့သော အဆင့်မြင့်နည်းပညာများ ထည့်သွင်းပေးထားပြီး အန္တရာယ်ကင်းရှင်းရေးအတွက် ကိုယ်ထည်ပိုင်းကို အပိုင်းနှစ်ပိုင်း ခွဲခြားတည်ဆောက်ပေးထားကြောင်း သိရသည်။




Nissanသည် ၎င်း၏ ကားစက်ရုံကို ပဲခူးစက်မှုဇုန်တွင် ၂၀၁၉ ခုနှစ်အတွင်းဖွင့်လှစ်ရန် လျာထားပြီး ဈေးသက်သာစွာဖြင့် ပြည်တွင်းဈေးကွက်သို့ ဝင်ရောက်ရန် မျှော်လင့်ထားသည်။

Nissan ကုမ္ပဏီအား ပြည်တွင်း၌ ယာဉ်ထုတ်လုပ်ခွင့်နှင့် တပ်ဆင်ခွင့်ကို ၂၀၁၃ ကတည်းက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုပေးထားခြင်းဖြစ်သည်။

**မယ်သီတာ**




## တရုတ်(တိုင်ပေ)သို့ ချိတ်ဆက်ပြေးဆွဲသည့် Vietjet ၏ ငါးခုမြောက်လေကြောင်းခရီးစဉ်အဖြစ် ဟိုချီမင်း-ထိုင်ချောင်ခရီးစဉ်သစ် တိုးချဲ့ပြေးဆွဲ

အာရှလူကြိုက်အများဆုံး လေကြောင်းလိုင်း Vietjet သည် တရုတ် (တိုင်ပေ) သို့ ချိတ်ဆက်ပြေးဆွဲသည့် ငါးခုမြောက်လေကြောင်းခရီးစဉ်ကို ဇန်နဝါရီ ၁၅ ရက်က စတင်ပြေးဆွဲခဲ့ပြီဖြစ်ကြောင်း Vietjet ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ယင်းကဲ့သို့ ပြေးဆွဲခဲ့ခြင်းကြောင့် မြန်မာခရီးသွားများအနေဖြင့် ထိုင်ချောင် (တရုတ်-တိုင်ပေ)သို့ ဟိုချီမင်းမြို့မှတစ်ဆင့် အဆင်ပြေလွယ်ကူစွာ သွားလာနိုင်တော့မည်ဖြစ်သည်။ ယခု တိုးချဲ့ပြေးဆွဲသည့် ခရီးစဉ်သစ်ကြောင့် ဗီယက်နမ်နှင့် တရုတ်(တိုင်ပေ) နှစ်နိုင်ငံအကြား ခရီးစဉ်ပြေးဆွဲမှုအများဆုံးအဖြစ် Vietjet က ဂုဏ်ယူဝင့်ကြွားနိုင်ပြီဖြစ်သည်ဟုဆိုသည်။

ထို့ပြင်ဒေသတွင်း ကုန်သွယ်မှုနှင့် ပေါင်းစည်းမှုတို့ ဖော်ဆောင်ပေးမည့် တစ်ဦးချင်း ခရီးသွားများ၊ ကမ္ဘာလှည့်ခရီးသွားများနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ မြင့်တက်လာသော ပို့ဆောင်ရေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

ဟိုချီမင်း-ထိုင်ချောင်ခရီးစဉ်အား တစ်ပတ်လျှင်လေးကြိမ်အဖြစ် အပတ်စဉ်တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနှင့် တနင်္ဂနွေနေ့တို့တွင် ပြေးဆွဲပေးသွားမည်ဖြစ်ပြီး အသွားအပြန်ခရီးစဉ် ကြာမြင့်ချိန်မှာ သုံးနာရီခွဲဖြစ်သည်။ ဟိုချီမင်း-ထိုင်ချောင်ခရီးစဉ်အား ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၂၅မိနစ်တွင် စတင်ထွက်ခွာမည်ဖြစ်ကာ ထိုင်ချောင်သို့ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ဆင်းသက်မည်ဖြစ်ပြီး အပြန်ခရီးအဖြစ် ထိုင်ချောင်မှ ဒေသစံတော်ချိန် ညနေ ၃ နာရီ ၄၅ မိနစ်တွင် ထွက်ခွာကာ ဟိုချီမင်းမြို့တော်သို့ ည ၆ နာရီတွင် ပြန်လည်ရောက်ရှိမည်ဖြစ်သည်။

တရုတ်(တိုင်ပေ)နိုင်ငံ၏ အနောက်အလယ်ပိုင်းတွင်တည်ရှိသော နိုင်ငံ၏ တတိယမြောက် အကြီးဆုံးမြို့တော်ဖြစ်သည့် ထိုင်ချောင်သည် ယဉ်ကျေးမှုနှင့် ပညာရေးဆိုင်ရာအလယ်ဗဟို တွင်တည်ရှိပြီး သမိုင်းအမွေအနှစ် နေရာပေါင်းများစွာဖြင့် ဖွဲ့စည်းတည်ရှိခြင်းကြောင့် လူသိများကျော်ကြားလေသည်။ တည်ငြိမ်သော သဘာဝ၊ သာယာသော ရာသီဥတု၊ ထင်ရှားသော ဒေသထွက် ဟင်းလျာများနှင့် ယဉ်ကျေးမှုဆိုင်ရာ ပွဲအခမ်းအနားများကြောင့် ထိုင်ချောင်သည် ဗီယက်နမ်၊ မြန်မာသာမက အခြားနိုင်ငံများမှ ခရီးသွားများအတွက် ခရီးသွားသုခဘုံနေရာတစ်ခု ဖြစ်လာနေသည်။ အထူးသဖြင့် ယခုကဲ့သို့ Vietjet ၏ တရုတ်(တိုင်ပေ)သို့ ငါးခုမြောက် ခရီးစဉ်သစ်ပြေးဆွဲနိုင်စေခြင်းကြောင့် ခရီးသွားများ၊ ကမ္ဘာလှည့်ခရီးသည်များနှင့် စီးပွားရေးလုပ်ငန်းရှင်များအား သက်သာအဆင်ပြေစွာ ပျံသန်းပို့ဆောင်ပေးနိုင်ပြီဖြစ်သည်။

**မယ်သီတာ**

# ဈေးကွက်စောင့်ကြည့်နေကြ၍ ကားအရောင်းအဝယ်အေးနေ

နှစ်ဆန်းပိုင်း ဇန်နဝါရီလ၏ တတိယပတ်အခြေအနေမှာ ပြီးခဲ့သည့်နှစ်ကုန်ခါနီး ယခင်လများတွင် ဖြစ်ပေါ်ခဲ့သည့် ဈေးကွက်အခြေအနေမဟုတ်တော့ဘဲ ကားအရောင်းအဝယ် ပြန်အေးနေကာ အခြေအနေ တစ်ရပ်အား လေ့လာသည့် သဘောသာရှိကြောင်း သိရသည်။

ရန်ကုန်မြို့ ကားဈေးကွက်အတွင်း ကားအရောင်း စင်တာများနှင့်ပွဲစားတန်းများအပါအဝင် ကားရောင်းဝယ်နိုင်သည့် နေရာများအားလုံးတွင် အရောင်းအဝယ်ပြန်လည်အေးစက်သွားကြောင်း၊ ဝယ်ရောင်းများသာမက လတ်တလောသွင်းပြီး စီးလိုသူ၊ တစ်ပိုင်တစ်နိုင်တင်သွင်း ရောင်းချသူများပါ လုပ်ငန်းအားလုံး ရပ်တန့်သွားခြင်းမရှိသော်လည်း အခြေအနေတစ်ရပ်အား စောင့်ကြည့်နေကြကြောင်း၊ လက်ထဲကားကိုင်ထားသူများကလည်း ရှိရင်းဈေးထက်/ခေါ်ဈေးထက် လျှော့မရောင်းနိုင်ကြဘဲ ဈေးကွက်လေ့လာနေကြခြင်းကြောင့် ရန်ကုန်သာမက မန္တလေး၊ နယ်ဈေးကွက်များပါ ပြန်လည်၍ ဈေးကွက် အေးစက်လာရခြင်းဖြစ်ကြောင်း ဝယ်ရောင်း အကျိုးဆောင် ကိုမြင့်ကျော်က ပြောသည်။

ရန်ကုန်ကားဈေးကွက်အတွင်း ယခုကဲ့သို့ ကားအရောင်းအဝယ်အေးစက်နေရသည့် အဓိကအကြောင်းရင်းမှာ သက်ဆိုင်ရာမှ ယာဉ်တစ်စီးချင်း ဆိပ်ကမ်းရောက်ဈေးနှုန်း ထုတ်ပြန်ပေးမှု မရှိသေးခြင်းကြောင့်လည်းဖြစ်ကြောင်းမှာ တစ်ချက်ပါဝင်ပြီး ရန်ကုန်တိုင်းဒေသကြီးအတွက် သက်ဆိုင်ရာမှ ထုတ်ပြန်ခွင့်ပြုပေးခဲ့သည့် ယာဉ်အပ်နှံမှုစနစ်အား ခရီးသည်တင် မော်ဒယ်လ်နိမ့် ဘတ်(စ်)ကားဟောင်းများ၊ လူစီးစလစ်ထုတ်ပြန်ပေးမည့် အစီအစဉ်တစ်ရပ်ကြောင့်လည်း ဖြစ်နိုင်ကြောင်း၊ လတ်တလောမှာပင် အကျိုးသက်ရောက်မှုအနေဖြင့် ယာဉ်ဟောင်းအပ်နှံစလစ်များ ဈေးနှုန်းကျဆင်းသွားပြီး ကျပ်သိန်း ၁၀၀ ဝန်းကျင်သို့ ပြန်လည်ရောက်ရှိသွားကြောင်း၊ သို့ရာတွင် ကားတင်သွင်းမှုများမှာ အခြေအနေအရပ်ရပ်ကြောင့် ပြည်ပမှကားတင်သွင်းမှုလျော့ကျသွားပြီး၊ လက်ရှိဈေးကွက်ဝင် ကားများဖြစ်သော ဖရီးပါမစ်ကားငယ်များနှင့် ကလူဂျာ၊ အာလ်ဖတ်စသည့် အင်ဂျင်ပါဝါကြီး ဝက်ဂွန်ကားများမှာလည်း အတက်ဈေးတန်းများနှင့်ပင် အရောင်းအဝယ်အေးသွားကြောင်း သိရသည်။

ယခုအခါ ရန်ကုန်မြို့တွင်း ပြေးဆွဲနေသော အငှားယာဉ်တက္ကစီများ၏ ကဏ္ဍသည်လည်း ပါဝင်လာပြီး ယခင်နံပါတ်အနက် ကိုယ်ပိုင်ယာဉ်မှ အငှားရာတက္ကစီအဖြစ် ပြောင်းလဲထားသော ယာဉ်များအားလုံး မူလကိုယ်ပိုင်ယာဉ်နံပါတ်အနက်သို့ ပြန်လည်ပြောင်းလဲရမည်ဟု တိုင်းဒေသကြီးနှင့် သက်ဆိုင်ရာမှ ညွှန်ကြားချက်အရ ဆောင်ရွက်သွားပါက ဈေးကွက်ထဲတွင် နံပါတ်အနက်ယာဉ်များ ပြန်ရောက်လာမည်ဖြစ်၍ ဈေးတန်းအရ ဈေးကွက်အနည်းငယ်ပိုအေးလာနိုင်ကြောင်း ဝါရင့်ယာဉ်ဝယ်ရောင်းများက ပြောသည်။

**SN**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အကွာရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | အေဒီဗင် (၂၀၁၂) | ယာယီ | ၁၃၅ သိန်း | 1.3 ဓာတ်ဆီ/နယ်လိုင်စင် |
| ၂။ | ဟိုက်ဂျက် (၂၀၀၇) | ယာယီ | ၉၅ သိန်း | 0.5 ဓာတ်ဆီ/နယ်လိုင်စင် |
| ၃။ | စူဆူကီးဆွဖ် (၂၀၁၁) | ယာယီ | ၁၃၅ သိန်း | 1.3 ဓာတ်ဆီ/နယ်လိုင်စင် |
| ၄။ | စီအာဗီ (၂၀၀၃) | ယာယီ | ၂၅၀ သိန်း | 2.0 ဓာတ်ဆီ/ရန်ကုန် |
| ၅။ | မာဇဒါ/ဒီမီယို (၂၀၁၁) | ယာယီ | ၁၄၀ သိန်း | 1.3 ဓာတ်ဆီ/နယ်လိုင်စင် |
| ၆။ | ကလူဂျာ (၂၀၀၃) | 2F | ၂၇၀ သိန်း | 2.4 ဓာတ်ဆီ |
| ၇။ | ဝှရှ် (၂၀၀၄) | 5J | ၂၂၅ သိန်း | 2.0 ဓာတ်ဆီ |
| ၈။ | ဘယ်လ်တာဆလွန်း (၂၀၁၁) | ယာယီ | ၁၅၀ သိန်း | 1.3 ဓာတ်ဆီ/နယ်လိုင်စင် |
| ၉။ | အပ်ကား (နှစ် ၂၀) | | ၉၅ သိန်း | ကားကောင်း |

# ကျောက်စိမ်းအချောထည် လုပ်ငန်းရှင်များအသင်း၏ ဒုတိယသက်တမ်း (ပထမ)အကြိမ် နှစ်ပတ်လည်အစည်းအဝေးကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန စစ်ကိုင်းခရိုင်ဦးစီးမှူးရုံးတွင် စစ်ကိုင်းမြို့ကျောက်စိမ်း အချောထည်လုပ်ငန်းရှင်များအသင်း၏ ဒုတိယသက်တမ်း (ပထမ) အကြိမ် နှစ်ပတ်လည် အစည်းအဝေးကို ဇန်နဝါရီ ၁၅ ရက်က ကျင်းပ ပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးတွင် နာယကအဖြစ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်သိန်း၊ တရားသူကြီး(ငြိမ်း) ဦးဝင်းမော်၊ မြို့မိ၊ မြို့ဖ ဦးဇော်ဝင်းအောင်တို့က ဆောင်ရွက်ကြပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ဒုတိယ တိုင်းဦးစီးမှူး ဦးကျော်ဝင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်အောင်၊ စစ်ကိုင်းခရိုင်ဦးစီးမှူး ဦးမြင့်စိုးနှင့်ဝန်ထမ်းများ၊ စစ်ကိုင်းမြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူး ဦးလှမျိုးထွန်း၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး ဦးမြင့်လေး၊ ပြည်တွင်း အခွန်ဦးစီးဌာန ဦးစီးမှူး ဦးအောင်ကို၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညီညီဇော်၊ ကျောက်စိမ်းအချောထည်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကံသောင်း၊ ဒုတိယ ဥက္ကဋ္ဌ ဦးအောင်စိုးမိုး၊ အတွင်းရေးမှူး ဦးအောင်ဝင်း နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းသူ အသင်းသားများနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ စုစုပေါင်း ၉၅ ဦး တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ အစည်းအဝေးတွင် စစ်ကိုင်းမြို့ ကျောက်စိမ်း အချောထည်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကံသောင်းက အသင်းစတင်ဖြစ်ပေါ်လာပုံ၊ အသင်း၏ရည်ရွယ်ချက်နှင့် ရှေ့လုပ်ငန်းစဉ်များအား တင်ပြခဲ့ကာ အတွင်းရေးမှူး ဦးအောင်ဝင်းက အသင်းနှစ်ပတ်လည်အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခဲ့သည်။ ထို့နောက် အသင်းစာရင်းစစ် အဖွဲ့ခေါင်းဆောင် ဦးတင်မြင့်က အသင်း၏ နှစ်ချုပ်ငွေစာရင်းအား ရှင်းလင်းဖတ်ကြားကာ၊ စစ်ကိုင်းမြို့နယ်သမဝါယမ ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်လေးက ငွေစု၊ ငွေချေးနှင့်ချေးငွေကိစ္စရပ်များကိုလည်းကောင်း၊ မြို့နယ်အခွန်ဦးစီးမှူး ဦးအောင်ကိုက အခွန်ငွေကိစ္စရပ်များနှင့် အခွန်ဆိုင်ရာ ပညာပေးလက်ကမ်း စာစောင်များကိုလည်းကောင်း ပေးအပ်ခဲ့ပြီး၊ အသင်းနာယကနှင့် ဌာနဆိုင်ရာအကြီးအကဲများက အသင်းသားများအား အုပ်စုအလိုက် Smart card များ ပေးအပ်ကာ၊ အသင်းအစည်းအဝေးနှင့်ပတ်သက်၍ အသင်းသားများက အပြန်အလှန်မေးမြန်း ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။

**စိမ်းစိမ်းလဲ့(စစ်ကိုင်း)**




# ပုသိမ်မြို့တွင် ၂၀၁၇ စက်မှုလယ်ယာနှင့် စားသောက်ကုန်ပြပွဲ ဖွင့်လှစ်

'၂၀၁၇ စက်မှုလယ်ယာနှင့် စားသောက်ကုန်ပြပွဲ'ကို ဇန်နဝါရီ ၂၀ ရက်က ပုသိမ်မြို့၊ ကမ်းနားလမ်းရှိ မြို့တော်ခန်းမတွင် ကျင်းပခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးဘဟိန်း၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါ၊ Bagan Trade.com နှင့် ဗီယက်နမ် နိုင်ငံ Veam Corp ကုမ္ပဏီမှ တာဝန်ရှိသူတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ပါတယ်။ အဆိုပါအခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လှိုင်နှင့် တိုင်းအဆင့် ဌာနဆိုင်ရာများ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ လယ်ယာကဏ္ဍ စိတ်ပါဝင်စားသူ တောင်သူလယ်သမား ၂၅၀ ခန့် တက်ရောက်ခဲ့ပါသည်။

အဆိုပါပြပွဲကို မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ဧရာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် Bagan Trade.com တို့မှ ပူးပေါင်း၍ ကျင်းပခဲ့ခြင်းဖြစ်သည်။ ပြပွဲတွင်ဗီယက်နမ် နိုင်ငံ Veam Corp ကုမ္ပဏီမှ ထုတ်လုပ်သော နောက်ဆုံးပေါ် လယ်ယာသုံးစက်ပစ္စည်းများ၊ ရန်ကုန်မြို့ရှိ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ၊ ဧရာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဒေသထွက်ကုန်နှင့် လက်မှုပစ္စည်းများ၊ မြန်မာကုန် သွယ်မှု မြှင့်တင်ရေးအဖွဲ့မှ ပုဂ္ဂလိကတစ်နိုင်တစ်ပိုင် ဒေသထွက်ကုန်များ၊ စားသောက်ကုန်များ၊ စားသုံးသူရေးရာဦးစီး ဌာနမှ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ပြခန်းများ၊ လူသုံးကုန်လျှပ်စစ်ပစ္စည်းများ၊ အဝတ်အထည် ပြခန်းများနှင့် အခြားကုန်ပစ္စည်းမျိုးစုံ စုစုပေါင်း ပြခန်းပေါင်း ၆၀ ကျော်နှင့် ပြသရောင်းချခဲ့ကြောင်း သိရသည်။

ကုန်စည်ပြပွဲတွင် မြန်မာ့ ကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါက ကုန်စည်ပြပွဲများ ပြုလုပ်ရခြင်း ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေး အဖွဲ့၏ ဆောင်ရွက်နေမှုများ၊ နိုင်ငံတကာစီးပွားရေးနယ်ပယ်မှ အတွေ့အကြုံများ ရှင်းလင်းပြောကြားခဲ့သည်။ ပြပွဲကို ဇန်နဝါရီလ ၂၀ ရက်မှ ၂၂ ရက်အထိ ကျင်းပခဲ့ရာ ပြပွဲ ကာလအတွင်း စီးပွားရေးပညာရှင်များ၊ အကြံပေးပုဂ္ဂိုလ်များ၊ စိုက်ပျိုးရေးပညာရှင်များ၊ Food Science Technology Association နှင့် FOSTA မှ ဥက္ကဋ္ဌနှင့် Bagan Trade မှ အသိပညာရှင်၊ အတတ်ပညာရှင်များက စီးပွားရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာဗဟုသုတများကို ဟောပြော ဆွေးနွေးခဲ့ကြောင်း သိရပါသည်။

**ထွန်းထွန်း၊ မင်းမင်းဦး (ပသ)**

# Trade Promotion Officer (TPO) များ အရည်အသွေးမြှင့်တင်ရေးနှင့် ကုန်သွယ်မှုဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပမည်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ကြီးမှူး၍ Trade Promotion Officer (TPO) များ အရည်အသွေးမြှင့်တင်ရေးနှင့် ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲကို ဇန်နဝါရီလ ၂၅ ရက်မှ ၂၆ရက်အထိ နေပြည်တော်ရုံး အမှတ် ၅၂တွင် ကျင်းပမည် ဖြစ်သည်။

Trade Promotion Officer (TPO) များအနေဖြင့် ကုန်သွယ်မှုဆိုင်ရာလုပ်ငန်းများ ထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံတကာမှ TPO များနှင့် ချိတ်ဆက်၍ ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်တတ်ရန် ရည်ရွယ်၍ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲကို 'Trade Promotion Officer (TPO) များ၏ အရည်အသွေး မြှင့်တင်ရေးနှင့် ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ'ခေါင်းစဉ်ဖြင့် ဆွေးနွေးကြမည်ဖြစ်ပြီး ဆက်စပ် ဆွေးနွေးမည့် ပြင်ပဌာနအသင်းအဖွဲ့များဖြစ်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ပြည်တွင်း/ ပြည်ပ ကုန်စည်ပြပွဲနှင့် ပတ်သက်၍ အကောက်ခွန် ရှင်းလင်းရေးဆိုင်ရာလုပ်ငန်းများ၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာန၊ စက်မှုဝန်ကြီးဌာနမှ SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ကုမ္ပဏီမှတ်ပုံတင်ခြင်းနှင့် မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ NES လုပ်ငန်းများ၊ SEZ လုပ်ငန်းများ၊ ကုန်စည်ပြပွဲ လုပ်ငန်းများစသည့် ဘာသာရပ်များကို ဟောပြောပို့ချမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ နေပြည်တော်ရုံးချုပ်နှင့် တိုင်းဒေသကြီး /ပြည်နယ် ကုန်သွယ်မှုဗဟိုဌာနများမှ ဝန်ထမ်းများ စုစုပေါင်း ၅၀ ဦးခန့် တက်ရောက်မည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**ဥမ္မာကြူ (ကုန်သွယ်ဖွံ့ဖြိုး)**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Complaint Center (CCC) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**

## (၇) နေ့ သားသမီးများအတွက်

## စီးပွားရေး အကြံပေး ဟောကိန်း

## ၂၃-၁-၂၀၁၇ မှ ၂၉-၁-၂၀၁၇ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး

(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းတွင် ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာနှင့် အကျိုးပေးပါသည်။ ဝန်ထမ်းဖြစ်လျှင် နာမည်ကောင်းရတတ်ပါသည်။ ပညာရေးတွင် ကြိုးစားမှုပေါ်မူတည်ပြီး အောင်မြင်မှုရလိမ့်မည်။ ကျန်းမာရေးအနေဖြင့် အကြောတက်ဝေဒနာခံစားရမှုရှိနေတတ်ပါသည်။ အချစ်ရေးအဆင်ပြေမှုရှိနေတတ်သည်။ အိမ်ထောင်ရှိသူများ ခွင့်လွှတ်စိတ်များမွေးနိုင်လျှင် အောင်မြင်မှုများရရှိနိုင်ပါသည်။

**ယတြာ။ ။ကျောင်းဆောက်ရန်အတွက်တတ်နိုင်သမျှအလှူငွေထည့်ဝင်ပါ။**




**တနင်္လာသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတွင် မကြာခဏအပြောင်းအလဲများရှိတတ်သည်။ စီးပွားရေးသမားဖြစ်စေ၊ ဝန်ထမ်းဖြစ်စေအောင်မြင်မှုများရရှိနေမည့် ကာလဖြစ်သည်။ ပညာရေးတွင် ဇီဝပညာ၊ စိတ်ပညာ၊ ဆေးဝါးပညာတို့နှင့် အကျိုးပေးပါသည်။ ကျန်းမာရေးတွင် ဝမ်းဗိုက်ဥပဒ်ဖြစ်သော ဝေဒနာခံစားနေရတတ်ပါသည်။ အချစ်ရေးတွင် ပျော်ရွှင်မှုများရှိနေမည်။ အိမ်ထောင်ရေးတွင် သာယာနေတတ်ပါသည်။

**ယတြာ။ ။ဂုဏ်တော် ကိုးပါးပုတီးစိပ်ပါ။**



**အင်္ဂါသားသမီးများအတွက်** ပြည်ပခရီးများလည်း သွားရကိန်းရှိသည်။ တွေ့ကြုံလာသမျှသော ပြဿနာအခက်အခဲများကို အောင်မြင်ပြေလည်အောင် ဆောင်ရွက်နိုင်စွမ်းရှိနေမည်။ ပညာရေးတွင် အားပေးကူညီမှုများရရှိလာလိမ့်မည်။ ကျန်းမာရေးအနေဖြင့် အစားအသောက်ဆင်ခြင်မှ ကျန်းမာရေးကောင်းမွန်လိမ့်မည်။ အချစ်ရေးတွင် ချစ်သူနှင့်ခွဲခွာနေရတတ်သည်။ အိမ်ထောင်ရှိပြီးသူများမှာ မိသားစုအရေးကို အလေးထား၍ ကြိုးစားနေရတတ်ပါသည်။

**ယတြာ။ ။ဘုရား၊ ရဟန္တာတို့အား ရွှေသင်္ကန်းကပ်လှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** စီးပွားရေးအောင်မြင်မှုရရှိပြီး၊ လုပ်ငန်းများတွင်ကျယ်လာမည်။ အထူးသဖြင့် အနုပညာနှင့် ပတ်သက်ပြီး ထွန်းပေါက်တတ်ပါသည်။ ပညာရေးနှင့် ပတ်သက်၍ မညံ့ပါ။ ကျန်းမာရေးအနေဖြင့် နှလုံးအားနည်းခြင်း ဝေဒနာခံစားရတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေး ကံကောင်းနေမည်။ အဆင်ပြေမှုများမည်။

**ယတြာ။ ။ ဘာသာတရားကို ညစဉ်မှန်မှန်ပြုလုပ်ပါ။**



**ကြာသပတေးသားသမီးများအတွက်** စီးပွားရေးကောင်းမွန်သလို ပညာရေးလည်း တိုးတက်လာတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် ရိုးတွင်းချဉ်ဆီဝေဒနာကို သတိရှိပါ။ ဖြစ်လာလျှင် ရေရှည်တတ်သောသဘောရှိလိမ့်မည်။ မိတ်ကောင်းဆွေကောင်းများလည်း ပေါများလာတတ်ပါသည်။ အချစ်ရေးတွင် ချစ်သူဝိုင်းဝိုင်းလည်နေတတ်သည်။ အပျော်အပါးဖက်လျှင်တော့ ကောင်းသောကံသည် ဆိုးရွားနိုင်ပါသည်။

**ယတြာ။ ။မေတ္တာဘာဝနာပွားများပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေးတွင် အမျိုးသမီးအသုံးအဆောင်ပစ္စည်းများ အကျိုးပေးကောင်းနေတတ်ပါသည်။ ဝန်ထမ်းဖြစ်လျှင်နာမည်ကောင်းရပြီး အရှိန်အဝါတိုးမြင့်ခြင်းတို့ ရရှိတတ်ပါသည်။ ပညာရေးနှင့်ပတ်သက်၍ ဉာဏ်ထက်မြက်နေပါသည်။ အတန်းပညာနှင့်စီးပွားရေးပညာရောထွေးနေတတ်ပါသည်။ အချစ်ရေးတွင်ကြိုးပမ်းနေဆဲဖြစ်မည်။ ကျန်းမာရေးအနေဖြင့် ရာသီဥတု အပြောင်းအလဲကြောင့် ဖြစ်တတ်သော အပရိကရောဂါဖြစ်တတ်ပါသည်။

**ယတြာ။ ။အိပ်ခါနီးတိုင်း ငါးပါးသီလခံယူပါ။**



**စနေသားသမီးများအတွက်** လုပ်ဖော်ကိုင်ဖက်များ၏ ကူညီပေးမှုတို့ကြောင့် လုပ်ငန်းအရှုံးမပေါ်ဘဲ ဝင်ငွေမှန်နေခြင်းရှိမည်။ ဝန်ထမ်းဖြစ်လျှင် တာဝန်ကျေအောင်ထမ်းဆောင်နေရတတ်သည်။ ပညာရေးတွင် လုံ့လဝီရိယအားနည်းနေတတ်သည်။ ကျန်းမာရေးကောင်း မွန်တိုးတက်လာပါလိမ့်မည်။ အကြောရောဂါ၊ နှလုံးတုန်အားနည်းသောရောဂါတို့ကိုသတိပြုသင့်ပါသည်။ အချစ်ရေးတွင်ကောင်းသောမင်္ဂလာရှိနေတတ်သည်။ အိမ်ထောင်ရေးတွင် အိမ်ထောင်ဖက်၏ အလိုလိုက်မှု သနား သည်းခံမှုကိုရရှိတတ်ပါသည်။

**ယတြာ။ ။မွေးနေ့တိုင်းသက်သက်လွတ်စားပါ။**

# ကသာခရိုင်၏အဓိက ထုတ်ကုန်စက်မှုသီးနှံကြံရိတ်သိမ်းချိန် ဈေးကောင်းရ



ကသာခရိုင်ရဲ့ အဓိကထုတ်ကုန်တစ်မျိုးဖြစ်တဲ့ စက်မှုသီးနှံကြံစိုက်ပျိုးမှုမှာ ဧကနှစ်သိန်းကျော်ရှိပြီး ကသာမြို့နယ်နဲ့ ထီးချိုင့်မြို့နယ်များမှာ အများအပြား စိုက်ပျိုးပါတယ်။ ကသာခရိုင်တွင် ကြံသီးနှံစိုက်ပျိုး ထုတ်လုပ်မှုဟာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အများဆုံးဖြစ်တယ်လို့ သိရပြီး ယခုနှစ်မှာ ကြံတစ်တန်ကို ကျပ်ငါးသောင်းနဲ့ သကြားစက်များက ဝယ်ယူနေလို့ ဈေးကောင်းရနေတယ်လို့ ကြံတောင်သူများထံမှ သိရပါတယ်။

"ကျွန်တော်ကတော့ နဝဒေး-၄ ကြံမျိုးကို စိုက်ပျိုးပါတယ်။ တစ်ဧကကို မျိုး ခြောက်တန်ထည့်စိုက်ရပါတယ်။ ပထမမျိုးကို မရောင်းဘဲ စိုက်မယ်ဆိုပါက ၁၀ ဒသမ ၇၅ ဧက ထပ်စိုက်ပျိုးနိုင်ပါတယ်။ တစ်ဧကကို ကုန်ကျစရိတ်လေးသိန်းကျော်ရှိပြီး အထွက်နှုန်းတန် ၅၀ နဲ့ ၆၀ ကြားမှာ ရှိပါတယ်။ ယခုနှစ်မှာ ကြံတစ်တန်ကျပ် ငါးသောင်းနဲ့ သကြားစက်ကို ရောင်းရလို့ တောင်သူတွေအနေနဲ့ ကြံတစ်တန်ကို ခုတ်ခ၊ တင်ခ၊ ကားသယ်ခ၊ အထွေထွေကုန်ကျစရိတ်နုတ်ပြီး ကျပ်နှစ်သောင်း အသားတင် ကျန်ပါတယ်။ ဒါကကြံသီးနှံ ပထမနှစ်ပါ။ နောက် ဒုတိယနှစ်နဲ့ တတိယနှစ်ဆို လမိုင်း(ခုတ်ထားကြံအတက်ပေါက်)နဲ့ အမြတ်ပိုကျန်ပါတယ်။ တစ်မြို့နယ်လုံး ခုတ်သိမ်းနေကြပါပြီ။ ကြံတောင်သူများအနေနဲ့ အပြင်ကနေငွေတိုးယူပြီး စိုက်ပျိုးကြတဲ့အတွက် ရသမျှအမြတ်က အတိုးပေးနေရတာချည်းပါပဲ" လို့ ကြံတောင်သူ ဦးဝမ်ယုက ပြောပါတယ်။ **ကြည်နိုင်ဦး (အင်းတော်)**

# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ မန္တလေးနန်းတွင်း၊ ရန်အောင်မြင်ခန်းမ၌ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲ ကျင်းပ



မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် မန္တလေးတိုင်းဒေသကြီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ မန္တလေးနန်းတွင်းရှိ ရန်အောင်မြင်ခန်းမ၌ ဇန်နဝါရီ ၁၉ ရက်တွင်လည်းကောင်း၊ ထီးတောင်မိုးရပ်ရှိ အမှတ် ၂ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း စုပေါင်းခန်းမ၌ ဇန်နဝါရီ ၂၀ ရက်တွင်လည်းကောင်း ကျင်းပခဲ့ရာ၊ သက်ဆိုင်ရာ မိတ်ဖက်ဌာနများဖြစ်သည့် စားသုံးသူရေးရာ ဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲ ကျင်းပခဲ့ပါတယ်။ အခမ်းအနားသို့ အရာရှိ၊ အရာခံ၊ စစ်သည်မိသားစုစုစုပေါင်းအင်အား(၁၀၀၀)ခန့် တက်ရောက်ခဲ့ပါတယ်။

အဆိုပါ အခမ်းအနားအသီးသီးအလိုက် မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူးနှင့် ဒုတိယတိုင်းဒေသကြီးဦးစီးမှူး တို့က စားသုံးသူရေးရာဦးစီးဌာန၏ ရည်မှန်းချက်၊ မျှော်မှန်းချက်၊ လုပ်ငန်းတာဝန်များနှင့်မူဝါဒများ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် စားသုံးသူအကာအကွယ်ပေးရေးနှင့် ပတ်သက်သည့် လုပ်ငန်းနယ်ပယ်များ၊ အစားအသောက်များနှင့် ပတ်သက်ပြီး အန္တရာယ်ရှိသည့် စားသောက်ကုန်ပစ္စည်းများအကြောင်း၊ စားသုံးသူများအတွက် သိသင့်သိထိုက်သည့် ဆောင်ရန်၊ ရှောင်ရန်များနှင့် လိုက်နာကျင့်သုံးရမည့် စားသုံးသူများ၏ တာဝန်များနှင့် ယခုလို အသိပညာပေး ဟောပြောပွဲကျင်းပပြုလုပ်ရခြင်း၏ရည်ရွယ်ချက်များ အကြောင်းကို ဟောပြောဆွေးနွေးခဲ့ပါတယ်။

ထို့နောက် မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများက ဆိုးဆေးများအကြောင်း၊ ဟင်းသီးဟင်းရွက်များစိုက်ပျိုးထုတ်လုပ်ရာတွင် ပိုးသတ်ဆေးကြွင်းများ ကျန်ရှိနေမှုများ အကြောင်းအကျယ်တဝင့်ရှင်းလင်းဆွေးနွေးခဲ့ကြပါတယ်။ ထို့ပြင်အလယ်ပိုင်း တိုင်းစစ်ဌာနချုပ်၊ ဗိုလ်မှူး နေလင်းဟိန်းက သက်ငယ်မုဒိမ်းမှုနှင့်ပတ်သက်၍ အားလုံး ပူးပေါင်းပါဝင်စို့ ဆောင်းပါးတွင်ပါရှိသောဆောင်ရန်၊ ရှောင်ရန်များအား အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသော အလယ်ပိုင်း တိုင်းစစ်ဌာနချုပ်၊ မန္တလေးနန်းတွင်းရှိ အရာရှိ၊ အရာခံ၊ စစ်သည်မိသားစုများနှင့် အမှတ် (၂) စစ်ကြောရေးနှင့် တည်းခိုရေးစခန်းအရာရှိ၊ အရာခံ၊ စစ်သည်မိသားစုများ၏သိရှိလိုသည်များကို သက်ဆိုင်ရာဌာနတာဝန်ရှိပုဂ္ဂိုလ်များမှ ပြန်လည်ဆွေးနွေးပြောကြားကြောင်း သတင်းရရှိပါတယ်။ **နေခြည်ဦး(စားသုံးသူ/မန္တလေး)**

စာမျက်နှာ - ၈ ➤➤➤ အမေရိကန်-တရုတ် . . . . မှ အဆက်

များ၏ အကောက်ခွန်နှုန်းကိုလည်း မြင့်တက်လာစေနိုင်သည်။ ထို့ကြောင့် အခွန်တိုးမြှင့်ခြင်း၏ အကျိုးဆက်မှာ အမေရိကန်စီးပွားရေးလုပ်ငန်းများနှင့် အလုပ်အကိုင်ရရှိမှုကို ကာလရှည်ကြာ ထိခိုက်ခြင်းဖြစ်ပါသည်။

အမှန်စင်စစ် အမေရိကန်-တရုတ်ဆက်ဆံရေး ပြောင်းလဲမှုသည် အခြား လုပ်ငန်းများအပေါ်တွင်လည်း သက်ရောက်မှုရှိပါသည်။ တရုတ်နိုင်ငံတွင်ရှိသော အမေရိကန် Apple ကုမ္ပဏီ၏ iPhone များသည် တရုတ်ပြည်တွင်း လုပ်ငန်းများနှင့် အပြိုင်ရောင်းချနေရသည်။ တရုတ်နိုင်ငံတွင် အမေရိကန် iPhone မရှိတော့ပါက ကိုရီးယား Samsung ကုမ္ပဏီက အမေရိကန် iPhone ဈေးကွက်ကို အလိုလိုရရှိသွားမည်ဖြစ်သည်။ ထို့အတူ တရုတ်နိုင်ငံကလည်း ဥရောပ Airbus ကုမ္ပဏီထံမှ လေယာဉ်များကို ဒေါ်လာထရီလီယံချီ၍ ပြောင်းလဲဝယ်ယူမည်ဖြစ်သည်။ Airbus ကုမ္ပဏီသည် တရုတ်နိုင်ငံတွင် လေယာဉ်တပ်ဆင်သည့် စက်ရုံကို တည်ဆောက်လျက်ရှိပါသည်။ ထိုနည်းတူစွာပင် တရုတ်နိုင်ငံသည် အမေရိကန်ကားများဖြစ်သော Mercedes, BMW, Lexus တို့ကို မဝယ်တော့ဘဲ အခြားနိုင်ငံထုတ် မော်တော်ကားများကို ဝယ်ယူမည်ဖြစ်သည်။

ထရမ့်သည် လက်ရှိအမေရိကန် ကုန်သွယ်ရေးသဘောတူညီချက်များကို ချိုးဖောက်ပါက ကမ္ဘာ့စီးပွားရေးကို ဦးဆောင်နေသော အမေရိကန်နိုင်ငံအား တရုတ်နိုင်ငံက ပစ်ပယ်ထားမည်ဖြစ်ပါသည်။ ကမ္ဘာ့ စီးပွားရေးအင်အားကြီးနိုင်ငံအဖြစ် အမေရိကန်ကို တရုတ်က အသိအမှတ်ပြုတော့မည် မဟုတ်ပေ။ အမေရိကန်-တရုတ်ကုန်သွယ်ရေး စစ်ပွဲမဖြစ်နိုင်ဟုလည်း ယူဆပါသည်။ သို့သော် မဖြစ်နိုင်ဟူသောအရာမှာ မရှိသလောက်ပင်။ **Source: fortune.com**



## မြို့ကြီးများ၏ ၂၃-၁-၂၀၁၇ မှ ၂၇-၁-၂၀၁၇ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၂၃-၁-၂၀၁၇) | အင်္ဂါ(၂၄-၁-၂၀၁၇) | ဗုဒ္ဓဟူး(၂၅-၁-၂၀၁၇) | ကြာသပတေး(၂၆-၁-၂၀၁၇) | သောကြာ(၂၇-၁-၂၀၁၇) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၁°F |
| ရန်ကုန်မြို့ | နေသာ ၃၂°C/၈၉°F | တိမ်အသင့်အတင့် ၃၂°C/၉၀°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၂°F |
| မန္တလေးမြို့ | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၁°C/၈၈°F |
| မြစ်ကြီးနား | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၈°C/၈၃°F | နေသာ ၂၈°C/၈၃°F | နေသာ ၂၈°C/၈၃°F |
| လားရှိုး | နေသာ ၂၇°C/၈၀°F | နေသာ ၂၇°C/၈၀°F | နေသာ ၂၇°C/၈၀°F | နေသာ ၂၇°C/၈၀°F | နေသာ ၂၆°C/၇၉°F |
| ကျိုင်းတုံ | တိမ်အသင့်အတင့် ၂၄°C/၇၆°F | နေသာ ၂၆°C/၇၉°F | နေသာ ၂၆°C/၇၉°F | တိမ်အသင့်အတင့် ၂၇°C/၈၀°F | နေသာ ၂၇°C/၈၀°F |
| လွိုင်ကော် | နေသာ ၂၄°C/၇၆°F | တိမ်အသင့်အတင့် ၂၆°C/၇၉°F | နေသာ ၂၆°C/၇၉°F | နေသာ ၂၇°C/၈၀°F | နေသာ ၂၇°C/၈၁°F |
| တောင်ကြီး | တိမ်အသင့်အတင့် ၂၄°C/၇၆°F | နေသာ ၂၄°C/၇၆°F | နေသာ ၂၄°C/၇၆°F | နေသာ ၂၄°C/၇၆°F | နေသာ ၂၂°C/၇၂°F |
| မော်လမြိုင် | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၃°F |
| ဘားအံ | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၄°F |
| တောင်ငူ | တိမ်အသင့်အတင့် ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၁°F |
| မုံရွာ | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၇°F | နေသာ ၃၁°C/၈၈°F |
| ပုသိမ် | နေသာ ၃၃°C/၉၂°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၂°C/၉၁°F | နေသာ ၃၃°C/၉၂°F |
| မြိတ် | တိမ်အသင့်အတင့် ၃၀°C/၈၆°F | နေသာ ၃၁°C/၈၇°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F |
| စစ်ကွေ | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၂°C/၈၉°F |
| မကွေး | နေသာ ၃၂°C/၉၀°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F |
| ဖလမ်း | နေသာ ၂၃°C/၇၄°F | နေသာ ၂၃°C/၇၄°F | နေသာ ၂၂°C/၇၁°F | နေသာ ၂၂°C/၇၂°F | နေသာ ၂၂°C/၇၃°F |



## တရုတ်နိုင်ငံ အလယ်ပိုင်းတွင် မြေပြိုကျမှုဖြစ်ပွား၊ လူပေါင်း ၁၄ ဦး သေဆုံးပြီး အများအပြားပိတ်မိနေ

တရုတ်နိုင်ငံအလယ်ပိုင်းတွင် မြေပြိုကျမှုဖြစ်ပွားရာ လူပေါင်း ၁၄ ဦးသေဆုံးပြီး အများအပြား ပိတ်မိနေကြောင်း တရုတ်နိုင်ငံထုတ်သတင်းစာများတွင်ဖော်ပြထားသည်။ မြေပြိုကျမှုကြောင့် အလယ်ပိုင်းဒေသရှိ ဟိုတယ်တစ်လုံးအား ထိခိုက်မှုရှိခဲ့ကြောင်း ဒေသဆိုင်ရာသတင်းများတွင် ဖော်ပြထားသည်။

မြေပြိုကျမှုသည် ဟူဘေးပြည်နယ်ရှိ Nanzhang County တွင် ဇန်နဝါရီ ၂၀ ရက် ည ၇ နာရီခွဲတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မြေပြိုကျမှုကြောင့် ဟိုတယ်အလုပ်သမားများ အပါအဝင် ဟိုတယ်တွင် လာရောက်တည်းခိုနေသူများလည်း ပိတ်မိနေခဲ့ကြောင်း၊ ပိတ်မိနေသူအရေအတွက်မှာ ၁၄ ဦးကျော်ရှိပြီး ထိုမျှမကလည်းများပြားနိုင်သည်ဟု ယူဆကြောင်း တရုတ်နိုင်ငံပိုင်သတင်းစာတစ်စောင်က ဖော်ပြထားသည်။

ပြိုကျသည့်မြေကြီးထုထည်ပမာဏမှာ ကုဗမီတာ ၃၀၀၀ ကျော်ရှိကြောင်း၊ ဟိုတယ်၏နောက်ဘက်တွင်ရှိသည့် ကုန်းမြင့်မှ မြေပြိုကျခြင်းဖြစ်ပြီး အဆိုပါ ဟိုတယ်၏နောက်ဘက်ခြမ်းသည် ဟိုတယ်ဝန်ထမ်းများ အများအပြားနေထိုင်ရာ နေရာဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ဟိုတယ်သည် သုံးထပ်မှစ၍ ပြိုကျခဲ့ခြင်းဖြစ်ပြီး ပထမထပ်တွင် စားသောက်ဆိုင်ထားရှိရာ မြေပြိုကျသည့်အချိန်သည် ဧည့်သည်များ ညနေစာစားသောက်နေချိန်ဖြစ်သည့်အတွက် ဝန်ဆောင်မှုပေးနေသည့် ဝန်ထမ်းများ၊ စားသောက်နေသည့် ဧည့်သည်များ အများအပြား ရှိနေနိုင်ကြောင်းဖြင့် ရေးသားဖော်ပြထားသည်။

ဟူဘေးပြည်နယ်မှ ကယ်ဆယ်ရေး လုပ်သားများက မြေပြိုကျမှုတွင် ပိတ်မိနေသည့်လူများအား ကယ်ဆယ်ခဲ့ကြရာ လူငါးဦးကို အသက်ရှင်လျက်သား ကယ်ဆယ်နိုင်ခဲ့ပြီး နှစ်ဦးကို ဆေးရုံသို့ပို့ဆောင်ခဲ့ရာ ဆေးရုံတွင် သေဆုံးသွားခဲ့သည်ဟုဆိုသည်။တရုတ်နိုင်ငံသည် မြေပြိုကျမှုများ မကြာခဏဖြစ်ပေါ်လျက်ရှိရာ ယခုဖြစ်စဉ်သည် လူသေဆုံးမှု အများဆုံးဖြစ်စဉ်ဖြစ်ကြောင်း သတင်းများက ဖော်ပြထားသည်။

ယခုလောလောဆယ် အခြေအနေအရ ၁၄ ဦးသေဆုံးသည်ဟု သတင်းထုတ်ပြန်ထားသော်လည်း သေဆုံးသူအရေအတွက်မှာ ထပ်မံတိုးလာနိုင်ကြောင်း ဆင်ဟွာသတင်းဌာနက ရေးသားဖော်ပြထားသည်။ **မယ်သီတာ**

## အီတလီနိုင်ငံတွင် တစ်ရက်တည်း ငလျင်ကိုးကြိမ်အထိလှုပ်ခတ်ပြီး နှင်းတောင်ပြိုကျမှုဖြစ်ပွား

အီတလီနိုင်ငံတွင် ဇန်နဝါရီ ၁၈ ရက် တစ်ရက်အတွင်း ငလျင်ကိုးကြိမ်အထိ လှုပ်ခတ်ခဲ့ရာ နှင်းတောင်ပြိုကျမှုများ ဖြစ်ပွားခဲ့ရာ လူကိုးဦး သေဆုံးခဲ့ရကြောင်း စီအန်န်အန်န်သတင်းတွင် ဖော်ပြထားသည်။

ငလျင်လှုပ်ခတ်မှုသည် နံနက် ၄ နာရီ ၂၅ မိနစ်မှစတင်ကာ နံနက် ၁၀ နာရီ ၁၆ မိနစ်အထိ လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး အီတလီနိုင်ငံ၏ အဓိကမြို့များဖြစ်သည့် လာဇီယို၊ မာရှေး၊ ယူမ်ဘီယာနှင့် အဘူဇီယိုမြို့တို့အကြားတွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

ငလျင်လှုပ်ခတ်မှုကိုးကြိမ်တွင် အင်အားရစ်ချ်တာစကေး ၅ ဒသမ ၁ နှင့် ၅ ဒသမ ၇ အကြားရှိသည့် ငလျင်လေးကြိမ် လှုပ်ခတ်ခဲ့ပြီး ကျန်ငါးကြိမ်မှာ အင်အားရစ်ချ်တာ စကေး ၄ ဒသမ ၁ မှ ၄ ဒသမ ၇ အဆင့်ရှိသည့် ငလျင်များလှုပ်ခတ်ခဲ့ခြင်းဖြစ်သည်ဟု အမေရိကန် ဘူမိဗေဒတိုင်းတာရေးအေဂျင်စီ၏ သတင်းထုတ်ပြန်ချက်များတွင် ဖော်ပြထားသည်။

အင်အားပြင်းငလျင်နှင့် အင်အားအသင့်အတင့်ရှိသည့် ငလျင်များ ဆက်တိုက်လှုပ်ခတ်မှုကြောင့် အဘူဇီယိုမြို့ရှိ Rigopiano ဟိုတယ်ပေါ်သို့ နှင်းတောင်များ ပြိုကျခဲ့ကြောင်း သိရသည်။

အဆိုပါဟိုတယ်သည် အဘူဇီယိုမြို့၊ ဖာရင်ဒိုလာဒေသရှိ Gran Sasso တောင်အနီးတွင် တည်ရှိကြောင်း၊ ငလျင်လှုပ်ခတ်ပြီးနောက် နှင်းတောင်ပြိုကျခဲ့ရာ ဟိုတယ်အတွင်းရှိ လူအများအပြား သေဆုံးလိမ့်မည်ဟု ခန့်မှန်းရကြောင်း သတင်းများတွင် ဖော်ပြထား သည်။

အဆိုပါ နှင်းတောင်ပြိုကျသည့် အပိုင်းတွင် လူပေါင်း ၃၀ ဦးခန့် ရှိနေခဲ့ရာ လူ ၃၀အနက်မှ ၁၀ ဦးကိုသာ အသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့ကြောင်း၊ နှင်းတောင်ပြိုကျမှုတွင် ပိတ်မိနေသူများအား ဆက်လက်ရှာဖွေလျက်ရှိနေပြီး ယခုအခါတွင် လူကိုးဦး သေဆုံးခဲ့ပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ငလျင်လှုပ်ခတ်သည့်ဒေသများသည် အီတလီနိုင်ငံ အလယ်ပိုင်းရှိဒေသများဖြစ်ရာ အီတလီနိုင်ငံ၏မြို့တော်ဖြစ်သည့် ရောမမြို့အနီးဝန်းကျင်ရှိဒေသများမှ ပြည်သူများ သိရှိခံစားခဲ့ကြရကြောင်း၊ တစ်ရက်တည်းငလျင်ကိုးကြိမ် လှုပ်ခတ်ခဲ့သဖြင့် အီတလီပြည်သူများမှာ ထိတ်လန့်နေကြကြောင်း သတင်းများတွင် ဖော်ပြထားသည်။ **မယ်သီတာ**

## စာမျက်နှာ ၁၈ - တရားမဝင်ကုန်သွယ်မှုများအခြေအနေ မှ အဆက်

Mobile Team အဖွဲ့များ စတင်လုပ်ငန်းဆောင်ရွက်သည့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒီဇင်ဘာလအထိ ခန့်မှန်းတန်ဖိုး ကျပ်သန်းပေါင်း ၅၂၉၃၅ ဒသမ ၅၇၉ကျော်တန်ဖိုးရှိ အကောက်ခွန်အမှုတွဲ ၈၅၂၉ မှုအား ဖမ်းဆီးအရေးယူနိုင်ခဲ့ပြီး ခန့်မှန်းတန်ဖိုး ကျပ်သန်းပေါင်း ၂၅၃၀ခန့်တန်ဖိုးရှိ စားသုံးရန် မသင့်သောပစ္စည်းများ အမှုတွဲပေါင်း ၉၃၇ မှုအား ဖျက်ဆီးနိုင်ခဲ့ရာ ပြည်သူများ၏ ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေခဲ့ပါသည်။ ကုန်သွယ်မှုတိုးတက်လာ၍ အခွန်အခများ ပိုမိုရရှိလာပြီးစားသုံးသူ အကာအကွယ်ပေးနိုင်ခဲ့သည့်အတွက်တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး လုပ်ငန်းဆောင်ရွက်မှုများ အောင်မြင်မှုရှိခဲ့သည်။ သို့သော်လည်းကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးနှင့် ကုန်သွယ်မှုဆိုင်ရာ အဟန့်အတား များကို လျှော့ချနိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ တင်ပြချက်အရ ၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလ ၃၀ရက်နေ့တွင် နိုင်ငံတော် သမ္မတရုံး၏ အမိန့်ကြော်ငြာစာဖြင့် တရားမဝင် ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးဗဟိုကော်မတီကို ဖျက်သိမ်းကြောင်း ထုတ်ပြန်ကြေညာခဲ့သဖြင့် ၎င်းနေ့ ၁၆:၀၀နာရီအချိန်မှစတင်၍ Mobile Team အဖွဲ့အားလုံး၏ လုပ်ငန်းဆောင်ရွက်မှုအား ရပ်ဆိုင်းခဲ့ပါသည်။

**တရားမဝင် ကုန်သွယ်မှုလုပ်ငန်းများ ပြန်လည်ကြီးထွားလာမှုအခြေအနေ**

Mobile Team အဖွဲ့များဖြင့် တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးလုပ်ငန်းဆောင်ရွက်ခဲ့မှုကြောင့် တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများ သိသာစွာ လျော့နည်းကျဆင်းသွားခဲ့ပြီး နိုင်ငံတော်၏ ကုန်သွယ်မှုပမာဏများ တိုးတက်လာခဲ့သော်လည်း Mobile Team အဖွဲ့များ ဖျက်သိမ်းပြီးနောက် တရားမဝင် ကုန်သွယ်မှုတားဆီးရေးလုပ်ငန်းများအား ရပ်ဆိုင်းထားခဲ့ပြီး၊ မကြာမီတွင် တရားမဝင်ကုန်သွယ်မှုများ ပြန်လည်ကြီးထွားလာနေကြောင်း နှစ်နိုင်ငံကုန်သွယ်မှုစာရင်းများအရလည်းကောင်း၊ တရားဝင်ကုန်သွယ်မှုစာရင်းကာလတူနှင့်အနီးစပ်ဆုံး ကာလနှိုင်းယှဉ်ချက်များအရ လည်းကောင်း သိရှိရသည်။

၂၀၁၆ခုနှစ်၊ မေလအတွင်း နှစ်နိုင်ငံကုန်သွယ်မှုစာရင်းများ နှိုင်းယှဉ်ရာတွင် နှစ်နိုင်ငံတရားဝင် တင်ပို့/တင်သွင်းခွင့်ပြုထားသောပစ္စည်းများအနက် မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ပို့ကုန် အမေရိကန်ဒေါ်လာ ၅ ဒသမ ၄၈၆သန်း၊သွင်းကုန် အမေရိကန်ဒေါ်လာ ၁၇ဒသမ၇၉၄ သန်း၊ စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၂၈သန်းမှာ မိမိနိုင်ငံဘက်စာရင်းတွင်ပါရှိခြင်းမရှိဘဲ လျော့နည်းနေပြီး မြဝတီကုန်သွယ်ရေးဇုန်မှ ပို့ကုန်တွင် အမေရိကန်ဒေါ်လာ ၂ဒသမ၀၈၄ သန်း၊ သွင်းကုန်တွင် အမေရိကန်ဒေါ်လာ ၁၈၆ဒသမ၉၂၄ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၈၉ဒသမ၀၀၈ သန်း လျော့နည်းနေကြောင်း စိစစ်တွေ့ရှိရသည်။ မြဝတီကုန်သွယ်ရေးဇုန်၏ တစ်ဖက် မဲဆောက်သွင်းကုန်စာရင်းအရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်နိုဝင်ဘာလထိ အမေရိကန်ဒေါ်လာ ၁၅ဒသမ၄၅၉ သန်းခန့်တန်ဖိုးရှိ ကျွဲ/နွားအရှင် ၄၃၉၆၃ ကောင် တရားမဝင် တင်ပို့ထားကြောင်း တွေ့ရှိရသည်။ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ဘက်တွင် နှစ်ဖက်စလုံးမှ တင်ပို့/တင်သွင်း ခွင့်ပြုမထားသော ကျွဲ/နွား၊ စားသောက်ကုန်၊ ဘီယာကဲ့သို့သော ပစ္စည်းများအား တရားမဝင် သယ်ဆောင်မှုများသည် ကုန်သွယ်မှု စာရင်းများတွင် မပါဝင်သေးသကဲ့သို့ ကုန်သွယ်ရေး ဇုန်နှစ်ခုစလုံးတွင် နှစ်ဖက်စလုံးမှ တရားဝင် တင်ပို့/တင်သွင်း ခွင့်ပြုထားသော်လည်း တရားမဝင် လမ်းကြောင်းများမှ သယ်ဆောင်နေမှုများရှိနေပြီး ဒေသဆိုင်ရာ အာဏာပိုင်များမှ ရံဖန်ရံခါ ဖမ်းဆီးရမိမှုများရှိနေကြောင်း တွေ့ရှိရပါသည်။

မြဝတီကုန်သွယ်ရေးဇုန်မှ တာဝန်ရှိသူများသည် ၂၀၁၆ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့တွင် မြဝတီကုန်သွယ်ရေးဇုန်မှ ကော့ကရိတ်(လှိုင်ဝရွာ)စစ်ဆေးရေးဂိတ်အထိ လမ်းကြောင်း တစ်လျှောက်ရှိကုန်တင် ယာဉ်များ၏ ယာဉ်အမှတ်နှင့် ယာဉ်အမျိုးအစားများအား လိုက်လံမှတ်သားကောက်ယူခဲ့ပြီး မြဝတီကုန်သွယ်ရေးဇုန်တွင် စစ်ဆေးခံခဲ့သည့် ယာဉ်စာရင်းတွင် ပါရှိခြင်း ရှိ/မရှိစိစစ်ခဲ့ရာ စာရင်းကောက်ယူ ရရှိသော ယာဉ် ၆၄ စီးအနက် မြဝတီကုန်သွယ်ရေးဇုန်တွင် အစစ်ဆေးခံသည့်ယာဉ် ၂၂ စီးသာပါရှိပြီး ခြောက်ဘီးယာဉ် ၃၂ စီး၊ ၁၂ ဘီးယာဉ် ခုနစ်စီး၊ ၁၄ ဘီးယာဉ်တစ်စီး၊ ၂၂ ဘီးယာဉ်တစ်စီးနှင့် မှန်လုံယာဉ်တစ်စီး၊ ပေါင်း ၄၂ စီးမှာ တရားမဝင်အကောက်ခွန်မဲ့ ကုန်များတင်ဆောင်၍ ကုန်သွယ်ရေးဇုန်အား ရှောင်ကွင်းသွားခဲ့သော ယာဉ်များဖြစ်ကြောင်း တွေ့ရှိခဲ့ရပါသည်။

စာရင်းကောက်ယူခဲ့သော ကုန်တင်ယာဉ်များ စာရင်းအရ ကုန်သွယ်ရေးဇုန်တွင် အစစ်ဆေးခံသော ယာဉ်နှင့်ရှောင်ကွင်းသွားလာသော ယာဉ်များ၏ နှိုင်းယှဉ်ချက်စာရင်းအရ အစစ်ဆေးမခံသော ယာဉ်မှာ ၁၇၀ ရာခိုင်နှုန်းခန့်ရှိကြောင်း တွေ့ရှိရပါသည်။ ၎င်းလမ်းကြောင်းမှ အကောက်ခွန်မဲ့ ဘိလပ်မြေ၊ အိမ်ဆောက်ပစ္စည်း၊ စားသောက်ကုန်များ၊ လျှပ်စစ်ပစ္စည်းများ၊ ထိုင်းဆန်အချို့၊အေးခဲအမဲသား၊ အေးခဲဝက်သား၊ အေးခဲပုစွန်၊ ကြက်အရှင်များ၊ လူသုံးကုန်ပစ္စည်းများ၊စက်သုံးဆီများ တင်ဆောင်၍ တရားမဝင်တင်သွင်းလျက်ရှိကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံအနေဖြင့် ကျွဲ/နွားအရှင်များအား တရားဝင် တင်ပို့ခွင့်ပြုပေးထားခြင်းမရှိသေးသော်လည်း မြန်မာနိုင်ငံ နေရာအနှံ့အပြားမှ နယ်နိမိတ်ထိစပ်နေသော တစ်ဖက်နိုင်ငံဘက်ခြမ်းသို့ နယ်စပ် ဖြတ်ကျော်ပြီး တရားမဝင်တင်ပို့နေကြောင်း သိရှိရသည်။ နယ်စပ်ကုန်သွယ်မှုတွင် အဓိက ကုန်သွယ်ဖက်နိုင်ငံများဖြစ်သော တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံသို့ တင်ပို့မှုအများဆုံးဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အနည်းငယ် တင်ပို့မှုရှိနေကြောင်း သိရှိရပါသည်။

ရှမ်းပြည်နယ်မြောက်ပိုင်း၊ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်တွင် တရားမဝင် ကျွဲ၊ နွားရောင်းဝယ်မှု အနေဖြင့်ကွတ်ခိုင်မြို့တွင် နွားပွဲဈေးရှိနေပြီး ငါးရက်တစ်ကြိမ်ပြုလုပ်သည့် ဈေးနေ့တိုင်း အရောင်းဝယ် ဖြစ်သည့် ကျွဲ၊ နွားများကို ၁၀ဘီး၊ ၁၂ဘီး ယာဉ်ကြီးများဖြင့်တင်ဆောင်၍ အပတ်စဉ် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးအတိုင်း မော်တောင်းရွာ - ပန်ဂျို - ခိုခေး - နမ်တောင်းရွာမှ တစ်ဆင့် ဟိုနောင်ရွာ-ကျိန်စန်းကျော့ကျောက်တိုင်လမ်းဆုံသို့ ညအချိန်သယ်ဆောင်လျက်ရှိပြီး မူဆယ်မြို့သို့ ဝင်ရောက်သောယာဉ်များမှာ နံနက်စောစော သုံးနာရီနှင့် ငါးနာရီအတွင်း ရောက်ရှိကြောင်းသိရှိရပါသည်။

➲ ဆက်လက်ဖော်ပြပါမည်။

## Myanmar International Franchise and SME Expo 2017 ပြပွဲနှင့်ဆွေးနွေးပွဲကျင်းပ

မြန်မာ့စီးပွားရေးမှ ကမ္ဘာ့စီးပွားရေးတွင် အလားအလာရှိသော ကုန်ပစ္စည်းများ ရောင်းဝယ်ဖြန့်ဖြူးမှု၊ တင်သွင်းမှု၊ တင်ပို့မှုနှင့် အခြားစီးပွားရေးအခွင့်အလမ်းများရရှိစေရန် ရည်ရွယ်၍ Myanmar International Franchise and SME Expo ဆိုင်ရာ ဆွေးနွေးပွဲကို မရမ်းကုန်းမြို့နယ်ရှိ Gandamar Wholesale တွင် ဇန်နဝါရီလ ၁၉ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲသို့ စက်မှုဝန်ကြီးဌာန၊ အသေးစားအလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးသင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါ၊ ထိုင်းနိုင်ငံသံရုံး၊ စီးပွားရေးဌာနမှ Minister Counsellor Mr.Pakainay Leng -EE ၊ ထိုင်းနိုင်ငံ၊ စက်မှုဝန်ကြီးဌာနမှ လက်ထောက်ပါမောက္ခ Dr.NuttaponNinmanphatcharin နှင့် 981 Creative Myanmar Co.,Ltd မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါကုန်စည်ပြပွဲတွင် ကုမ္ပဏီပေါင်း ၃၀ ကျော်မှ ပြခန်းပေါင်း ၅၅ ခန်းဖြင့် ပြသခဲ့ကြပြီး ထိုင်း၊ ကိုရီးယား၊ တရုတ်(တိုင်ပေ)၊ မြန်မာ၊ စင်ကာပူနှင့် ဂျပန်နိုင်ငံတို့မှ လုပ်ငန်းရှင်များက မြန်မာနိုင်ငံတွင် ကုန်အမှတ်တံဆိပ် ရောင်းဝယ်ခြင်း (Franchise) အပါအဝင် စီးပွားရေး အလားအလာရှိသော ကုန်ပစ္စည်းများအကြောင်းနှင့် ကုန်သည်များအား ရောင်းဝယ်ဖြန့်ဖြူးမှုအစရှိသည့် အကြောင်းအရာများကို ဆွေးနွေးခဲ့ကြသည်။

ယင်းကုန်စည်ပြပွဲကို 981 Creative Myanmar Co.,Ltd မှ ကြီးမှူး၍ စက်မှုဝန်ကြီးဌာနနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့၏ ပူးပေါင်းပံ့ပိုးမှုဖြင့် ကျင်းပခဲ့ခြင်း ဖြစ်ကြောင်းသိရသည်။

**အေးအေး(TD)**

## စာမျက်နှာ ၃ - စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာ့အထူး စီးပွားရေးဇုန်ဆိုင်ရာ. . . မှ အဆက်

စီးပွားရေးဇုန်များ၏ အခန်းကဏ္ဍသည် အလွန်အရေးပါသည့်အတွက် လက်ရှိဆောင်ရွက်ဆဲ အထူးစီးပွားရေးဇုန်များအား ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အထူးစီးပွားရေးဇုန်များ အောင်မြင်အောင် ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးများနှင့် ပြည်နယ်များအကြား ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေသည့် စီးပွားရေးအခြေအနေကောင်းများ ရရှိစေရေး၊ နိုင်ငံတော်အတွက် အဘက်ဘက်မှ စွမ်းရည် ပြည့်ဝသော လူငယ်မျိုးဆက်သစ်များ ပေါ်ထွန်းလာနိုင်ရေးတို့အတွက် နိုင်ငံ တကာနှင့် ပူးပေါင်း ပါဝင်ဆောင်ရွက်နိုင်ရေး၊ နိုင်ငံတော်၏ စီးပွားရေးမူဝါဒများကို အကောင်အထည်ဖော်ပြီး ပြည်သူ များ သိရှိအောင် ပွင့်လင်းမြင်သာမှုရှိစေရေးတို့အား အလေးထားဆောင်ရွက်ရမှာဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အထူးစီးပွားရေးဇုန်ကြီး သုံးခုကို ဆောင်ရွက်လျက်ရှိပြီး ရှေ့ဆက်၍ စီးပွားရေးဇုန်အသစ်များနှင့် ဗဟိုလုပ်ငန်းအဖွဲ့တို့ကို ထပ်မံတိုးချဲ့ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံ၏ လက်ရှိလိုအပ်ချက်အရ စီးပွားရေးအမြန်ဆုံး တိုးတက်အောင် အများပြည်သူများ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၊ ပြည်ပရင်းနှီးမြှုပ်နှံသူများနှင့် ညှိနှိုင်းချုပ်ဆိုမည့် စာချုပ်များအတွက် ဥပဒေကျွမ်းကျင်သူပညာရှင်များ ပါဝင်ညှိနှိုင်းဆောင်ရွက်ကြရန်လိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ပြဋ္ဌာန်းထားပြီးဖြစ်သည့် အထူးစီးပွားရေးဇုန်များ အနေဖြင့် ဥပဒေနှင့်အညီ လိုက်နာသွားရမှာဖြစ်သလို ဒေသခံ ပြည်သူလူထု၏ ကျန်းမာရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်နိုင်မှုတို့အပေါ်တွင်လည်း ထည့်သွင်းစဉ်းစား ပေးကြရန် လိုအပ်ကြောင်း၊ မိမိတို့ဗဟိုလုပ်ငန်းအဖွဲ့အနေဖြင့် အစိုးရအဖွဲ့နှင့် ဗဟိုအဖွဲ့တို့၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိသလို အထူးစီးပွားရေး ဇုန် စီမံခန့်ခွဲမှု ကော်မတီများသည်လည်း အထက်အဖွဲ့အစည်းအဆင့်ဆင့်၏ လမ်းညွှန်ကြီးကြပ်မှုများနှင့်အညီ ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ အထူး စီးပွားရေးဇုန်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ကြရာတွင် အမျိုးသား အကျိုးစီးပွားများကို ဦးတည်ဆောင်ရွက် သွားကြရန် လိုအပ်ကြောင်း၊ အထူးစီးပွားရေးဇုန်များ၏ အကောင် အထည်ဖော်ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံနှင့် အလားအလာများကို အများပြည်သူ ထင်သာမြင်သာ ရှိအောင် ဆောင်ရွက်ခြင်းအားဖြင့် ရင်းနှီးမြှုပ်နှံလိုသူများကို ဆွဲဆောင်နိုင်မှာဖြစ်ကြောင်းစသည်ဖြင့် ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ အမြဲတမ်း အတွင်းဝန်များ၊ အထူးစီးပွားရေးဇုန်များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက မိမိတို့ကဏ္ဍအလိုက် တွေ့ကြုံရသည့် အားနည်းချက်၊ အားသာချက်များအား ဆွေးနွေး တင်ပြကြရာ ဆွေးနွေးချက်များနှင့် ပတ်သက်၍ ပြည်ထောင်စု ဝန်ကြီးက သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ပေးကာ နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**MOC (IR)**



# မြန်မာအသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် အာရှဖလားနောက်ဆုံးအဆင့် ခြေစစ်ပွဲအတွက် အပြီးသတ် ၂၄ သင်းစာရင်းထွက်ပေါ်

ယူအေအီးနိုင်ငံတွင် ၂၀၁၉ ခုနှစ်အတွင်း ကျင်းပမည့်အာရှဖလား၂၀၁၉ ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရေးအတွက် ခြေစစ်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရသည့် မြန်မာ့လက်ရွေးစင်အသင်းအပါအဝင် အသင်း ၂၄ သင်း၏ စာရင်းကို အာရှဘောလုံးအဖွဲ့ချုပ်မှ ထုတ်ပြန်ခဲ့သည်။

အာရှဖလားခြေစစ်ပွဲ ဝင်ရောက်ခွင့်ရခဲ့သည့် အသင်း ၂၄ သင်းကို Pot တစ်လုံးလျှင် ၆ သင်းနှုန်းဖြင့် လေးခုခွဲကာ ဇန်နဝါရီ ၂၃ ရက်တွင် မဲခွဲပွဲကျင်းပမည်ဖြစ်သည်။ ဂျော်ဒန်၊ အိုမန်၊ ဖိလစ်ပိုင်၊ ဘာရိန်း၊ ကာဂျစ်စတန်၊ မြောက်ကိုရီးယား အသင်းများက Pot(1)၊ အိန္ဒိယ၊ ပါလက်စတိုင်း၊ တာဂျစ်စတန်၊ ဗီယက်နမ်၊ ဟောင်ကောင်၊ တာ့ခ်မင်နစ္စတန်အသင်းတို့က Pot(2)၊ မော်လဒိုက်၊လက်ဘနွန်၊ ယီမင်၊ အာဖဂန်နစ္စတန်၊ တရုတ်(တိုင်ပေ)၊ မြန်မာအသင်းတို့က Pot(3)နှင့် မလေးရှား၊ စင်ကာပူ၊ ကမ္ဘောဒီးယား၊ နီပေါ၊ ဘူတန်၊ မကာအိုအသင်းတို့က Pot(4) တွင် ပါဝင်နေသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် အာရှဖလားခြေစစ်ပွဲအဆင့်ကို၁၉၆၈၊ ၁၉၉၆၊ ၂၀၀၀၊ ၂၀၀၄၊ ၂၀၁၅ ခုနှစ်များတွင် ငါးကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးပြီး ၁၉၆၈ ခုနှစ်တွင်သာ ခြေစစ်ပွဲအဆင့်ကို ကျော်ဖြတ်ပြီး ၁၉၆၈ အာရှဖလားတွင် ဒုတိယနေရာရရှိခဲ့သည်။ ကျန်နှစ်များတွင် ခြေစစ်ပွဲအဆင့်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

အပြီးသတ် ၂၄ သင်းစာရင်းတွင် မကာအိုအသင်းနှင့် နီပေါအသင်းတို့လည်း ပါဝင်လာခဲ့သည်။ အာရှဘောလုံးအဖွဲ့ချုပ်မှ ကျင်းပသည့် ဘောလုံးပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်ခွင့် ပိတ်ပင်ခံထားရသည့် ကူဝိတ်ဘောလုံးအသင်း၏နေရာတွင် မကာအိုအသင်းဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့ပြီး အာရှဖလားဘောလုံးပြိုင်ပွဲမှ နှုတ်ထွက်ခဲ့သည့် ဂူအမ်အသင်းနေရာတွင် နီပေါအသင်းက အစားထိုးဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့ခြင်းဖြစ်သည်။

# ကမ္ဘာ့ဝင်ငွေအကောင်းဆုံးဘောလုံးအသင်းတွင် မန်ချက်စတာယူနိုက်တက် ထိပ်ဆုံးတွင်ရပ်တည်နေ




ကမ္ဘာ့ဝင်ငွေ အကောင်းဆုံးဘောလုံးအသင်းများအနက် မန်ချက်စတာယူနိုက်တက်အသင်းသည် ထိပ်ဆုံး၌ ရပ်တည်နေကြောင်း Deloitte ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

Deloitte က ထုတ်ပြန်သည့် အစီရင်ခံစာတွင် မန်ချက်စတာယူနိုက်တက်အသင်းသည် ၂၀၁၅-၁၆ဘောလုံးရာသီ၌ စံချိန်တင်ဝင်ငွေယူရို ၆၈၉ သန်းရရှိခဲ့ပြီး ကမ္ဘာ့ဝင်ငွေအကောင်းဆုံး အသင်းတစ်သင်းဖြစ်လာခဲ့သည်။ မန်ယူအသင်းသည် စီးပွားရေးလုပ်ငန်းများမှ ဝင်ငွေယူရိုသန်း ၁၀၀(ပေါင် ၇၁ သန်း)ရရှိခဲ့ခြင်းဖြစ်သည်။

ဆယ်စုနှစ်တစ်စုကြာ ဝင်ငွေအကောင်းဆုံးအဖြစ် ရပ်တည်ခဲ့သည့် ရီးရဲလ်မက်ဒရစ်အသင်းသည် တတိယနေရာသို့ ဆင်းသက်ပေးခဲ့ရပြီး ဘာစီလိုနာအသင်းက ဒုတိယနေရာသို့တက်လှမ်းလာခဲ့သည်။

ဂျာမန် ထိပ်သီးအသင်းဖြစ်သည့် ဘိုင်ယန်မြူးနစ်အသင်းက အဆင့်လေးနေရာတွင်ရပ်တည်နေပြီး မန်ယူ၏မြို့ခံပြိုင်ဘက်အသင်းဖြစ်သည့် မန်ချက်စတာစီးတီးအသင်းက ပဉ္စမနေရာသို့ တက်လှမ်း လာခဲ့သည်။

ပြီးခဲ့သည့် ၂၀၁၅-၁၆ ဘောလုံးရာသီတွင် ထိပ်ဆုံးတွင်ရပ်တည်ခဲ့သည့် အသင်းပေါင်း ၂၀ ၏ စုစုပေါင်းဝင်ငွေသည် ၁၂ ရာခိုင်နှုန်း တိုးလာခဲ့ပြီး ယူရို ၇ ဒသမ ၄ ဘီလီယံရှိခဲ့ကာ စံချိန်သစ်တင်ခဲ့ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြထားသည်။

# Grand Sport Co.Ltd. နှင့် မကွေးအက်ဖ်စီတို့ ဂျာစီအင်္ကျီစပွန်ဆာစာချုပ်ချုပ်ဆို

၂၀၁၇ ခုနှစ် မြန်မာနေရှင်နယ်လိဂ်နှင့် အေအက်ဖ်စီဖလား ၂၀၁၇ ပြိုင်ပွဲတို့တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မကွေးအက်ဖ်စီနှင့် Grand Sport Co. Ltd. တို့၏ ဂျာစီစပွန်ဆာစာချုပ်ချုပ်ဆိုပွဲကို ဇန်နဝါရီလ ၁၇ ရက်က မကွေးအက်ဖ်စီ၏ရုံးခန်းတွင် ကျင်းပခဲ့သည်။

အဆိုပါဂျာစီအင်္ကျီစပွန်ဆာစာချုပ်အား Grand Sport Co., Ltd. မှ မြန်မာပြည်တစ်ဦးတည်း ကိုယ်စားလှယ်ဖြစ်သော Perfect Union Co., Ltd. မှ ဒါရိုက်တာများနှင့် မကွေးအက်ဖ်စီမှ မန်နေဂျာဦးစိုးမင်းတို့ လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါစာချုပ်အရ မကွေးအက်ဖ်စီ၏ပြိုင်ပွဲဝင်ဝတ်စုံများ၊ လေ့ကျင့်ရေးဝတ်စုံများ၊ ခရီးသွားဝတ်စုံများကို Perfect Union Co., Ltd. မှ တစ်ဦးတည်းဖြန့်ချိသော Grand Sport အမှတ်တံဆိပ်ဝတ်စုံများဖြင့် ပံ့ပိုးပေးမည်ဖြစ်ပြီး စာချုပ်သက်တမ်းမှာ တစ်နှစ်ဖြစ်ကြောင်း သိရသည်။

Perfect Union Co., Ltd. မှ ဒါရိုက်တာတစ်ဦးဖြစ်သည့် ဦးကျော်လင်းထွေးက“ကျွန်တော်တို့အနေနဲ့တော့ မြန်မာ့အားကစားလောက တိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းက ကူညီတဲ့အနေနဲ့ အခုလို စပွန်ဆာပေးခဲ့တာဖြစ်ပါတယ်။ မကွေးအက်ဖ်စီအနေနဲ့ လာမယ့်ပြိုင်ပွဲများမှာ အောင်မြင်မှုရရှိစေဖို့ဆုတောင်းပေးပါတယ်”ဟု ပြောကြားခဲ့သည်။

# ဒိုင်လူကြီးအား ဆောင့်တွန်းကာဆဲဆိုခဲ့သည့် ရတနာပုံအသင်းမှ ရှိုင်းသူရကို ဒဏ်ငွေကျပ်ငါးသိန်းနှင့် ၁၀ ပွဲပယ်ပြစ်ဒဏ်ချမှတ်



ဇန်နဝါရီလ ၁၅ ရက်က ရန်ကုန်မြို့၊ သုဝဏ္ဏအားကစားကွင်း၌ ကျင်းပခဲ့သည့် မြန်မာနေရှင်နယ်လိဂ်၏ အဖွင့်ပွဲစဉ်တစ်ပွဲဖြစ်သည့် ချင်းယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်းတို့၏ တစ်ဖက် တစ်ဂိုးစီဖြင့် သရေကျခဲ့သည့် ပွဲစဉ်တွင် ပွဲချိန်အတွင်း ဒိုင်ဖြစ်သူအား ကိုယ်ထိလက်ရောက် ဆောင့်တွန်းကာဆဲဆိုခဲ့သည့် ရတနာပုံအသင်းမှ ယူ-၂၂ လက်ရွေးစင်ကစားသမား ရှိုင်းသူရကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေး ကော်မတီက ဒဏ်ငွေကျပ် ငါးသိန်းနှင့် ၁၀ ပွဲပယ် ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲ၏ပွဲချိန် ၈၇ မိနစ်တွင် ရတနာပုံအသင်းမှ လှိုင်းဘိုဘိုနှင့် ချင်းယူနိုက်တက်အသင်းမှ ဒိုဆက်ကီတာတို့ ဘောလုံးယှဉ်လုစဉ် လှိုင်းဘိုဘို လဲကျသွားခဲ့သည်ကို ကွင်းလယ်ဒိုင်လူကြီးက ပြစ်ဒဏ်ဘောသတ်မှတ်ခဲ့ခြင်းမရှိသည့်အတွက် ရှိုင်းသူရက ကွင်းလယ်ဒိုင်လူကြီး ဦးတင်ထွေးကို ကိုယ်ထိလက်ရောက် ဆောင့်တွန်းကာ ဆဲဆိုခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေး ကော်မတီအနေဖြင့် အဆိုပါဖြစ်ရပ်နှင့်ပတ်သက်၍ တာဝန်ကျဒိုင်လူကြီးများကို ခေါ်ယူမေးမြန်းခြင်း၊ ပြိုင်ပွဲကြီးကြပ်နှင့် ဒိုင်ကြီးကြပ်များ၏ အစီရင်ခံစာများကို ဖတ်ရှုလေ့လာမှုများ ပြုလုပ်ခဲ့ပြီးနောက် ယခုကဲ့သို့ ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။ထို့ကြောင့် ရတနာပုံအသင်း၏ ကွင်းလယ်ကစားသမား ရှိုင်းသူရအား လာမည့် ဇန်နဝါရီ ၂၂ ရက်တွင် ယှဉ်ပြိုင်ကစားရမည့် ဇွဲကပင်ယူနိုက်တက်အသင်းနှင့် ပွဲစဉ်မှစတင်ကာ လွဲချော်တော့မည်ဖြစ်သည်။

# နံရိုးအောင့်သည့်ဝေဒနာကြောင့် အဘူဒါဘီချန်ပီယံရှစ် ဂေါက်သီးရိုက်ပြိုင်ပွဲမှ မက်အီရွိုင်း နုတ်ထွက်ခဲ့ရ

ကမ္ဘာ့အဆင့်နှစ် ဂေါက်သီးသမား အိုင်းရစ်လူမျိုးမက်အီရွိုင်းသည် ယူအေအီးနိုင်ငံတွင် ကျင်းပလျက်ရှိသည့် အဘူဒါဘီ ချန်ပီယံရှစ်ပြိုင်ပွဲမှ နုတ်ထွက်ခဲ့ပြီဖြစ်သည်။ မက်အီရွိုင်းသည် တောင်အာဖရိကအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲတွင် ရရှိခဲ့သည့် နံရိုးအောင့်ဒဏ်ရာကြောင့် ယခုပြိုင်ပွဲမှလည်း နုတ်ထွက်ခဲ့ရခြင်းဖြစ်သည်။


ယခုအခါတွင် မက်အီရွိုင်းသည်၎င်း၏နေအိမ်တွင် အနားယူလျက်ရှိသော်လည်း ပြိုင်ပွဲမှ နုတ်ထွက်ခဲ့ရသဖြင့် စိတ်မသက်မသာ ဖြစ်လျက်ရှိကြောင်း၊ ထို့ပြင် ၎င်း၏ဒဏ်ရာကိုလည်း ပြန်လည်ပြုစုကုသရေးအစီအစဉ်ဖြင့် ကုသလျက်ရှိကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြထားသည်။

“တကယ့်ကို စိတ်ပျက်ဖို့ကောင်းတဲ့ ခါးသီးတဲ့အတွေ့အကြုံတစ်ခုပါပဲ။ ဒီအဘူဒါဘီပြိုင်ပွဲကို ကျွန်တော်ဘယ်လောက်အထိ ဝင်ပြိုင်ချင်တယ်ဆိုတာ လူတိုင်းသိလိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်”ဟု အသက် ၂၇ နှစ်အရွယ်ရှိ မက်အီရွိုင်းက ပြောကြားခဲ့သည်။

မက်အီရွိုင်းသည် ယခုအဘူဒါဘီပြိုင်ပွဲနှင့် လွဲချော်ခဲ့ရသော်လည်း လာမည့် ဖေဖော်ဝါရီလ ပထမပတ်အတွင်းကျင်းပမည့် Dubai Desert Classic ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

တောင်အာဖရိကနိုင်ငံ၊ ဂျိုဟန်နက်စဘတ်မြို့တွင် ယှဉ်ပြိုင်ခဲ့သည့် ပွဲစဉ်၌ မက်အီရွိုင်းသည် ၎င်းရရှိခဲ့သည့်ဒဏ်ရာကို ပတ်တီးစည်းကာ ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

# လားရှိုးမြို့ပေါ်ရှိ စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းရှင်များအား ခေါ်ယူဆွေးနွေး



လားရှိုးမြို့ စားသုံးသူရေးရာဦးစီးဌာနမှတာဝန်ရှိသူများသည် လားရှိုးမြို့ပေါ်ရှိ စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းရှင်များအား ဇန်နဝါရီ ၁ ရက်က စားသောက်ကုန်များ ထုတ်လုပ်ရောင်းချမှုနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် လားရှိုးမြို့၌ ထုတ်လုပ်လျက်ရှိသော အစားအသောက်များ၊ မုန့်များတွင် ထုတ်လုပ်ရက်စွဲ/ကုန်ဆုံးရက်စွဲများ မပါရှိခြင်းတို့ကြောင့် စားသုံးသူများအနေဖြင့် မစားသောက်ရသေးမီ မှိုတက်ပျက်စီးခြင်း၊ အချိန်မည်မျှအထိ အထားခံသည်ကို မသိရှိရခြင်းစသည့် စားသုံးသူများအတွက် အခွင့်အရေးထိခိုက်နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်နေခြင်းတို့ကြောင့် ဈေးကွက်အတွင်း ရောင်းချနေသော အစားအသောက်များ၊ မုန့်များတွင် ပါဝင်ရမည့် အချက်အလက်များနှင့် FDA ထောက်ခံချက်အမှတ်များ ထည့်သွင်းဖော်ပြရန်နှင့် လိုက်နာမှုမရှိပါက အရေးယူခံရမည်ကို သိရှိကြောင်း လက်မှတ်ရေးထိုး အသိပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ အဆိုပါ အသိပညာပေး ဆွေးနွေးပွဲသို့ လားရှိုးမြို့ပေါ်ရှိ အစားအသောက်/မုန့်များ ထုတ်လုပ်လျက်ရှိသော လုပ်ငန်းရှင် ၂၂ ဦး တက်ရောက် ခဲ့ပါသည်။

လားရှိုးမြို့ပေါ်တွင် ထုတ်လုပ်ရောင်းချလျက်ရှိသော အစားအသောက်များနှင့် မုန့်များတွင် ပါဝင်ရမည့် အချက်အလက်များနှင့် FDA ထောက်ခံချက်အမှတ်များ ထည့်သွင်း ဖော်ပြထားမှုမရှိသော မုန့်လုပ်ငန်းပိုင်ရှင်များအား ဖေဖော်ဝါရီ ၁ ရက်မှစ၍ အရေးယူသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**အောင်ကျော်မြင့်(လားရှိုး)**

## မုံရွာမြို့နယ် စားသုံးသူအကာအကွယ်ပေးရေး ပညာပေးဟောပြောပွဲ ဇန်နဝါရီလ လျာထားချက်မီအောင် ပူးပေါင်းဆောင်ရွက်

စားသုံးသူရေးရာဦးစီးဌာန၊ မုံရွာမြို့နယ်တာဝန်ခံအနေဖြင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီလ စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေး ဟောပြောပွဲ လျာထားချက် ပြည့်မီစေရန် စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရဲ့ ကြီးကြပ်မှုနဲ့ စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဝန်ထမ်း ငါးဦးဖြည့် စွက်ကာ မုံရွာခရိုင်ဦးစီးမှူးနဲ့ ခရိုင်ရုံး ဝန်ထမ်းများ ပူးပေါင်းပြီး စီမံချက်ပါ စာသင်ကျောင်း ငါးကျောင်းကို သွားရောက်ဟောပြောခဲ့ကြတယ်လို့ သတင်းရရှိပါတယ်။



အခြေခံပညာကျောင်းများ၌ စာမေးပွဲဖြေဆိုရက်နဲ့ တိုက်ဆိုင်တတ်သလို မကြာမီ ကျောင်းပိတ်ရာသီကျရောက်တော့မှာမို့ ရည်မှန်းချက် အချိန်မီပြည့်စေရန် အားစိုက်ကွင်းဆင်းခဲ့ကြခြင်းဖြစ်ရာ ယခုလအတွင်း မြဝတီ အ. မ. က၊ မိုးညှင်း အ. မ. က၊ ထန်းတော အ. မ. က၊ သက္ကယ်ကျင်း အ. လ. က (ခွဲ)နဲ့ နန္ဒဝန် အ. လ. က ကျောင်းများသို့ သွားရောက်ကာ ဆရာ၊ ဆရာမ ၇၄ ဦး၊ ကျောင်းသား၊ ကျောင်းသူ ၂၀၀၆ ဦး၊ စုစုပေါင်း ၂၀၈၀ ဦးကို စားသုံးသူအကာအကွယ်ပေးရေး ပညာပေးဟောပြောနိုင်ခဲ့ပြီး စားသုံးသူများ ဗဟုသုတဖြစ်စေမယ့် လက်ကမ်းစာစောင် ၄၂၀ စောင် ဖြန့်ဝေပေးနိုင်ခဲ့တယ်လို့ သိရပါတယ်။

အဆိုပါ ဟောပြောပွဲများတွင် တိုင်းဒေသကြီး ဦးစီးမှူး ဦးဆောင်ပြီး တိုင်းဦးစီးမှူးရုံးမှ ဦးစီးမှူး၊ ဒုတိယဦးစီးမှူးအဆင့် ဝန်ထမ်းများအား ဟောပြောမှု အတွေ့အကြုံရရှိရေး၊ ကိုယ်တိုင် ဟောပြောနိုင်ရေးတို့အတွက် တာဝန်ပေး လေ့ကျင့်သင်ယူစေသလို ဌာနဝန်ထမ်းများကလည်း စားသုံးသူရေးရာ သိကောင်းစရာများကို ကဏ္ဍအလိုက် ဟောပြောဆွေးနွေးနိုင်ခဲ့ကြပါတယ်။ ထို့အပြင် ကျေးရွာအခြေခံပညာကျောင်း ဟောပြောပွဲများသို့ မုံရွာမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်ဝင်းဆွေ လိုက်ပါ၍ ကျောင်းသား/ကျောင်းသူများ စာဖတ်ရှိန် မြှင့်တင်ရေး ပညာပေး ဆွေးနွေးဟောပြောခဲ့သလို၊ ကျောင်းစာကြည့်တိုက်အတွက် သုတစာစောင်/စာအုပ်များ ပေးအပ်လှူဒါန်းခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ထွန်းလှိုင် (မုံရွာ)**

## စစ်ကိုင်းမြို့ တောင်ရင်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)နှင့် အခြေခံပညာ မူလတန်းကျောင်းများသို့ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဆွေးနွေးပွဲကျင်းပ

စစ်ကိုင်းတိုင်း၊ စားသုံးသူရေးရာဦးစီးဌာန စစ်ကိုင်းခရိုင် ဦးစီးမှူးရုံးမှ ဒုတိယခရိုင်ဦးစီးမှူးနှင့်အဖွဲ့သည် ဇန်နဝါရီ ၁၇ ရက်က စစ်ကိုင်းမြို့နယ် တောင်ရင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကို ကျင်းပခဲ့ပါသည်။

အဆိုပါဟောပြောပွဲတွင် စားသုံးသူရေးရာဦးစီးဌာန စစ်ကိုင်းခရိုင်ဦးစီးမှူးရုံးမှ ဒုတိယခရိုင်ဦးစီးမှူး ဒေါ်စိမ်းစိမ်းလဲ့က စားသုံးသူရေးရာဦးစီးဌာန၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်း ဆောင်ရွက်ချက်များကိုလည်းကောင်း၊ ဒုတိယဦးစီးမှူး ဒေါ်ကေသီအောင်က အန္တရာယ်ရှိဝန်ဆောင်မှုများအကြောင်း၊ အကြီးတန်းစာရေး ဒေါ်ခင်လေးနွယ်က စားသုံးသင့်သည့် အစားအစာများ ရွေးချယ်စားသုံးရန်နှင့် မစားသုံးသင့်သည့် အစားအစာများကို ရှောင်ရန်ကိုလည်းကောင်း၊ ဒုတိယ ဦးစီးမှူး ဦးခင်မောင်ဝင်းက ဟင်းချိုမှုန့်စားသုံးခြင်း၏ ဆိုးကျိုးများနှင့် အန္တရာယ်များ၊ စားအုန်းဆီနှင့် ရောနှောဆီ စားသုံးခြင်း၏ ဆိုးကျိုးနှင့်အန္တရာယ်များ အကြောင်းတို့ကို ရှင်းလင်းဆွေးနွေး အသိပညာပေးခဲ့ပြီး ဟောပြောပွဲသို့ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ ကျောင်းသား၊ ကျောင်းသူများ ၂၆၂ ဦး တက်ရောက်ခဲ့ပါသည်။

ဆက်လက်၍ ဒုတိယခရိုင်ဦးစီးမှူးနှင့်အဖွဲ့သည် နေ့လယ်ပိုင်းတွင် တောင်ရင်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်းသို့ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဆွေးနွေးပွဲကို ဆက်လက်ကျင်းပခဲ့ကြောင်း သတင်းရရှိပါသည်။

**ခင်စောဝင်း၊ ခင်လေးနွယ် (စစ်ကိုင်း)**

## ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသောတွေ့ဆုံပွဲတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကျင်းပ

ဘားအံမြို့ ဇွဲကပင်ခန်းမတွင် နိုဝင်ဘာ ၂၂ ရက်က ကျင်းပသည့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဌာနဆိုင်ရာနှင့် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ တွေ့ဆုံပွဲတွင် ကရင်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာနက စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး အကြောင်းအရာများကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါတယ်။

ယင်းအစည်းအဝေးပွဲတွင် ကရင်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင့်ဆန်းက စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေ ပေါ်ပေါက်လာပုံ၊ ဥပဒေပါ အချက်အလက်များ၊ စားသုံးသူတို့၏ ရသင့်ရထိုက်သော အခွင့်အရေးများ၊ ကရင်ပြည်နယ်အတွင်း ဆောင်ရွက်နေမှုများ၊ ဆက်စပ်ဌာနများနှင့် ပူးပေါင်း ဆောင်ရွက်နေသည့် အခြေအနေများ၊ အာဆီယံနိုင်ငံများတွင် ဆောင်ရွက်နေမှုများ၊ ကုန်သွယ်မှု အခြေအနေများနှင့် တရားမဝင် ကုန်သွယ်မှုများအကြောင်း၊ လုံခြုံစိတ်ချရမှုမရှိသော ကုန်ပစ္စည်း ဝင်ရောက်နေမှုများ တားဆီးရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်ပုံများ ဟောပြောခဲ့ပြီး ရပ်ကွက်/ကျေးရွာများတွင် တက်ရောက်သူဦးရေ နည်းပါးခြင်းကြောင့် လူများများ စုစည်းပေးရန် လိုအပ်ကြောင်း၊ စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းသည် တစ်ဦးတစ်ယောက်ဖြင့် ဆောင်ရွက်၍ မရနိုင်ပါကြောင်းဖြင့် အကြံပြုတိုက်တွန်းပြီး အစည်းအဝေး တက်ရောက်သူအားလုံးကိုလည်း စားသုံးသူအကာအကွယ်ပေးရေး လက်ကမ်းစာစောင်များ ဝေငှခဲ့ကြောင်းနှင့် ဆွေးနွေးပွဲသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရ အဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများနှင့် ဘားအံမြို့နယ် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ ဝန်ထမ်းများ ၂၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**ခင်ကြည် (ကရင်ပြည်နယ်၊ စားသုံးသူရေးရာ)**

## ကသာမြို့အတွင်းရှိ မြို့မဈေးကြီးနှင့် သီရိခေမာဈေးတွင် တရားဝင်တားမြစ်ထားသော အရောင်တင်မှုန့်နှင့် ငရုတ်သီးမှုန့်များ ရောင်းချခြင်း ရှိ/မရှိစစ်ဆေး

ကသာမြို့၊ စားသုံးသူရေးရာ ဦးစီးဌာနမှခရိုင်ဦးစီးမှူး ဦးကျော်အုန်းနှင့် ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ စည်ပင်သာယာရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဌာနပေါင်းစုံပါဝင်သော မိတ်ဖက်အဖွဲ့သည် သတင်းမီဒီယာများ လိုက်ပါလျက် ဇန်နဝါရီ ၁၃ ရက်က ကသာမြို့ မြို့မဈေးကြီးနှင့် သီရိခေမာဈေးအတွင်းရှိ ကုန်စုံဆိုင်ပေါင်း ၂၂ ဆိုင်အား တရားဝင် ထုတ်ပြန်ထားသော အရောင်တင်မှုန့်နှင့် ငရုတ်သီးမှုန့်များ ရောင်းချခြင်း ရှိ/မရှိ ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တားမြစ်ထားသော အရောင်တင်မှုန့်နှင့် ငရုတ်သီးမှုန့်များ ရောင်းချမှုမရှိကြောင်း တွေ့ရှိရပါသည်။ မိမိတို့ဝယ်ယူရောင်းချသည့် ကုန်ပစ္စည်းများ ဝယ်ယူရောင်းချရာတွင် အမှတ်တံဆိပ်၊ ထုတ်လုပ်ရက်စွဲ အာမခံချက်ပေးနိုင်သည့် လိပ်စာ၊ ဖုန်းနံပါတ်အတိအကျ ပါဝင်သော အရောင်တင်မှုန့်၊ ငရုတ်သီးမှုန့်များကို ဝယ်ယူရောင်းချကြရန် ကုန်စုံဆိုင်များအား အသိပညာပေး ပြောကြားခြင်းနှင့် ဆိုင်ရှင်များသိရှိလိုသည့် အချက်အလက်များကို အသေးစိတ် ရှင်းပြခြင်း၊ တားမြစ်လက်ကမ်း စာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရှိရပါသည်။

**လှလှခိုင် (ကသာ)**

# ဖျာပုံမြို့နယ်သလိပ်ကြီးကျေးရွာနှင့် ရှမ်းကွင်းကျေးရွာအ-လ-က(ခွဲ)စာသင်ကျောင်းရှိ မုန့်ဈေးတန်းများအား ကွင်းဆင်းစစ်ဆေးခြင်းနှင့် စားသုံးသူအသိပညာပေး ဟောပြောပွဲကျင်းပ

ဖျာပုံမြို့နယ် စားသုံးသူရေးရာ ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစိုးမင်းထိုက်၊ ဒုတိယမြို့နယ်ဦးစီးမှူး ဦးမင်းဇော်နှင့် ဝန်ထမ်းများသည် ဇန်နဝါရီလ ၁၂ ရက်တွင် သလိပ်ကြီး ကျေးရွာ အ. လ. က (ခွဲ)သို့ လည်းကောင်း၊ ဇန်နဝါရီ ၁၇ ရက်တွင်ရှမ်းကွင်းကျေးရွာ အ. လ. က (ခွဲ)သို့လည်းကောင်း၊ စာသင်ကျောင်းများ၌ ရောင်းချနေသော မုန့်ပဲသရေစာများတွင် သက်တမ်းလွန်မုန့်များ၊ တားမြစ်ထားသောဆိုးဆေးများ၊ စီးကရက်ပုံမုန့်များ၊ အရုပ်နှင့် မုန့်တွဲဖက်ရောင်းသည့် မုန့်များစားသုံးရန် သင့်/မသင့် ကျောင်းမုန့်ဈေးတန်း ကြီးကြပ်ရေးအဖွဲ့နှင့် ကျောင်းမုန့်ဈေးတန်း စားသုံးသူရေးရာအဖွဲ့တို့ပူးပေါင်း၍ကွင်းဆင်းစစ်ဆေးခဲ့ကြပြီး ထိုကျောင်းများတွင် စားသုံးသူအသိပညာပေး ဟောပြောပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။



နံနက်ပိုင်းတွင် သလိပ်ကြီးကျေးရွာ အ. လ. က(ခွဲ)စာသင်ကျောင်း၌ ဟောပြောပွဲပြုလုပ်ရာ ဆရာ/ဆရာမများ ကျောင်းသားများ၊ ကျောင်းဈေးသည်များစုစုပေါင်း ၃၄၂ ဦး၊ မွန်းလွဲပိုင်းတွင် ရှမ်းကွင်းကျေးရွာ အ. လ. က(ခွဲ) စာသင်ကျောင်း၌ ဆရာ/ဆရာမများ၊ ကျောင်းသားများ၊ ကျောင်းဈေးသည်များ စုစုပေါင်း ၃၆၀ ဦး တက်ရောက်ခဲ့ကြသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်ဦးစီးမှူးကစားသုံးသူ အကာအကွယ်ပေးရေး ဥပဒေပါ စားသုံးသူအခိပ္ပာယ်ဖွင့်ဆိုချက်၊ စားသုံးသူအခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေး လုပ်ငန်းရှင်များ၏ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေး လုပ်ငန်းရှင်များ တားမြစ်ချက်များကိုလည်းကောင်း၊ ထုတ်ကုန် လုံခြုံစိတ်ချရမှုဌာနခွဲမှ ဦးဌေးအောင်က ဈေးကွက်အတွင်း တားမြစ်ထားသော ဓာတုဆိုးဆေးလေးမျိုးအကြောင်းနှင့် ထုတ်ကုန်လုံခြုံမှုဆိုင်ရာ အကြောင်းကိုလည်းကောင်း၊ ဒုတိယမြို့နယ်ဦးစီးမှူးက ဝန်ဆောင်မှုလုပ်ငန်းနှင့် ကုန်အမှတ်တံဆိပ်ပါ ကုန်စည်များ ရွေးချယ်ဝယ်ယူပုံ၊ စားသုံးရန်မသင့်သောအစားအစာများ၏ အန္တရာယ်များအကြောင်းကို နမူနာမုန့်များပြသ၍ ဟောပြော ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ထိုအခမ်းအနားတွင် လက်ကမ်းစာစောင်များ၊ သဘောထား ဆန်းစစ်ချက်များ၊ ဥပဒေစာအုပ်များနှင့် နိုင်ငံတော်မှ ထုတ်ပြန်ကြေညာထားသော စားသုံးရန်မသင့်သည့် ကုန်စည်များနှင့် စားသောက်ကုန်ပစ္စည်းများ ပါရှိသည့် စာအုပ်များအား တာဝန်ရှိသူများအား ပေးအပ်ခဲ့ကြောင်း သတင်း ရရှိပါသည်။

**မင်းဇော်မွန် (ဖျာပုံ)**

# မော်လမြိုင်မြို့၌ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်

မွန်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာနမှ ဒုတိယပြည်နယ်ဦးစီးမှူး ဦးခင်အောင်သွင် ဦးဆောင်သောအဖွဲ့သည် ဇန်နဝါရီလ ၁၁ ရက်က မော်လမြိုင်မြို့၊ အမှတ် (၅) အခြေခံပညာ အလယ်တန်းကျောင်းနှင့် ဇန်နဝါရီလ ၁၃ ရက်က မော်လမြိုင်မြို့အမှတ် (၈) အခြေခံပညာ အလယ်တန်းကျောင်းတို့တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဆွေးနွေးပွဲကျင်းပခဲ့ရာ အဆိုပါဆွေးနွေးပွဲများတွင် ကျောင်းအုပ် ဆရာ/ဆရာမကြီးများက အဖွင့်အမှာစကား ပြောကြားခဲ့ကြပြီး မွန်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာနမှ ဦးစီးမှူး ဦးအောင်ကျော်မိုးက စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေနှင့် စားသုံးသူ အကာအကွယ်ပေးရေး သိကောင်းစရာများအား လည်းကောင်း၊ ဒုတိယဦးစီးမှူးဦးသူရဇော်က ထုတ်ကုန် လုံခြုံစိတ်ချရမှု ဆိုင်ရာသိကောင်း စရာများနှင့် အန္တရာယ်ရှိသော ဓာတုဆိုးဆေးများအကြောင်း သိကောင်းစရာများအားလည်းကောင်း အသီးသီးဟောပြောခဲ့ကြပြီး ဒုတိယပြည်နယ်ဦးစီးမှူး ဦးခင်အောင်သွင်က စားသုံးသူအကာအကွယ်ပေးရေး သိကောင်းစရာ လက်ကမ်းစာစောင်များအား ကျောင်းအုပ် ဆရာ/ ဆရာမကြီးများထံသို့ ပေးအပ်ခဲ့ကြောင်းနှင့် ဟောပြောပွဲသို့ ဆရာ/ ဆရာမများ၊ ကျောင်းသူ/ကျောင်းသားများ စုစုပေါင်း ၆၆၅ ဦးတက်ရောက်ခဲ့ကြပြီးကျောင်းအုပ်ဆရာ/ဆရာမကြီးများက မိမိတို့ ကျောင်းများသို့ တစ်နှစ်လျှင် သုံးကြိမ်ခန့် လာရောက်ဆွေးနွေး ဟောပြောပေးပါရန် တောင်းဆိုခဲ့ကြကြောင်း သိရှိရပါသည်။

ထို့အပြင် ဇန်နဝါရီ ၁၃ ရက်က မွန်ပြည်နယ်စားသုံးသူရေးရာ ဦးစီးဌာနမှ ဒုတိယ ဦးစီးမှူး ဦးနေဇင်သက်နှင့် အကြီးတန်းစာရေး ဦးအောင်မြင့်မြတ်တို့သည် မိတ်ဖက်အဖွဲ့များဖြစ်သည့် ရွှေတောင်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးသိန်းထွန်း၊ ဗဟိုဒေသန္တရ ကျန်းမာရေးဌာနမှ ဒေါ်သီတာအေးနှင့် ကျန်းမာရေး ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယ ဦးစီးမှူး ဦးဝေယံကျော်တို့နှင့်အတူ ရွှေတောင်ရပ်ကွက်အတွင်းရှိ စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်တို့တွင် လုံခြုံစိတ်ချရမှုမရှိသော ထုတ်ကုန်များ၊ အစားအသောက်များ ထုတ်လုပ် ရောင်းချနေမှုရှိ/မရှိ၊ အစားအသောက်များအား ကျန်းမာရေးနှင့် ညီညွတ်စွာ ပြည်သူများစားသုံးနိုင်ရန် သန့်ရှင်းလတ်ဆတ်မှု ရှိ/မရှိကွင်းဆင်းစစ်ဆေးခြင်း၊ စားသောက်ဆိုင်ပိုင်ရှင် လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ အသိပညာပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**မိုးမိုး(မွန်)**

# မြောင်းမြခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၃/ ၂၀၁၇) ကျင်းပ



မြောင်းမြခရိုင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၃/၂၀၁၇ ကို ဇန်နဝါရီလ ၁၇ ရက်က မြောင်းမြခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ပါသည်။ အခမ်းအနားသို့ ခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ခဲ့ပါသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မြောင်းမြခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင် အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေး အဖွဲ့အတွင်းရေးမှူး ဦးတိုးလွင်က စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပါ အကြောင်းအရာများ၊ စားသုံးသူ အကာအကွယ်ပေးရေး ဗဟိုကော်မတီ ပြင်ဆင်ဖွဲ့စည်း ဆောင်ရွက်ထားမှု၊ ဌာနမှရှေ့ ဆက် လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ် လျာထားချက်များ၊ ဆောင်ရွက်နေမှုများ၊ မြောင်းမြခရိုင် စားသုံးသူကာကွယ်ရေး အသင်းဖွဲ့စည်းဆောင်ရွက်မည့် အခြေအနေများအား ရှင်းလင်းပြောကြားခြင်း၊ ဌာနမှ ညွှန်ကြားချက်များအား ဖတ်ကြားရှင်းလင်းခြင်းနှင့် အမှာစာများအား ရှင်းလင်း ဆွေးနွေးတင်ပြခဲ့ပါသည်။

ဆက်လက်၍ ခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များနှင့် တက်ရောက်လာကြသူများကလည်း စားသုံးသူ အကာအကွယ်ပေးရေးနှင့် ပတ်သက်၍ ဆောင်ရွက်နေမှုများ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို အကြံပြုဆွေးနွေးချက်များအပေါ် အတွင်းရေးမှူးဦးတိုးလွင် (ခရိုင်ဦးစီးမှူး)က ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ပါသည်။

ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌက စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများကို အဖွဲ့ဝင် ဌာနများအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန်၊ မျှင်ငါးပိများတွင် ဆိုးဆေးကင်းစင်ရေး လှုပ်ရှားမှုစီမံချက်တွင် သက်ဆိုင်ရာဌာနနှင့် ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့မှ ပူးပေါင်းဆောင်ရွက်ရန်၊ ငရုတ်သီးမှုန့်များတွင် မှိုဆိပ်တစ်မျိုးဖြစ်သည့် Aflatoxin ပါဝင်နေခြင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာအဖွဲ့အစည်း မိတ်ဖက်ဌာနများနှင့် ပူးပေါင်းပြီးဈေးကွက်အတွင်း ရောင်းချမှုရှိ၊ မရှိ ကွင်းဆင်း လေ့လာစိစစ်ကြရန်၊ ဒေသတွင်း စားသုံးသူပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်ပြီး သက်တမ်းစေ့ နေနိုင်ရေးအတွက် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ ကိစ္စရပ်များကို ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးခဲ့ပါသည်။

**ဇော်မင်း(မြောင်းမြ)**

# ရေဦးမြို့နယ် စည်းကြီး အ.ထ.က (ခွဲ)တွင် စားသုံးသူအကာအကွယ်ပေးရေး ပညာပေး ဟောပြောခြင်းနှင့် ကျောင်းမုန့်ဈေးတန်းစစ်ဆေး

ရေဦးမြို့နယ်၊ စားသုံးသူရေးရာ ဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီလ ၁၈ ရက်က ရေဦးမြို့နယ် တမာတောကျေးရွာအုပ်စု၊ စည်းကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)၌ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောခြင်းနှင့် ကျောင်းမုန့်ဈေးတန်း စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ ပညာပေးဟောပြောရာတွင် စားသုံးသူရေးရာ ဦးစီးဌာန မြို့နယ်တာဝန်ခံက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအကြောင်း၊ ဆိုးဆေးပါ အန္တရာယ်ရှိ စားသောက်ကုန်များအကြောင်း၊ အန္တရာယ်ရှိ ဝန်ဆောင်မှုများ အကြောင်းကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကိုလည်းကောင်း၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက မီးဘေးအန္တရာယ်များ အကြောင်းကိုလည်းကောင်း အကျယ်တဝင့် ဟောပြော ဆွေးနွေးခဲ့ကြသည်။ အဆိုပါ ဟောပြောပွဲသို့ ဆရာ/ဆရာမ ၂၈ ဦး၊ ကျောင်းသား၊ ကျောင်းသူ ၅၁၃ ဦးနှင့် ကျောင်းမုန့်ဈေးသည် သုံးဦး စုစုပေါင်း ၅၄၄ ဦးတက်ရောက်ကြပြီး စားသုံးသူရေးရာဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနမှ ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပညာပေးခဲ့သည်။ ၎င်းနောက် ကျောင်းမုန့်ဈေးတန်း မုန့်ဆိုင် သုံးဆိုင်မှ မုန့်ရောင်းချနေမှုများကို ကွင်းဆင်းစစ်ဆေးပညာပေးခဲ့ကြောင်း သိရှိရပါသည်။

**အောင်ညွန့်- ရေဦး**

Vol: 17, No.4 Monday January 23 2017

## နိုင်ငံတကာ နည်းပညာကုန်စည်ပြပွဲ ပြသမည်

စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာနနှင့် Myanmar Promotional Services (MPS)Co., Ltd. တို့ ပူးပေါင်း၍ နိုင်ငံတကာ နည်းပညာကုန်စည်ပြပွဲအား ရန်ကုန်မြို့ရှိ တပ်မတော်ခန်းမတွင် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ ၂၇ ရက် မှ ၂၉ ရက်အထိ ပြသသွားမည်ဖြစ်သည်။

အဆိုပါပြပွဲ၌ မြန်မာနိုင်ငံရှိစက်မှုလုပ်ငန်းရှင်များအနေဖြင့် နည်းပညာအသုံးချ၍ Value Added ထုတ်ကုန်များကို ပိုမိုထုတ်လုပ်နိုင်ရန် ရည်ရွယ်၍လည်းကောင်း၊ နိုင်ငံသားတိုင်း၏ တီထွင်ဖန်တီးမှုစိတ်ကူးစိတ်သန်းများကို မြှင့်တင်ပေးနိုင်ရန်ရည်ရွယ်၍ လည်းကောင်း၊ စက်မှုနည်းပညာတီထွင်ဖန်တီးမှုပြိုင်ပွဲ (Invertor Award) ကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Invertor Award တွင် ဆုရရှိသူအား ငွေကျပ် ငါးသိန်းမှ အမြင့်ဆုံးဆုငွေ ကျပ်သိန်း ၃၀ အထိ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ပါဝင်ပြသလိုသော ကုန်သည်စက်မှုအသင်းချုပ်နှင့် ညီနောင်အသင်းများမှ အသင်းသားများ၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက Myanmar Promotional Services (MPS)Co., Ltd. နှင့် အသင်းချုပ် ပြပွဲဌာနစိတ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

**မယ်သီတာ**

## ပထမပုဂ္ဂလိကဘဏ်၏ အခြေခံရှယ်ယာ ဈေးနှုန်းကို ကျပ် ၃၉၀၀၀ သတ်မှတ်

ပထမပုဂ္ဂလိကဘဏ်သည် ၎င်း၏ အခြေခံ အစုရှယ်ယာဈေးနှုန်းကို ကျပ် ၃၉၀၀၀ သတ်မှတ်ကာ စတင်ရောင်းဝယ်နေပြီဖြစ်ကြောင်း သိရသည်။




ပထမပုဂ္ဂလိကဘဏ် (First Private Bank) သည် YSX တွင် ဇန်နဝါရီလ ၂၀ ရက်မှစတင်၍ စာရင်းဝင်ကုမ္ပဏီတစ်ခုအဖြစ် စတင်ခဲ့ပြီဖြစ်သည်။ ပထမပုဂ္ဂလိကဘဏ်၏ စတင်စာရင်းတင်ဖွင့်လှစ်ခြင်းကို ဇန်နဝါရီ ၂၀ ရက်တွင် YSX တည်ရှိရာ ဆူးလေဘုရားလမ်းရှိ YSX အဆောက်အအုံတွင် ကျင်းပခဲ့သည်။

အဆိုပါ ပထမ ပုဂ္ဂလိကဘဏ်သည် ကျပ်ဘီလီယံ ၁၀၀ မတည်ရင်းနှီးပြီး ၁၉၉၂ ခုနှစ်တွင် လုပ်ငန်းများ စတင်ခဲ့သည်။ စတင်ရောင်းချစဉ်က ရှယ်ယာတစ်စုလျှင် ကျပ် ၂၀၀၀၀ ဖြင့် ရောင်းချပြီး လက်ရှိတွင် ၃၀၀၀၀ ကျပ် ပေါက်ဈေးရှိသည်။

ရန်ကုန် စတော့အိတ်ချိန်းတွင် ပထမဆုံး ရှယ်ယာစတင်ရောင်းချခဲ့သည့် FMI ကုမ္ပဏီက ရှယ်ယာအခြေခံဈေးနှုန်းကို ကျပ် ၂၆၀၀၀၊ ဒုတိယမြောက် ရှယ်ယာစတင်ရောင်းချခဲ့သည့် သီလဝါအထူးစီးပွားရေးဇုန် အများပိုင်ကုမ္ပဏီက ကျပ် ၄၀၀၀၀ နှင့် တတိယမြောက် ရောင်းချခွင့်ရရှိခဲ့သည့် မြန်မာနိုင်ငံသားများဘဏ်လီမိတက်က ကျပ် ၆၈၀၀ သတ်မှတ်ခဲ့သည်။

ထို့နောက် သီလဝါအထူးစီးပွားဇုန် အများပိုင်ကုမ္ပဏီက ၎င်း၏အစုရှယ်ယာ အခြေခံဈေးနှုန်းကို ကျပ် ၄၅၀၀ အဖြစ် ၂၀၁၆ခုနှစ် နိုဝင်ဘာလမှစတင်ကာ ပြောင်းလဲသတ်မှတ်ခဲ့သည်။

လက်ရှိတွင် ရန်ကုန်စတော့အိတ်ချိန်း၌ အစုရှယ်ယာရောင်းချရန် ကုမ္ပဏီခုနစ်ခု ခွင့်ပြုချက်ရရှိထားပြီး လက်ရှိအချိန်အထိ ကုမ္ပဏီသုံးခုသာ ရှယ်ယာများရောင်းချလျက်ရှိသည်။

ရန်ကုန်စတော့အိတ်ချိန်း စတင်ချိန်တွင် လူစိတ်ဝင်စားမှုမြင့်တက်ခဲ့ကာ ရှယ်ယာ အရောင်းအဝယ် မြင့်တက်ခဲ့သည်။ သို့သော် ယခုအချိန်တွင်မူ ရှယ်ယာဈေးများ ကျဆင်းသည့်နည်းတူ အရောင်းအဝယ်များလည်း အေးစက်ခဲ့ကာ ပြည်သူများ၏ စိတ်ဝင်စားမှုလည်း ကျဆင်းခဲ့သည်။

**မယ်သီတာ**




## CB Bank နှင့် Visa တို့ပူးပေါင်း၍ ပြည်တွင်းပြည်ပတွင် အသုံးပြုနိုင်သည့် အကြွေးဝယ်ကတ် စတင်မိတ်ဆက် အတိုးနှုန်း ၁၃ ရာခိုင်နှုန်း သတ်မှတ်

CB Bank နှင့် Visa တို့ပူးပေါင်း၍ ပြည်တွင်း၊ ပြည်ပ အသုံးပြုနိုင်သည့် အကြွေးဝယ်ကတ်ကို ဇန်နဝါရီ ၁၇ ရက်က စတင်မိတ်ဆက်လိုက်ပြီဖြစ်သည်။

CB-VISA Credit Card ကို အသက် ၂၁ နှစ်ပြည့်ပြီးသူတိုင်း CB Bank ရုံးချုပ်နှင့် နီးစပ်ရာဘဏ်ခွဲများတွင် လျှောက်ထားနိုင်ကြောင်း သိရသည်။

ကတ်အမျိုးအစားအနေဖြင့် ပြည်တွင်း၊ ပြည်ပသုံး VISA Credit Card ကို Platinum Card နှင့် Gold Card ဟူ၍ အမျိုးအစားနှစ်မျိုး ထုတ်ပေးသွားမည်ဖြစ်သည်။ Platinum ကတ်အတွက် အကြွေးဝယ်ယူခွင့်ပမာဏကို ကျပ်သိန်း ၄၀ မှ သိန်း ၅၀ အထိ သတ်မှတ်ထားပြီး Gold ကတ်အတွက် အကြွေးဝယ်ယူခွင့် ပမာဏကို ကျပ် ၁၀ သိန်းမှ ကျပ်သိန်း ၄၀ အထိ သတ်မှတ်ထားကြောင်း သိရသည်။

အဆိုပါကတ်များအတွက် အတိုးနှုန်းကို ၁၃ ရာခိုင်နှုန်း သတ်မှတ်ထားကြောင်း သိရသည်။

CB-VISA Credit Card ကို သုံးစွဲသူများအနေဖြင့် နိုင်ငံတကာရှိ VISA အမှတ်တံဆိပ်ပါ ATM စက်များ၊ POS များတွင်သာမက e-Commerce (Online Shopping) များတွင်လည်း သုံးစွဲနိုင်မည်ဖြစ်သည်။

ယခုနှစ် ဇန်နဝါရီ ၁၁ ရက်မှ စတင်ကာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က နိုင်ငံတကာကတ် (International Card) များကို မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၊ ပြည်ပ ငွေပေးချေမှုများကို ခွင့်ပြုလိုက်ခြင်းကြောင့် အီလက်ထရွန်းနစ် ငွေပေးချေမှုကတ် ဝန်ဆောင်မှုများကို ပြည်တွင်းဘဏ်များနှင့် နိုင်ငံတကာ ငွေပေးချေမှုကုမ္ပဏီများအကြား ပူးပေါင်းလုပ်ဆောင်လာကြခြင်းဖြစ်သည်။

**မယ်သီတာ**

## DIEBOLD NIXDORF ၏ နည်းပညာအကူအညီဖြင့် CB ဘဏ်၏ ATM ကွန်ရက်ကို နှစ်ဆတိုးချဲ့သွားမည်

မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းတွင် ဦးဆောင်လုပ်ကိုင်လျက်ရှိသည့် CB ဘဏ်က ၎င်း၏ငွေကြေးဝန်ဆောင်မှုလုပ်ငန်းမျိုးစုံကို တိုးချဲ့လုပ်ကိုင်နိုင်ရန်အတွက် ၎င်းဘဏ်၏ နည်းစနစ်၊ ဆော့ဖ်ဝဲလ်နှင့် ဝန်ဆောင်မှုများကို အဆင့်မြှင့်တင်ပေးနိုင်မည့် Diebold Nixdorf နှင့် ပူးပေါင်းလုပ်ကိုင်နိုင်ရန် စာချုပ်သစ်တစ်ခုကို ချုပ်ဆိုလိုက်ပြီးဖြစ်သည်။

Diebold Nixdorf ၏ ပံ့ပိုးမှုဖြင့် CB ဘဏ်က ATM အသစ် အလုံးရေ ၅၀၀ ကို ထပ်မံတိုးချဲ့သွားမည်ဖြစ်သည်။

Diebold Nixdorf သည် CB ဘဏ်ကို ၎င်း၏ ATM စက်များတွင် ပိုပြီးလုံခြုံစိတ်ချရသော အဆင့်မြင့် EMV Chip နည်းပညာကိုသုံးထားသော ကတ်ပြားများ အသုံးပြုနိုင်အောင် အဆင့်မြှင့်တင်ပေးခဲ့သည်။ VISA နှင့် MasterCard တို့မှ EMV အသိအမှတ်ပြုလက်မှတ်ကိုလည်း ရရှိခဲ့ပြီဖြစ်သည်။ EMV ဆိုသည်မှာ Europay, MasterCard နှင့် VISA တို့မှအဆင့်မြင့်နည်းပညာသုံး ငွေပေးချေကတ်များအတွက် သတ်မှတ်ထားသော နည်းပညာစံသတ်မှတ်ချက်ဖြစ်သည်။

လက်ရှိတွင် Diebold Nixdorf သည် CB ဘဏ်ကို ATM စက်များတွင် ကတ်သုံးစရာမလိုဘဲ ငွေထုတ်နိုင်သည့် နည်းစနစ်ကို အကောင်အထည်ဖော်နိုင်အောင် ကူညီပေးလျက်ရှိသည်။ ကတ်သုံးစရာမလိုသည့် နည်းစနစ်မှာ သုံးစွဲသူများက ၎င်းတို့၏ ကိုယ်ပိုင်ဖုန်းမှတစ်ဆင့် ပင်နံပါတ်ကို ရယူပြီး မိမိတို့အတွက်သော်လည်းကောင်း၊ တခြားသူတစ်ဦးအတွက်သော်လည်းကောင်း ကတ်သုံးစရာမလိုဘဲ ၎င်းတို့၏ လက်ကိုင်ဖုန်းတစ်ခုတည်းနှင့်ပင် ATM စက်များ၌ ငွေများ ထုတ်ယူနိုင်ခြင်းဖြစ်သည်။

အဆိုပါနည်းပညာသည် သုံးစွဲသူများအတွက် အထူးသဖြင့် ဖွံ့ဖြိုးဆဲဈေးကွက်များတွင် ဆန်းသစ်သည့် ငွေပေးချေမှု ပုံစံသစ်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ Diebold Nixdorf သည် ဆက်စပ်နေသော ဈေးကွက်ကမ္ဘာကိုမြှင့်တင်ပြီး digital နှင့် physical ကမ္ဘာကို ပေါင်းကူးပေးရန် ကြိုးစားလျက်ရှိသည်။

"Diebold Nixdorf က ထုတ်လုပ်ထားတဲ့ ထူးခြားကောင်းမွန်တဲ့ ကုန်ပစ္စည်း အရည်အသွေးတွေကြောင့် ရွေးချယ်လိုက်တာပါ။ ဆော့ဖ်ဝဲလ်တွေရဲ့ အရည်အသွေးကလည်း ကောင်းတယ်။ မြန်မာနိုင်ငံအတွင်း hardware ပိုင်းရော၊ ဆော့ဖ် ဝဲလ်ပိုင်းပါ လိုအပ်တဲ့နေရာတွေအထိလိုက်ပြီး ဝန်ဆောင်မှုတွေပေးနိုင်ပါတယ်။ Diebold Nixdorf ရဲ့အဆင့်မြင့်နည်းပညာ၊ ဝန်ဆောင်မှုအကူအညီတွေနဲ့ ကျွန်တော်တို့ရဲ့ ဘဏ်ကို လုံခြုံစိတ်ချရတဲ့၊ တီထွင်ဆန်းသစ်တဲ့၊ သုံးစွဲရတာ လွယ်ကူအဆင်ပြေတဲ့ ငွေကြေးနဲ့ဘဏ်လုပ်ငန်းဝန်ဆောင်မှုများပေးနိုင်တဲ့ မြန်မာနိုင်ငံရဲ့ ထိပ်တန်းဘဏ်တွေထဲက ဘဏ်တစ်ခုဖြစ်အောင် လုပ်ဆောင်သွားမှာပါ"ဟု CB ဘဏ်၏ အမှုဆောင်အရာရှိချုပ်နှင့် အမှုဆောင် ဒုတိယဥက္ကဋ္ဌ ဦးကျော်လင်းက ပြောကြားခဲ့သည်။


Diebold Nixdorf ၏ မြန်မာနိုင်ငံဈေးကွက်ဆိုင်ရာ မိတ်ဖက်ကုမ္ပဏီဖြစ်သည့် ကေတုမတီ iSolutions က ပြည်တွင်းအသုံးပြုသူများနှင့် ကိုက်ညီမှုရှိရန်အတွက် ထုတ်ကုန်များတွင် ပါဝင်သည့် လုပ်ဆောင်မှုများနှင့် စနစ်သစ်များကို ယခုနှစ်ဆန်းပိုင်းတွင် စတင်တပ်ဆင်သွားမည်ဖြစ်သည်။

အဆိုပါစနစ်သစ်များ တပ်ဆင်ခြင်းကို ၂၀၁၇ ခုနှစ် နှစ်ကုန်ပိုင်းလောက်တွင် အပြီးသတ်နိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

Diebold Nixdorf အနေဖြင့် CB ဘဏ်၏ ဘဏ်ခွဲ ၁၈၀ တွင်ရှိသည့် အဆင့်မြင့် ATM စက်အလုံးရေ ၁၀၀၀ ကို ဝန်ဆောင်မှုပေးသွားမည်ဖြစ်သည်။

**မယ်သီတာ**

# tEḌly Jufwywf



အိန္ဒိယနိုင်ငံ၏ ပဲမျိုးစုံ ရက်သတ္တပတ် အစီရင်ခံစာကို အဂရီဝပ်ချ်က ဇန်နဝါရီ ၁၆ ရက်က ထုတ်ပြန်ခဲ့သည်။ ထုတ်ပြန်ခဲ့သော အစီရင်ခံစာတွင် အိန္ဒိယနိုင်ငံ၏ ဆောင်းရာသီပဲမျိုးစုံ စိုက်ပျိုးမှုအခြေအနေနှင့် ဈေးကွက်အတွင်းဖြစ်ပေါ်နေသော ဈေးနှုန်းအခြေအနေတို့ကို ဖော်ပြထားသည်။ အိန္ဒိယနိုင်ငံ ပြည်ပမှ ပဲမျိုးစုံ တင်သွင်းမှုအခြေအနေကိုမူ ဇန်နဝါရီ ၁၀ ရက်က ထုတ်ပြန်သော ပဲမျိုးစုံနေ့စဉ် အစီရင်ခံစာတွင် တွေ့ရသည်။ ရက်သတ္တပတ်အတွင်း ဈေးနှုန်းအခြေအနေကို ကြည့်ပါက ယေဘုယျအားဖြင့် ကျရိပ်ရှိသော်လည်း ပဲစင်းငုံနီဈေးမှာမူ ရက်သတ္တပတ်အတွင်း ဈေးနှုန်း မြင့်တက်ခဲ့သည်ကို တွေ့ရသည်။ ဆောင်းရာသီ စိုက်ပျိုးမှု အခြေအနေမှာမူ ယေဘုယျအားဖြင့် တိုးတက်ကောင်းမွန်လျက်ရှိသည်ကို တွေ့ရသည်။

**ဆောင်းရာသီပဲမျိုးစုံ စိုက်ပျိုးမှု**

အိန္ဒိယနိုင်ငံ၏ ဆောင်းရာသီပုံမှန်စိုက်ပျိုးမှုဧရိယာမှာ ဟက်တာ ၁၄၀ ဒသမ ၆၇ သိန်းရှိသည်။ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၃ ရက်အထိ ရှိထားသော စာရင်းများအရ ယခုနှစ်အတွင်း စိုက်ပျိုးမှုသည် ဟက်တာ ၁၅၅ ဒသမ ၃၅ သိန်းရှိသည့်အတွက်၊ ပုံမှန် စိုက်ပျိုးမှုထက် ၁၀ ဒသမ ၄၄ ရာခိုင်နှုန်းပိုမိုပြီး ယခင်နှစ်စိုက်ပျိုးမှုဖြစ်သော ဟက်တာ ၁၃၉ ဒသမ ၉၃ သိန်းထက် ၁၁ ဒသမ ၀၂ ရာခိုင်နှုန်း ပိုမိုခဲ့သည်။

ဆောင်းရာသီတွင် ပဲမျိုးစုံအနက် အဓိကကျသော ကုလားပဲစိုက်ပျိုးမှုဧရိယာမှာ ဟက်တာ ၉၇ ဒသမ ၅၇ သိန်းရှိသည့်အတွက် ယခင်နှစ် စိုက်ပျိုးမှုထက် ၁၀ ဒသမ ၆၀ ရာခိုင်နှုန်းပိုမိုခဲ့သည်။ အလားတူပင် ပုံမှန် စိုက်ပျိုးနေကျဖြစ်သော ဟက်တာ ၈၈ ဒသမ ၃၇ သိန်းထက်လည်း ပိုမိုခဲ့သည်။ ရာသီဥတုမှာလည်း ကောင်းမွန်လျက်ရှိသည့်ပြင် စိုက်ပျိုးရေးလုပ်ငန်းများမှာလည်း ပြီးဆုံးသလောက်ဖြစ်နေသည်။ ဘောနပ်စ် အပါအဝင် ကုလားပဲအတွက် အစိုးရ၏ အနိမ့်ဆုံးထောက်ပံ့ကြေးဈေးနှုန်းမှာ တစ်ကွင်တယ်ကို ရူပီး ၄၀၀၀ ဖြစ်သည့်အတွက် ယခုရာသီတွင် တောင်သူများက ကုလားပဲကို အားတက်သရော စိုက်ပျိုးလာကြသည်။ သို့သော်လည်း အန္ဒြာပရာဒေ့ရှ်နှင့် ကာနာ တာကာဒေသတို့တွင် စိုက်ပျိုးမှုဧရိယာမှာ ၁၉ ရာခိုင် နှုန်းနှင့် ၃၀ ရာခိုင်နှုန်းအသီးသီး ကျဆင်းခဲ့သည်။ အဓိက စိုက်ပျိုးရာဒေသတို့တွင် စိုက်ပျိုးမှု ကျဆင်းသော်လည်း ဈေးကွက်အတွင်း၌ တစ်စုံတစ်ရာ ထူးခြားမှု ရှိမည်မဟုတ်ပါ။

ဆောင်းရာသီစိုက်ပျိုးသော ပဲမျိုးစုံသီးနှံများအနက် ပဲနီလေးမှာ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၃ ရက်အထိ စာရင်းအရ ဟက်တာ ၁၃ ဒသမ ၆ သိန်း စိုက်ပျိုးရာမှ ယခုနှစ်ကာလတူတွင် ဟက်တာ ၁၆ ဒသမ ၅၅ သိန်းစိုက်ပျိုးနိုင်ခဲ့သည့်အတွက် ၂၁ ဒသမ ၆၀ ရာခိုင်နှုန်း ပိုမိုစိုက်ပျိုးနိုင်ခဲ့သည်ကို တွေ့ရသည်။ ပဲစိမ်းလုံး စိုက်ပျိုးမှုဧရိယာမှာ ဟက်တာ ၉ ဒသမ ၄၀ သိန်းထိ ရောက်ရှိပြီး ၁၈ ဒသမ ၅၁ ရာခိုင်နှုန်းပိုမို ခဲ့သည်။

အချို့သောပဲများ၏ စိုက်ပျိုးမှုဧရိယာမှာမူ ယခုနှစ်တွင် ကျဆင်းမှုရှိခဲ့သည်။ ပဲတီစိမ်းကို ဇန်နဝါရီ လကုန်အထိ ဆက်လက်စိုက်ပျိုးမည်ဖြစ်ရာ ပုံမှန် စိုက်ပျိုးသော ဧရိယာကိုပြည့်မီအောင် စိုက်ပျိုးနိုင်မည်ဟု ခန့်မှန်းရသည်။ ပဲတီစိမ်းစိုက်ပျိုးမှုမှာ ရက်သတ္တပတ်အလိုက် ၇ ဒသမ ၆၂ ရာခိုင်နှုန်း မြင့်တက်ပြီး စိုက်ပျိုးမြေဧရိယာမှာ ဟက်တာ ၇ ဒသမ ၉၁ သိန်း ရှိခဲ့သည်။ မိုးရာသီအထွက်ကောင်းခဲ့ပြီးနောက်ပိုင်း ဆောင်းရာသီ စိုက်ပျိုးမှုမှာလည်း ကောင်းမွန်မည့် အနေအထားရှိရာ ဈေးနှုန်းပေါ်တွင် အကျိုးသက် ရောက်မှုရှိမည်ဟု ခန့်မှန်းရသည်။

**ပြည်ပမှ တင်သွင်းမှုအခြေအနေ**

အိန္ဒိယပဲမျိုးစုံတင်သွင်းသူများက ပဲမျိုးစုံ ကုန်သေတ္တာ ၆၅၆ လုံးကို တင်သွင်းခဲ့ရာ ဇန်နဝါရီ ၃ ရက်တွင် ဂျဝါဟာလာနေရူး ဆိပ်ကမ်းသို့ ရောက်ရှိခဲ့သည်။ တင်သွင်းလာသော ပဲမျိုးစုံကုန်သေတ္တာများအနက် ကုလားပဲခွဲခြမ်းမှာ အများဆုံးဖြစ်ပြီး ကုန်သေတ္တာ ၂၆၉ လုံးရှိသည်။ အခြားတင်သွင်းသော ပဲများမှာ ပဲနီလေး ကုန်သေတ္တာ အလုံး ၁၅၀၊ ပဲစင်းငုံ ၁၁၇ လုံးနှင့် ပဲနောက်ကုန်သေတ္တာ ၆၅ လုံးဖြစ်သည်။ ယခုတစ်ပတ်တွင် ပဲဝါလေး တင်သွင်းမှုမရှိသော်လည်း မတ်ပဲကုန်သေတ္တာ ၁၆ လုံးတင်သွင်းသည်။ ကျန်ကုန်သေတ္တာများမှာ အခြားပဲများဖြစ်သည်။

အိန္ဒိယနိုင်ငံတောင်ပိုင်းမှ ပဲခွဲစက်လုပ်ငန်းရှင်များက တင်သွင်းသော ပဲမှာ ကုန်သေတ္တာ ၂၃၃ လုံးရှိပြီး၊ ကရစ်ရှာနာပက်တနမ်နှင့် ချင်နိုင်း ဆိပ်ကမ်း များသို့ ဇန်နဝါရီ ၁ရက်မှ ၅ ရက်အတွင်း ဝင်ရောက်ခဲ့သည်။ တင်သွင်းလာသော ကုန်သေတ္တာများအနက် မတ်ပဲက ကုန်သေတ္တာ ၉၄ လုံးရှိပြီး အများဆုံးဖြစ်သည်။ ဒုတိယနှင့် တတိယအများဆုံးမှာ ပဲနီလေးနှင့် ပဲစင်းငုံတို့ဖြစ်သည်။

**ပဲဈေးနှုန်း**

ဈေးကွက်အတွင်း ရောင်းလိုအားကျဆင်းနေသော်လည်း အဓိကစိုက်ပျိုးသည့် ဧရိယာများတွင်ရာသီဥတုအခြေအနေကောင်းမွန်မှုကြောင့် ဆောင်းရာသီ ကုန်ထုတ်လုပ်မှု မြင့်တက်မည့် အလားအလာများကြောင့် လက်ငင်းဈေးကွက် အတွင်း၌ ပဲဈေးနှုန်းများက အမျိုးမျိုးဖြစ်နေသည်။

မွမ်ဘိုင်းဈေးကွက်တွင် ဇန်နဝါရီ ၁၆ ရက်က ပဲစင်းငုံနီဈေးက တစ်ကွင်တယ်ကို ရူပီး ၄၅၅၀ ရှိသည့်အတွက် ယခင်နေ့ကဈေးနှင့် နှိုင်းယှဉ်ပါက ရူပီး၁၀၀ နှုန်းမြင့်တက်ခဲ့သည်။ မတ်ပဲဈေးမှာ အတက် အကျမရှိဘဲ တစ်ကွင်တယ်ကို ရူပီး၅၈၀၀ နှုန်းရှိခဲ့ သည်။ ပဲနီလေးဈေးမှာ တစ်ကွင်တယ်ကို ရူပီး၄၅၀၀ ရှိခဲ့သည်။ ကုလားပဲဈေးနှုန်းမှာ ဒီဇင်ဘာ အဝင်ပဲများအတွက် ရူပီး ၅၉၀၀ ဈေးပေးပြီး ဇန်နဝါရီတွင်ရောက်ရှိမည့် ကြိုတင်ဝယ်ယူသည့် ဈေးမှာ တစ်ကွင်တယ်ကို ရူပီး၅၄၀၀ ဈေးရှိခဲ့သည်။ လောလောဆယ် ပေါက်ဈေး မှာ တစ်ကွင်တယ်ကို ရူပီး ၆၃၀၀ ဖြစ်သည်။ ပဲမျိုးစုံ အားလုံးကို ခြုံကြည့်မည်ဆိုပါက ဈေးကွက်မှာ အေးနေဆဲဖြစ်သည်။

ဇန်နဝါရီ ၁၆ ရက်က မွမ်ဘိုင်းတွင် ကနေဒါ ပဲစိမ်းလုံးဈေးမှာ တစ်ကွင်တယ်ကို ၂၄၉၁ ရူပီးနှုန်း ရှိသည့်အတွက် ၁၀ ရူပီး မြင့်တက်သည်။ သို့သော်လည်း ဈေးနှုန်းအပေါ်တွင် ဖိအားပေးမှုများက ဆက်လက်တည်ရှိနေဦးမည့်သဘောရှိသည်။ ထို့ကြောင့် ဈေး တက်လာဦးမည့် အလားအလာကို မတွေ့ရပေ။ မွမ်ဘိုင်းဈေးကွက်တွင် ရုရှားနှင့် ဟာဇီရာ ပဲစိမ်းလုံးဈေးမှာ တစ်ကွင်တယ်ကို ၂၄၅၁ ရူပီးနှင့် ၂၅၀၁ ရူပီး အသီးသီးရှိခဲ့သည်။ ဇန်နဝါရီလကုန်မှစ၍ သီးနှံသစ် များ ဈေးကွက်အတွင်းသို့ စီးဝင်လာတော့မည်ဖြစ်သဖြင့် ပဲစိမ်းလုံးဈေးကွက်မှာ ထပ်မံမြင့်တက်မည့် အလားအလာ မရှိသေးပါ။ ပဲစိမ်းလုံးထုတ်လုပ်မှု အလားအလာကို ထည့်သွင်းတွက်ချက်မည်ဆိုပါက ပဲစိမ်းလုံးဈေးမှာ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီနှင့် မတ်လတွင် တစ်ကွင်တယ်ကို ရူပီး ၂၀၀၀ မှ ၂၁၀၀ အတွင်း ရှိမည်ဟုခန့်မှန်းသည်။


ပဲနီလေးဈေးကွက်တွင်လည်း ဈေးနှုန်းက ကျရိပ်လွှမ်းမိုးလျက်ရှိသည်။ ကနေဒါနှင့် ဩစတြေးလျတို့မှ ပဲနီလေးတင်သွင်းမှုကြောင့် ဈေးနှုန်းတက်မည့် အလားအလာကို မှေးမှိန်စေခဲ့သည်။ ဈေးကွက်အသီးသီးတွင် ပဲနီလေးဈေးက တစ်ကွင်တယ်ကို ရူပီး ၄၅၀၀ နှင့် ၄၆၀၀ကြားတွင်ရှိသည်။ ပြည်တွင်း ဝယ်လိုအားကလည်း အားနည်းလျက်ရှိသည်။ လာမည့်လများတွင် ပဲနီလေးဈေးမှာ တစ်ကွင်တယ်ကို ရူပီး ၄၀၀၀ နှင့် ၄၂၀၀ ကြားတွင် ငြိမ်နေမည်ဟု ခန့်မှန်းရသည်။ ပဲစင်းငုံ၊ ပဲတီစိမ်း နှင့် ပဲနီလေးတို့မှာ ဈေးနှုန်း တူဖြင့် ရောင်းချလျက် ရှိပြီး စားသုံးသူများက ဈေးနှုန်း အခြေအနေကို ကြည့်၍ ပြောင်းလဲစားသုံးကြသည်။

ဈေးကွက်အခြေအနေ အရပ်ရပ်ကို သုံးသပ်မည်ဆိုပါက သွင်းကုန်စီးဝင်မှု ဆက်လက်စီးဝင်နေဦးမည် ဖြစ်သည်။ သီးနှံအထွက်ကလည်း ကောင်းမည့်အနေအထားရှိသည်။ လက်လီဝယ်လိုအားကလည်း မတ်လတွင် ဆက်လက်မြင့်တက်မည်ဟု ယူဆရသည့်အတွက် ထိုသို့မြင့်တက်မည်ဆိုပါက ဈေးနှုန်းတည်ငြိမ်သွားနိုင်သည်။ ထို့ကြောင့် ယခုလိုအချိန်မျိုးတွင် အစုလိုက်အပြုံလိုက် ဝယ်ယူခြင်း မပြုသင့်ဟု ယူဆကြသည်။ သိုလှောင်ထားရန် ရည်ရွယ်ချက်ဖြင့် မဝယ်သင့်သေးဟု ယူဆကြသည်။

# ၂၀၁၇ ခုနှစ်တွင် ဗီယက်နမ် သီဟိုဠ်စေ့တင်ပို့ မှု မြင့်တက်မည်

ဗီယက်နမ်နိုင်ငံသည် ၂၀၁၇ ခုနှစ်တွင် သီဟိုဠ်စေ့တန်ချိန် ၃၆၀၀၀၀ တင်ပို့ပြီး အမေရိကန် ဒေါ်လာ သုံးဘီလီယံရရှိမည်ဟု ခန့်မှန်းထားရာ ပမာဏအရ ၃ ဒသမ ၄ ရာခိုင်နှုန်း၊ တန်ဖိုးအရ ၅ ဒသမ ၆ ရာခိုင်နှုန်း ပိုမိုမြင့်တက်ခဲ့သည်ဟု ဗီယက်နမ် သီဟိုဠ်အသင်း (Vinacas) ၏ ထုတ်ပြန်ချက်အရ သိရကြောင်း ဗီယက်နမ် နယူးစ်သတင်းဌာနက ထုတ်ပြန်ထားသည်။

သစ်သီးများက ကျန်းမာရေးကို အထောက်အကူပြုကြောင်း သတင်းများတွင် ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြလာသည့် အတွက် ယခုနှစ်အတွင်းမှာ သစ်စေ့ အားလုံး၏ ကမ္ဘာ့ဝယ်လိုအားမှာ မြင့်မားလျက်ရှိကြောင်း ဗီယက်နမ် သီဟိုဠ် အသင်းဥက္ကဋ္ဌ ငုယင်ဒပ်သန်းက



ဟိုချီမင်းစီးတီးတွင် ကျင်းပသော အစည်းအဝေးတစ်ခုတွင်ပြောသည်။ သို့သော်လည်းပြည်တွင်းရှိ သီဟိုဠ်စေ့ ကြိတ်ခွဲပြုပြင်သူများမှာ ပြည်ပသို့ အလုံအလောက် တင်ပို့နိုင်အောင် ဆောင်ရွက်နိုင်ခြင်း မရှိသေးကြောင်း သူကပြောသည်။

၂၀၁၆ ခုနှစ်က ဗီယက်နမ်စီးပွားရေးလုပ်ငန်းများသည် ပြည်ပသို့ ကြိတ်ခွဲတင်ပို့နိုင်ရန်အတွက် နိုင်ငံအသီးသီးမှ သီဟိုဠ်စေ့ကုန်ကြမ်း တန်ချိန် ၁ ဒသမ ၀၆ သန်းကို တင်သွင်းခဲ့ကြသည်။ ထိုသို့ တင်သွင်းရာတွင် အများအား ဖြင့် အာဖရိကနိုင်ငံများမှ တင်သွင်းခြင်းဖြစ်ပြီး ၂၀၁၅ ခုနှစ်နှင့် နှိုင်းယှဉ် ပါက ၁၄ ရာခိုင်နှုန်း ပိုမို တိုးတက်ခဲ့သည်။

ယခုနှစ်တွင် သီဟိုဠ်စေ့ ကုန်ကြမ်းတန်ချိန် ၁ ဒသမ ၁ သန်း တင်သွင်းလိမ့်မည်ဟု ခန့်မှန်းထားသည်။ သီဟိုဠ်စေ့ ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေး လုပ်ငန်းက ယခုနှစ်တွင် လုပ်ငန်းကောင်းမွန်မည်ဟု ခန့်မှန်းထားပြီး အကယ်၍ ရာသီဥတုဆိုးရွားပြီး ပြည်တွင်းသီဟိုဠ်စေ့ထုတ်လုပ်မှုကို အဟန့်အတား ဖြစ်လာပါက အခက်အခဲများနှင့် ကြုံတွေ့ဖွယ် ရှိသည်။ သီဟိုဠ်စေ့ တင်ပို့လျက်ရှိသော စီးပွားရေးလုပ်ငန်းများမှာလည်း ပြိုင်ဆိုင်မှုများနှင့် ရင်ဆိုင်တွေ့ကြုံလျက်ရှိသည်။

အမေရိကန်ပြည်ထောင်စု၊ နယ်သာလန်နှင့် တရုတ်နိုင်ငံကဲ့သို့သော ဗီယက်နမ်နိုင်ငံ၏ ပို့ကုန် ဈေးကွက်ကြီးများတွင်လည်း ဝယ်လိုအားမြင့်တက်လာမည့်ဟု ခန့်မှန်းကြသော်လည်း ဈေးကွက်တစ်ခုချင်းမှာလည်း ကိုယ်ပိုင် အခက်အခဲများနှင့် ရင်ဆိုင်နေရကြောင်း ဗီယက်နမ် သီဟိုဠ်စေ့အသင်းက ပြောသည်။ ဥပမာအားဖြင့် အမေရိကန်ပြည်ထောင်စု ဈေးကွက်တွင် ဖေဖော်ဝါရီမှစပြီး စူပါမားကက်ကြီးများက သီဟိုဠ်စေ့ဈေးကို မြင့်တင်တော့မည်ဖြစ်ရာ ထိုသို့မြင့်တင်လိုက်သဖြင့် အမေရိကန်လူမျိုးတို့၏ သီဟိုဠ်စေ့စားသုံးမှု ကျဆင်းမည်ကို ဗီယက်နမ်ပို့ကုန်လုပ်ငန်းရှင်တို့စိုးရိမ်လျက် ရှိသည်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# ၂၀၁၇ ခုနှစ်တွင် ဗီယက်နမ်ဓာတ်မြေသြဇာ လုပ်ငန်းများတိုးတက်ကောင်းမွန်လာနိုင်

ဝယ်လိုအား ရေရှည်မြင့်တက်လာခြင်းနဲ့ ကမ္ဘာ့ဓာတ်မြေသြဇာ ဈေးနှုန်းမြင့်တက်မှုတို့ကြောင့် ၂၀၁၆ ခုနှစ်က ဈေးနှုန်းကျဆင်းခဲ့သော ဗီယက်နမ်ဓာတ်မြေသြဇာ လုပ်ငန်းများ၏ ရှယ်ယာဈေးနှုန်းများမှာ ယခုနှစ်တွင် ပြန်လည်မြင့်တက်လာလိမ့်မည်ဟု ခန့်မှန်းထားကြောင်း ဗီယက်နမ်နယူးစ်သတင်းတွင် ဖော်ပြသည်။



ရောင်းလိုအား အလွန်အကျွံမြင့်တက်ပြီး ဓာတ်မြေသြဇာဈေးနှုန်းများ အဆက်မပြတ် ကျဆင်းမှုကြောင့် ဓာတ်မြေသြဇာ ထုတ်လုပ်ရေးလုပ်ငန်းမှာ မကြာသေးမီနှစ်များအတွင်းက အခက်အခဲများနှင့် ကြုံတွေ့ခဲ့ရသည်။ ၂၀၁၆ ခုနှစ်တွင် ဗီယက်နမ်တောင်ပိုင်းဒေသတွင် ပူပြင်းခြောက်သွေ့မှုနှင့် ပင်လယ် ဆားငန်ရေဝင်ရောက်မှုတို့ကြောင့် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများ ထိခိုက်ခဲ့ရပြီး ဓာတ်မြေသြဇာ ဝယ်လိုအားကိုထပ်မံကျဆင်းစေခဲ့သည်။

တရုတ်နိုင်ငံနှင့် အာဆီယံဒေသတို့ ပြိုင်ဆိုင်မှုပြင်းထန်လာခြင်း၊ ထုတ်ကုန်များ အရည်အသွေး ညံ့ဖျင်းခြင်းနှင့် အတုများ ဖြစ်ပေါ်နေခြင်းကြောင့် ပြည်တွင်းဓာတ်မြေသြဇာ ကုမ္ပဏီများအနေဖြင့် ထိခိုက်ဆုံးရှုံးလျက်ရှိသည်။

၂၀၁၇ ခုနှစ်တွင် အယ်လ်နီညိုရာသီဥတု သွင်ပြင်လက္ခဏာများ အဆုံးသတ်သွားပြီဖြစ်သည့်အတွက် တောင်ပိုင်းဒေသတွင် ရာသီဥတု အခြေအနေ တိုးတက်ကောင်းမွန်မှုကြောင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်ပြီး ဓာတ်မြေသြဇာ ဝယ်လိုအား မြင့်တက်မည်ဟု ခန့်မှန်းထားသည်။

ဥရောပ၊ အမေရိကန်ပြည်ထောင်စုနှင့် လက်တင်အမေရိကဒေသတို့တွင် ဓာတ်မြေသြဇာ ဝယ်လိုအားမှာ ငါးနှစ်ကြာကျဆင်းခဲ့ရာမှ ပြန်လည်မြင့်တက်လာသည့်အတွက် ၂၀၁၇ ခုနှစ်တွင် ကမ္ဘာ့ဓာတ်မြေသြဇာ ဝယ်လိုအား ပြန်လည်မြင့်တက်လာမည်ဟု ခန့်မှန်းထားသည်။ အမိုနီးယား၊ ယူရီးယား၊ ဖော့စဖိတ်နှင့် ပိုတက် စသည့် အဓိကထုတ်ကုန်များ၏ ဈေးနှုန်းများက ယခုနှစ် နှစ်ဦးပိုင်းတွင် ပြန်လည် မြင့်တက်လာသည်။

ကမ္ဘာ့ဈေးကွက်တွင် အလားအလာကောင်းများ တွေ့နေရသည့်အတွက် ရင်းနှီးမြှုပ်နှံသူတို့သည် ဓာတ်မြေသြဇာစတော့ရှယ်ယာများကိုဝယ်ယူရင်းနှီးသင့်ကြောင်း ဗီယက်နမ်ဘဏ်အာမခံစာချုပ်လုပ်ငန်း ကုမ္ပဏီက အကြံပြုထားသည်။

ဝယ်လိုအားနှင့် ဈေးနှုန်းများ မြင့်တက်မည့် အလားအလာကောင်းများ ရှိနေသည့်အတွက် ဓာတ်မြေသြဇာစတော့ရှယ်ယာဈေးများမှာ ယခုနှစ်အတွင်း မြင့်တက်မည်ဟု VNDirect Securities Co., က ခန့်မှန်းထားသည်။

# အာရှ၏ ဒစ်ဂျစ်တယ် ဂီတဈေးကွက် ထွန်းကားလာ

ဂျပန်နိုင်ငံသည် အာရှ၏ အကြီးမားဆုံး ဒစ်ဂျစ်တယ်ဂီတဈေးကွက်ကြီးဖြစ်ပြီး တစ်နှစ်လျှင် ဂီတပစ္စည်း ရောင်းရငွေမှာ အမေရိကန်ဒေါ်လာ ၄၃၂ သန်းရှိကြောင်း နေရှင်းသတင်းတွင် ဖော်ပြသည်။

သို့သော်လည်း အာရှဒစ်ဂျစ်တယ်ဂီတဈေး ကွက်သည် ကမ္ဘာ့ဒစ်ဂျစ်တယ်ဂီတဈေးကွက်နှင့် မတူဘဲ အာရှဂီတဈေးကွက်မှာ အလွန်သေးငယ်သောဈေးကွက်ဖြစ်သည်။ အမေရိကန် ပြည်ထောင်စု ၏ ဒစ်ဂျစ်တယ်ဂီတဈေးကွက်၏ ဝင်ငွေမှာ ၂၀၁၅ ခုနှစ်က အမေရိကန်ဒေါ်လာ ၃ ဒသမ ၃ ဘီလီယံရှိခဲ့ရာ အာရှဒေသ၏ ဝင်ငွေမှာ အမေရိကန်ဒေါ်လာသန်း ၉၀၀ သာရှိသည့်အတွက် အမေရိကန်ပြည်ထောင်စုဝင်ငွေ၏ သုံးပုံတစ်ပုံသာရှိခဲ့သည်။ သို့သော်လည်း ဂျပန်နိုင်ငံက အာရှဈေးကွက်ကို လွှမ်းမိုးထားပြီး ၂၀၁၅ ခုနှစ်က ဈေးကွက်ဝေစု၏ ၇၆ ရာခိုင်နှုန်းကို ရယူထားကြောင်း Rise of Music Streaming in Asia အစီရင်ခံစာတွင် ဖော်ပြထားသည်။

အာရှဒေသသည် ကမ္ဘာ့ဒစ်ဂျစ် တယ်ဂီတဈေးကွက်မှ ဝင်ငွေစုစုပေါင်း၏ ၁၄ ရာခိုင်နှုန်းကိုသာ ပိုင်ဆိုင်ထားသော်လည်း ဒေသတွင်းရှိ ဈေးကွက် အခွင့်အလမ်းများမှာ ထူးထူးခြားခြား ကောင်းမွန်နေကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ အာရှဒေသရှိ ဒစ်ဂျစ်တယ်ဈေးကွက်၏ ပြောင်းလဲမှုနှုန်းမှာ ကမ္ဘာ့ကျန်ဒေသများထက် ပိုမိုလျင်မြန်ကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်။

အာရှဒေသတွင်းရှိ ဒစ်ဂျစ်တယ်ဂီတ ဖွံ့ဖြိုးတိုးတက်မှုကို ဒစ်ဂျစ်တယ်မျိုးဆက်သစ်များ ပေါ်ထွန်းမှုက တွန်းအားပေးခဲ့သည်ကို တွေ့ရသည်။

ဒစ်ဂျစ်တယ်ဈေးကွက်တွင် ဂျပန်နိုင်ငံက ဦးဆောင်လျက်ရှိပြီး တောင်ကိုရီးယားဈေးကွက်က အမေရိကန်ဒေါ်လာ ၁၇၃ သန်း၊ တရုတ်က အမေရိကန်ဒေါ်လာ ၁၅၂ သန်း၊ အိန္ဒိယက အမေရိကန်ဒေါ် လာ ၅၈ သန်း၊ တရုတ် (တိုင်ပေ) က အမေရိကန် ဒေါ်လာ သန်း ၃၀၊ ထိုင်းနိုင်ငံက အမေရိကန်ဒေါ်လာ ၂၅ သန်းနှင့် အင်ဒိုနီးရှားက အမေရိကန်ဒေါ်လာ ၂၁ သန်းဖြင့် အသီးသီး နောက်ကလိုက်ပါလျက်ရှိသည်။

အိန္ဒိယနိုင်ငံ၏ ဂီတဈေးကွက်မှာ ဂျပန်နိုင်ငံ၏နောက်တွင် အဝေးကြီးကျန်နေသော်လည်း အိန္ဒိယနိုင်ငံ၏ အသံသွင်းလုပ်ငန်းသည် လာမည့်ငါးနှစ်အတွင်း နှစ်ဆအထိတိုးတက်လာနိုင်ကြောင်း အိန္ဒိယကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်း (FICCI) က ခန့်မှန်းထားသည်။ ၂၀၁၉ ခုနှစ်တွင် အိန္ဒိယဒစ်ဂျစ်တယ် ဂီတလုပ်ငန်းက ရူပီး ၁၈ ဒသမ ၉ ဘီလီယံ (အမေရိကန်ဒေါ်လာသန်း ၃၀၀) နှစ်စဉ်ရရှိအောင် စွမ်းဆောင်လိမ့်မည်ဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်။

# ၂၀၁၆ ခုနှစ်တွင် တောင်ကိုရီးယားနိုင်ငံ၏ စက်ပစ္စည်း အစိတ်အပိုင်းများနှင့် စက်မှုကုန်ကြမ်း ပြည်ပတင်ပို့မှုကျဆင်း

ကမ္ဘာ့ ဝယ်လိုအားကျဆင်းမှုကြောင့် တောင်ကိုရီးယားနိုင်ငံ၏ စက်ပစ္စည်းအစိတ်အပိုင်းများနှင့် စက်မှုကုန်ကြမ်းပစ္စည်းများ တင်ပို့မှုသည် ၂၀၁၅ ခုနှစ်ကာလနှင့် နှိုင်းယှဉ်ပါက ၂၀၁၆ ခုနှစ်တွင် ကျဆင်းခဲ့သည်ကို ဇန်နဝါရီ ၁၆ ရက်က ထုတ်ပြန်သော အစိုးရကိန်းဂဏန်းများအရ တွေ့ရကြောင်း ယွန်းဟပ်သတင်းတွင်ဖော်ပြသည်။

နှစ်အလိုက်နှိုင်းယှဉ်ပါက စက်ပစ္စည်းအစိတ်အပိုင်းများနှင့် စက်မှုကုန်ကြမ်းတင်ပို့မှုသည် ၂၀၁၆ ခုနှစ်တွင် ၄ ဒသမ ၈ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၅၁ ဒသမ ၉ ဘီလီယံ ရှိခဲ့ရာ ၂၀၁၆ ခုနှစ် စုစုပေါင်းပို့ကုန်၏ ၅၀ ဒသမ ၈ ရာခိုင် နှုန်းရှိခဲ့ကြောင်းကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာနက ကောက်ခံထားသော ကိန်းဂဏန်း အချက်အလက်များအရ သိရသည်။

စက်ပစ္စည်း အစိတ်အပိုင်း တင်ပို့မှုက ၅ ဒသမ ၅ ရာခိုင်နှုန်းကျဆင်းကာ အမေရိကန်ဒေါ်လာ ၁၇၇ ဒသမ ၂ ဘီလီယံဖိုးထိရှိခဲ့ပြီး စက်မှုကုန်ကြမ်းပစ္စည်းများ၏ တင်ပို့မှုမှာ ၃ ဒသမ ၁ ရာခိုင်နှုန်းကျဆင်းကာ အမေရိကန်ဒေါ်လာ ၇၄ ဒသမ ၈ ဘီလီယံအထိရှိခဲ့သည်။ သွင်းကုန်တန်ဖိုးမှာ နှစ်အလိုက်နှိုင်းယှဉ်ပါက ၄ ဒသမ ၅ ရာခိုင်နှုန်းကျဆင်းပြီး အမေရိကန်ဒေါ်လာ ၁၅၂ ဒသမ ၅ ဘီလီယံရှိခဲ့သည်။

စက်မှုကဏ္ဍ၏ ကုန်သွယ်မှုပိုငွေမှာ အမေရိကန် ဒေါ်လာ ၉၉ ဒသမ ၄ ဘီလီယံရှိခဲ့ရာ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၅ ဒသမ ၅ ရာခိုင်နှုန်းကျဆင်းပြီး ပိုငွေ အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀ အောက်ကျဆင်းခဲ့သည်မှာ သုံးနှစ်အတွင်း ပထမဆုံးအကြိမ်ဖြစ်သည်။

"ကမ္ဘာတစ်ဝန်းလုံးတွင် ကုန်သွယ်ရေးကိုယ်ကျိုးစီးပွား ကာကွယ်မှုများ ပျံ့နှံ့နေခြင်းနှင့် တရုတ်နိုင်ငံ၏ စက်မှုလုပ်ငန်းများ ချိန်သားကိုက်ညီအောင် ပြန်လည် ပြင်ဆင်နေမှုများကြောင့် တောင်ကိုရီးယားနိုင်ငံ၏ စက်ပစ္စည်း အစိတ်အပိုင်းနှင့် စက်မှုကုန်ကြမ်းများ ကဏ္ဍတွင် ကုန်သွယ်မှုပိုငွေကို ကျဆင်းစေခဲ့ပါတယ်" ဟု ကုန်သွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြသည်။

ဒေသအလိုက်ကြည့်ပါက တောင်ကိုရီးယားနိုင်ငံ၏ အဓိကကုန်သွယ်ဖက်ဖြစ်သော တရုတ်နိုင်ငံသို့ တင်ပို့မှုမှာ နှစ်အလိုက်နှိုင်းယှဉ်ပါက ၂၀၁၆ ခုနှစ်တွင် ၁၁ ဒသမ ၅ ရာခိုင်နှုန်းကျဆင်းပြီး အမေရိကန် ဒေါ်လာ ၈၂ ဒသမ ၇ ဘီလီယံ အထိရောက်ရှိခဲ့ပြီး အမေရိကန်ပြည်ထောင်စုသို့ တင်ပို့မှုမှာ သုညဒသမ ၇ ရာခိုင်နှုန်း ကျဆင်းကာ အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၈ ဘီလီယံ ရှိခဲ့သည်။

သို့သော်လည်း ဂျပန်နိုင်ငံသို့ တင်ပို့မှုမှာ ၃ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်ပြီး အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၆ ဘီလီယံ၊ အရှေ့တောင်အာရှနိုင်ငံများသို့ တင်ပို့မှုမှာ ၈ ဒသမ ၉ ရာခိုင်နှုန်းမြင့်တက်ပြီး အမေရိကန်ဒေါ်လာ ၄၁ ဒသမ ၅ ဘီလီယံကျော်ရှိခဲ့သည်။

# ၂၀၁၇ ခုနှစ်တွင် ရေနံစိမ်းဈေးနှုန်းတည်ငြိမ် မည်ဟု အိုပက်အဖွဲ့က ခန့်မှန်း

ယခုနှစ်တွင် ရေနံစိမ်းဈေးကွက်ပြန်လည်တည်ငြိမ်လာလိမ့်မည်ဖြစ်ကြောင်း အိုပက်အဖွဲ့ အထွေထွေအတွင်းရေးမှူး မိုဟာမက်ဘာကင်ဒိုက ဇန်နဝါရီ ၁၆ ရက်က ပြောကြားပြီး လာမည့်လများတွင် ရေနံစိမ်းဈေးနှုန်းသည် တစ်စည်ကို အမေရိကန်ဒေါ်လာ ၇၀ အထိ ရောက်ရှိလာနိုင်ဖွယ်ရှိသည်ဟု ဗင်နီဇွဲလားနိုင်ငံက ခန့်မှန်းထားကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

အိုပက်အဖွဲ့အကြီးအကဲသည် ဗင်နီဇွဲလားနိုင်ငံ သမ္မတ နီကိုလတ်စ်မာဒူရိုနှင့် တွေ့ဆုံဆွေးနွေးရန် ဗင်နီဇွဲလားနိုင်ငံ မြို့တော် ကာရာကတ်စ်မြို့သို့ ရောက်ရှိနေသည်။ ယခုတွေ့ဆုံမှုမှာ နှစ်လအတွင်း ဒုတိယအကြိမ်အဖြစ် တွေ့ဆုံခြင်းဖြစ်သည်။

"ကျွန်တော်တို့နဲ့ အိုပက်အဖွဲ့ဝင်မဟုတ်တဲ့ နိုင်ငံတွေရဲ့သမိုင်းဝင်ဆုံးဖြတ်ချက်ကို အချိန်မီအကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်မှာ ကျွန်တော်တို့ရဲ့စီးပွားရေး အခြေအနေတွေ အကြီးအကျယ် တိုးတက်ကောင်းမွန်လာပါလိမ့်မယ်" ဟု မာဒူရိုနှင့် ပူးတွဲကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ဘာကင်ဒိုက ပြောသည်။ သုံးနှစ်နီးပါး ဆုံးရှုံးခဲ့ရသော ဈေးကွက်တည်ငြိမ်မှုကို ပြန်လည်ရရှိခဲ့သည့်အတွက် ရေနံထုတ်လုပ်သူများ၊ သုံးစွဲသူများနှင့် ကမ္ဘာ့စီးပွားရေးအတွက် ရေရှည်တည်တံ့သော အခြေခံကိုဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း သူက ပြောသည်။

အိုပက်၊ ရုရှားနှင့် အိုပက်အဖွဲ့ဝင်မဟုတ်သည့် အခြားသောနိုင်ငံများအနေဖြင့် ၂၀၁၆ ခုနှစ်ရရှိခဲ့သော သဘောတူညီမှုအရ ကနဦးခြောက်လအတွင်း ရေနံ ထုတ်လုပ်မှုကို တစ်ရက် ၁ ဒသမ ၈ သန်းအထိလျှော့ချ ထုတ်လုပ်သွားမည်ဖြစ်သည်။

သမ္မတ မာဒူရိုသည် ရေနံစိမ်း ထုတ်လုပ်မှုလျှော့ချရေးအတွက် လွန်ခဲ့သော နှစ်နှစ်အတွင်း ကမ္ဘာ့ရေနံထုတ်လုပ်သောနိုင်ငံများသို့ အရာရှိများစေလွှတ်ကာ ကြိုးပမ်းခဲ့သူဖြစ်သည်။ ယခုရရှိထားသော သဘောတူညီမှုအရ ဗင်နီဇွဲလားနိုင်ငံ၏ ရေနံဈေးနှုန်းကို ၂၀၁၇ ခုနှစ် ပထမနှစ်ဝက်တွင် ရေနံတစ်စည်ကို အမေရိကန် ဒေါ်လာ ၆၀ နှင့် ၂၀၁၇ နှောင်းပိုင်းတွင် အမေရိကန်ဒေါ်လာ ၇၀ အထိ ရရှိမည်ဟု မာဒူရိုက ခန့်မှန်းထားသည်။

၂၀၁၄ ခုနှစ်မှစ၍ ရေနံဈေးနှုန်းကျဆင်းမှုဒဏ်ကို အပြင်းအထန် ခံစားခဲ့ရသော ဗင်နီဇွဲလားနိုင်ငံ၏ ရေနံစိမ်းဈေးမှာ ယခင်ရက်သတ္တပတ်အတွင်းက ရေနံတစ် စည်ကို အမေရိကန် ဒေါ်လာ ၄၄ ဒသမ ၈၂ နှုန်းရရှိပြီး ၂၀၁၆ ခုနှစ်အတွင်း ပျမ်းမျှ ဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၃၅ ဒသမ ၁၅ ရရှိခဲ့သည်။

ဉာဏ်တင်-စုစည်းတင်ပြသည်




ဇန်နဝါရီ ၂၀ ရက်တွင် အာရှငွေကြေးအများစု တန်ဖိုးမြင့်တက်လာသည်။ အမေရိကန်ဗဟိုဘဏ် ဥက္ကဋ္ဌ ဂျနက်ယယ်လင်၏ ဝေဖန်သုံးသပ်ချက်များက အများမျှော်မှန်းထားသလောက် ပြင်းထန်မှု မရှိတော့သဖြင့်လည်းကောင်း၊ တရုတ်နိုင်ငံ၏ စတုတ္ထသုံးလပတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုက အများခန့်မှန်းထားသည်ထက် အနည်းငယ်တိုးတက်ကောင်းမွန်လာသည့်အတွက်ကြောင့်လည်းကောင်း ယခုကဲ့သို့ မြင့်တက်လာခြင်းဖြစ်သည်။

အမေရိကန်ဗဟိုဘဏ်အတိုးနှုန်းကို တဖြည်းဖြည်းချင်းသာ တိုးမြှင့်သွားတော့မည်ဖြစ်ကြောင်း ယယ်လင်၏ ဝေဖန်ချက်ထွက်ပေါ်ပြီး နောက်ပိုင်း တောင်ကိုရီးယားဝမ်အပါအဝင် အာရှငွေကြေးများ၏ တန်ဖိုးမြင့်တက်လာခဲ့သည်။ သို့သော်လည်း အမေရိကန်ပြည်ထောင်စုသမ္မတအဖြစ် ဒေါ်နယ်ထရမ့် ကျမ်းသစ္စာကျိန်ဆိုမှုမပြုမီ ရင်းနှီးမြှုပ်နှံသူတို့က အရောင်းအဝယ်ကို သတိထား ဆောင်ရွက်လျက်ရှိသည်။

**တရုတ်ယွမ်**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ကျမ်းသစ္စာမကျိန်ဆိုမီ ဇန်နဝါရီ ၂၀ ရက်နံနက်က ဒေါ်လာနှင့်ဖလှယ်ရာတွင် ယွမ်တန်ဖိုး မြင့်တက်ခဲ့သည်။

ရှန်ဟဲတွင် ရောင်းဝယ်နေသော Onshore ယွမ်ငွေကြေးတန်ဖိုးသည် သုည ဒသမ ၀၅ ရာခိုင်နှုန်းမြင့်တက်ပြီး အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၈၇၂၇ ယွမ်နှုန်းရှိခဲ့သည်။ ဟောင်ကောင်ရှိ Offshore ယွမ်ဖလှယ်နှုန်းမှာ သုည ဒသမ ၁၂ ရာခိုင်နှုန်းမြင့်တက်ပြီး အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၈၃၉၁ ယွမ်နှုန်းရှိခဲ့သည်။

တရုတ်ဗဟိုဘဏ်ကမူ ရည်ညွှန်းဖလှယ်နှုန်းကို သုည ဒသမ ၁၈ ရာခိုင်နှုန်းလျှော့ချပြီး အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၈၆၉၃ ယွမ်နှုန်း သတ်မှတ်ခဲ့သည်။

**အိန္ဒိယရူပီး**

ပို့ကုန်လုပ်ငန်းရှင်များက အမေရိကန်ဒေါ်လာကို အရောင်းများလာသည့်အတွက် ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းက အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာတွင် ရူပီးတန်ဖိုးက သုည ဒသမ ၁၀ ရူပီးနှုန်းကျဆင်းပြီး တစ်ဒေါ်လာကို ၆၈ ဒသမ ၈၃ ရူပီးနှုန်းရှိခဲ့သည်။

ပင်လယ်ရပ်ခြား ဈေးကွက်များတွင် အခြားအဓိကငွေကြေးများနှင့် ဖလှယ်ရာ၌ အမေရိကန်ဒေါ်လာတန်ဖိုး ကျဆင်းမှုကလည်း ရူပီးတန်ဖိုးမြင့်တက်မှုကို အထောက်အကူပြုခဲ့သည်။ သို့သော်လည်း ပြည်တွင်းအီကွိတီရှယ်ယာ တန်ဖိုးကျဆင်းမှုက ရူပီးတန်ဖိုးမြင့်တက်မှုကို ထိန်းကွပ်ခဲ့သည်။

**ဂျပန်ယန်း**

ဇန်နဝါရီ ၂၀ ရက်နေ့တွင် အမေရိကန်ဒေါ်လာနှင့် ယန်းငွေတို့ ဖလှယ်ရာတွင် အမေရိကန်တစ်ဒေါ်လာကို ၁၁၄ ဒသမ ၈၃ ယန်းနှုန်းရှိခဲ့သည့်အတွက် ယခင်နေ့က ဖလှယ်နှုန်းဖြစ်သော အမေရိကန်တစ်ဒေါ်လာကို ၁၁၃ ဒသမ ၆၇ ယန်းနှုန်းနှင့် နှိုင်းယှဉ်ပါက ယန်းငွေတန်ဖိုးကျဆင်းခဲ့သည်။ နယူးယောက်ဈေးကွက်တွင် ယူရိုငွေကြေးတန်ဖိုးက တစ်ယူရိုကို ၁ ဒသမ ၀၆၆၂ ဒေါ်လာနှုန်းမှ ၁ ဒသမ ၀၆၅၆ ဒေါ်လာနှုန်းသို့ တန်ဖိုးကျဆင်းခဲ့သည်။

**မလေးရှားရင်းဂစ်**

ရင်းဂစ်၏ ရေတို ရှေ့အလားအလာမှာ ကောင်းမွန်မှုမရှိသည့်အတွက် ဇန်နဝါရီ ၂၀ ရက်က ဒေါ်လာနှင့် ဖလှယ်ရာတွင် မလေးရှားရင်းဂစ်တန်ဖိုးမှာ အပြောင်းအလဲမရှိ တန့်နေကြောင်း ဝယ်ရောင်းသမားတို့က ပြောသည်။

ရင်းဂစ်ငွေကြေးတန်ဖိုးမှာ ဇန်နဝါရီ ၂၀ ရက် နံနက် ၉ နာရီ ၂ မိနစ်က ယခင်နေ့ကအတိုင်း အပြောင်းအလဲမရှိဘဲ အမေရိကန်တစ်ဒေါ်လာကို ၄ ဒသမ ၄၄၇၀ ရင်းဂစ်နှုန်းရှိခဲ့သည်။ အမေရိကန်သမ္မတအဖြစ် ဒေါ်နယ်ထရမ့်သည် ဇန်နဝါရီ ၂၀ ရက် ညတွင် ကျမ်းသစ္စာကျိန်ဆိုမည့်အပေါ် စိုးရိမ်မှုများရှိနေသည့်အတွက် ရင်းနှီးမြှုပ်နှံသူတို့က အခြေအနေကို စောင့်ကြည့်နေကြောင်း ဝယ်ရောင်းသမားတို့က ပြောသည်။

ဗြိတိသျှပေါင်စတာလင်မှတစ်ပါး အခြားငွေကြေးများနှင့် ဖလှယ်ရာတွင် အများအားဖြင့် ရင်းဂစ်တန်ဖိုးကျဆင်းခဲ့သည်။

**ကိုရီးယားဝမ်**

ဒေါ်နယ်ထရမ့်ကျမ်းသစ္စာမကျိန်ဆိုမီ ရင်းနှီးမြှုပ်နှံသူတို့က သတိထား ဆောင်ရွက်နေသည့်အတွက် တောင်ကိုရီးယားရှယ်ယာများ ဇန်နဝါရီ ၂၀ ရက်က တန်ဖိုးကျဆင်းခဲ့သည်။ သို့သော်လည်း တောင်ကိုရီးယား ဝမ်ငွေတန်ဖိုးမှာ အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာတွင် ၃ ဒသမ ၃၅ ဝမ်တန်ဖိုးမြင့်တက်ပြီး တစ်ဒေါ်လာကို ၁၁၇၂ ဒသမ ၂၅ ဝမ်နှုန်းရှိခဲ့သည်။

**ထိုင်းဘတ်**

ရိုက်တာသတင်းဌာနက ပြုစုထားသော ကိန်းဂဏန်းအချက်အလက်များအရ ထိုင်းဘတ်ငွေတန်ဖိုးသည် ဇန်နဝါရီ ၂၀ ရက်က အမေရိကန်တစ်ဒေါ်လာကို ၃၅ ဒသမ ၃၂ ဘတ်နှုန်းရှိခဲ့သည့်အတွက် ယခင်နေ့ကရှိခဲ့သော တစ်ဒေါ်လာ ၃၅ ဒသမ ၃၈ ဘတ်နှုန်းထက် သုည ဒသမ ၁၆ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။

## ဘရက်ဇစ်အတွက် စိုးရိမ်မှုကြောင့် စတာလင်ပေါင် တန်ဖိုးကျဆင်း

ဥရောပသမဂ္ဂ(အီးယူ) မှ ဗြိတိန်နိုင်ငံနုတ်ထွက်မှု (ဘရက်ဇစ်) နှင့် ပတ်သက်၍ ရင်းနှီးမြှုပ်နှံသူတို့၏ စိုးရိမ်မှုများကြောင့် ဇန်နဝါရီ ၁၆ ရက်က အာရှဈေးကွက်တွင် စတာလင်ပေါင် တန်ဖိုးကျဆင်းခဲ့ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။ အလားတူအမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ကျမ်းသစ္စာမကျိန်ဆိုမီ အမေရိကန်ပြည်ထောင်စု၏ မူဝါဒဆိုင်ရာ မရေရာမှုများကလည်း ကြီးထွားလျက်ရှိသည်။

ဗြိတိသျှဝန်ကြီးချုပ် ထရီဇာမေက ဘရက်ဇစ်နှင့် ပတ်သက်၍ ပြတ်ပြတ်သားသားဆောင်ရွက်မည့် လက္ခဏာရှိကြောင်း ဆန်းဒေးတိုင်းမ်သတင်းစာတွင်ဖော်ပြပြီးနောက်ပိုင်း ဈေးကွက်ကယခုကဲ့သို့ တုံ့ပြန်လိုက်ခြင်းဖြစ်ကြောင်း ငွေကြေးဝယ်ရောင်းသမားတို့က ပြောသည်။

တစ်ခုတည်းသော ဈေးကွက်ဖြစ်သည့် ဥရောပသမဂ္ဂမှ ယခုကဲ့သို့ ပြတ်ပြတ်သားသား နုတ်ထွက်လိုက်ခြင်းအားဖြင့် ဗြိတိသျှပို့ကုန်ကို ထိခိုက်မှုရှိပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဗြိတိန်နိုင်ငံမှ ထွက်ခွာသွားမည်ကို ရင်းနှီးမြှုပ်နှံသူများက စိုးရိမ်လျက်ရှိသည်။

"ဘရက်ဇစ် လုပ်ငန်းရပ်တွေကို ပြတ်ပြတ်သားသား ဆောင်ရွက်လိုက်တဲ့အတွက် ဗြိတိသျှ ပေါင်စတာလင်ငွေကြေးကို ဘယ်လောက်ထိခိုက်မည်ဆိုတာ ပြောလို့မရသေးပါဘူး။ ဒါပေမဲ့ ငွေကြေးတန်ဖိုး ၅ ရာခိုင်နှုန်းကနေ ၁၀ ရာခိုင်နှုန်းအထိ ကျဆင်းမယ်ဆိုရင်တောင် များလွန်းတယ်လို့ ပြောလို့မရပါဘူး" ဟု ဂျေပီမော်ဂန်ဘဏ်မှ လေ့လာဆန်းစစ်ရေးမှူးတို့က မှတ်ချက်ပေးသည်။

## တောင်ကိုရီးယားဘဏ်များတွင် ဒီဇင်ဘာအတွင်း နိုင်ငံခြားငွေဖြင့် ဘဏ်အပ်ငွေကျဆင်း




တောင်ကိုရီးယားတွင် လုပ်ငန်းဆောင်ရွက်နေသော ဘဏ်များ၌ နိုင်ငံခြားငွေအပ်နှံမှုမှာ ယခင်လနှင့် နှိုင်းယှဉ် ပါက ဒီဇင်ဘာတွင် ၃ ဒသမ ၅ ရာခိုင်နှုန်းကျဆင်းခဲ့သည်ဟု ဇန်နဝါရီ ၁၆ ရက်က ထုတ်ပြန်သော ဗဟိုဘဏ်ကိန်းဂဏန်းအချက်အလက်များအရ သိရကြောင်း ယွန်းဟပ်သတင်းတွင်ဖော်ပြသည်။

ပြည်တွင်းနှင့် နိုင်ငံခြားဘဏ်များတွင် အပ်နှံထားသော နိုင်ငံခြားငွေပမာဏမှာ ဒီဇင်ဘာတွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၄ ဘီလီယံနှင့် ၅၅ ဒသမ ၉၁ ဘီလီယံအသီးသီးရှိခဲ့ရာ ယခင်လကရှိခဲ့သော အမေရိကန်ဒေါ်လာ ၆၁ ဒသမ ၀၅ ဘီလီယံနှင့် နှိုင်းယှဉ်ပါက ကျဆင်းခဲ့ကြောင်း တောင်ကိုရီးယား ဗဟိုဘဏ်၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။

နိုင်ငံခြားအပ်နှံငွေတွင် တောင်ကိုရီးယားနိုင်ငံ၌ ခြောက်လကျော်နေထိုင်သူ နိုင်ငံခြားသားများနှင့် တောင်ကိုရီးယားတွင် ရုံးဖွင့်လှစ်ထားသော နိုင်ငံခြားကုမ္ပဏီများ၏ အပ်နှံငွေများလည်း ပါဝင်သည်။ လအလိုက် နှိုင်းယှဉ်ပါက အပ်နှံငွေလက်ကျန် ကျဆင်းရသည့် အကြောင်းရင်းများတွင် ပို့ကုန်လုပ်ငန်း ဆောင်ရွက်နေသော ကုမ္ပဏီများမှ ဒေါ်လာ အပ်နှံငွေများကို ပြန်လည်ထုတ်ယူမှုလည်း ပါဝင်ကြောင်း တောင်ကိုရီးယားဗဟိုဘဏ်က ပြောသည်။

ငွေကြေးအမျိုးအစား အလိုက်ကြည့်ပါက ဒီဇင်ဘာလကုန်တွင် ဒေါ်လာငွေကြေးဖြင့် အပ်နှံငွေမှာ အမေရိကန်ဒေါ်လာ ၄၉ ဒသမ ၉၆ ဘီလီယံအထိ ရှိခဲ့ပြီး ယခင်လနှင့် နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၇ ဘီလီယံကျဆင်းခဲ့သည်။ ယူရိုငွေကြေးဖြင့် အပ်နှံငွေမှာ အမေရိကန်ဒေါ်လာ သန်း ၁၆၀ ရှိသည့်အတွက် အမေရိကန်ဒေါ်လာ ၂ ဒသမ ၉ ဘီလီယံပိုမိုခဲ့သည်။ တရုတ်ယွမ်ငွေဖြင့် အပ်နှံငွေမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၅ ဘီလီယံဖိုးရှိသည့်အတွက် ယခင်လနှင့် နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာသန်း ၁၄၀ ပိုမိုခဲ့သည်။


ဘဏ်တင်-စုစည်းတင်ပြသည်




သီရိရတနာလတ်လီလက္ကားဈေးဝင်း၊ အဆောင်(G)အခန်း(၁၀)၊ Two Way Road အောင်မင်္ဂလာအဝေးပြေးဝင်းအနီး
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ၀၉-၅၀၃၉၅၇၅၊ ၀၉-၇၈၁၅၀၀၇၉၉၊ ၀၉-၉၆၁၅၀၀၇၉၉

**PYI PHYO TUN INTERNATIONAL COMPANY LIMITED**

**AMP AUNG MYAT PHYO INTERNATIONAL COMPANY LIMITED**




No. 15, 11th Street, Lanmadaw Township, Yangon, Myamar.
Tel : 95-1-2300460, 95-1-2300480
E-mail : manageppt@yangon.net.mm
Fax : 95-1-2300475, 2300481

**SEIN MYANMAR**
**Paint Trading Co.,Ltd.**

Sikkens, Pro-Touch, Co-Rock, Mineral Turpentine, Thinner, Varnish, Wood Polish
(Retail & Whole Sale)

**Express Lubricant**

Engine-Oil, SAE-50, SAE-40
Hydraulic AW-32, AW-46, AW-68, Gear Oil SAE-90




No. 22(A), West Horse Race Course Road, Tamwegyi (Ka), Tamwe Township,
Yangon, Myanmar.
Tel 951-555 060, 951-555494, 01-555627, 01-555049 HP : 09 972244534, 09 731 12285
Fax : 951-555 494
Email : winthidaa@gmail.com

# T.S. LINES LIMITED.

T.S. LINES 德翔海運

CARRIER KING




















As Agent : Carrier King Logistics Services Limited.
No. 62, Room No. 603, 6th Floor, Maharbandoola Housing Complex(C), Tawataintha Street, Pazundaung Township, Yangon, Myanmar.

Tel/Fax : (+951) 8610424, (+951) 9000198, (+951) 9000670
Mobile : (+959) 732 33844, (+959) 732 33845, (+959) 5175520
Email : ckgm@ckshipping.com.mm

# COMMERCE INTERNATIONAL


## ဖိမ်ခံပစ္စည်းများကိုရွေးချယ်ရာတွင် စင်ကာပူလူချမ်းသာတို့က ကုန်အမှတ်တံဆိပ်ထက် အရည်အသွေးကို ဦးစားပေး

ဖိမ်ခံပစ္စည်း အသုံးအဆောင်များကို ဝယ်ယူရာတွင် စင်ကာပူနိုင်ငံသားများက ကုန်ပစ္စည်းအမှတ်တံဆိပ်၏ နာမည်ကျော်ကြားမှု အဆင့်အတန်းကို အလေးမထားတော့ဘဲ ထုတ်ကုန်၏ စွမ်းဆောင်ရည်နှင့် မျက်စိပသာဒရှိမှုကိုသာ ဦးစားပေးရွေးချယ်ကြကြောင်း ချန်နယ်နယူးစ်အေးရှသတင်းတွင် ဖော်ပြသည်။

ကုန်ပစ္စည်းများနှင့် ပတ်သက်၍ မီဒီယာကော့ (Media crop) နှင့်ဖိမ်ခံပစ္စည်းဈေးကွက် သုတေသနလုပ်ငန်းတစ်ခု ဖြစ်သည့် Agility Research and Strategy တို့ ပူးပေါင်း၍ သုတေသနစစ်တမ်းတစ်ခုကို ပြုစုခဲ့သည်။ သုတေသနစစ်တမ်းအရ အခြားကိစ္စများထက်သူတို့ အသုံးပြုနေသော ကုန်အမှတ်တံဆိပ်များကို ပိုမို အလေးထားသုံးစွဲသူ ဦးရေမှာ ၃၈ ရာခိုင်နှုန်းသာရှိကြောင်း တွေ့ရသည်။ ဝယ်ယူသော ဖိမ်ခံပစ္စည်း၏ ကုန်အမှတ်တံဆိပ်အကြောင်းကို ကောင်းကောင်းသိဖို့ လိုအပ်သည်ဟု ယူဆသူဦးရေမှာမူ ထိုထက်ပိုနည်းပြီး ၃၁ ရာခိုင်နှုန်းမျှသာ ရှိသည်။

စင်ကာပူလူချမ်းသာ ကြေးရတတ်အဖြစ် သတ်မှတ်ရာတွင် တစ်လဝင်ငွေ အနည်းဆုံး စင်ကာပူဒေါ်လာ ၇၅၀၀ ရရှိသည့် နိုင်ငံသားနှင့် အမြဲနေထိုင်ခွင့်ရသူများကို သတ်မှတ်၍ စစ်တမ်းကောက်ယူခဲ့ခြင်းဖြစ်သည်။ စစ်တမ်းတွင် ပါဝင်သူများအနက် အများစုကက ဖိမ်ခံပစ္စည်းများကို ဝယ်ယူသုံးစွဲရာတွင် တစ်ဦးချင်းအကြိုက် လိုအပ်ချက်ကိုသာ ပိုမိုအလေးထားကြောင်း တွေ့ရသည်။

ဥပမာအားဖြင့် စစ်တမ်းကောက်ခံ သူများထဲမှ ထက်ဝက်ကျော်က ဖိမ်ခံပစ္စည်းများကို ရွေးချယ်ရာတွင် မျက်စိပသာဒရှိမှုကို အလေးထားပြီး ကုန်ပစ္စည်း၏ အရည်အသွေးကို အဓိကအလေးပေး ရွေးချယ်သူက ၅၉ ရာခိုင်နှုန်းရှိသည်။

ဖိမ်ခံပစ္စည်းရွေးချယ်ရာတွင် အခြားသူများက မည်သို့ပင်ပြောဆိုစေကာမူ မိမိအကြိုက်ကိုသာ အဓိကဦးစားပေးရွေးချယ်ကြောင်း ပြောကြားသူက ၇၃ ရာခိုင်နှုန်း ရှိသည်။

စင်ကာပူတွင် ဖိမ်ခံပစ္စည်းများကို ပိုမိုများပြားစွာရရှိလာနိုင်ပြီဖြစ်သည့်အတွက် ကုန်ပစ္စည်းများအပေါ်တွင် ထားရှိသော သဘောထားမှာလည်း ပြောင်းလဲလာသည်။ ကုန်အမှတ်တံဆိပ် နာမည်ရပြီးသော ပစ္စည်းကို ဂုဏ်ယူဝင့်ကြွားစွာ သုံးစွဲမှုမှာလည်း တဖြည်းဖြည်း မှေးမှိန်ပျောက်ကွယ်လာကြောင်း Agility Research & Strategy ၏ အုပ်ချုပ်မှုဒါရိုက်တာ အမ်ရီတာဘန်တာက ပြော သည်။

"လူတွေက ဖိမ်ခံပစ္စည်းနာမည်ရထားတဲ့ ကုန်အမှတ်တံဆိပ်တွေကို မကြိုက်တာတော့ မဟုတ်ပါဘူး။ အရည်အသွေးနဲ့ သီးခြားထင်ပေါ် ကျော်ကြားမှုအတွက် သဘောကျနေဆဲဖြစ်ပါတယ်။ ဒါပေမယ့် သူတို့စဉ်းစားတဲ့ပုံစံက ပြောင်းသွားပါပြီ။ တံဆိပ်တစ်ခုတည်းကို အစွဲမထားတော့ဘဲ လက်ရာမြောက်တာ၊ အရည်အသွေး ကောင်းတာနဲ့ ကိုယ်ကြိုက်တာကို ဦးစားပေးလာကြပါပြီ"ဟု သူမက ချန်နယ်နယူးအေးရှကို ပြောသည်။

## အာရှဒေသတွင် အီလက်ထရွန်းနစ်စွန့်ပစ်ပစ္စည်းများ၏ အန္တရာယ်ကြီးမားလျက်ရှိ



အာရှဒေသတွင် ဝင်ငွေမြင့်တက်မှုကြောင့် စမတ်ဖုန်းနှင့် အခြားအသေးစားစက်ပစ္စည်းများကို ဝယ်ယူသုံးစွဲသူဦးရေမှာ သန်းပေါင်းရာချီများပြား တိုးတက်လာသည့်အတွက် အာရှတစ်လွှားတွင် အီလက်ထရွန်းနစ်စွန့်ပစ်ပစ္စည်းများ ပိုမိုများပြားလာသည်။ ထိုသို့များပြားလာသည်နှင့်အမျှ လူ့ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်နှင့် ပတ်သက်သည့် အကျိုးဆက်များ ပိုမိုတိုးတက်လာနိုင်သည်ဟု ကုလသမဂ္ဂ လေ့လာချက်အစီရင်ခံစာတွင် ဖော်ပြထားကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြထားသည်။

အာရှဒေသတွင် E.waste ဟုခေါ်သော အီလက်ထရွန်းနစ်စွန့်ပစ်ပစ္စည်းမှာ ငါးနှစ်အတွင်း ၆၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ကုလသမဂ္ဂတက္ကသိုလ် အစီရင်ခံစာတွင် ဖော်ပြသည်။ သို့ဖြစ်ရာ ဒေသတွင်းရှိ နိုင်ငံအများစုတွင် တစ်ကျော့ပြန်လည်ပြုပြင်သုံးစွဲမှု နည်းလမ်းများနှင့် အီလက် ထရွန်းနစ်ပစ္စည်း စွန့်ပစ်မှုနည်းလမ်းများကို ကြံဆရန် လိုအပ်လာပြီးဖြစ်ကြောင်း သတိပေးထားသည်။

"နိုင်ငံအများစုမှာ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်တဲ့ အီလက်ထရွန်းနစ်စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု အခြေခံအဆောက်အအုံမရှိကြတဲ့အတွက် ဒီစွန့်ပစ်ပစ္စည်းတွေ တိုးပွားလာမှုက စိုးရိမ်စရာဖြစ်လာပါတယ်" ဟု အစီရင်ခံစာကို ပူးတွဲပြုစုသူနှင့် ကုလသမဂ္ဂတက္ကသိုလ်၏ ရေရှည်တည်တံ့သော တစ်ကျော့ပြန်အသုံးပြုမှု အစီအစဉ်၏ အကြီးအကဲ Ruediger Kuehr က ပြောသည်။

တရုတ်နိုင်ငံအပါအဝင် အာရှတိုက်အချို့ အစိတ်အပိုင်းများသည် ဖွံ့ဖြိုးပြီး ကမ္ဘာမှ စွန့်ပစ်လိုက်သော အီလက်ထရွန်းနစ်ပစ္စည်းများအတွက် အမှိုက်ပုံကြီးသဖွယ် ဖြစ်ခဲ့ရသည်။ စွန့်ပစ်ပစ္စည်းများကို တစ်ကျော့ပြန်သုံးစွဲမှုကလည်း လုံခြုံစိတ်ချရမှု မရှိသည်ကို တွေ့ရသည်။

အာရှဒေသတွင် ဖုန်း၊ တက်ဘလက်၊ အဝတ်လျှော်စက်၊ ပီစီကွန်ပျူတာနှင့် တယ်လီဗီးရှင်းစသည့် ပစ္စည်းများကို ဝယ်ယူသုံးစွဲသော ဖောက်သည်များ တိုးပွားလာသည့်အတွက် မကြာသေးမီနှစ်များအတွင်း အာရှဒေသသည် အီလက်ထရွန်းနစ် စွန့်ပစ်ပစ္စည်းများအတွက် အဓိကရင်းမြစ်တစ်ခုအဖြစ် လျင်မြန်စွာ ရောက်ရှိလာခဲ့သည်။

လေ့လာစစ်တမ်းကောက်ယူသော ကာလဖြစ်သည့် ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အတွင်း တရုတ်နိုင်ငံတွင်း အီလက်ထရွန်းနစ် စွန့်ပစ်ပစ္စည်း ပမာဏသည် နှစ်ဆမြင့်တက်လာခဲ့သည်။

တစ်ဦးချင်းအလိုက် အီလက်ထရွန်းနစ်ပစ္စည်း စွန့်ပစ်မှုကိုကြည့်ပါက ဟောင်ကောင်ဒေသသည် အဆိုးဆုံးဖြစ်ပြီး ၂၀၁၅ ခုနှစ်တွင် တစ်ဦးပျမ်းမျှ အီလက်ထရွန်းနစ်ပစ္စည်း စွန့်ပစ်မှုမှာ ၂၁ ဒသမ ၇ ကီလိုဂရမ် (၄၇ ဒသမ ၈ ပေါင်) နှုန်း ရှိခဲ့သည်။

စင်ကာပူနှင့် တရုတ်(တိုင်ပေ) တို့မှာလည်း အီလက် ထရွန်းနစ်ပစ္စည်းစွန့်ပစ်မှု မြင့်မားပြီး ၂၀၁၅ ခုနှစ်အတွင်း တစ်ဦးလျှင် ၁၉ ကီလိုဂရမ်နှုန်း စွန့်ပစ်လျက်ရှိသည်။

ဉာဏ်တင်-စုစည်းတင်ပြသည်




## အာဆီယံအသိုက်အဝန်းခိုင်မာအောင် ဆောင်ရွက်နိုင်ရန် အာဆီယံအဖွဲ့နှင့် ဆွေးနွေးဖက်နိုင်ငံများကို ဖိလစ်ပိုင်သမ္မတ ဒူတာတေး နှိုးဆော်

အရှေ့တောင်အာရှ လူ့အဖွဲ့အစည်း ခိုင်မာဖွံ့ဖြိုးအောင် ဆောင်ရွက်ရာတွင် အကူအညီပေးကြရန် ဖိလစ်ပိုင်သမ္မတ ရိုဒရီဂို ဒူတာတေးက အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) အဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်၊ ဂျပန်နှင့် အမေရိကန်ပြည်ထောင်စုနိုင်ငံတို့အပါအဝင် ဆွေးနွေးဖက်နိုင်ငံတို့အား ဇန်နဝါရီ ၁၅ ရက်က တိုက်တွန်းနှိုးဆော်ခဲ့ကြောင်း ရှင်ဟွာသတင်းတွင် ဖော်ပြသည်။

ဇန်နဝါရီ ၁၅ ရက်က ဒါဗောင်းစီးတီးတွင် ကျင်းပသော ဖိလစ်ပိုင်နိုင်ငံ အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ပြောင်းလဲလက်ခံသော အခမ်းအနားတွင် ဒူတာတေးက ယခုကဲ့သို့ နှိုးဆော်တိုက်တွန်းခဲ့ခြင်းဖြစ်သည်။ ဒူတာတေး၏ မွေးရပ်မြေတွင် ကျင်းပသော အခမ်းအနားသို့ သံတမန်နှင့် အရာရှိအများအပြား တက်ရောက်ခဲ့ကြသည်။

အာဆီယံအဖွဲ့ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရာတွင် အာဆီယံနှင့် အိမ်နီးချင်းနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်နှင့် ဆွေးနွေးဖက်နိုင်ငံများနှင့် ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ပြီး ဒေသတွင်း ဖွံ့ဖြိုးမှုကိုဆက်လက်ဆောင်ရွက်ရန် ဖိလစ်ပိုင်နိုင်ငံက ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒူတာတေးက ပြောကြားသည်။ ယခုနှစ် အစည်းအဝေးများအတွက် ချမှတ်ထားသော ဦးစားပေးအချက်များမှာ အာဆီယံ ဒေသတွင်းရှိပြည်သူများ သာယာဝပြောရေးနှင့် ဒေသတွင်း၌ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို အာမခံချက်ပေးနိုင်ရန်ဖြစ်ကြောင်း သူကပြောသည်။

"ကျွန်တော်တို့က ကျွန်တော်တို့ပြည်သူတွေကို အဓိကထားပါမယ်။ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးအတွက် ဆောင်ရွက်ပါမယ်။ ပင်လယ်ပြင် လုံခြုံရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေးကို ဆောင်ရွက်ပါမယ်။ အလုံးစုံပါဝင်ပြီး တီထွင်ဆန်းသစ်မှုရှိတဲ့ ဖွံ့ဖြိုးမှုကို ဆောင်ရွက်ပါမယ်။ အာဆီယံရေရှည်တည်တံ့ခိုင်မြဲရေးကို ခိုင်မာအောင်ဆောင်ရွက်ပါမယ်။ ဒေသတွင်း ပေါင်းစည်းမှုနဲ့ ကမ္ဘာ့ဇာတ်ခုံမှာ ပါဝင်ဆောင်ရွက်တဲ့ နေရာမှာ အာဆီယံဒေသကို စံနမူနာပြအဖြစ်ရောက်ရှိအောင် ဆောင်ရွက်ပါမယ်"ဟု ဒူတာတေးကပြောသည်။ ဤလုပ်ငန်းတာဝန်မှာ ကြီးမားသော လုပ်ငန်းတာဝန်ကြီးဖြစ်သော်လည်း အောင်မြင်အောင် ဆောင်ရွက်၍ မရနိုင်သော လုပ်ငန်းမျိုးမဟုတ်ကြောင်း သူကပြောသည်။

ဖိလစ်ပိုင်နိုင်ငံ အာဆီယံဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်သည့်နှစ်မှာ အာဆီယံအဖွဲ့ စတင်ဖွဲ့စည်းသည် နှစ်(၅၀) မြောက်နှစ်နှင့် တိုက်ဆိုင်လျက်ရှိသည်။ ဖိလစ်ပိုင်နိုင်ငံသည် အာဆီယံကို စတင်ဖွဲ့စည်းတည်ထောင်ခဲ့သော မူလငါးနိုင်ငံအနက် တစ်နိုင်ငံအဖြစ်ပါဝင်သည်။ ဖိလစ်ပိုင်နိုင်ငံသည် ယခုနှစ်အတွင်း အစည်းအဝေး ပေါင်း ၁၀၀ ကျော်ကို ကျင်းပပေးမည်ဖြစ်ပြီး အဆိုပါ အစည်းအဝေး များအနက် ဧပြီနှင့် နိုဝင်ဘာတွင် ကျင်းပမည့် နိုင်ငံ့ခေါင်းဆောင် အဆင့် ထိပ်သီးအစည်းအဝေးနှစ်ခုလည်း ပါဝင်သည်။